
www.burmeseclassic.com

# ဂုံမ

အသည်းကွဲအောင်လက်မှတ်




DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# လုံမ

## အသည်းကွဲအောင်လက်မှတ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် – ၅၀၀၄၂၆၀၄၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၄၄၁၀၅၁၁
ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (ယ–၁၃၅၈) (ဖျူးစာပေ)
အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း။ ဗဟန်းမြို့နယ်။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ–၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၂၂၅)၊ (၃၂) လမ်း (အထက်)၊
ပန်းဘဲတန်း။ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၁ ခုနှစ်၊ ဩဂုတ်လ
တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀
ဖြန့်ချိရေး
စိုးမိုးစာပေ
ဖုန်း – ၀၁– ၂၉၀၉၉၅

၈၉၅ • ၈၃
လုံမ
အသည်းကွဲအောင်လက်မှတ် / လုံမ ။ – ရန်ကုန်။
ဖျူးစာပေ ၊ ၂၀၁၁ ။
၂၈၈ – စာ ၊ ၁၈ X ၁၂ စင်တီ။
(၁) အသည်းကွဲအောင်လက်မှတ်

BURMESE CLASSIC .com

## အခန်း (၁)

"ဟာ အလန်းကြီးပါလား"

"ဟမ် ဘာကြီးလဲ"

စည်းမစောင့်တတ်သော မျိုးကျော် ဝေဖန်မှုကို စိတ်ဝင်စားကာ ကြယ်စင်ခ လည့်လေးလိမ်သွား၏။ ပြူးကျယ်သွားသော မျက်ဝန်းအစုံထဲမှာ ပျစ်ထူနေသည့် သနပ်ခါးပါးကွက်ကြီးက အပြည့်ပြေးဝင်လာသည်။ ဖာဝတ်အစား ဒီဇိုင်းက တောအထာ မဟုတ်ပါဘဲ သနပ်ခါးကြိုက်တာက သိသာလွန်း၏။

ခြေခုံးခေါင်းဆုံး ဖွေးဖွေးလှုပ်နေကာ နက်မှောင်စင်းပျော့နေသည့် ဆံနွယ်များက ကျောအလယ်မှာ ဝဲခါလို့။

"အညာသူတဲ့၊ ပန်ဒါ ညီမဝမ်းကွဲလို့ ပြောတယ်၊ နာမည်ကလည်း အလန်းပဲနော်ံ ပုံပမာ တဲ့"

ဖျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခိုင်ထွန်းက သူ စပ်စုထားသလောက် ဖောက်သည်ချ၏။ ကြယ်စင်ခ နှာခေါင်းရှုံ့ကာ အေ့ခနဲ လေတက်ပြီးမှ

"ပန်ဒါနဲ့ အမျိုးတော်တာ မယုံနိုင်စရာဘဲ၊ နှံ့သာဆီနဲ့အီး"

"စကားပုံလှလှ ရွေးပြောစမ်းပါ ဆီနဲ့ရေ၊ စိန်နဲ့ကျောက်"

"ကွဲပြားတာက ကွဲပြားတာပါပဲကွာ၊ ပန်ဒါ ရောင်စုံမျက်နှာလေးက ကော်ပတ်ရုပ်လေးလို လှတာ၊ ပုံပမာ တဲ့၊ ပုံးမဂျီမက အစ်မခေါ်ရမယ်၊ ရောမ ရောက်ရင် ရောမလို ကျင့်တာ မဟုတ်ဘူး၊ သင်တန်းလာ တက်တာပဲ၊ သနပ်ခါးတွေ ခွာချခဲ့ပေါ့၊ အဝတ်အစားကလည်း ပန်ဒါ အိမ်နေရင်းဝတ်တဲ့ဟာတွေလား မသိဘူး"

"မင်းကလည်း ပန်ဒါကို စင်ပေါ်တင်ချင်တာနဲ့ ပုံပမာက စင်အောက်က ခွေးချီးပုံ ဖြစ်နေပြီ"

ရွှတ်ချ ဝေဖန်ကြရင်း ပေါ့ပေါ့ပါးပါး ရယ်ဖြစ်ကြ၏။ ပန်ဒါက ပုံပမာ လက်ကို ဆွဲလျက် သူတို့ဝိုင်းကို လျှောက်လာသည်။

"ဟဲ့ နင်တို့ကို ငါ့ညီမနဲ့ မိတ်ဆက်ပေးဖို့ ခေါ်လာတာ၊ နည်းနည်းလောက် စောင့်ရှောက်ပေးကြဦးနော်၊ ပုံပမာ တဲ့၊ ပုံပုံ ဒါ တို့ သူငယ်ချင်းတွေ သူက မိုးကျော်၊ ဟိုတက်က ခိုင်ထွန်း၊ ကြယ်စင်ကတော့ တို့ ဘဲ့ချင်းဖရန့်"

"ဟာ ပန်ဒါ ရှည်းနည်းအရစ်ကျ ပြန်လျှော့လေ၊ အဲဒီအဆင့်





ထိမှ မရောက်သေးတာ"

"နောက်မှ လိုတိုးပိုလျှော့ လုပ်လို့ရပါတယ်ဟာ၊ အခုက အဆင်ပြေသလို မိတ်ဆက်ပေးရတာ နင်က နာရတယ် ရှိသေးလား"

"ဟား ဟား ပန်ဒါတို့က သူ့စိတ်ကြိုက်လုပ်ချလိုက်ပြန်ပြီ"

ပန်ဒါ စကားကို ယောကျ်ားလေး သုံးယောက်က လှောင်တာလား၊ ပြောင်တာလားမသိဘဲ တဟားဟား မျက်နှာပြောင်ကာ ရယ်နေကြတာမို့ ပုံပမာ နှာခေါင်းတရှုံ့ရှုံ့ စိတ်အိုက်သွားမိ၏။

ဒီလို ဗရုတ်သုတ်ခ ယောကျ်ားလေးတွေနှင့် ပုံပမာ မခင်ချင်ပါ။ ပန်ဒါ ဒီလို နေတတ်တာကိုလည်း အထင်သေးချင်ချင်။

ကိုယ့်နယ်မှာဆိုလျှင် ငယ်ပေါင်းသူငယ်ချင်း မဟုတ်ပါက ယောကျ်ားလေးတွေနှင့် ထွေးရောယှက်တင် ဝရုန်းသုန်းကား မနေတတ်ကြပါ။ လူကြီးမိဘတွေက ခွင့်မပြုသလို မိန်းကလေးတွေကလည်း ဂုဏ်သိက္ခာအတွက် ထိန်းသိမ်းဆင်ခြင်ကြသည်။

"ပန်ဒါ ငါ သင်တန်းခန်းထဲက စောင့်နေလို့ မရဘူးလား၊ ဒီမှာ မထိုင်ချင်ဘူး"

"သင်တန်းချိန်က လိုသေးတယ်လေ၊ ဒီမှာ တစ်ခုခုစားပြီးမှ အတူတူ သွားတာပေါ့၊ ဟိုမှာ နင် တစ်ယောက်တည်း ကြောင်တောင်တောင် ထိုင်နေရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ငါ နေတတ်ပါတယ် ဟို သွားမယ်နော်"

ပုံပမာ ဖွတ်အတင်း ထထွက်သွားတော့ ကြယ်စင်ခတို့ တစ်ယောက်နှင့်တစ်ယောက် ပခုံးချင်းတိုက်၍ မျက်ခုံးပင့်သွားကြ၏။

"ဘယ်လိုကြီးလဲ ပန်ဒါရ၊ နင့်ညီမက မိတ်ဆက်ပေးတာတောင် မဲတူမတန်သလိုကြီးပါလား"

"အေးလေ လက်ဆွဲနှုတ်ဆက်ပြီးတောင် အသိအမှတ်မပြုဘူး၊ ငါတို့ကိုများ မစားကောင်းတဲ့ အသီး၊ သူ့ရှေ့မှာ ချပေးလိုက်လို့ ရှုံ့ရှာသလိုပုံစံနဲ့"

"မင်းက မစင်ပုံကြီးနဲ့တူနေလို့ ဖြစ်မှာပေါ့ကွာ၊ ထားလိုက်စမ်းပါ၊ ရင်ခုန်စရာလည်း မရှိပါဘူး"

တစ်ယောက်တစ်ပေါက် ပြောတော့ ပန်ဒါ အားနာသွားရ၏။ အထူးသဖြင့် ကြယ်စင်ခ ငြိုငြင်မှာကို မလိုလား။

"ဒီလိုပါဟယ် ပုံပမာက နယ်မှာဆိုရင် ယောက်ျားလေးတွေနဲ့ ရောရောယှက်ယှက် နေတတ်တာ မဟုတ်ဘူး၊ တမင်သက်သက် မာနကြီးနေတာလည်း မဟုတ်ဘူးဟ၊ လူကြီးသူမတွေ သွန်သင်ဆုံးမမှုကြောင့် အဲလိုပဲ နေတတ်ကြတာ၊ ငါတို့ ပုဂံကို အလည်သွားရင်လည်း အပိုးကျိုးကျိုးနဲ့ သိမ်သိမ်မွေ့မွေ့ နေပြရတာပဲ"

"သူက ပုဂံသူပေါ့၊ ရာဇဝင် သမိုင်းတော်ကြီးနဲ့ပါလား"





"ယဉ်ကျေးမှုတွေ ရန်ကုန်ထိ သယ်လာတာ ဖြစ်မယ်"

"အညာတရတော့ မဟုတ်ဘူးနော်၊ သူ့အဖေက ယွန်းထည်လုပ်ငန်းနဲ့ နိုင်ငံတကာထိ ထိုးဖောက်အောင်မြင်တဲ့ ပိုက်ဘော့(စ်)ကြီး၊ အမျိုးထဲမှာ အချမ်းသာဆုံးပဲ"

"ဒီကို ယဉ်ကျေးမှုတွေ ဖြန့်ဝေဖို့ ရောက်လာတာလား"

"နင်တို့ကလည်း အပြောင်အပျက် မပြောပါနဲ့၊ ပုံပမာ အဖေက ပညာရှင်အဆင့်နဲ့ နိုင်ငံခြားကို နှစ်နှစ်လောက် သွားနေရမှာမို့ ပုံပမာကို ငါတို့အိမ်ထားခဲ့တာ၊ သူလည်း ဘွဲ့ရပြီးပြီနော်၊ အချဉ်တော့ မဟုတ်ဘူး"

"အဟား အချဉ်ဖြစ်ရင်တောင် တို့စားဖို့ စိတ်ကူးမရှိပါဘူး၊ တကာယ့် တိုက်ဂေါ်"

"တောကိုဒ်ဆိုပေမယ့် တကာယ့်ရှားပါး ပစ္စည်းနော်၊ မျိုးတုံးလုလု အချိန်မှာ သမိုင်းဝင်အဖြစ်နဲ့ ကျန်ရစ်ခဲ့တာ"

စကားနိုင်တွေ လုကြရင်းဖြင့် သူတို့ စားသောက်ဝိုင်းလေးက စိုပြည်ဆူညံနေသည်။ တခြားဝိုင်းတွေက ခပ်ကဲကဲတွေဟု ဝေဖန်မျက်စောင်းထိုးလည်း ဂရုစိုက်တတ်ကြတာ မဟုတ်။

ဘဝကို ပေါ့ပေါ့လွယ်လွယ် ဖြတ်သန်းရင်း ဘာကိုမှလည်း အလေးအနက် မရှိ။

ကျောင်းပြီးလို့ ဘွဲ့တစ်ခုစီ ရထားကြသော်လည်း အတတ်ပညာ



www.burmeseclassic.com

www.burmeseclassic.com



ချုပြစရာမရှိသလို ရည်ရွယ်ချက် ပန်းတိုင်ဆိုတာလည်း ဘာမှမသိကြ။

မိဘတွေက အဝိုက်အလျောက် ပြည့်စုံကြတာမို့ သွားသွားလာလာ စားစားသောက်သောက် ဖြုန်းတီးနေကြခြင်းပင်။

ယောက်ျားလေးသူငယ်ချင်းသာ ရွှေပေါင်းတတ်သော ပန်ဒါက ပုံပမာအနားမှာ မရှိတာကို ပိုကြိုက်သည်။

"ပုံပမာလေးကို ဂရုစိုက်ပေးပါကွယ်၊ ဦးမောင်က မဖြစ်လို့သာ သွားရမှာ ပုဂံမှာ တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချဘူး။ ဟိုကနေ ပန်ဒါလေးအတွက် ဦးမောင် လက်ဆောင်တွေ ဝယ်ပို့လိုက်ပါမယ်၊ သမီးတို့ ညီအစ်မ စီးဖို့ ကားတစ်စီးလည်း ဝယ်ထားခဲ့မယ်နော်၊ လိုအပ်တာလည်း လှမ်းမှာပေါ့"

ဦးမောင်က မက်လုံးတွေပေးပြီး သေသေချာချာ မှာသွားခဲ့သည်။ ကားတစ်စီးရလိုက်တာကို ကိုယ့်အတွက် အပျော်ဆုံးပါ။ ဟိုအရင်ကတည်းက ကိုယ်ပိုင်ကားလေးကို ကိုယ်တိုင်မောင်းပြီး ကျောင်းတက်ချင်ခဲ့တာ။

ဖေဖေက လုပ်ငန်းရှင်တစ်ယောက်ဆိုပေမယ့် ရှယ်ယာရှင်တွေနှင့် တွဲလုပ်ရသည့် လုပ်ငန်းသေးသေးလေးသာ ပိုင်သည်မို့ အိမ်မှာရှိသော ကားကို ဖေဖေ တစ်ယောက်သာ အသုံးပြုသည်။

မေမေနှင့်သူမက တက္ကစီကိုသာ အားကိုးနေရတာမို့ အပေါင်း





အသင်းတွေကြားမှာ မျက်နှာငယ်လှ၏။

အခုတော့ ကားမမောင်းတတ်သော ပုံပမာက သူ့အဖေ ဝယ်ပေးထားသော ကားဆိုသော်လည်း မီးမီးလိုက်မပို့လျှင် ဘယ်မှသွားရတော့မှာ မဟုတ်၊ ကိုယ်ကတော့ ကိုယ်ပိုင်ကားလေးပင် သွားချင်ရာသွား လုပ်ချင်လုပ်၊ ထည်ထည်ဝါဝါ။

"ဟ ပန်ဒါ တစ်ယောက်တည်းတွေးပြီး ရယ်နေပါလား။ ရှာသာကြီးဆို့မှ ဖြစ်တော့မယ် ထင်တယ်"

"မဟုတ်ပါဘူး သူတစ်ခုခုလိုချင်တာ ပြောဆိုရင် အဲလို ပြုံးတတ်တယ်၊ ဘာရလဲ မေးကြည့်ပါဦး"

"မေးစရာမလိုပါဘူး၊ ဒီနေ့ ဘယ်ကကားကို နိုးမောင်းလာလဲ မသိဘူး။ ကားနဲ့လာတာ ငါတွေ့လိုက်တယ်၊ ဟိုမှာလေ ဆိုင်ရှေ့မှာ ရပ်ထားတဲ့ မီးရောင်ကားလေး"

ခိုင်ထွန်း မေးငေါ့ပြရာ မျိုးကျော်နှင့်ကြယ်စင်ခ လှည့်ကြည့်ပြီး ပခုံးတွန့်သွားကြ၏။

"ဟား လန်းလှချည်လား။ နောက်ဆုံးမော်ဒယ်တွေ ဘာတွေနဲ့ နင့်အဖေက အဲလောက် တန်ဖိုးမြင့်တဲ့ကား ဝယ်ပေးလောက်အောင် မချမ်းသာဘူး ထင်တယ်နော်"

"နင်တို့တွေဟာ မှန်တယ်၊ ပုံပမာ အဖေ ဝယ်ပေးခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့အတွက်လဲ"

"သူ့သမီးအတွက်ပေါ့၊ ဒါပေမဲ့ ပုံပမာက ကားမခေါင်းတတ်ဘူးလေ၊ နောက်မှ သင်တန်းပိတ်ရက်တွေမှာ ကားမောင်းသင်မယ်တဲ့၊ အဟင်း ကားမောင်းသင်လည်း ရန်ကုန်မြို့ကြီးမှာတော့ မခေါင်းရဲပါဘူးလို့ ပြောနေတာပဲ"

"ငါ သင်ပေးလိုက်ရမလား၊ ငါ သင်ပေးလိုက်ရင် ကျွမ်းကျွမ်းကျင်ကျင် ဖြစ်သွားမှာ သေချာတယ်"

"ကြယ်စင်"

"ဟ ဘာလဲ အော်လိုက်တာ"

ပန်ဒါက နားနားကပ်ကာ အော်လိုက်တာမို့ ကြယ်စင်ခမှာ ယောင်ယမ်းကာ နားကို ပိတ်လိုက်ရ၏။ ပန်ဒါရဲ့ ရှုးခနဲ အကြည့်မှာ မနှာလိုဝန်တိုမှုတွေနှင့်။

"မိန်းကလေး တစ်ယောက်ကို ဂရုစိုက်ပြတာမျိုးနဲ့တော့ တို့ကို မနောက်နဲ့နော်၊ ကျန်တာက ဘယ်လိုဖြစ်ဖြစ်ရတယ်၊ ဒါတော့ တို့ သည်းမခံနိုင်ဘူး"

"နင့်အစ်မကို ငြိမှာစိုးလို့လား"

"ဟ ဟုတ်မလား ကြယ်စင်ရဲ၊ ဘယ်ကောင်မလေးနဲ့မဆို မင်းကို သူ သဝန်တိုနေကြပဲ"





"အဲဒီအတာန့်ဆိုရင်တော့ ဘော်ဒါကဏ္ဍမှာ စည်းကျော်ပြီး ချောသမရွေ့ရှင် တောင်းမယ်နော် ပန်ဒါ၊ ဘကယ်လို့ ဘောင်ကျော်သွားရှင်တောင် ကိုယ်ဟာ အချုပ်ချယ်ခံမှာ မဟုတ်ဘူး"

"ဒါတို့ တစ်ဝက်လုံး သူငယ်ချင်းလို့ပဲ သတ်မှတ်တော့မှာလား ကြယ်စင်"

စိတ်မဆိုးဘဲ ပန်ဒါ ပြုံးမဲ့မဲ့လေး မေးတော့ ကြယ်စင်ခက မျက်ခုံးတစ်ချက်ပင့်ကာ ခေါင်းညိတ်ပြ၏။

"ဒီအတိုင်းလေးက အရိုးစင်းဆုံး အကောင်းဆုံးပါပဲဟာ၊ ဘယ်လောက် ပျော်ပါးလွတ်လပ်မှု ရှိလိုက်သလဲ"

"ဒါဟာတော့ နင့်ရဲ့ချည်နှောင်မှုကို ခံချင်တယ် ကြယ်စင်၊ သူများတွေသာက်စာရင် ငါ့အပေါ်မှာ နင်လည်း သံယောဇဉ်ကြီးခဲ့တာပဲ မဟုတ်လား၊ တစ်နေ့နေ့ နင့်ဘက်က ချစ်ခွင့်တောင်းလာမလားလို့ မျှော်လင့်နေတာ"

ပန်ဒါရဲ့ ပွင့်လင်းမှုကြောင့် ပခုံးတွေနဲ့ ကြောက်ရွံ့သလို လုပ်ပြလိုက်သော်လည်း ကြားနေကြစကားမို့ သိပ်တော့ မတုန်လှုပ်တော့ပါ။

ပွင့်လင်းရင်းနှီးစွာ ပေါင်းသင်းဖြစ်ကြသော သူငယ်ချင်းတွေမို့ စိတ်ဆိုးစရာ ရှောင်တိမ်းနေစရာလည်း မလို။

ရှေ့မတိုး နောက်မဆုတ်ဘဲ ဒီအတိုင်း နေဖြစ်ခဲ့ကြရင်း...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဒီအတိုင်းပဲနေပါ ပုံပမာရယ်၊ ကားမောင်းသင်ပြီး တစ်ခုခု ဖြစ်မှ ညည်းအဖေက ငါတို့ကို ပြဿနာ ရှာနေပါဦးမယ်၊ ခုလည်း ပန်ဒါက ညည်းသွားချင်တဲ့နေရာ လိုက်ပို့နေတာပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အမြဲတမ်းကြီးဆိုတော့ အားနာလို့"

"အားနာတယ်ဆိုပြီး ရန်ကုန်မြို့ထဲရော မောင်းရဲမှာမို့လား"

"အဲလိုလည်း မောင်းရဲမယ်တော့ မထင်ဘူး၊ ဟိုမှာ၊ ဒီမှာ လောက်ပေါ့၊ ဟို ပြီးတော့ ကားမောင်းလည်း တတ်ထားချင်လို့ပါ"

"တတ်ထားချင်လည်း ညည်းအဖေ ပြန်လာမှပဲ သင်ပါတော့ အေ၊ ညည်းအဖေက သူ့သမီးဆို သည်းသည်းလှုပ် အလကားခရ





ငါတို့ က အမှုပတ်ခံနေရမယ်"

ဒေါ်တင်မေထက် အကြောက်အကန်ပင် ဖွတ်အတင်း ငြင်းဆိုနေမိသည်။ တကယ်ဆို ပုံပမာအဖေ ဦးတိုးမောင်ကို ကြောက်လွန်းလို့တော့ မဟုတ်။ သမီးလေး ပန်ဒါ ကားအသစ်လေးနှင့် ဟန်ကျနေတာကို မြင်ချင်လို့ပါ။

ပုံပမာသာ ကားမောင်းတတ်သွားလျှင် ဒီကားကို ပန်ဒါက ကိုယ့်ရဲ့ ကိုယ်ပိုင်ကားလို မောင်းချင်တိုင်းမောင်းလို့ ရနိုင်ပါဦးမလား။ ပုံပမာက ယောကျ်ားဘက်က တော်စပ်ရသော တူမမို့ သမီးရင်းလောက် ကောင်းမပေးနိုင်ပေ။

တခြားအကြောင်းအရာကိစ္စတွေလည်း ရှိသေးတာမို့ ပုံပမာအပေါ် သွေးမသက်နိုင်ပါ။

"အစ်ကိုကြီးက သူ့သမီးကို ကားမောင်းသင်ပေးလိုက်ပါလို့ သေသေချာချာ မှာခဲ့တာ၊ ဖြစ်ပါ့မလား မေရယ်၊ တော်ကြာ ကိုယ်တို့ကို တစ်မျိုးထင်သွားပါဦးမယ်"

ကြားဝင်ပြောလိုက်သော ဦးအောင်မြင့်ကြွယ်ကို ဒေါ်တင်မေထက် မျက်စောင်းဝင့်လိုက်ကာ

"ဘာတစ်မျိုးထင်မှာလဲ ကိုအောင်၊ တစ်ခုခုဖြစ်မှ ပိုပြီး အပြစ်ပြောခံရမှာ မဟုတ်ဘူးလား၊ မေက စေတနာနဲ့ တားနေတာပါ၊ ငါး



www.burmeseclassic.com

www.burmeseclassic.com



မောင်းသင်တယ်ဆိုတာ မေတို့ မျက်စိရှေ့မှာလည်း မဟုတ်ဘူး။ သူ့အဖေ လာရင် ဘယ်လိုသင်သင်ပေါ့"

"ကဲပါကွာ ထားလိုက်ပါတော့. အစ်ကိုကြီး ဖုန်းဆက်မေးရင် ငါပဲ ကြည့်ပြောလိုက်ပါမယ်၊ ပုံပမာကရော ဘယ်လိုလဲ၊ သမီးဆန္ဒက သင်ချင်နေတယ်ဆိုရင်တော့ စိတ်ချရတဲ့ ကားမောင်းသင်တန်းကို လိုက် အပ်ပေးပါမယ်"

"နေပါစေတော့ ဦးအောင်ရယ်၊ ဒေါ်လေး ပြောသလိုပဲ ဖေဖေ လာမှ သင်တာ ကောင်းပါတယ်၊ သမီး တတ်ချင်တယ်ဆိုတာကလည်း ပန်ဒါကို အားနာလို့ပါ"

"ညီအစ်မချင်းပဲ အားနာစရာလား ပုံပမာရယ်၊ တို့က ကား မောင်းရတာကို ကြိုက်တော့ အပန်းမကြီးပါဘူး။ ပြီးတော့ နင့်ကို ဂရုစိုက် ရင် တို့ကို လက်ဆောင်တွေ အများကြီး ဝယ်ပေးမယ်လို့ ပြောထားတာ"

"ဩော် အေးပါ အဲလိုဆိုလည်း ပြီးရော"

ပုံပမာလေး စိတ်ကျေနပ်မှုရှိမှ ဦးအောင်မြင့်ကြွယ် သက်ပြင်း ချနိုင်တော့သည်။ သူ့သမီးလေး မငြိုငြင်အောင် ဂရုစိုက်ပေးပါလို့ ဦးတိုး မောင် သေသေချာချာ မှာသွားခဲ့တာ မဟုတ်ပါလား။

ကိုယ့်ဘက်က မလိုက်လျောလို့ မဖြစ်သည့် အကြောင်းအရာ တွေက ရှိနေသည်။ တကယ်ဆို လုပ်ငန်းလေးတစ်ခုနှင့် ကိုယ်တွေ ရပ်





တည်နေနိုင်တာ ဦးတိုးမောင် ကျေးဇူးကြောင့်ပါ။

ဒါကို ဇနီးဖြစ်သူ တင်မေထက်က နားမလည်။

"ညီအစ်ကို တစ်ဝမ်းကွဲဆိုတာလည်း အမျိုးအရင်းကြီး ရှိပါ သေးတယ်၊ သူတို့အဆမတန် ချမ်းသာနေတာတောင် အကြွင်းအကျန် အရိုးအရင်းလောက် အရင်းအနှီး ထုတ်ပေးတာကို ရှင်က ကျေးဇူးရှင် ကြီးလို့ သတ်မှတ်နေလား"

"ဒါက အစ်ကိုကြီး ပိုင်တာတွေမှ မဟုတ်တာ၊ မိန်းမဘက်က ဆွေစဉ်မျိုးဆက် ချမ်းသာလို့ အစ်ကိုကြီးလည်း ကောင်းစားနေတာ"

"သူ့မိန်းမက သေပြီလေ၊ ရှင့်အစ်ကိုကြီးပဲ ရရမှာ မဟုတ်ဘူး လား၊ မယားဥစ္စာ လင်ပိုင်တာပဲပေါ့"

"အေးလေ ပိုင်တော့ ပိုင်တာပေါ့၊ ဟိုဘက်က အကြီးသေတော့ အငယ်နဲ့ထပ်ပေးစားတယ်၊ အဲဒီအငယ်က ပုံပမာ ဆိုတဲ့ သမီးလေး တစ်ယောက်ပါတယ်"

"အဲဒါ သမီးရင်းမှ မဟုတ်တာ၊ အမွေပစ္စည်းအကုန် ပေးစရာ လိုသလား"

"အရင်မိန်းမနဲ့အစ်ကိုကြီးပိုင်ဆိုင်တာထက်တောင် နောက် အငယ်က ပိုင်ဆိုင်မှု ပိုများသေးတယ်ကွ၊ ပြောကြကြေးဆို အစ်ကိုကြီး က ငါတို့လိုပဲ ဘာကြွယ်ဝချမ်းသာမှုမှ ရှိတာ မဟုတ်ဘူး၊ မိန်းမတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘက်က ပြည့်စုံမှုကြောင့် အစ်ကိုကြီး ဒီလိုနေရတာ၊ သူလည်း ဒီဘက်က အမျိုးအနွယ်တွေအပေါ် ဘယ်လောက်သိတတ်ထားလဲ၊ အားလုံးကို အရင်းအနှီးတွေ ထုတ်ပေး လုပ်ငန်းတွေလုပ်ခိုင်းနဲ့ ကျေးဇူးမတင်ချင်တောင် မစော်ကားသင့်ဘူး''

ကြုံကြိုက် တိုက်ဆိုင်မှုရှိတိုင်း စကားများနေရတာ အစ်ကိုကြီးကိုတောင် အားနာစရာ ကောင်းလှသည်။ ဟိုအရင် ငယ်ဘဝတွေကတော့ ကိုယ်တွေ အသိုင်းအဝန်းက သူလို ငါလို ပြည့်စုံချမ်းသာမှု မရှိသည့် ဝန်ထမ်းအခစား သားသမီးတွေပါပဲ။

နောက်ပိုင်း ဆယ်တန်းအောင်ပြီးချိန်မှာပဲ အစ်ကိုကြီး ဦးတိုးမောင်က ယွန်းထည်ပညာကို စိတ်ဝင်စားပြီး ပုဂံကို ထွက်သွားခဲ့သည်။ ဘုန်းကြီးကျောင်းတွေမှာ တည်းခိုပြီး ထိုပညာကို လေ့လာလိုက်စားသင်ယူ၏။ တစ်ဖက်က မြင်းလှည်းမောင်းရင်းနှင့်လည်း ကြိုးစားမှုရှိသည်။

အဲဒီနောက်မှာတော့ ယွန်းထည်လုပ်ငန်းရှင်ရဲ့ သမီးနှင့် မေတ္တာမျှကာ လက်ထပ်လိုက်သည်။ အစ်ကိုတိုးမောင်ရဲ့ ကြိုးစားမှုတွေကို သိပြီး ယောက္ခမက လုပ်ငန်းတွေ ခွဲပေး၊ အမွေတွေပေးနှင့် ခဏချင်းမှာပင် အစ်ကိုတိုးမောင် လုပ်ငန်းရှင် သူဌေးတစ်ယောက် ဖြစ်လာသည်။

ဒါပေမဲ့ အစ်ကိုတိုးမောင် အိမ်ထောင်ရဲ့ သာယာမှုကို ကြာကြာ မခံစားလိုက်ရပါ။ သားသမီးလည်း မရဘဲနှင့် ဆယ်နှစ်လောက် ပေါင်း





သင်းပြီးချိန်မှာ ဇနီးသည် ဆုံးပါးသွားခဲ့သည်။

ကိုယ်တွေလည်း နာရေးကိစ္စနှင့် ပုဂံကို တစ်ခေါက်သွားခဲ့ကြသေး၏။ ထိုအချိန်က သမီးလေး ပန်ဒါ ငါးနှစ်သမီးအရွယ်။

"ယောက္ခမတွေက အစ်ကို့အပေါ် အရမ်းကောင်းကြပါတယ်၊ သားအရင်းတစ်ယောက်လိုကို ချစ်ကြတာ၊ အခု တင်တင်ရီ ဆုံးပြီး ကိုယ့်ကိုပါ စွန့်လွှတ်လိုက်ရမှာ စိုးရိမ်နေကြတယ်၊ အဲဒါကြောင့် ငါးနှစ်အရွယ် သမီးလေး တစ်ယောက်နဲ့ မုဆိုးမ ဖြစ်နေတဲ့ ခင်ခင်ရီနဲ့ ထပ်ပြီး လက်ထပ်ပေးဖို့ စီစဉ်နေကြတယ်၊ အရင်ကတည်းက ခင်ခင်ရီ သမီး ပုံပမာလေးကို သမီးလေးလို ချစ်ခဲ့ရတာကြောင့် အစ်ကိုကြီးလည်း မငြင်းချင်ဘူး။ ပစ္စည်းဥစ္စာ မက်လို့ မဟုတ်ပေမယ့် ခင်ခင်ရီနဲ့ သမီးလေးကို စောင့်ရှောက်ချင်တယ်၊ ပုဂံကိုလည်း သံယောဇဉ်တွယ်နေပြီဆိုတော့ အစ်ကို ရန်ကုန်ကို ပြန်မလာချင်တော့ပါဘူးကွာ''

အစ်ကိုတိုးမောင် သူ့ဘဝသူ ရွေးချယ်ခဲ့တာ မှန်သည်ဟု ပြောရမည်။ အိမ်ထောင်ရေးက မေတ္တာတွေကြောင့် နိုင်မြဲသာယာသလို ပစ္စည်းဥစ္စာတွေလည်း နှစ်ဆတိုးလို့ လူချမ်းသာ သူဌေးကြီးဖြစ်ခဲ့သည်။

"မင်းတို့လည်း သမီးလေးတစ်ယောက် မွေးထားတော့ ကိုယ်ပိုင်လုပ်ငန်းလေးနဲ့ ပြည့်ပြည့်စုံစုံလေး ရှိမှဖြစ်မယ်၊ ကားလုပ်ငန်းတစ်ခုမှာ ရှယ်ယာထည့်ဖို့ အစ်ကို ငွေအရင်းအနှီး ထုတ်ပေးပါမယ်၊ အလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ကြိုးကြိုးစားစား လုပ်ကွာ"

ထိုကျေးဖူးတွေနှင့် အခုဆို တိုက်ခန်းလေးတစ်ခန်း၊ ကားတစ်စီးဖြင့် အဆင်ပြေပြေ နေနိုင်ပြီ မဟုတ်ပါလား။ အရင်လို ချို့ချို့တဲ့တဲ့ တဲကုပ်လေးနှင့် မနေရတော့တာ ကျေးဖူးတင်ဖို့ ဘယ်လောက်ကောင်းလိုက်သလဲ။

အခုတော့ ရလေလိုလေ အိုတဏှာဆိုသလို မိန်းမတွေ လောဘက ကျေးဖူးရှင်ကိုတောင် ကျေးဖူးကန်းချင်နေပြီလား မသိ။ အခန်းထဲဝင်သွားသည့် ပုံပမာကို လိုက်ကြည့်ပြီး မျက်စောင်းတဝင့်ဝင့်။

"လူချမ်းသာ သားသမီးလို့သာ ပြောတာ၊ ဝတ်တာ စားတာကလည်းပုံတုံးလိုက်တာ၊ အချိန်ပြည့် သနပ်ခါးက အဖွေးသားနဲ့ တောကလူတွေနဲ့ အမျိုးတော်သလားလို့ အထင်ခံရရင် သိက္ခာကျတော့မှာပဲ"

"မင်းဘယ်လိုပြောလိုက်တာလဲ မေ၊ သနပ်ခါးဆိုတာ မြန်မာအမျိုးသမီးတွေရဲ့ ယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးစံကွ၊ ဘယ်လောက်ကျက်သရေရှိလဲ၊ မျက်နှာရဲ့လှပမှု အရွယ်တင်မှုကိုလည်း ထိန်းသိမ်းရာကျတယ်၊ မင်းတို့လို အမြဲတမ်း မျက်နှာပေါ် မိတ်ကပ်ရောင်စုံတင်နေတဲ့သူတွေက အရွယ်ကျလွယ်ပြီး မျက်နှာမြန်မြန် ပျက်စီးတတ်တယ် သိရဲ့လား"

"ဩော ရှင်က ဘက်လိုက်တတ်တဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးလား၊





ဆတ်ဆတ်ထိမခံနိုင် ဖြစ်ပြနေလိုက်တာ"

"မင်း အဲလိုစကားကို မဆင်မခြင် မပြောနဲ့၊ ဟိုကကြားလို့ သူ့အဖေကို ပြန်တိုင်ရင် ဘာဖြစ်သွားမယ် ထင်လဲ၊ ဒီသနပ်ခါးလိမ်းတာလည်း ကိုယ် ဝယ်ပေးရတာမှ မဟုတ်တာ၊ သူ့ဘာသာ အညာကပါလာတာ လိမ်းပစေပေါ့"

"ကျွန်မက ဘာပြောနေလို့လဲ၊ ဒီကို ရောက်တုန်း ဒီက အပြင်အဆင် အဆင့်အတန်းနဲ့အညီ ပြုပြင်ဖို့ လိုတာပေါ့၊ အခုခေတ်က ယဉ်ကျေးသိမ်မွေ့ပြနေလို့ လူရိုသေခံရတာ မဟုတ်ဘူး၊ ခေတ်နဲ့အညီ ပြောင်းလဲမှုလေးလည်း ရှိရတယ်၊ ကြည့်စမ်း ရှင့်သမီး ဘယ်လောက်လှပြီး စွဲဆောင်မှု ရှိလိုက်လဲ၊ ဝတ်တာ စားတာ နေတာထိုင်တာ ပြောတာဆိုတာကအစ"

"အေး ဘယ်လိုနေနေ ယောက်ျားလေး အပေါင်းအသင်းများတာတော့ ကိုယ် မကြိုက်ဘူးနော်၊ အမြဲ လမ်းပေါ်မှာ တတွဲတွဲ တွေ့နေရတာ ပတ်ဝန်းကျင်မှာ မသင့်တော်ဘူး"

"အဲဒီကိစ္စ ကျွန်မ မဆင်ခြင်ခိုင်းနိုင်ဘူး ကိုအောင်၊ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်တဲ့၊ ကိုယ်တွဲနေတဲ့ လူတွေထဲကမှ ဘယ်သူက သင့်တော်တယ်၊ ဘယ်သူက မကောင်းဘူးဆိုတာ ရွေးချယ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမကောင်းဆိုရင် လင်ကောင်မရှားပါဘူး၊ ကိုယ့်သိက္ခာကိုယ် မငဲ့တတ်သူအတွက်ဖြစ်တော့ ကိုယ့်ကို တန်ဖိုးထားတဲ့လူကောင်းတစ်ယောက် ဘယ်တော့မှ မရနိုင်ဘူး အဲ ဟို"

စိတ်ရှိတိုင်း ပြောမိလိုက်သော်လည်း လေသံမာမာ ပြင်းပြင်းထန်ထန်တော့ မဟုတ်ပါ။ တင်မေထက် တိုက်ခိုက်မှုတွေကို ကြောက်ရွံ့လို့ မဟုတ်ပေမယ့် ချစ်သည့်စိတ်ကြောင့် ဘယ်ချိန်တုန်းကမှ လွန်ဆန်တုံ့ပြန်ခဲ့ဖူးတာမှ မဟုတ်တာ။

အခုလည်း ဒေါ်တင်မေထက်ရဲ့ မျက်စောင်းကြောင့် လေသံတို့က လိုအပ်သည့်ထက် ပိုမိုပျော့ကျသွားသလို စကားဆက်ဖို့လည်း တုန့်တုန့်ချီချီ ဆွံ့အသွားရသည်။

"ပုံပမာ ရောက်လာမှ ရှင့်လေသံ ရှင့်အချိုးတွေ ပြောင်းလဲလာတယ်နော်၊ နှိုင်းယှဉ်စရာ ရှိလာလို့ သမီးကို အပြစ်မြင်ချင်လာတာလား၊ ရှင်လည်း ခေတ်လူငယ်ရဲ့အဖေပဲ နားလည်မှုရှိမှပေါ့"

"အေးပါကွာ မင်းစောင့်ရှောက်မှု အောက်မှာရှိနေလို့ သမီးကိုရော ပုံပမာကိုရော ကိုယ် စိတ်ချပါတယ်၊ ဒါပေမဲ့ ပုံပမာ ဆန္ဒကိုတော့ မဆန့်ကျင်မိစေနဲ့ကွာ၊ အစ်ကိုကြီးနဲ့ အတိုက်အခံ ဖြစ်ရင် မကောင်းဘူး"

"ရှင်က အရမ်းတွေးပူတတ်လွန်းတယ် ကိုအောင်၊ ကျွန်မတို့က ဘာတွေမကောင်းတာ လုပ်နေကြလို့လဲ၊ အခုလည်း ပုံပမာ လူဝင်ဆံ့





ပြောင်းလဲလာအောင်လို့ပါ"

ဒေါ်တင်မေထက်လည်း လေသံလျှော့လိုက်ရသည်၊ အမြဲတမ်းကျေးဇူးရှိသည့်အတွေးနှင့် ကြောက်ရွံ့သိမ်ငယ်နေတတ်သော ဦးအောင်မြင့်ကြွယ် ရှေ့မှာ ပုံပမာအကြောင်း မပြောဖြစ်အောင်နေမှ ဖြစ်မည်။

ဒီလို ရှေ့ကနေ ကာဆီးပိတ်ပင်နေလို့ ဖြစ်မလား။ အပြစ်သားလို ခေါင်းငုံ့ ရှိသေနေခဲ့ရတာ ဘယ်လောက် ကြာခဲ့ပြီလဲ။

ဦးတိုးမောင် ရောက်လာလျှင် အရေးတယူ ပျူပျူငှာငှာနှင့် ဖင်လျှက်ဆားဖြူး လုပ်နေခဲ့ရတာမို့ ကိုယ်က ကျေးကျွန်တစ်ယောက်လို ဖြစ်နေခဲ့ရတာကို မကျေနပ်။ အကြီးအကဲ တစ်ယောက်လို လေးစားရတာထက် အနေအစား ဆင်ခြင်ပြီး သိမ်ငယ်လွန်းသည်ဟုပင် မြင်ခဲ့သည်။

အခု ဦးတိုးမောင် သမီး ပုံပမာ ရှေ့မှာလည်း ဒီလိုနေရဦးမည်ဆိုလျှင်တော့ ကိုယ်တွေက လေးဘက်ထောက် မစင်စားရှုံသာ ရှိတော့မယ်။ ဖြစ်သင့်လို့လား။

ဦးတိုးမောင် ပြန်မလာခင် ပုံပမာကို အပိုးကျိုးအောင် လုပ်ထားမှ။

◼ ◼ ◼



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"အပိုးကျိုးအောင် မနေချင်ရင်တော့ မင်းအဖေနဲ့ စာရင်းရှင်းဖို့ပဲ ရှိတော့တယ် ကြယ်စင်၊ ဒီအိမ်မှာ ဒီအရွယ်ထိ ကျွေးမွေးလာခဲ့တာ ကျေးဇူးမတင်ရင်တောင် မစော်ကားသင့်ဘူး၊ အခုတော့ အချိန်မတော်မှ အိမ်ပြန်လာ၊ ကျောင်းပြီးတော့လည်း ဘာအလုပ်မှ မလုပ်ဘဲ ဆန်ကုန်မြေလေးပဲ"

"စကားကို ဆင်ဆင်ခြင်ခြင် မပြောတတ်ဘူးလား ဒေါ်ဒေစီ"

စားပွဲခုံကို ဒုန်းခနဲ ထုချလိုက်ရင်း ကြယ်စင် မေးခွန်းထုတ်လိုက်၏။ ဒေါ်ဒေစီက မဲ့ရွဲ့ကာ စားပွဲခုံကို ပြန်ထုလိုက်ပြီး

"အမှန်တွေကို ပြောနေတာ၊ ငါက ဘာကို ဆင်ခြင်ရမှာလဲ၊ မိုးလင်းရင် အိမ်ကထွက်၊ မိုးချုပ်အချိန်မရှိမှ အိမ်ပြန်လာ၊ ဖအေဆီက





လက်ဝါးဖြန့် သုံးဖြုန်းနေတဲ့သူကို ငါက ရှိခိုးဦးတင် လုပ်နေစရာလား၊ မင်းအဖေ ငွေရှာခက်တယ်လို့ ညည်းညူနေတာ သနားတတ်ရင် မင်းအလုပ်တစ်ခုခု လုပ်ဖို့ကောင်းတယ်"

"ကျုပ်က ဘယ်သူကောင်းစားဖို့ နွားကျခံ အလုပ်လုပ်ရမှာလဲ၊ ခင်ဗျား မွေးချင်းမောင်နှမတွေအတွက်လား၊ ဖေဖေ တစ်ယောက်လုံး နွားလိုရုန်းနေတာတောင် မကျေနပ်သေးဘူးလား ဒေါ်ဒေစီ"

"နင် မမိုက်ရိုင်းနဲ့ ကြယ်စင်၊ နင့်အဖေလို အသက်ကြီးကြီး အိုနေတဲ့သူကို ယူပြီး ငါ့မှာ ဒီလို အခွင့်အရေး ရှိဦးမှပေါ့၊ ဒါလည်း မယူခင်ကတည်းက သူ့မှာတာဝန်ရှိပါတယ်ဆိုပြီး သဘောတူ ကြည်ဖြူခဲ့ပြီးသား အရင်က ငါ့မိသားစုအတွက် ငါ့ဘာသာ ရုန်းကန်ခဲ့တာ၊ အခုလည်း နင့်အဖေ ပါးစပ်က တာဝန်မယူနိုင်တော့ပါဘူးလို့ ပြောလာရင် ကွာရှင်းပြီး ငါ့မိသားစုကို ငါ တာဝန်ယူရုံပဲ"

ဒေါ်ဒေစီက ငယ်နိုင်ကိုင်ဖို့ ကြိုးစား၏။ ဖေဖေ ဘယ်လိုမှ ကွာရှင်းမပေးတာကို သိနေလို့ပါ။

ဖေဖေက ဒေါ်ဒေစီကို အပျိုစင် အရွယ်ကောင်းလေးကို ရထားတာမို့ တုန်နေအောင် ချစ်သည်။ မေမေနှင့်တုန်းက မေမေက အသက်ကြီးပြီး ဖေဖေက ရှစ်နှစ်ခန့် ငယ်၏။

မေမေ့အပေါ် ဆိုးခဲ့သလောက် အသက်ဆယ့်ငါးနှစ်လေကာ



www.burmeseclassic.com

www.burmeseclassic.com



ငယ်သော ဒေါ်ဒေစီအပေါ်မှာတော့ ဖူးဖူးမှုတ် အလိုလိုက် ချစ်တတ်လွန်းသည်။ ပင်ပင်ပန်းပန်း ဘာအလုပ်မှ မလုပ်ခိုင်းသလို နောက်က မိသားစုအတွက်ပါ တာဝန်တွေ ကျေပေးခဲ့သည်။

"ဒေစီက သူ့အိမ်မှာ သမီးအကြီးဆုံး သားရဲ့၊ ဖအေ မအေလည်း ဆုံးပြီဆိုတော့ အစ်မကြီး အမိအရာပေါ့။ မောင်တွေ ညီမတွေကို ရှန်းကန်ရှာဖွေကျွေးမွေးနေရှာတာ၊ ဖေဖေက သနားလို့ လက်ထပ်ခဲ့တာပါ။ ဖေဖေ့ ဝေယျာဝစ္စတွေနဲ့ အိမ်ထောင်မှုကိစ္စတွေ သူယူလိုက်တော့ ဖေဖေကလည်း သူ့မောင်တွေ ညီမတွေအပေါ် တာပန်ကျေပေးရှာပေါ့။ သူတို့လေးတွေကလည်း ဖေဖေ့ကို လေးစားချစ်ခင်ကြပါတယ်"

ဖေဖေက တာဝန်တွေ ပန်းပြောင်း ယူရတာကို ပီတိတွေနှင့် ကျေနပ်နေခဲ့သည်။ မိန်းမချောက်နှာလေးကိုကြည့်ပြီး ပင်ပန်းတယ်ဟုလည်း မထင်။ သူကတော့ မေမေ လက်ထက်ပွားပစ္စည်းဥစ္စာတွေ ဒေါ်ဒေစီကြောင့် တဖြည်းဖြည်း လုံးပါးပါး ဆုတ်ယုတ်လာတာမို့ မကျေနပ်နိုင်ပါ။

ဒါကြောင့် အစ္ဆဲ့တိုက်ကာ ဘာအလုပ်မှ မလုပ်ဘဲ ဆန့်ကျင်ဆန္ဒပြသည်။ ကြုံရင် ကြုံသလို တိုက်ခိုက်သည်။

ဖေဖေနှင့် ဒေါ်ဒေစီ မွေးထားသော မီးမီးလေးကိုလည်း သူချစ်လို့မရပါ။ ကလေးမှာ အပြစ်မရှိမှန်း သိပေမယ့် ဒေါ်ဒေစီ သွေးသားမို့

"ကိုကိုကြီး"





သူနှင့်ဒေါ်ဒေစီ အခြေအတင် စကားများနေစဉ်မှာ မီးမီးလေးက သူ့အနား လာကပ်ကာ ခေါ်သည်။ သူ့လက်ကို အကိုင်မခံဘဲ စိတ်လိုက်မာန်ပါ တွန်းထုတ်ပစ်လိုက်၏။

"ဖယ်စမ်းပါ နင့်အမေဆီသွား"

"ဟဲ့ ကြယ်စင် နင် လူကမွေးရင် လူစိတ်ရှိမှပေါ့ဟဲ့၊ ငါ့သမီးကို ဘာဖြစ်လို့ အော်ထုတ်ရတာလဲ"

"မအော်စေချင်ရင် ခင်ဗျား သမီးကို ကျုပ်နား မလာစေနဲ့"

"ကလေးက ဘာနားလည်မှာလဲ၊ ဒါ နင့်အဖေနဲ့ မွေးထားတာ၊ နင်နဲ့မောင်နှမ တော်တယ်နော်"

"သွားစမ်းပါ တော်သွားပြော၊ ဖေဖေ့သွေးလည်း ကျုပ်ကတော့ အသိအမှတ်မပြုဘူး၊ ဖေဖေတောင်မှ ကျုပ်ကို သားတစ်ယောက်လို အသိအမှတ်ပြုပြီး အလေးအနက် ရှိတော့တာမှ မဟုတ်တာ"

"ကြည့်စမ်း ကြည့်စမ်း ဖအေ ကျွေးတာ စားနေတဲ့ကောင်က ခွေးလို ပြန်ကိုက်နေတယ်၊ ငရဲအိုး ဂျိုးကပ်မယ့်ကောင်"

ဒေါ်ဒေစီက အသံတွေ တုန်လာအောင်ကို ဒေါသဖြစ်၍ အော်ပြောသည်။ ကြယ်စင်က စားပွဲခုံကို တစ်ခါထုရင်း ဒေါ်ဒေစီကလည်း တစ်ခါထု၏။

ပန်းကန်တစ်ချပ် ခွဲလျှင် လိုက်ခွဲတတ်ပြီး ဆုံးရှုံးမှုကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



နှမြောတတ်တာမျိုး မဟုတ်တာမို့ နေရာက ဝုန်ဒိုင်းကျဲဖြုံသာ ထထွက်လာခဲ့ရသည်။ တုဖက်ပြိုင်ဖို့လည်း မရှက်တတ်။ အပြိုင်အဆိုင် ဝုန်းဒိုင်းကျဲဖို့လည်း ဝန်မလေး။

ဘယ်သူ့ရှေ့မှလည်း ဆင်ခြင်ဖို့ စဉ်းစားဉာဏ် မရှိ။

ဒီလို မိတွေးကို သူ ဘယ်လိုနားလည်လက်ခံပေးရမလဲ။ ဖေဖေကလည်း သူ့ဘက်ကို အာရုံမစိုက်တော့တာမို့ သူ့ဘက်ကလည်း ဘယ်သူ့ကိုမှ နွေးထွေးမှုနှင့် မဆက်ဆံနိုင်။

ကိုယ့်ကိုယ်ကို လွှန်သလားလို့လည်း မတွေးမိဘဲ အရွဲ့တိုက်ဖို့ တုံ့ပြန်တိုက်ခိုက်ဖို့သာ ပြင်ဆင်နေခဲ့သည်။

"ဟား"

စိတ်တွေ မကြည်လင်စွာ ထွက်လာခဲ့ရတာမို့ သင်တန်းတက်ချင်စိတ်လည်း မရှိ။ အိတ်ကို စလွယ်သိုင်းရင်း ခြေလှမ်းတွေက ဒေါသအလျောက် မြန်ဆန်သွက်လက်နေသည်။

လမ်းဘေး ဖုန်းကနေ ခိုင်ထွန်းတို့နှင့် ကစားကွင်းသွားဖို့ ချိန်းလိုက်သည်။ တစ်ဆက်တည်းမှာ ဖေဖေ့ကို ဟန်းဖုန်းဝယ်ခိုင်းဖို့လည်း ဆုံးဖြတ်လိုက်၏။

"တီ တီ"

"တောက်"





အနားကပ် ဟွန်းတီးသံကြောင့် လူက တုန်ခနဲ ဖြစ်သွားလျက် ဒေါသဖြင့် တက်ခေါက်ရင်း နောက်လှည့်ကြည့်လိုက်သည်။

"ဟင် ပန်ဒါ"

ပန်ဒါက လမ်းဘေးကျကျ ကားထိုးရပ်လိုက်ပြီး သူ့အနားဆင်းရပ်၏။ ပုံပမာက ကားအောက်မဆင်းဘဲ မျက်နှာခပ်လွှဲလွှဲ။

"ဘာတွေ ကျိုင်လာတာလဲ၊ မျက်နှာက သုန်မှုန်လို့ပါလား"

"ပန်ဒါ ငါ့ကို ကားခဏ ငှားလို့ရမလား"

"ဟင် နင်က ဘာလုပ်မလို့လဲ၊ သင်တန်းမတက်ဘူးလား"

"မတက်ဘူး ခိုင်ထွန်းတို့နဲ့ ချိန်းထားလို့၊ ကဲပါ ကားငှားမှာလား မငှားဘူးလား ဒါပဲပြော"

"ငှားလို့ ရပါတယ်၊ သင်တန်းနဲ့လည်း နီးနေပြီဆိုတော့ ငါတို့က လမ်းလျှောက်သွားလို့ ရပါတယ်"

"အေး အဲဒါဆိုလည်း ကားပေါ်က တိုက်ဂေါ်ကို အောက်ချလိုက်ဦး"

ကြယ်စင်ခ ပြောမှ ပုံပမာအနား ပန်ဒါ လျှောက်သွားလိုက်သည်။ သူတို့တွေ ပြောနေသံကြားကတည်းက ပုံပမာက ကားသော့ကို ဖြုတ်ယူထားပြီး ဖြစ်နေ၏။

"ပုံပမာ ဟို ကြယ်စင်ကို ကားခဏငှားလိုက်မယ်နော်၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်သွားလိုက်ရအောင်"

"ငါ့ကားကို ဘယ်ယောကျ်ားလေးမှ မငှားဘူး ပန်ဒါ"

"ဟင် နင်ကလည်း အဲလို မလုပ်ပါနဲ့၊ ကြယ်စင်က ငါ့ဘော်ဒါ ပါ"

"နင့်ဘော်ဒါလည်း ငါ အားမနာနိုင်ဘူး ပန်ဒါ၊ အဲလို ဗရုတ်သုတ်ခမျိုး ငါ မကြိုက်ဘူး"

ပုံပမာ အပြတ်ပြောတော့ ပန်ဒါ မျက်နှာညိုမည်းသွားပြီး ကြယ်စင်ခလည်း ကားနားရောက်လာသည်။

"ပန်ဒါ မညက်ညောပါလား၊ နင်က ဒါလေးတောင် မပိုင်ဘူးဆိုတဲ့ သဘောပေါ့၊ နင့်အမျိုး ပုံပမာ ဒီလောက် ဆက်ဆံရေးကျဲမယ် မထင်ဘူး"

"ဟို နေ နေပါဦးဟယ် ငါ ပြောပေးပါ့မယ်၊ ပုံပမာ ခဏလောက် ငှားမယ့်ဥစ္စာ နင်က ဘာဖြစ်နေတာလဲ၊ ငါ့ကား မဟုတ်တာ လူတွေသိအောင် မဟ္လာပ်တိုင် တက်ပြနေတာလား"

"နင်နဲ့မဆိုင်ပါဘူး၊ အဲလိုသဘောလည်း မဟုတ်ဘူး၊ ကြယ်စင်ခကိုပဲ ကားမငှားချင်တာ"

မတူမတန် အပြောကြောင့် ကြယ်စင် လက်သီးဆုပ် တင်းခနဲ ဖြစ်သွား၏။ အိမ်က မကြည်လင်မှုက မျက်နှာမှာ တင်းထန်မာကျောမှု





တို့ မပြေပျောက်သေးတာမို့ ပို၍ မိုက်တိမိုက်ကန်း ဖြစ်နေမှာ သေချာသည်။

"မင်း မာနကြီးတာလား၊ ဘဝင်မြင့်နေတာလား ပုံပမာ"

"ရှင်နဲ့ဘာအကြောင်းမှ ပြောစရာမရှိပါဘူး၊ ကိုယ့်လမ်းကိုယ်သွားပါ"

"ပုံပမာ နင် အဲလို မပြောပါနဲ့"

"ပြောပါစေ သူ အဲလို ပြောတတ်တာ နားထောင်လို့ ကောင်းသားပဲ၊ အဟင်း ငါ့ရင်ထဲမှာ အမှတ်တရတောင် ဖြစ်သွားတယ်၊ ဒီမယ် ပုံပမာ တခြားယောကျ်ားတွေကို အဲလိုသွားပြီး ရန်မစမိစေနဲ့နော်၊ ကြီးကျယ်တဲ့ မိန်းမတွေကို ယောကျ်ားတွေ မကြိုက်ဘူး"

ပုံပမာ မျက်နှာလေးတည့်တည့် လက်ညှိုးလက်မကွေးပြီး သေနတ်လို ပစ်ခဲ့ပြီးမှ မခိုးမခန့် မဲ့ပြုံးများနှင့် ကြယ်စင်ခ လှည့်ထွက်သွားသည်။

ပုံပမာကလည်း နှုတ်ခမ်းဖူးဖူးလေးကို တမင် အရုပ်ဆိုးအောင် ပွဲ၍ မျက်နှာကို ဆတ်ခနဲ လွှဲပစ်လိုက်၏။

အကြောင်းရေစက် ဆုံစရာမှ မရှိတာ အေးဆေးပေါ့။

▩ ▩ ▩



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"နင် အဲလိုလုပ်လိုက်တာ လုံးဝ မမိုက်ဘူး ပုံပမာ၊ ကြယ်စင်ငါ့ကို ဘယ်လိုထင်သွားမလဲ"

"မတတ်နိုင်ဘူး ပန်ဒါ၊ နင့်သူငယ်ချင်းဆိုတာတွေကို ငါ လုံးဝကြည့်မရဘူး။ ငါ့ရှေ့မှာတောင် ငါ့ကို တိုက်ခိုက်ဝေါ်လို့ မျက်နှာပြောင်ပြောင်ခေါ်ရဲသေးတာ၊ ကွယ်ရာမှာဆို ဒီထက်ပိုပြောနေကြမှာ ငါ သိတယ်"

"နင်က ဒါကို မကျေနပ်တာလား၊ ဒီမှာ ဗန်းစကားလို သုံးနှုန်းနေကြတာ နင်မှ နားမလည်ဘဲ၊ နင့်ကို တမင်သက်သက် အမြင်ကတ်ပြီး ပြောနေကျ ရွတ်ချက်ဲရဲ့နေကြတာမှ မဟုတ်တာ၊ အခု ကြယ်စင်ကို ဘယ်လောက် အားနာဖို့ကောင်းလဲ၊ နင်က နင့်ကားဆိုပြီး ပါဝါပြလိုက်တာ၊ ငါရော ဘယ်လောက်တောင် ရှက်ဖို့ကောင်းလဲ"





ဒီတစ်ချက်ကိုတော့ ပုံပမာ မတွေးမိလိုက်။ သူ့ကား ကိုယ့်ကားဆိုပြီး အထာကိုင် မာန်မာန တက်ပြလိုက်တာတော့ မဟုတ်ပါ။

ဆံပင်ကရှည်ရှည် အော်တာရှပ်လို အင်္ကျီရှပ်ယှက်ခက်ပြီး အိတ်ကပ်အများကြီးပါသည့် ဘောင်းဘီတိုနှင့် လက်တွေ လည်ပင်းတွေမှာ ဖန်စီကြိုးတွေ ဝတ်ထားသော ကြယ်စင်ခကို လူရှုပ်လူပွေဟု ထင်မိသောကြောင့် ကားကိုပေးချင်စိတ် မရှိတာပင်။

အခုတော့ ပန်ဒါက စိတ်မကောင်းသလို ဝမ်းနည်းသလို ပြောတာလည်း မဟုတ်တဲ ရန်တွေ့နေတာကြောင့် ဘယ်လိုရှင်းပြရမှန်းလည်း မသိ။ မှားသွားပါတယ်ဆိုပြီး တောင်းပန်ဖို့ရော လိုအပ်သလား။

"ဘာဖြစ်နေကြတာလဲ သမီး"

သူမတို့ စကားပြောနေရာ ညေ့ခန်းထဲကို ဒေါ်တင်မေထက်ဝင်လာပြီးမေးတော့ ပန်ဒါ မျက်နှာအမူအယာ ပြောင်းသွားကာ မျက်ရည်တွေ ဝဲနေသည်။

"ပုံပမာ ဒီနေ့ လုပ်လိုက်တာ အခရမ်းရှက်ဖို့ကောင်းတယ် မေမေ"

"ဟဲ့ ဘာဖြစ်လို့လဲ"

"သမီး သူငယ်ချင်းက ကားခဏ ငှားတာ ပုံပမာက ပိုးစိုးပက်စက် ပြောပြီး မငှားလိုက်ဘူး မေမေ၊ သမီးက သမီးကားဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုးပိုင်နင်း ငှားချင်တာလည်း မဟုတ်ပါဘူး၊ သူငယ်ချင်းက အကူအညီတောင်းလို့ သူ့ကို သေချာပြောပြီး ငှားတာပါ”

“ပုံပမာရယ် ညီအစ်မချင်း ညည်းမှာ ဒီလောက်လေး နားလည်မှု အားနာမှု မရှိဘူးလား၊ ဒီမှာနေရင် ဒီကလူတွေကို ရိုင်းပင်းကူညီမှု၊ လိုက်လျောမှုလေးတော့ ရှိဦးမှပေါ့၊ အခုတော့ ညည်းအဖေ ဝယ်ပေးထားတာ ငါတို့နဲ့ မသက်ဆိုင်ဘူး မဆိုင်ဘူးဆိုပြီး သမီးသူငယ်ချင်းရှေ့မှာ လုပ်ပြလိုက်တာပေါ့”

“မဟုတ်ဘူး အဒေါ်၊ ပုံပုံ အဲဒီသဘောနဲ့ ပြောလိုက်တာ မဟုတ်ပါဘူး၊ အဲဒီကောင်လေးကို ပုံပုံ ကြည့်မရလို့”

“အံမယ်လေး အေ သမီးပေါင်းတဲ့ သူငယ်ချင်းကို ကြည့်မရဘူးဆိုတော့လည်း ညည်းက ဘယ်လိုလူမျိုးမှ လူထင်တာတုန်း၊ သမီးက အဆင့်အတန်းရှိတဲ့ လူကုံထံ သားသမီးတွေပဲ ရွေးပေါင်းတာပါ၊ ဝတ်တာစားတာကတော့ အခုခေတ်စတိုင်လေ၊ တောမျက်လုံးနဲ့ အမြင်ကျဉ်းကျဉ်း ကြည့်လို့ ဘယ်ဖြစ်မှာလဲ၊ ညည်း မပတ်သက်ချင်လည်းနေ၊ သမီး သူငယ်ချင်းတွေကိုတော့ မပုတ်ခတ်ပါနဲ့”

ဒေါ်တင်မေထက် စကားကြောင့် ပုံပမာ မျက်နှာလေးညှိုးငယ်သွားကာ ငြိမ်ငြိမ်သက်သက်လေး ဖြစ်သွား၏။ ကိုယ်က ပိုင်ရှင်မို့ သိမ်ငယ်စိတ်နှင့် တိုက်ခိုက်မှာပေါ့ဟုလည်း ကောင်းတဲ့ဘက်က လှည့်တွေးလိုက်





မိ၏။

ဒေါ်တင်မေထက်ကတော့ သူ့သမီး ဒီလို ဝမ်းနည်းအရှက်ရတာကို ကျေနပ်သေးပုံမပေါ်ပါ။

“ညည်းကားကို ပန်ဒါ မောင်းတာ မကြိုက်ရင် ဒီနေ့ကစပြီး မမောင်းခိုင်းတော့ဘူး၊ ညည်းစိတ်ထဲမှာ ပန်ဒါက ထင်သလို လုပ်နေတယ်လို့ တွေးနေရင် ဘယ်ကောင်းမလဲ၊ အဲဒီတော့ တက္ကစီကားနဲ့သာ ကျောင်းတက်ကြ”

“အဲ အဲလို မဟုတ်ပါဘူး အဒေါ်၊ ပန်ဒါ အပေါ် အဲလိုစိတ်လည်း မရှိပါဘူး၊ နောက်လည်း သူ ငှားချင်တဲ့သူ ငှားပါစေ၊ ပုံပုံကာမှ မပြောတော့ပါဘူး”

“သေချာလား ပုံပမာ၊ ငါ့သူငယ်ချင်းတွေ ကားဝယ်မစီးနိုင်တဲ့သူတွေတော့ မဟုတ်ပါဘူး၊ ဒီလိုပဲ ဘော်ဒါကဗျာတွေနဲ့ သူ့ကားကိုယ်စီး ကိုယ့်ကားသူစီးနဲ့ ရင်းရင်းနှီးနှီး နေကြလို့ပါ”

“အေးပါ ငါပါတဲ့အချိန်တော့ သူတို့တွေကို မတင်နဲ့ပေါ့၊ ကျန်တဲ့အချိန်မှာ နင် ဘယ်လိုလုပ်လုပ် ငါ မပြောတော့ပါဘူး”

“နင်က ငါ့သူငယ်ချင်းတွေကို ဘာလို့ ခါးခါးသီးသီး ဖြစ်နေတာလဲ၊ သူတို့ကို အပေါင်းအသင်းလုပ် ခင်မင်ကြည့်ရသေးတာလည်း မဟုတ်ဘဲနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ ငါက စိတ်မပါရင် ဟန်ဆောင်ပန်ဆောင် ပြုံးမပြ တတ်ဘူး။ စိတ်ပါပြီဆိုရင်လည်း ဘယ်သူတားတား ဂရုမစိုက်တတ်ဘူး"

"သင်တန်းမှာ သူငယ်ချင်းလည်း မရှိဘဲနဲ့ နင် ပျော်ပါ့မလား"

"ရပါတယ် တူးတူးချစ် ဆိုတဲ့ကောင်မလေးနဲ့ ငါ ခင်နေပါပြီ"

"ဟင် အသားမည်းမည်း ဝတုတ်ကောင်မလေးကို ပြောတာ လား"

"အင်းလေ နင် ဖြစ်တယ်ဆိုလည်း ပြီးတာပါပဲ၊ တော်ကြာ ဦးမောင်က နင့်ကို ဂရုမစိုက်ဘူးဆိုပြီး အပြုံးပြောမှာ ကြောက်လို့ပါ၊ ယောက်ျားလေး သူငယ်ချင်းရှိတော့ ကိုယ့်အတွက် အကာအကွယ်လည်း ရတယ်၊ အန္တရာယ်လည်း ကင်းတယ်ဆိုပြီး ငါက မိတ်ဆက်ပေးတာပါ"

"နင့်ကိုတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ အဲလို ဗရုတ်သုတ်ခ နဲ့ မိန်းကလေးတွေအကြောင်း အတင်းပြောတတ်တဲ့ ယောက်ျားလေး တွေကို ငါ မခင်ချင်ဘူး"

အပြတ်ပြောပြီး ထွက်လာခဲ့တော့ ဒေါ်ခင်မေထက်ရော ပန်း ရော နှာခေါင်းရှုံ့ မဲ့ရွဲ့ကာ ကျန်ရစ်ခဲ့သည်။ ဘယ်လိုမျိုး ထင်မြင်ယူ လည်း သူမ ဂရုမစိုက်ပါ။ လှောင်ပြောင်လိုစိတ်တွေနှင့် မထီတရီ ပြော ချော်ချော် မျက်နှာများကို သူမ သည်းခံပြီး အပေါင်းအသင်း မလုပ်ချ ပါ။ သူတို့ကို မခင်လို့ ပြစ်မှုမြောက်သည်နော့...။



## အခန်း (၅)

"အဲလို ကြီးကျယ်တဲ့ မိန်းမမျိုးကို ငါ ရအောင်လိုက်ပြမယ်"

"ကြွယ်စင် နင်"

ကြွယ်စင် ကြုံးဝါးမှုကြောင့် ပန်းဒါ အလွတ်တလန့် ဖြစ်သွား၏။ ကြွယ်စင်က မခိုးမခန့်နှင့် နှုတ်ခမ်းထောင့်စွန်းလေး တစ်ဖက် တွန့်ကွေး သွားကာ

"ငါ့ကို ဟိုအကြောင်း ဒီအကြောင်းနဲ့ ဟန့်တားဖို့ မကြိုးစားနဲ့ ပန်းဒါ။ ငါက တစ်ခုခုဆိုရင် ဆုံးဖြတ်ချက်ချဖို့ ခဲယဉ်းတယ်၊ ဆုံးဖြတ်ချက် ချပြီးပြီဆိုရင်လည်း မပြင်တတ်ဘူး"

"မဟုတ်ဘူးလေ ကြွယ်စင်၊ ဒီကိစ္စက ဒီလိုလုပ်ဖို့မှ မလိုတာ၊ ...ဟာက ဒီလိုဆိုရင် သူနဲ့မခင်အောင် မပတ်သက်အောင် နေလိုက်ရုံပေါ့"



www.burmeseclassic.com

"အဲဒါက ရင်မဆိုင်ရဲလို့ ရှောင်တာနဲ့အတူတူပဲ၊ ငါတို့ ယောက်ျားလေးတွေအကြောင်း နင် မသိလို့ပါ၊ အဲလို တုံ့ပြန်မှုကို ငါ ကတော့ စိန်ခေါ်တယ်လို့ ထင်တယ်၊ ကိုယ့်ကို မပတ်သက်ချင်ပါဘူးလို့ မတူမတန်ပြောတဲ့ မိန်းမတစ်ယောက်ကို ပတ်သက်အောင် လုပ်ပြီး ဖြတ်ချလိုက်ရုံပဲ"

"အဲလို ပတ်သက်ပြီး နင် တကယ် သူ့ကိုချစ်သွားတော့ ဘယ်လိုလုပ်မလဲ"

"နင် စိုးရိမ်သလို ဘယ်တော့မှ ဖြစ်မလာဘူး ပန်ဒါ၊ အဲလို မိန်းမမျိုးကို ငါ ဘယ်တော့မှ ချစ်လာမှာ မဟုတ်လို့ပဲ၊ ငါတို့ ယောက်ျားတွေက မာနကို ထိပါးခံရရင် အဆုံးထိ တိုက်တတ်တယ်၊ ငါက မိန်းကလေးတစ်ယောက်ကို ခေါင်းပုတ်ဖင်ပုတ် စနောက်တတ်တဲ့ကောင် မဟုတ်ဘူး၊ ငါ့ကို စိန်ခေါ်လာရင်လည်း"

ကြယ်စင်က အဆုံးမသတ်သေးသော စကားကို တိခနဲ ဖြတ်တောက်ပြီး လွယ်အိတ်ကြိုးစကို တင်းတင်းဆုပ်၏၊ ဆုံးဖြတ်ချက် ချထားသော ဟန်တို့ကလည်း အထင်းသား။

"ငါတို့ကတော့ အားမပေးချင်ဘူး ကြယ်စင်ရာ၊ အခုတောင် ရောနှောပတ်သက်တာမျိုး မလုပ်ချင်ပါဘူးလို့ ပြောထားတဲ့ ပုံပမာကို ချည်းကပ်ဖို့ မင်း အရမ်းအောက်ကျခံနေရမယ်နော်"





"အဲဒါကို ငါ တွေးထားပြီးသားပါ၊ ပန်ဒါ အကူအညီလည်း လိုတယ်၊ ငါ သူ့ကို ဒီလိုလုပ်မယ်ဆိုတာ သူ မသိအောင် နင်တို့အားလုံး ပါရှိဖို့လည်း ငါ တောင်းပန်ချင်တယ်၊ သူ ငါ့ကို လေးလေးနက်နက် ကျွံဝင်လာတဲ့နေ့အထိပေါ့"

"နင့်ကိုယ်နင် ယုံကြည်မှု ရှိသလား ကြယ်စင်"

"ဘာကိုလဲ"

"ပုံပမာကို နင် တကယ် ချစ်မသွားပါဘူးဆိုတာ"

ကြယ်စင်က ဟက်ခနဲ ရယ်ကာ ထိုင်ခုံနောက်မှီကို ကျောကပ် ပိုက်၏။ မျက်လုံးတို့က စူးရှကာ အရောင်တောက်နေသည်။

"သနပ်ခါးတွေ ကိုယ်စားလှယ်ယူပြီး ဖြန့်ချိရေး လုပ်နေတဲ့ ပဟာမှာ ဘယ်လိုအလှတရားမှ ရှာလို့မတွေ့ပါဘူးဟာ၊ သေချာ မှတ်ထား ပိုင်မရှိဘဲ ကြီးကျယ်နေတဲ့ မိန်းမတစ်ယောက်ကို ကြယ်စင် ရင်မခုန် ူ။ မှတ်လောက်သားလောက် ရှိရင် နောက်ကြောင်းပြန်လှည့်ရုံပဲ"

"အဲဒီအချိန်ကျရင် ငါလိုချင်တာ ပေးမှာလား"

"ဖွတ်ကြီးတောင်းတာမနေနဲ့ အရမ်းဆာလောင်နေရင် နောက် စ်ယောက်ကို ရင်ခုန်ဖို့ အချိန်ယူ"

"ဟင့်အင်း နင့်ကိုပဲ ငါ စောင့်မှာ ကြယ်စင်၊ ငါ့ရင်ခုန်မှုတွေ နင့်အတွက်သက်သက်ပဲ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ပြောမရလည်း သဘောပဲ၊ ငါကတော့ မျှော်လင့်ချက်လည်း မပေးဘူး၊ ရိုးသားမှုကို အသွင်ပြောင်းကြည့်ဖို့လည်း စိတ်မကူးသေးဘူး၊ ဒါပေမဲ့ နင့်ကိုငါ ခင်ပါတယ်"

ဘယ်တော့မှ အားမနာတတ်သော ကြယ်စင်ခကို စိတ်ဆိုးရမှန်းလည်း မသိပါ။ ဘယ်မိန်းကလေးကိုမှ မချစ်တတ်တာကိုက သူမအတွက် မျှော်လင့်ချက်ဖြစ်သည်။ မိန်းကလေးတွေနှင့် ရင်းနှီးပေါင်းသင်း ဆက်ဆံတာဆိုလို့ သူမ တစ်ယောက်ပဲ ရှိတာ မဟုတ်ပါလား။

ဒီထက်ပတ်သက်ဖို့ ကြယ်စင်ဘက်က ခြေတစ်လှမ်းသာ လိုတော့သည်။ သူမဘက်က မသေချာသော မျှော်လင့်ချက်ဖြင့် သေချာနေဆဲပါ။

"သင်တန်းချိန် နီးနေပြီ သွားရအောင်လေ"

သူမ ခေါ်လိုက်တော့ နိုင်ထွန်းနှင့်မျိုးကျော် ထရပ်သော်လည်း ကြယ်စင်ခက ဒီအတိုင်း ထိုင်နေဆဲဖြစ်သည်။

"ငါ ဒီနေ့ သင်တန်း မတက်ဘူး၊ နောက်နေ့တွေလည်း နင်တို့နဲ့ရောရောနှောနှော သိပ်နေဖြစ်မှာ မဟုတ်လို့ ငါ့ကို နားလည်ပေး"

"ဟင် မင်းက ဘာသဘောလဲ ကြယ်စင်"

"ဗျူဟာ စမယ်လေ၊ ပုံပမာ သဘောကို ငါ နားလည်နေတာပဲ၊ ဖန်တီးကြည့်ဖို့ အခြေအနေရ"





"အာ အဲဒါ မဟုတ်သေးဘူး ထင်တယ် ကြယ်စင်၊ ပုံပမာနဲ့ ပတ်သက်ဖို့ သူငယ်ချင်းတွေကို လေစိမ်းတိုက်ဖို့ လိုလို့လား"

"အချိန်အခိုက်အတန့်လေးပါလို့ ပြောပြီးပြီပဲ၊ လိုအပ်တဲ့ အချိန်မှာ အပြင်မှာ တွေ့ကြတာပေါ့၊ ငါက မင်းတို့ကို ဘယ်တော့မှ မခွဲဘူး"

ထိုစကားတစ်လုံးနှင့် ပန်ဒါ ကျေနပ်ကြည်နူးသွားခဲ့သည်။ ဒါပေမဲ့ ပုံပမာ ရောက်လာမှ ဒီလိုကိစ္စတွေ ဖြစ်ရတာမို့ ပုံပမာကိုတော့ မကျေနပ်နိုင်ပါ။

"ကြယ်စင် စိတ်ကူးကို နင်တို့ ဘယ်လိုထင်လဲ"

ဆိုင်လေးထဲက ထွက်အလာမှာ ပန်ဒါ မေးတော့ နိုင်ထွန်းတို့ နှစ်ယောက် ခြေလှမ်းရပ်ကာ ပခုံးပင့်သွားကြ၏။

"နားလည်ရတော့ ခက်သားပဲ၊ ဒီကောင်က ဒီလိုကိစ္စမျိုး တစ်ခါမှ မလုပ်ဘူးတာ၊ မိထွေးကို အရွဲ့တိုက်တာ၊ ဆန့်ကျင်တာကတော့ အကျင့်ပါနေလောက်ပြီ၊ ပုံပမာကိုလည်း မခံချင်စိတ်နဲ့ တစ်ခုခု လုပ်ဖို့ ကြံဖြတ်လိုက်တာ နေမှာပါ"

"နင်က ပုံပမာ နာကျင်မှာကို မလိုလားလို့လား"

"အမှန်အတိုင်း ပြောရရင် ကြယ်စင်ကို မတူမတန်သလို ယက်ဆံလို့ ပုံပမာကို ငါလည်း တစ်ခုခုပြန်လုပ်ချင်နေတာ"

"အေးဟ ကြယ်စင် ပြောပြတော့ ငါတို့လည်း တင်းနေတာ၊



www.burmeseclassic.com

www.burmeseclassic.com



နင် မိတ်ဆက်ပေးကတည်းက ကြီးကျယ်မှုန်း သိပေမယ့် ပေါ်ပေါ်တင်တင်ဂိုင်းလိမ့်မယ်လို့တော့ မထင်ဘူး။ သူ့ကြည့်ရတာ ပြင်းထန်မယ့် မိန်းမမျိုးမှ မဟုတ်ဘူး"

"မပြင်းထန်ပေမယ့် မပျော့ညံ့တာလည်း သေချာတယ်၊ နောက်ခံ အင်အားကလည်း တောင့်တင်းတယ်လေ၊ ငါကတော့ ကြယ်စင်ကိစ္စနဲ့ ပတ်သက်ပြီး သူ့ကို ပိုမုန်းသွားတာ အမှန်ပဲ"

နာနာကျင်ကျင် ခံစားရသလို ပြောလိုက်တော့ မျိုးကျော်တို့ နားမလည်နိုင် ဖြစ်သွားကြ၏။ သင်တန်းရှိရာ လမ်းလျှောက်ရင်းနှင့်ပင်

"ပုံပမာနဲ့ ခွေးသားတော်စပ်တာ ဟုတ်ရော ဟုတ်ရဲ့လား ပန်ဒါ၊ နင့်ကြည့်ရတာ နဂိုကတည်းက ပုံပမာကို အငြိုးရှိသလိုပဲ"

"ငယ်ကတည်းက ခံစားမှုက အခုထိ အနာမကျက်သေးတာ အမှန်ပဲ၊ ခွေမျိုးတွေကြားထဲမှာ သူက ဦးမောင် သမီးဆိုပြီး မျက်နှာပန်းပွင့်တယ်၊ ဦးစားပေးလည်း ခံရတယ်၊ ငါတို့ မိသားစုလည်း သူ့ရဲ့ အခိုင်းအစေလို အကုန်လုပ်ကိုင်ပေးရတာပဲ၊ ပုဂံသွားပြီဆိုလည်း မျက်နှာငယ်ငယ်နဲ့ နေခဲ့ရတာ"

"သူ့အဖေက အမျိုးထဲမှာ အကြီးအကဲလို ဖြစ်နေတော့ ကြောက်ရွံ့ရိုသေရတာမျိုး မဟုတ်ဘူးလား"

"ဦးမောင်အပေါ်တော့ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ သူက





ဦးမောင် သမီးရင်းမှ မဟုတ်တာ၊ သူ့ကို အဲလိုပုံစံမျိုးနဲ့ မဆက်ဆံချင်ဘူး"

"ဟင် နင်တို့ဦးလေး သမီးရင်း မဟုတ်ဘူး"

ပန်ဒါ ခေါင်းညိတ်ပြတော့ မျိုးကျော်တို့ နားလည်သဘောပေါက်သလို ဖြစ်သွားကြသည်။

"အေးလေ ကိုယ့်အမျိုးမဟုတ်တဲ့ သူစိမ်းတစ်ယောက်ကို ဘယ်သူက အောက်ကျို့ခံချင်မှာလဲ၊ မုန်းမယ်ဆိုလည်း မုန်းလောက်တာပေါ့၊ ပုံပမာက ဒီလောက် အကြောတင်းတာ"

"အဲဒါဆိုလည်း ကြယ်စင်ဖြစ်ချင်တာ မြန်မြန်ရောက်အောင်ပို့ပေးလိုက်ပေါ့၊ ပုံပမာ အသည်းကွဲပြီး နောင်တရတဲ့အချိန် ငါတို့အားလုံးအောင်ပွဲခံပေးမယ်၊ နင်လည်း အဲဒီအချိန်ကျရင် ပုံပမာနဲ့ ပတ်သက်ပြီး နာကျင်ခဲ့သမျှ သက်သာသွားမှာပါ"

"အင်း ငါလည်း အဲလို စိတ်ကူးထားပါတယ်၊ ကြယ်စင်ကိုလူ အရူးအမူးချစ်လာတဲ့အထိ ဘေးတီးလှုံ့ဆော်ပေးရမယ်၊ ဒါမှ အထိနာပြီး နောင့်တကျောင်းကောင်းရမှာ၊ ကြယ်စင် ခံပြင်းတာထက် ငါက ပိုပြီး ခံပြင်းတယ်"

"အေးပါ ပွဲကကြည့်ကောင်းဦးမယ်၊ ဒီကောင် ပုံပမာကိုဘယ်လို လက်ဆင်ပေးမလဲဆိုတာလည်း စိတ်ဝင်စားစရာပဲဟ၊ ငါတို့ကောင်ကြီးက မရှုံးဘူးဘဲနဲ့များ ချစ်ဟန်ဆောင်ဦးမတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဘူငယ်ချင်း သုံးယောက် ပူးပူးဝါးဝါး အသံသေး အသံကြောင် နှင့် ရယ်လိုက်မိကြ၏။ ပန်ဒါက ခိုင်ထွန်းတို့နှစ်ယောက်နှင့် ဗလုံးဗထွေး တွန်းတိုက်ရင်း သင်တန်းခန်းထဲ ဝင်လာသည်။

သူများတွေ သတိထားမိလောက်အောင် ထင်ထင်ပေါ်ပေါ် နေရတာကို ပန်ဒါ ကြိုက်သည်။ ဘာတွေဝတ်ထားသလဲ ဘယ်လိုလှသလဲ ဒီလို လည်ပြန်အကြည့်ခံရမှ သိသွားကြမှာပေါ့။

အလှအပနှင့်ဒီဇိုင်းထွင်တာ ကြိုက်သူမို့ အမျိုးမျိုး လန်းနေ အောင် ဝတ်စားကာ သူများတွေရဲ့ စိတ်ဝင်စားမှု အားကျမှုကို ခံချင် သည်။ ဒါပေမဲ့ အနီးကပ်နေသော ကြယ်စင်ခတောင် စိတ်မဝင်စားတာမို့ သူမ ဘာတွေလိုအပ်နေသေးလဲ မသိချေ။

ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာ ကြယ်စင်ခ ဆိုတာ သူမရဲ့ တစ်ဦး တည်းပိုင်ဖြစ်ကို ဖြစ်လာမှာပါ။

ပုံပမာကို အလကား ဟန်ဆောင်ချစ်ဖို့ ကြိုးစားတာပဲ မဟုတ် လား။

▣ ▣ ▣



## အခန်း (၆)

"ပုံပမာ"

"ဟင်"

ဘယ်ကခေါ်လိုက်မှန်းမသိတာမို့ ပုံပမာ ခေါင်းလေး ချာခနဲ ဖြစ်သွား၏။ အသံရှင်က အခန်းအကွယ် ကော်ရစ်ဒါ ထောင့်စွန်းလေး ကနေ ထွက်လာသည်။

"ဟင် ရှင် ဘာဖြစ်လို့ ကျွန်မ နာမည်ခေါ်ရတာလဲ"

ကြယ်စင်ခကို မြင်လိုက်ရသည်နှင့် ခပ်ဆောင့်ဆောင့် အော် လိုက်မိရင်း တူးတူးချစ် လက်ကိုလည်း ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက် ၏။ သင်တန်းခန်းထဲမှာ ပန်ဒါနှင့်အမြဲလိုလို ခေါင်းချင်းဆိုင်နေတတ် သော ကြယ်စင်ခကို ဒီနေ့ မမြင်တွေ့ရတာမို့ အတူးအဆန်း ဖြစ်နေဆဲ



www.burmeseclassic.com

www.burmeseclassic.com



ခုလို အပြင်မှာ ဖြုန်းခနဲ တွေ့လိုက်ရတော့ သူမ လန့်ဖျပ်သွားမိ၏။

ကြယ်စင်ခက စာရွက်ခေါက်လေးကို ကိုင်ထားပြီး

"ပန်ဒါကို ဒီစာလေး ပေးပေးပါလား ပုံပမာ"

"အို ကိုယ့်ဘာသာပေးပါလား၊ ရှုပ်ရှုပ်ယှက်ယှက်"

"အကူအညီတောင်းတာပါဗျာ၊ ဒီနေ့ ကျွန်တော် သင်တန်း မတက်ဖြစ်လို့"

"သင်တန်းမတက်လည်း ရှင်တို့ တွေ့နေကြပဲ မဟုတ်ဘူးလား။ အခုလည်း ကားပါကင်မှာပဲ ရှိဦးမယ်၊ ကိုယ်တိုင် သွားပေးပေါ့"

"အရေးကြီးလို့ပါ ကျွန်တော်က ခြောက်လွှာက ဆရာတစ်ယောက်နဲ့တွေ့ဖို့ ချိန်းထားလို့ဗျ၊ ခုနက ပြောစရာရှိလို့ စောင့်နေသေးတယ်၊ သင်တန်းဆင်းချိန် သတိမထားလိုက်မိတာနဲ့ ဘယ်လိုလွဲသွားတယ် မသိဘူး။ ကားအတူတူ စီးပြီး ပြန်ကြမှာပဲဗျာ ကူညီပါနော်"

ရည်မွန်သိမ်မွေ့စွာ ပြောနေတာမို့ ပုံပမာ ငြင်းရခက်သွား၏။ တီရှပ်ရေညှိစိမ်းလေးနှင့် စတိုင်ပန်အနက်လေး တွဲဝတ်ထားပြီး ဆံပင်တွေလည်း သေသပ်စွာ ဖြီးသင်ထားတာမို့ ကြယ်စင်ခ ပုံစံက အရင်နေ့တွေနှင့်မတူ ရှင်းသန့်ကြည့်ကောင်းနေသည်။

"နင်ကလည်းဟယ် ညီအစ်မချင်းတွေပဲ ယူပေးလိုက်ပါ"

တူးတူးချစ်က ပခုံးချင်းတိုက်ကာ တိုက်တွန်း၏။ သူမကလည်း





ဟိုနေ့က ကိစ္စကို အားနာသလိုလို ဖြစ်မိတာနှင့်

"ကဲ ပေးပေး တစ်နေ့လောက် မတွေ့ရတာတောင် စာပေးစာယူနဲ့ အဖြစ်သည်းနေလိုက်တာ"

"ဟို ပုံပမာ အထင်လွဲနေတယ် ထင်တယ်၊ ပန်ဒါနဲ့ကျွန်တော်က ရိုးရိုးသားသားပါ"

"ဘယ်သူက ဖြေရှင်းချက်တောင်းနေလို့လဲ၊ ရှင်တို့ချင်း ရိုးသားလား မရိုးသားလားဆိုတာ မြင်ရုံနဲ့ သိပါတယ်"

"အမြင်တွေမှားနေတာ၊ အမှန်မြင်ဖို့ ကျွန်တော် ကြိုးစားနေပါတယ်၊ နောက်နေ့ကစပြီး ကျွန်တော့်ရဲ့ ပြောင်းလဲမှုကို ပုံပမာ မြင်တွေ့ရတော့မှာပါ"

"ဟွန်း ဘာတွေပြောနေတာလဲ၊ ဘာမှမမြင်ချင် မတွေ့ချင်ဘူး။ ပေးပေးမှာသာနေ"

ပိုးခနဲ ပက်ခနဲ ပြောပစ်ခဲ့ပြီး ကြယ်စင်ခ လက်ထဲက စာခေါက်လေးကို ဆောင့်ဆွဲယူခဲ့သည်။ ကြယ်စင်ခ ဘယ်လိုပုံစံမျိုးနှင့် ကျန်ခဲ့ပြီး ပြုံးနေသည်ဆိုတာ သူမ မသိ။

"ဟဲ့ စာအိတ်မှ မပါတာ၊ ဘာတွေရေးထားလဲ သိရအောင် ဖတ်ကြည့်ပါလား"

"ဘာလို့ ဖတ်ကြည့်ရမှာလဲ၊ သူများကိုယ်ရေးကိုယ်တာကို"



www.burmeseclassic.com

"နှင်ကလည်းဟယ် သိရတာပေါ့၊ နှင် မဖတ်ချင်နေ ငါဖတ်ပယ်"

လှေကားအဆင်းထောင့်လေးမှာ သူမ လက်ထဲက စာခေါက်လေးကို တူးတူးချစ်က ဆိုးခနဲဆတ်ခနဲ ဆွဲယူဖြန့်ဖတ်၏။

ပန်ဒါ

ငါ ဒီနေ့ ဆရာတစ်ယောက်နဲ့ တွေ့ဖို့ချိန်းထားလို့ သင်တန်း မတက်ဖြစ်ဘူး။
နိုင်ထွန်းတို့နဲ့ တွေ့ရင် ငါနဲ့ဆုံနေကြ လက်ဖက်ရည်ဆိုင်မှာ ဆုံမယ်လို့ ပြောပေးပါ။

နှင့်ရဲ့သူငယ်ချင်း

ကြယ်စင်ခ

"ဟ ဘာလဲ စာက အရေးတကြီး ဘာမှလည်း မဟုတ်ဘဲနဲ့"

စိတ်မဝင်စားဘူးဆိုပေမယ့် တူးတူးချစ်နှင့်အတူ ဖတ်လိုက်မိတာမို့ ဘာမှရေးကြီးခွင်ကျယ် မဟုတ်တာကို သူမလည်း သိလိုက်၏။

"အေးလေ နှင့်ရဲ့သူငယ်ချင်းဆိုတာက ပါလိုက်သေး။ သူတို့ ပုံစံကြည့်ရတာ သူငယ်ချင်းတွေနဲ့လည်း မတူဘဲနဲ့"

"တကယ် စိတ်ဝင်စားနေတာက ပန်ဒါဘက်က ဝင်းဖက်သင်ထင်တယ်ဟ၊ ကြယ်စင်က မျိုးကျော်တို့လိုပဲ ခင်တာထင်ပါတယ်"





"ဒါပေမဲ့ တပူးတွဲတွဲ ထာရုန်းရှုန်းနဲ့ဟာယ်၊ ငါတော့ ကြည့်မရပါဘူး၊ အရုမ်းဗရွတ်သုတ်ခနိုင်တဲ့ အဖွဲ့ငဲ"

"အဲဒါ နှင့်ညီအစ်မလေ၊ ဘာတွေပြောနေတာလဲ၊ အရင်ကဆို ငါလည်း အမြင်ကတ်တာပဲ၊ ပန်ဒါက မိန်းကလေးချင်းဆို အရေးတယူ အပေါင်းအသင်း၊ မလုပ်ဘူးလေ၊ အဲဒီ ကြယ်စင်ခတို့ သူငယ်ချင်း သုံးယောက်နဲ့ပဲ အတူတွဲအတူစားလုပ်တာ၊ အခု နှင်နဲ့ အမျိုးတော်မှန်း သိလို့ စိတ်ကိုလျှော့လိုက်တာ၊ ဒါနဲ့ နှင်ကရော ပန်ဒါနဲ့ မနေဘဲ ငါနဲ့ ဘာလို့ အပေါင်းအသင်း လာလုပ်တာလဲ"

"ကြယ်စင်ခတို့အဖွဲ့ကို ကြည့်မရလို့ပေါ့၊ ငါက ယောက်ျားလေးဆို တည်ငြိမ်ရင့်ကျက်မှု ရှိတာကိုပဲ ကြိုက်တယ်၊ ခေတ်လူငယ်လို့ ဟစ်ကြွေးပြီး ပေါ့ပေါ့ရှုပ်ရှုပ် နေတတ်တာ စိတ်ဓာတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းနေတဲ့သူလို့ပဲ ငါ မြင်တယ်၊ ခေတ်ကို အသုံးချပြီး လူငယ်တွေ ပျက်စီးနေတာ"

"နှင်ကလည်း၊ စကြီးပေကြီးနဲ့ ဂန္ထဝင်ဆန်နေပြန်ပြီ"

"လူတာတ်ကြီးလုပ်ပြောနေတာ မဟုတ်ပါဘူး၊ တိုးတက်မြင့်မားလာတဲ့ခေတ်နဲ့အညီ ပြောင်းလဲဖို့ဆိုရင် အတွေးအခေါ် ယဉ်ကျေးမှုတွေလည်း မြင့်မားရမှာမဟုတ်ဘူးလား၊ ဝတ်တာ စားတာ နေထိုင်ပြုမူတာကျတော့ နိုင်ငံခြားကို အတုခိုးပြီး လှုပ်ပေါ်လော်လီ မလုံတလုံတွေ ဝတ်ကြ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နိုင်ငံခြားက လူငယ်တွေ အလုပ်လုပ်ရင်း ကျောင်းတက်ရင်း တိုးတက်အောင်မြင်အောင် ကြိုးစားနေတာကျတော့ မသိချင်ယောင် ဆောင်ပြီး မိဘတွေ လက်ဝါးဖြန့် သုံးဖြုန်းနေကြတာ မဟုတ်ဘူးလား"

သူမရဲ့စကားတွေ နားထောင်ပြီး တူးတူးချစ် လေးကားထစ်တွေကို ကျော်ဆင်းမိမလို ဖြစ်သွားခဲ့။ အပေါ်နှုတ်ခမ်းလေးလန်ကာ သူမ မျက်နှာကိုလည်း လက်ညှိုးနှင့်ထိုးပြီး

"နင့်လို သူဌေးသမီးက ဒါတွေလည်း လေ့လာထားတယ်၊ သိတယ်ပေါ့"

"အောက်ခြေလူတန်းစားမှ ဘဝတွေနဲ့ နီးစပ်တာ မဟုတ်ပါဘူး၊ ဝန်ထမ်းတွေနဲ့ လုပ်ငန်းလုပ်နေတဲ့လူတွေကလည်း ဘဝအကြောင်း နားလည်ထားသင့်တာပေါ့၊ ဖေဖေ အမြဲဆုံးမသွန်သင်ထားတယ်ဆိုပေမယ့် ဒီကိုရောက်မှ ပိုပြီးသိရတာပါ"

"နင်က ဘာတွေသိတာလဲ"

"ရှူး နောက်မှပြောပြတော့မယ်၊ ဟိုမှာ ပန်ဒါ စောင့်နေရတာ စိတ်မရှည်တော့ဘူး ထင်တယ်၊ ကားစက်နှိုးနေပြီ"

ကားပါကင် ရောက်လာပြီမို့ စကားစဖြတ်ပြီး တူးတူးချစ် လက်လေးပြကာ ထွက်သွားသည်။ သူမလည်း ပန်ဒါ စက်နှိုးထားသည့် ကားပေါ် ခွေ့ခနဲ တက်လိုက်ပြီး ပန်ဒါ လက်ထဲ စာရွက်ခေါက်လေး ထည့်





လိုက်၏။

"ဘာလဲ ဒါ"

"ကြယ်စင်ခ ပေးလိုက်တာပဲ၊ ဖတ်ကြည့်ပေါ့"

စာရွက်ခေါက်လေးကို ဖြန့်ဖတ်ပြီး ပန်ဒါ နှုတ်ခမ်းလေး တွန့်ကွေးစွာ ပြုံးသည်။ ပြီးမှ စာရွက်ခေါက်လေးကို စလင်းဘက် အိတ်ထဲ ထည့်ကာ ကားလေးကို ရှောခနဲ မောင်းထွက်၏။

"နင်နဲ့ကြယ်စင်ခက သူငယ်ချင်း ဟုတ်လို့လား"

"ဘာ"

"ခြော် ဘာ ဘာမှမဟုတ်ပါဘူး၊ ဒီအတိုင်း သိချင်လို့ မေးလိုက်တာ"

စာဖတ်ကြည့်လို့ မယုံသက်ာ မေးတာလားဟု ထင်မှာစိုး၍ တပျာတယာ လေပြည်ထိုးရ၏။ ပန်ဒါက ခပ်မဲ့မဲ့နှင့်ပင်

"မယုံရင် ဒီစာဖတ်ကြည့်ပါလား"

"မ မဖတ်တော့ပါဘူး၊ ငါနဲ့လည်း မဆိုင်ဘဲနဲ့"

"သိထားတော့ ပိုကောင်းတာပေါ့ဟာ၊ ငါတို့က အပွင့်လင်းဆုံး ရင်းနှီးဆုံး သူငယ်ချင်းတွေပါ၊ ပတ်ဝန်းကျင်က ဘယ်လို ဝေဖန်နေလဲ ပေါ့ပေမယ့် ငါ့အတွက် လုံခြုံမှုရှိအောင် သူတို့နဲ့ပေါင်းသင်းနေတာပါ၊ ပါပေမဲ့ ကြယ်စင်ခက မိန်းကလေး တစ်ယောက်ကို စိတ်ဝင်စားလို့ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ခွဲထွက်ဖို့ ကြိုးစားနေပြီ"

"ဟင် သူ အဲလို ပြောတော့ နင့်စိတ်ထဲ ဘယ်လိုမှ မနေဘူးလား"

"ငါက ဘယ်လိုနေရမှာလဲ၊ သူနဲ့ငါကြားမှာ သူငယ်ချင်းထက်ပိုတဲ့ ပတ်သက်မှုမျိုးမှ မရှိတာ"

ယုံပစ်လိုက်ဖို့ ခပ်ခက်ခက်ပင်။ သိပ်မကြာသေးခင် ကာလကပင် ငါ့ရဲ့ ဘွိုင်းဖရန်းလို့ ပန်ဒါ မိတ်ဆက်ပေးခဲ့တာပဲ မဟုတ်လား။ အခုမှ ဘာလို့ ဖွတ်အတင်းကြီး သူငယ်ချင်း ဖြစ်သွားရတာလဲ မသိ။

ကြယ်စင်ခ အချစ်ကိုမရလို့ ပန်ဒါ ရှက်ရမ်းရမ်းနေတာတော့ မဖြစ်နိုင်။

"လူတစ်ယောက်က တစ်ယောက်ယောက်ကို ချစ်လာပြီဆိုရင် ပြောင်းလဲလာတတ်ကြတယ်ဆိုတာ နင် ယုံလား ပုံပမာ"

"ဟင် အင်း ဖြစ် ဖြစ်နိုင်ပါတယ်"

ကားမောင်းနေရင်း ပန်ဒါ လှည့်မေးတာမို့ အလိုက်သင့်ပင် ဖြေလိုက်ရ၏။ ဘယ်သူ့အတွက် မေးခွန်းလဲဆိုတာတော့ သူမ မမေးလည်း ပန်ဒါ ပြောလာလိမ့်မည်။

ဒါပေမဲ့ ပန်ဒါဘက်က နောက်ထပ် ဘာအသံမှ ထွက်မလာပါ၊

"နင်က ဘယ်သူ့အတွက် သိချင်တာလဲ ပန်ဒါ"





မနေနိုင်တော့ သူမကပင် မေးခွန်းပြန်ထုတ်လိုက်မိ၏။ အခုရင် နေ့တွေထက် ပန်ဒါ ပုံစံက အေးစက်လွန်းနေသည်ဟု ထင်မိသည်။ ပန်ဒါကပဲ တစ်ယောက်ယောက်အတွက် ပြောင်းလဲချင်နေတာများလား။

"ကြယ်စင်က မိန်းကလေး တစ်ယောက်ကို စိတ်ဝင်စားလို့ သူ ပြောင်းလဲတော့မယ်တဲ့၊ ငါတို့ သူငယ်ချင်းတွေလည်း အားပေးဖို့ ဆိုင်းပင်ထားကြတယ်၊ နင်ရော ဘယ်လိုထင်လဲ ပုံပမာ"

"ငါက ဘယ်လို ထင်ရမှာလဲ ကြယ်စင်ခက နင့်သူငယ်ချင်းပဲ"

"မဟုတ်ဘူးလေ ငါပြောချင်တာက ကြယ်စင်ရဲ့ ပြောင်းလဲမှုက ကောင်းလား၊ မကောင်းလားဆိုတာ ဝေဖန်နိုင်းတာ"

"ကောင်းပါတယ်၊ ယောကျ်ားတစ်ယောက်မှာ တန်ဖိုးအရှိဆုံး က တည်ငြိမ်မှုပဲ၊ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးအရှိဆုံးက ဂုဏ်သိက္ခာ၊ ယောကျ်ားတွေက မိန်းမတစ်ယောက်ကို ဂုဏ်သိက္ခာကြည့်ပြီး တန်ဖိုး ဖြတ်တယ်၊ မိန်းမတွေကလည်း ယောကျ်ားတွေရဲ့ တည်ငြိမ်ရင့်ကျက်မှုကို ကြည့်ပြီး တန်ဖိုးဖြတ်ကြတာပဲ"

"ဒါကြောင့် ကြယ်စင် ရင့်ကျက်မှု မရှိတာကို အမြင်ကတ်ခဲ့ တာလား"

သူမ ရီသားစွာပင် ခေါင်းညိတ်ပြလိုက်၏။ ပန်ဒါက ကားလေး ကို ဘီးလှိမ့်ရုံ အရှိန်လျှော့မောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်စင် တည်ငြိမ်ရင့်ကျက်မှု ရှိလာရင် နှင် ခင်နိုင်လား ပုံပမာ"

"ခင်နိုင်သလား ဆိုတဲ့ မေးခွန်းမှာ သက်ရောက်မှုတွေ မရော ထွေးစေချင်ဘူး။ ရန်သူလို့ မသတ်မှတ်ထားတဲ့အတွက် မိတ်ဆွေလည်း ဖြစ်ချင် ဖြစ်လာနိုင်ပါတယ်၊ ဒါပေမဲ့ ယောကျ်ားလေး အပေါင်းအသင်း သူငယ်ချင်းထားဖို့ စိတ်ကူး မကြည့်ဘူးတော အခုနိုင်၊ နှင် ပြောသလို ကိုယ့်လုံခြုံမှုအတွက် ယောကျ်ားလေးတွေကို အားကိုးဖို့မှ မလိုသား ကိုယ့်ရဲ့ကိုယ်ကျင့်သိက္ခာက ကိုယ့်ရဲ့ခံတပ်ပဲ"

"နှင် ငါ့ကို ဖွဲ့နေတာလား"

"မရည်ရွယ်ပါဘူးဟာ၊ ငါ့ရဲ့ခံယူချက်ကို ပြောပြတာ၊ နှင့်မှာ လည်း ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိလို့ ပိတ်ပင်တားဆီးတာမျိုးလည်း မလုပ် ချင်ပါဘူး၊ ကြယ်စင်နဲ့ကိစ္စလည်း ငါ့ကို မတိုက်တွန်းနဲ့"

ယတိပြတ်စကားကြောင့် ပန်ဒါ ရင်ထဲ ပျော်သလိုလို ဖြစ်သွား သည်။ မလွယ်မှန်းသိလို့ ကြယ်စင် နောက်ဆုတ်သွားလျှင် ပုံပမာအပေါ် ဟန်ဆောင်အချစ်ဆိုတာတောင် ရှိလာမှာ မဟုတ်။

အဲလို ကင်းကင်းရှင်းရှင်းလေးပဲ နေစေချင်တာ။

ခုတော့ . . ။

◼ ◼ ◼



## အခန်း (၇)

"လွယ်မှန်းသိရင် အစတည်းက နင့်ကို အကူအညီတောင်းပါ့ မလား။ ပန်ဒါရာ၊ ဟန်ဆောင်တယ်ဆိုတာ သရုပ်ပီပြင်ဖို့ပဲ၊ နင့်ဘက်က ကြိုးကြိုးစားစား အဲလိုပြောပေးရင် ပုံပမာ ပြောင်းလဲလာမှာပေါ့၊ နောက်ကျ ရင် မျိုးကျော် ညီမ ဝမ်းကွဲ တူးတူးချစ်ကို အကူအညီတောင်းဖို့တောင် စဉ်းစားထားတယ်"

"တင် ပုံပမာတွဲနေတဲ့ တူးတူးချစ်က မျိုးကျော် ညီမဝမ်းကွဲ လား၊ သူတို့ချင်း ရင်းရင်းနှီးနှီး ခေါ်ပြောနှုတ်ဆက်တာတောင် မတွေ့ဘူး ကွဲနဲ့"

"နှစ်ဝမ်းကွဲ သုံးဝမ်းကွဲလောက် တော်တာ ထင်ပါတယ်၊ အမျိုး တွေဆိုပေမယ့် သူ့အတော ကိုယ့်အထောနဲ့ နေကြတာ၊ သာရေးနာရေးရှိမှ ဆုံကြတာတဲ့ ဒါလည်း သင်တန်းတက်ခါစက မျိုးကျော် ပြောပြလို့



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ အခု ပုံပမာနဲ့ တွဲနေမှ ငါလည်း တူးတူးချစ်ကို သတိထားမိတာ"

ကြယ်စင်ခက ပုံပမာနဲ့ ပတ်သက်ပြီး အားလုံးအနေကာ ဖြစ်နေတာ မြင်ရတော့ ဟန်ဆောင်တယ်ပဲဆိုဆို ရင်မှာတနင့်နင့်နှင့် လေးလံနေရသည်။ ကိုယ်ချစ်တဲ့သူကို တခြားတစ်ယောက်နှင့် ပြိုင်တွယ်သွားဖို့ ကိုယ်တိုင် တိုက်တွန်း အားပေးနေရတာလည်း အသေခံဖို့ ကြိုးစင်ထက် ရသလို ခံစားမှုမျိုး။

ဒါပေမဲ့ ကြယ်စင်ခရဲ့ လက်စားချေလိုခြင်းမှာ ခံစားမှု ထပ်တူနှင့် ကူညီဖို့ ဆုံးဖြတ်ထားသည်။

"နင်ပေးလိုက်တဲ့စာက ဘာကိုရည်ရွယ်တာလဲ"

"နင်နဲ့ငါ သူငယ်ချင်းဆိုတာ ပုံပမာ သိစေချင်လို့ပေါ့၊ အထင်အမြင်လွဲမှားစရာတွေကို ချေဖျက်ဖို့ပေါ့၊ ဒါမှ ပုံပမာ ငါ့ကို ယုံကြည်ပြီး အပြောင်းအလဲ ဖြစ်လာမှာ မဟုတ်လား"

"ဒါတော့ ဟုတ်ပါတယ်၊ နင် ဘယ်အချိန်အတိုင်းအတာထိ ကြိုးစားရမယ် ထင်လဲ"

"ဒါက နင် ဝွင်ဆင်ပေးတတ်ဖို့လည်း လိုတယ်၊ နင် မောင်းတဲ့ ကားပေါ် အသွားအပြန် ပုံပမာ ပါနေတော့ ငါ့အတွက် ချည်းကပ်ရတာ မကောင်းဘူး။ ဟိုတစ်ခါလို ကားငှားစီးတဲ့ ပြဿနာမျိုး ထပ်ဖြစ်ဘူးလို့ မပြောနိုင်ဘူးလေ၊ လိုအပ်ရင် အကူအညီပေးတာမျိုးနဲ့ ပုံပမာ





လေးစားလာအောင် လုပ်ပြချင်တယ်"

"နင် မပင်ပန်းဘူးလား ကြယ်စင်၊ ပုံပမာကို နင် အံ့ရမ်းမှန်းနေတာလား"

အလှယ်တကူ ခေါင်းညိတ်ပြလို့ ဖြစ်ပါလျက်နဲ့ ဝန်လေးနေတာ ဘာကြောင့်မှန်းမသိ။ အဝင်သေး ရှုတ်ချ မတူမတန်သလို ပြောခဲ့သော စကားတွေကို ပြန်ကြားယောင်အောင် အာရုံစိုက်ပြီးမှ

"အာဃာတ တစ်ခုလို အမြစ်တွယ်နေတာ မဟုတ်ပေမယ့် လက်စားချေချင်စိတ် ဖြစ်နေတာတော့ အမှန်ပဲ၊ ပုံပမာ ဘယ်လောက် အသည်းမာမလဲ စမ်းသပ်ဖို့ ကြိုးစားရတာလည်း ပျော်နေသလိုလိုနဲ့ မိန်းမတစ်ယောက်အတွက် ချစ်လို့ပဲဖြစ်ဖြစ် မုန်းလို့ပဲဖြစ်ဖြစ် ဒါ ပထမဦးဆုံးအကြိမ် စွန့်စားမှုဆိုတော့ စိတ်လှုပ်ရှားစရာလည်း ကောင်းတယ်"

ကြယ်စင်ခ တက်တက်ကြွကြွ ဖြစ်နေတာ မြင်တော့ ရင်မှာ ထိတ်ခနဲ ဖြစ်သွား၏၊ ဒါပေမဲ့ ကြယ်စင်ကို သူမ ယုံကြည်သည်။

ကြယ်စင်နှင့် တိုးတိုးတိတ်တိတ် တိုင်ပင်ပြီး ညနေသင်တန်းဆင်းချိန်မှာ လူရှင်းသော လမ်းတစ်နေရာကို ရောက်တော့ ကားပျက်ချင်ဟန်ဆောင်လိုက်၏။

"အဲဒေါ် ကားက ဘာဖြစ်တာလဲ မသိဘူး၊ ထိုးရပ်သွားပြီ၊ ပုံပမာ နင် ကားစက်ဖုံးလေး ဖွင့်ကြည့်ပါလား၊ ဒီမှာ ကားစက်နိုးမရတော့



www.burmeseclassic.com

www.burmeseclassic.com



လို့"

"နင်ကလည်း ငါက ကားဘောင် မမောင်းတတ်တာ၊ ဘယ်လို လုပ် ကားအကြောင်း နားလည်မှာလဲ၊ နင်က ကားမောင်းတတ်တဲ့သူ ဆိုတော့ နည်းနည်းပါးပါး ဆင်းကြည့်ပေါ့"

"အေး အဲဒါမှ ဒုက္ခပဲ၊ ငါလည်း ကားပဲ မောင်းတတ်တာ၊ ကားစက်ဖုံးဖွင့်ကြည့်လည်း ဘာမှနားလည်မှာ မဟုတ်ဘူး"

တတွတ်တွတ် ရေရွတ်လျက် ကားဆတီရာရှင်ကို ဒုန်းခနဲ ဝင်ပြီး ကားအောက်ဆင်းကာ ဟိုကြည့်ဒီကြည့် လုပ်လိုက်၏။

"ဟဲ့ ငါတစ်ယောက်တည်း ကြောင်တောင်တောင်နဲ့ နင်လည်း ကားအောက်ဆင်းလေ့ ပုံပမာရဲ့၊ ကားပဲလာလာ လူပဲလာလာ အကူအညီ လေး ဘာလေး တောင်းကြည့်ရအောင်"

"အေး အေးပါဟဲ့"

ပုံပမာ ကပျာကယာ ကားအောက်ဆင်းလာပြီး ဟိုဒီ လှမ်း မျှော်ကြည့်သည်။ ထိုအချိန်မှာ စပို့ရှပ်အဝါရောင်လေးနှင့် ရှော့ပန်အတို လေး ဝတ်လာသော ကြယ်စင်ခက လွယ်အိတ်လေး၊ စလွယ်သိုင်းလွယ် လျက် လျှောက်လာနေ၏။

"ဟဲ့ ပန်ဒါ ဟိုမှာ နင့်ဘော်ဘော်တစ်ယောက်တော့ လာနေ တယ်၊ အကူအညီတောင်းကြည့်ပါလား"





"ဩော် နင်မြင်တာများ နင့်ဘာသာ လှမ်းခေါ်ပြီး အကူအညီ တောင်းတော့ ဘာဖြစ်မှာမို့လဲ၊ ငါ့ကို လာပြောနေသေးတယ်"

"နင့်သူငယ်ချင်းလေ နင် အကူအညီတောင်းတော့ ပိုကောင်း တာပေါ့"

"အေး အဲဒါပဲ လိုအပ်တဲ့အချိန် အကူအညီတောင်းလို့ရအောင် သူငယ်ချင်းအပေါင်းအသင်းဆိုတာ ထားရတယ် သိပြီလား"

"အပြောမကြီးပါနဲ့ ကားပျက်လို့ အကူအညီတောင်းပြီး ကား မပြင်တတ်ဘူးဆိုရင် အဲဒီသူငယ်ချင်းက အလကားပေါ့"

ဆောင့်ဆောင့်အောင့်အောင့် ပြောပုံက အခုထိ ကြယ်စင်ကို အထင်မကြီးတော သေချာနေသည်။ ပန်ဒါကသင် ကြယ်စင်ကို လက်လှမ်း ပြလျက်

"ကြယ်စင် ဒီကို ခဏလာပါဦးဟဲ့"

"ဘာဖြစ်လို့လဲ ငါ အလုပ်ကိစ္စတစ်ခု အရေးကြီးလို့ဟ"

အခုထလောမှ အရေးတကြီးကိစ္စတွေ ပေါ်များနေသော ကြယ်စင်ကို ပုံပမာ မသိမသာ မျက်စောင်းထိုးပြီး နှာခေါင်းရှုံ့သည်။

"ကဲပါဟယ် အရေးကြီးတယ်ဆိုလည်း နင့်ကိစ္စနောက်မှလုပ်၊ ဒီမှာ ကားပျက်နေလို့ နည်းနည်းကြည့်ပေးစမ်းပါ၊ ကားအကြောင်းရော နားလည်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"နားလည်ပါတယ်ဟာ ယောက်ျားလေးပဲ ဒါတွေတတ်မထားလို့ ဖြစ်မလား"

ကြယ်စင်က လွယ်အိတ်ကို ကျောဘက်ပို့လျက် ကားစက်ဖုံးကို ဖွင့်ကာ ဟိုနှိုက် ဒီနှိုက်လုပ်သည်။ ပလပ်ခေါင်းတွေ ဝါယာကြိုးတွေ ဖြုတ်ကြည့်လိုက် တပ်ကြည့်လိုက်နှင့် လက်မှာလည်း ဆီညှိုးတွေ ပေတေ ပေကျံသွား၏။

"ဘြော် ပုံပမာ ကျွန်တော် ကားစက်နှိုးကြည့်လို့ ရမလား"

"ဟင် ဘြော် ရ ရပါတယ်"

ကိုယ့်ကားကို ပြင်ပေးနေသည့်သူက လေးစားသမှုနှင့် ရည်မွန်စွာ ခွင့်တောင်းနေတာမို့ ပုံပမာ အားနာမိသလိုပင် ဖြစ်သွား၏။ ဟိုတစ်ခါကိစ္စ မိမိဘက်က ရိုင်းသွား လွန်သွားခဲ့ပြီလား။

"ရူး ရူး"

"ဟယ် ကားပြန်ကောင်းသွားပြီတော့၊ နင့်ကြယ်စင်က ဒီလိုတော့လည်း ဟုတ်သားပဲ"

"ဘာ နင့်ကြယ်စင်လဲ သူငယ်ချင်းပါဆိုမှ ကြယ်စင်ကြားရင် စိတ်ဆိုးနေဦးမယ်"

ပန်ဒါ ခပ်တည်တည်နှင့် ငေါက်ငမ်းလိုက်တော့ အမျှော်လွန်သွားသော ပုံပမာ တကယ်ထင်မှတ်ကာ ဇော်ကလေး မှုငင်ငြိမ်ကုပ်





သွားသည်။

"ကျေးဇူးတင်လိုက်တာ ကြယ်စင်ရယ်၊ နင်နဲ့တွေ့လို့သာပေါ့၊ တခြားလူသာဆိုရင် ငါတို့ မိန်းကလေး နှစ်ယောက်တည်းဆိုပြီး တစ်ခုခုကြံစည်မှာ စိုးရတယ်၊ ကဲ ကျေးဇူးတင်တဲ့အနေနဲ့ နင့်ကို ကျွေးရမှာပေါ့၊ ဘယ်ဆိုင်သွားမလဲ"

"ရပါတယ်ဟာ ဒီလောက်လေး ကူညီရတာ ရေးကြီးခွင်ကျယ်ကိစ္စမဟုတ်ပါဘူး၊ ပြီးတော့ သူငယ်ချင်းတွေပဲဥစ္စာ၊ နောက်ကြုံမှပေါ့ မဟုတ်ဘူးလား။ ဘြော ပုံပမာ ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ"

ကြယ်စင်တို့ အထောက်ငိုလိုက်ကာ နောက်ထပ် ခြေတစ်လှမ်းရှေ့တိုးဖို့ဆိုတာ ပန်ဒါ သဘောပေါက်နေသည်။ ပုံပမာကတော့ ရေးကြီးသုတ်ပျာ ပြန်ထွက်သွားသော ကြယ်စင် ကျောပြင်ကို တမေ့တမော ငေးကြည့်ရင်းဖြင့် ကျေးဇူးတင်စကား မပြောလိုက်ရတာ အားတုံ့အားနာ ဖြစ်မိနေသလိုလို။

"ကြယ်စင်ခ တော်တော်ပြောင်းလဲသွားတယ်နော်၊ တွေ့ခါစနဲ့ လုံးဝတို့ မတူတော့တာ၊ ငါနဲ့ ပြဿနာဖြစ်တဲ့နေ့ကတော့ သူ့မျက်နှာမှာ ငါ့ကို အရှမ်းမှုန်းပြီး အာဃာတကြီးသွားသလိုနဲ့"

"ဒါက လူငယ်ဆိုတော့ ဆိုးခနဲခတ်ခနဲ စိတ်ကြီးတတ်တာ ပေါ့ဟယ်၊ အဲဒီနေ့က အိမ်မှာလည်း သူ့မိဘတွေနဲ့ ပြဿနာတက်လာလို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်လွတ်သွားတာလို့ ငါတို့ ပြောပြရပါတယ်၊ သူ့ဘက်က လွှန့်သွားရင် ပုံပယာကို တောင်းပန်ပါတယ်လို့လည်း ပြောနိုင်သေးတယ်"

"ပြော် အဲဒီကိစ္စက အခုစဉ်းစားကြည့်မှ ငါ လွန်သွားတာပါ ဟယ်၊ ငါက တောင်းပန်ရမှာပါ၊ ဒါနဲ့ သူက မီတွေးနဲ့ နေရတာလား"

"ဟုတ်တယ် သူ့အဖေက မိန်းမငယ်ငယ်ယူပြီး သူ့ကို လျစ်လျူ ရှုထားတော့ သူ့မှာ နာကြည်းချက်တွေ ခံစားချက်တွေနဲ့ပေါ့"

"အဲလိုဆိုတော့လည်း စိတ်မကောင်းစရာပဲ၊ ဒါပေမဲ့ မိထွေးဆို တာလည်း ကိုယ့်အဖေနဲ့ ပတ်သက်လာရင် ကိုယ့်အမေပဲဆိုတော့ နားလည် မှုရှိရင် အဆင်ပြေလာနိုင်တာပဲ"

"သူ့မိထွေးက နားလည်မှုပေးလို့ ခရအောင်ကို စရိုက်ကြမ်း တယ်ဟ၊ ပြဿနာတက်လို့ သူ့ ရင်ဖွင့်ပြီဆိုရင် ငါတို့ သူငယ်ချင်းတွေ အရမ်းစိတ်မကောင်း ဖြစ်ရတယ်၊ အဲဒါကြောင့် တစ်ခါတလေ စိတ်လွတ် ကိုယ်လွတ်နဲ့ သူ ပျော်သလို ထင်သလို နေတတ်တာပါ"

ကြယ်စင်ခ စရိုက်ကို ပုံပမာ နားလည်သလိုလို ဖြစ်သွားမိ၏။ လူဆိုတာ ခံစားမှုအတိုင်း စီးမျောတတ်တာမျိုးလေသ အခု မိန်းကလေး တစ်ယောက်ကို စိတ်ဝင်စားပြီး ပြောင်းလဲမှု ရှိလာတယ်ဆိုတော့လည်း တည်တည်ငြိမ်ငြိမ် ရင့်ကျက်မှုတွေနှင့်ပါပဲ။

အရင်လို သူငယ်ချင်းတွေ တရုန်းရုန်းနှင့် ပေါးလာပါးလား





ဗရုတ်သုတ်ခ နေတာလည်း မတွေ့ရတော့။

သူ စိတ်ဝင်စားနေသော ကောင်မလေးကို တကယ် တန်ဖိုး ထားပြီး ချစ်ပာန်တှသည်။ ထိုကောင်မလေး ကံကောင်းမှာပါ။

ယောကျ်ားတစ်ယောက်က တော်ရုံအချစ်နှင့် ပြောင်းလဲတတ် တာမျိုးမှ မဟုတ်တာ။

အချစ်ရဲ့ တန်ခိုးစွမ်းအားတွေနဲ့ ကြယ်စင်ခ အစဉ်အမြဲ လူ တော်လူကောင်းလေးဖြစ်ရင် ဘယ်လောက် ကောင်းမလဲ။

◼ ◼ ◼



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဘယ်တော့မှ ကောင်းမှာမဟုတ်ဘူး။ သင်တန်းတက်တော့လည်း ဝေလေလေနဲ့ ပြီးပြတ်အောင် အောင်လက်မှတ်ရပြီး အလုပ်တစ်ခုခု ရအောင်လုပ်တာ မဟုတ်ဘူး၊ ကြေးတန်နိုင်း အရွဲ့တိုက်ပြီး ကိုကြီးရှာဖွေသမျှတွေ သုံးဖြုန်းနေတာ၊ အရွယ်ရောက်နေတဲ့ သားတစ်ယောက်ဆိုပြီး ဘယ်မှာ အားကိုးရလို့လဲ"

"အေးပါကွာ သားကို ကိုကြီး ကြည့်ပြောပါဦးမယ်"

လေသံပျော့ပျော့လေးနှင့် ဦးနိုင်မင်းခ ပြောလိုက်သော်လည်း ဒေါ်ဒေစီက မကျေမချမ်းနှင့် ဆိုဖာခုံမှာ စွေ့ခနဲ ဝင်ထိုင်သည်။

"ကိုကြီးက ဒေစီပြောရင်တော့ သားကို ပြောပါမယ် ပြောပါမယ်နဲ့၊ ပြောတဲ့အခါရော မိဘသြဇာ အာဏာသုံးရဲလို့လား။ ဟိုက တစ်ခွန်းနှစ်ခွန်းလောက် ပြန်ပြောလိုက်တာနဲ့ ငြိမ်ကုပ်သွားရော"





"ဒါကလည်း သားအပေါ်ကို ကိုကြီးက အပြစ်မကင်းသလိုဖြစ်နေလို့ပါကွယ်"

"ဩော် အဲဒီအပြစ်က ဒေစီကို ယူခဲ့တာကြောင့် မဟုတ်လား။ တစ်ပင်လဲလို့ တစ်ပင်ထူတာ ကိုကြီးမှာ အပြစ်ရှိတယ်လို့ ယူဆနေရင် မွေးချင်းမောင်နှမတွေကို လုပ်ကိုင်ရှာဖွေကျွေးမွေးနေရင်းက မုဆိုးဖိုကလေးတစ်ယောက်အဖေ၊ ကိုယ့်ထက် အသက်အများကြီး ကြီးတဲ့ ကိုကြီးကို လက်ထပ်ခဲ့မိတဲ့ ဒေစီကရော အပြစ်မရှိရတော့ဘူးလား၊ လင်ပါသားပကြည်ဖြူဘဲ မိုက်မိုက်မဲမဲ လက်ထပ်ခဲ့မိတာ ဒေစီ အမှားပဲ ကိုကြီး"

"မ မဟုတ်ပါဘူး ဒေစီရယ်၊ ဒေစီနဲ့ သားကြားမှာ နားလည်မှုလေး လိုနေလို့ပါ၊ စေ့စပ်ညှိနှိုင်းပေးမယ့်သူသာရှိရင် အဆင်ပြေသွားမှာပါကွယ်၊ သားက လူဆိုးကြီး မဟုတ်ပါဘူး၊ သူ့အမေတုန်းက မချစ်ဘဲ ဒေစီအပေါ် အချစ်ပိုပြ အလိုလိုက်ပြတာတွေကို သားက မကျေမနပ်ဖြစ်နေတာပါ။ သားအမေအပေါ် အစ်ကိုကြီးကလည်း တကယ် ဆိုးခဲ့တာပါ"

ကိုယ့်အပေါ် အချစ်ပိုသည်ဆိုတော့ ဒေါ်ဒေစီ ကျေနပ်သလိုလိုဖြစ်သွားမိသည်။ ကိုယ်တိုင်ကလည်း ဦးနေမင်းခ ဘာဆိုတာ သိသိကြီးနှင့် အချစ်စိတ်ကြောင့် ဖွတ်မိုက်မဲစွာ လက်ထပ်ခဲ့မိတာ မဟုတ်လား။

အခုထိလည်း ကြယ်စင်ခ ပြဿနာမှလွဲ၍ ဒီလို လက်ထပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိတာကို နောင်တ မရသေးပါ။

ရှေးကံအကြောင်းတရားရဲ့ ရေစက်ကြောင့်ပဲ မဟုတ်လား။ ဒါပေမဲ့ ကိုကြီးသွေးသား ကြယ်စင်ခနှင့်တော့ ဘာကြောင့် ရေစက်ဝေးမှန်းမသိ။

"ဒါပဲနော် ကိုကြီး၊ ကိုကြီး သားကို ပြောမယ်ဆိုလည်း ဒီတစ်ခါ ထိထိရောက်ရောက် ပြောပါ၊ ကိုကြီး ပင်ပင်ပန်းပန်း ရှာဖွေရှန်းကန်နေရတာကို ဒေစီ မကြည့်ရက်တူး။ ဒေစီ အလုပ်ထွက်လုပ်မယ်ဆိုတာလည်း လက်မခံတော့ ဒေစီ အရမ်းစိတ်ဆင်းရဲရတယ်"

"ကိုကြီးအတွက် မပူပါနဲ့ ဒေစီရယ်၊ ကိုကြီး ဘယ်လောက် ပင်ပန်းပင်ပန်း အိမ်ရောက်လို့ ဇနီးနဲ့သမီး မျက်နှာမြင်လိုက်ရရင် အမောပြေသွားတာမို့ ကိုကြီး အပင်ပန်းခံနိုင်ပါတယ်၊ ဒေစီ မောင်လေး အကြီးကောင်ကလည်း ဒီနှစ် ကျောင်းပြီးရင် အလုပ်ဝင်လုပ်တော့မှာဆိုတော့ တစ်ယောက်စာ ပင်ပန်းမှုလည်း သက်သာတော့မှာပဲဥစ္စာ"

"တစ်ယောက်စာ လွတ်တော့လည်း ဆယ်တန်းဖြေမယ့် အလတ်မနဲ့ ရှစ်တန်းတက်မယ့် အငယ်မအတွက်က ဆက်ရုန်းကန်ရဦးမှာပဲ မဟုတ်လား၊ ကိုကြီးကို ဒေစီ အရမ်းအားနာတယ်"

"ဒေစီရယ် ဒေစီကို လက်ထပ်လိုက်လို့ ဒေစီ တာဝန်တွေ ပခုံးလွှဲပြောင်းယူရတာကို ကိုကြီး ကျေနပ်ပါတယ်၊ တစ်ချိန်ချိန်မှာ သူတို့





လေးတွေကို ကိုကြီးတို့က အားကိုးရမှာ၊ တစ်လှည့်ပိုပိုရမှာဆိုတော့ အပြန်အလှန် အတုံ့အလှည့်ပဲ၊ စိတ်မကောင်း မဖြစ်နဲ့ အားမနာနဲ့ ဒေစီ၊ ကိုကြီးမှာ ခွန်အားတွေ ရှိပါသေးတယ်"

ဦးနေမင်းခက အဖြူရောင် ရှပ်အင်္ကျီ လက်စကလေးကို လက်မောင်းရင်းအထိ ဆွဲလှန်၍ ခွန်အားဗလတွေ ပြ၏။ ဒေါ်ဒေစီက ကြည့်နူးစွာ တဟင့်ဟင့် ပြုံးရယ်ရင်း ဦးနေမင်းခ လက်မောင်းကြီးကို နမ်းရှိုက်လိုက်၏။

"အဲဟမ်း ဟမ်း အဲဒါ ဘယ်လိုဖြစ်နေကြတာလဲ"

ချောင်းဟန့်သံပေး ဝင်လာရင်း ကျယ်ကျယ်လောင်လောင် ကြယ်စင်ခ အသံကြောင့် ဒေါ်ဒေစီတို့နှစ်ယောက် ရှက်ကိုးရှက်ကန်း လူချင်းခွာလိုက်ကြရသည်။ ကြယ်စင်ခက ဖွယ်အိတ်ကို ဆိုဖာခုံပေါ် ဗုန်းခနဲ လွှဲပစ်တင်လိုက်ကာ

"ဒီအသက်အရွယ်တွေနဲ့ သားပျို သမီးပျိုရှိတဲ့အိမ်မှာ အနေအထိုင် ဆင်ခြင်ရမယ်ဆိုတာ နားမလည်ကြဘူးလား။ အသက်အရွယ်မှ အားမနာ လူမြင်ကွင်းမှာ ပလူးနေကြတယ်"

"ဟဲ့ ကြယ်စင်ခ မင်းအဲလောက် ပြောစရာမလိုပါဘူး၊ လင်နဲ့မယားပဲ ဘယ်လိုနေနေပေါ့"

"ငယ်လင် ငယ်မယားဆိုရင် ဒီအသက်အရွယ်မှာ ဒီလို ဘူးကျ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပလူးပလဲ မနေကြတော့ပါဘူး၊ ခင်ဗျားကတော့ မယားငယ်ပီသပါတယ်"

"သား"

ဦးနေမင်းခ စူးခနဲ အော်ရင်း ခုန်ထလိုက်၏၊ သား ဒီလောက်ထိ ရှိုင်းပျနေတာကို သူ နားထောင်နေလို့ မရတော့ပါ။

"သား ဒီလောက်ထိ ရိုင်းစိုင်းတာတော့ လွန်နေပြီကွာ၊ တစ်နေကုန် အပြင်ထွက်နေပြီး ပြန်ရောက်လာလာချင်း ပြဿနာရှာတာ ဘာသဘောလဲ၊ မကြည့်ချင်ရင် မမြင်ချင်ယောင်ဆောင်သွားလို့ ရတာပဲ မဟုတ်လား၊ ဒီအိမ်ကိစ္စ မဆိုင်သလို ရှောင်ထွက်နေတတ်မယ်ဆိုရင် မသိသလို နေလိုက်လို့ရော မဖြစ်ဘူးလား"

"ဟား ဖေဖေ ဥပေက္ခာတွေက လန်းလှချည်လား၊ ဖေဖေ မွေးထားတဲ့ ကျွန်တော်က ဒီအိမ်မှာ လူပိုပေါ့၊ ဒေါ်ဒေစီ မွေးချင်းမောင်နှမတွေကသာ လူရာဝင်နေတာပေါ့၊ ဒါဆို ကျွန်တော့်ကို ရသင့်ရထိုက်တဲ့ အမွေခွဲပေးလိုက် ဖေဖေ၊ ကျွန်တော် ဒီအိမ်မှာ မနေဘူး ဆင်းသွားမယ်"

"လာပြန်ပြီလား ဒီစကား တစ်ခုခုဖြစ်ပြီဆို ဒီအမွေပဲ တောင်းနေတယ်"

"မေမေ ထားခဲ့တဲ့ ကျွန်တော့်ရပိုင်ခွင့်တွေကို တောင်းနေတာပါ ဖေဖေ၊ ဒေါ်ဒေစီ မွေးချင်းမောင်နှမတွေအတွက်ချည်း ကုန်သွားတော့





ဘယ်လိုလုပ်မလဲ"

"မင်းအမေ မင်းအတွက် ထားခဲ့တာတွေ၊ ဘဏ်မှာ အပြည့်အဝ ရှိတယ် သား၊ ဒီအိမ်နဲ့ ဖေဖေ လုပ်နေတဲ့ လုပ်ငန်းတွေကိုတော့ ခွဲမျက်စီးပစ်လို့ ဘယ်ဖြစ်မှာလဲ၊ အခုတောင် အပြိုင်အဆိုင်တွေ ရှိလာလို့ မနည်း ကြိုးစားပြီး ရုန်းကန်နေရတယ်"

ထိုစကားကြားတော့ ကြယ်စင်ခက နှုတ်ခမ်းကို မိန့်ကာ အမြင်ကတ်အောင် ရယ်ချသည်။

"ဝင်ငွေနဲ့ထွက်ငွေ မမျှတော့လို့ ဖေဖေ စိတ်ရော လူရော ပင်ပန်းခဲ့ပြီး ရုန်းကန်နေရတယ် မဟုတ်လား၊ ဖေဖေ သွေးသားအရင်း ကျွန်တော် တစ်ယောက်တည်းအတွက်ဆို ဖေဖေ ဒီလောက် မဖြစ်လောက်ပါဘူး၊ အခုတော့ မယားငယ်ဘက်က"

"ဟိတ်ကောင် တော်ပြီ"

ကြယ်စင်ခ အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲပြီး ဦးနေမင်းခ သားတွေ တခတ်ခတ် တုန်နေသည်၊ ဒေါ်ဒေစီက မြန်းခနဲ ဦးနေမင်း လက်တွေကို ဆွဲရုန်းဖြုတ်၏၊

"သားအဖချင်းတွေ ကိုယ်ထိလက်ရောက် ဖြေရှင်းတာတော့ မကြိုက်ဘူး ကိုကြီး၊ အေးအေးဆေးဆေး နားလည်အောင်ပြောပါ၊ ကြယ်စင်ခလည်း ဖအေကို ရန်သူလို မတိုက်ခိုက်သင့်ဘူး ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



မင်းအဖေက လုပ်ငန်းလည်ပတ်ဖို့အတွက် ချေးလိုနေတာတောင် မင်းအဖေက မင်းပိုင်တဲ့ ဘဏ်က ငွေတွေကို အလွဲသုံးစားလုပ်ဖို့ စဉ်းစားခဲ့တာ မဟုတ်ဘူး၊ မင်းက ဒီအိမ်ကိုပါ မင်းအမေပိုင်တာဆိုပြီး မင်းအဖေကို နှင်ချအပိုင်ယူချင်နေတာလား၊ ငါတို့ကလည်း နေချင်လို့နေတယ် မအောက်မေ့ပါနဲ့ မရင့်ကျက်တဲ့စိတ်နဲ့ မင်း ပျက်စီးသွားမှာစိုးလို့ မင်းအဖေက ဆင်းမပေးတာ''

''ဟား ဟား တော်တော်ရယ်ရကောင်းတဲ့ ပြက်လုံးပဲ၊ ကျွန်တော့်အတွက် ငဲ့ညှာပြီး ချွေးပေးတာပေါ့၊ အဲလိုသာဆိုရင် သားအရင်းကို မိထွေး နှိပ်စက်ခံရမှာစိုးလို့ ခင်ဗျားနဲ့ လက်ထပ်ခဲ့ပါ့မလား၊ အခု ခင်ဗျားကို ယူပြီး မီးမီးလေးကို မွေးပြီးကတည်းက ဖေဖေ ကျွန်တော့် အတွက် ဘာတွေလုပ်ပေးလဲ ဘာတွေ ရေးနိုက်ခဲ့လဲ''

''သား မင်းအလွန်အကျွံ အထင်မှားနေတာပါကွာ၊ သားက ဖေဖေ လက်ထပ်လိုက်လို့ မကျေမနပ် အချွဲတိုက်ပြီး ဂရုစိုက်မခံတော့တာ မဟုတ်ဘူးလား၊ အပြန်အလှန် နားလည်မှုကို သားဘက်က အရင်ဆန့်ကျင်တာ''

သူတစ်ယောက်တည်းမှာပဲ အပြစ်ရှိတာလားဟု မေးပစ်လိုက်ချင်စိတ်ကို ဒေါသတွေဖြင့် အလုံးအရင်း ပြန်မျိုချလိုက်ရ၏။

ဘယ်တော့မှ သူ့ဘက်မှာ မရပ်တည်တော့သော ဖေဖေ့ကို





စကြည့်ရှုမှုးတို့ဖြင့် တုံ့ပြန်ကြည့်ကာ

''သားသမီးတွေ အမှားလုပ်ရင် မိဘတွေက ဆိုဆုံးမခွင့် ပိတ်ပင် တားဆီးခွင့်ရှိတယ်၊ မိဘတွေ အမှားလုပ်ရင် သားသမီးတွေက ဘာမှပြောခွင့်မရှိဘဲ ရေငုံနှုတ်ပိတ်နေရမှာလား ဖေဖေ၊ သားသမီးတွေ ရင်ထဲက ခံစားချက်ကိုရော မိဘတွေ နားလည်ပေးလို့ မရဘူးလား၊ အဖယ်ခံလိုက်ရသလို ဖြစ်သွားတဲ့ ဒီရင်ထဲမှာ ဝေဒနာတွေ ရှိတယ် ဖေဖေရ''

''သားရယ် ဖေဖေ''

''ဘာမှမပြောပါနဲ့တော့ ဖေဖေ၊ ဆင်ခြေတွေနဲ့ အယူခံဝင်ပြီး နားလည်ပေးပါလို့ ပြောဦးမှာပဲ မဟုတ်လား။ ကျွန်တော့် ရင်ထဲမှာ ဘာတွေ ဖြစ်နေလဲလို့လည်း ဘယ်တော့မှ မမေးပါနဲ့တော့၊ ဖေဖေ သိတောင် မသိချင်ယောင် ဆောင်နေဦးမှာပဲ၊ အဲဒီအတွက်လည်း ကျွန်တော် ဖမ်းနေညည်းတော့ပါဘူး။ ဒါပေမဲ့ နေချင်သလိုနေခွင့်ပေးပါ၊ ဘာလုပ်ပါ ညာလုပ်ပါလို့လည်း အမိန့်မပေးပါနဲ့ ကျွန်တော့်ရဲ့ နေထိုင်မှုပုံစံထဲမှာလည်း ဝေါ်ဓေစိ ဝင်မစွက်ဖက်ပါစေနဲ့ ဖေဖေ''

လွယ်အိတ်ကို ဆောင့်ခနဲ ဆွဲယူပြီး ထွက်လာခဲ့သည်။ ဖေဖေ့ကို နားလည်ပေးပါလို့လည်း မတောင်းဆိုချင်။

မွန်းကြပ်သိပ်သည်းမှုတွေ ပြေပျောက်ဖို့ အဲကွန်းတွေ ပိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းတံခါးပေါက်တွေ အကုန်ဖွင့်ပစ်လိုက်၏။

လရောင်က ခြံထဲက အုန်းပင်ထိပ်ဖျားမှာ မေးတင်လျက် မှောင်မိုက်နေသော သူ့စိတ်ဆန္ဒတို့ကို ကျီစယ်နောက်ပြောင်နေသလို ရှိ၏။ ခဏအကြာမှာ တိမ်တိုက်တို့ရဲ့ ဝါးမျိုမှုကြောင့် လရောင်ရဲ့အလင်းက ပျောက်လုလု။

သူ့ရင်ထဲမှာ အလင်းပျောက်နေခဲ့တာလည်း. . .။

◼ ◼ ◼



# အခန်း (၉)

"ဟဲ့ ပုံပမာ"

"ဘာလဲ"

"ဟိုမှာ လှည့်ကြည့်ပါဦး"

ပန်းဒါတို့နှင့် ရောရောနှောနှော မနေဘဲ နောက်ဆုံးခုံမှာ ငြိမ်ငြိမ်သက်သက် မှိုင်တွေစွာ ထိုင်နေသော ကြယ်စင်ခကို တူးတူးချစ်က လက်တို့မေးငေါ့ကာ ပြ၏။ သူမက အမှတ်တမဲ့ လှည့်ကြည့်ပြီးမှ ဆတ်ခနဲ မျက်နှာပြန်လွှဲလိုက်သည်။

"ဘာဖြစ်နေတာလဲ မသိဘူးနော်၊ အရင်သွက်လက် ရွှင်လန်းမှုတွေ မရှိတော့ ကြည့်မကောင်းတော့သလိုပဲ"

"ကိုယ်နဲ့မဆိုင်ပါဘူးဟာ၊ ကိုယ့်အလုပ်ကိုယ်လုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် မနေ့ကပဲ နင်တို့ကို ကူညီလိုက်လို့ ကျေးဇူးတင်စကား မပြောလိုက်ရတာ စိတ်မကောင်းဖြစ်နေတယ်ဆို၊ ဒီနေ့ ချက်ချင်းကြီး လေစိမ်းတိုက်လိုက်တာပဲလား"

"အဲဒါက အဲဒါပဲ၊ အခုဟာက သူ့ကိုယ်ရေးကိုယ်တာနဲ့ သူ့ဘာသာဖြစ်နေတာ တို့က ဘာ့တတ်နိုင်မှာလဲ"

"ဟင် သူ့ကိုယ်ရေးကိုယ်တာ သူက ဘာဖြစ်လို့လဲ"

"မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားလို့ ဒီဖိုင်းပြောင်းသွားတာတဲ့၊ သူ့ကောင်မလေးက ဗရွတ်ရွတ်တာ မကြိုက်လို့နေမှာပေါ့"

"တို့သင်တန်းကပဲလား"

"ထင်တာပဲ"

"ငါ သိချင်လိုက်တာဟယ်၊ ကြယ်စင်က ပန်းဒါနဲ့သာ ဘာလိုလိုညာလိုလို သတင်းကြားတာ၊ တခြားမိန်းကလေးတွေကို စိတ်ဝင်စားတယ်ဆိုတာတော့ မကြားဖူးဘူး ဘယ်သူဖြစ်မလဲ မသိဘူးနော်"

"သိချင်သွားမေးပေါ့၊ ငါတော့ စိတ်မဝင်စားပေါင်"

စိတ်မဝင်စားဘူးဆိုပါသော်လည်း ငြိမ်သက်တိတ်ဆိတ်စွာ မျက်နှာညှိုးနေသော ကြယ်စင်ခကို နောက်တစ်ကြိမ် လှည့်ကြည့်မိပြန်၏။ ရုပ်အင်္ကျီအဖြူအစင်းကြားလေးနှင့် သန့်ပြန့်နေတာမို့ တည်ငြိမ်ရင့်ကျက်မှုရှိသော ယောက်ျားတစ်ယောက် အသွင်ဖြစ်နေကာ ဆွဲဆောင်မှု





ရှိသွားပဲဟု အသိအမှတ်ပြုရ၏။

အရင်ကသာ ထိုပုံစံမျိုးနှင့် ဆုံဆည်းခဲ့ရလျှင် ပြဿနာဖြစ်ခဲ့ကြမည် မထင်။

"ဟဲ့ ပုံပမာ ဘာတွေငိုင်နေတာလဲ၊ သင်တန်းဆင်းတော့မယ်"

"ဩော် အေး အညာက အကြောင်းတွေးမိသွားလို့ပါ"

ဘာကြောင့် ညာမိသွားသည် မသိဘဲ ကပျာကယာ ပြန်ဖို့ပြင်ဆင်ရ၏။ တူးတူးချစ်က သူမထက် အရင်ဝရပ်ကာ

"ငါတို့အသွားမြန်နေရှိလို့ ငါ အရင်ပြန်နှင့်တော့မယ် သိလား"

"ဟဲ့ ကားပါကင့်ထိ အတူဆင်းကြမယ်လေ"

"ငါက အချိန်မီအောင် သုတ်ခြေတင်ရမှာ၊ နင် တို့နှေးတို့နှေးလုပ်နေတာ စောင့်မနေနိုင်တော့ဘူး သွားပြီ"

တူးတူးချစ်က သူမကို မစောင့်တော့ဘဲ ရေးကြီးသုတ်ပျာထွက်သွားလေ၏၊ ထုံးစံအတိုင်း သူမက လူတွေကုန်ပြီး နောက်ဆုံးမှ ထွက်ဖြစ်သည်။ ပန်းဒါကေ့ စိတ်မရှည်ဖြစ်တတ်တာမို့ လှေကားထစ်တွေအရောက်မှာ ခပ်မြန်မြန် ပြေးဆင်းခဲ့ရ၏။

"ဟဲ့ ပုံပမာ ဆင်းမယည်သာ လျှောက်မနေပါနဲ့ဟဲ့၊ မြန်မြန်လာပေါ်ဦး"

ဖုန်းပြောရင်းနှင့် ပန်းဒါ လှမ်းအော်တာမို့ ကားနားကို ...



www.burmeseclassic.com

www.burmeseclassic.com



သွက်သွက် လျှောက်လာခဲ့ရ၏။ ပန်ဒါက ဖုန်းကိုပိတ်ကာ

"ငါ့သူငယ်ချင်းအဖေ ဆေးရုံတင်ရလို့တဲ့ ငါအခု သွားရမှာ"

"ဟင် ငါလည်း ခေါ်သွားချင်တယ်"

"နင်လိုက်လို့ ဘယ်ဖြစ်မှာလဲ၊ ခွဲစိတ်ခန်း ဝင်ရမယ်ဆိုတော့ အချိန်ဘယ်လောက်ကြာမှန်းမှ မသိဘာ"

"အဲဒါဆိုလည်း ကားယူသွားလေ၊ ငါ တက္ကစီ ငှားပြန်လိုက်မယ်"

"အဲဒါမှ လမ်းမှာတစ်ခုခုဖြစ်ရင် ဖေဖေနဲ့မေမေက ငါ့ကို အပြစ်ပုံချမှာ၊ နေပါဦး ငါ တစ်ခုခု စဉ်းစားပါဦးမယ်၊ ဟော ဟိုမှာ ကြယ်စင် ကြယ်စင်ရေ ခဏလောက်"

ပန်ဒါက သူမဘာသာ ပြော၍ ခေါင်းငုံ့လျှောက်လာနေသော ကြယ်စင်ခကို လှမ်းခေါ်သည်။ ကြယ်စင်ခအနား ရောက်လာသည်နှင့် ကားသော့လေးကို ကြယ်စင်လက်ထဲ ထည့်ကာ

"ကြယ်စင် ငါ့ကို တစ်ခုလောက် ကူညီပါဦး။ ဒီကား မောင်းပြီး ပုံပမာကို အိမ်ပြန်လိုက်ပို့စမ်းပါ၊ ငါ အရေးတကြီး သွားစရာရှိလို့"

"အာ ဖြစ်ပါ့မလား၊ ငါက လိုက်ပို့ချင်တယ် ထားဦး၊ ပုံပမာက ဘယ်ကြိုက်ပါ့မလဲ"

ကြယ်စင်က ပုံပမာမျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ခါးခါး





သီးသီး ငြင်း၏။ ပုံပမာက အားတုံ့အားနာနှင့်ပင်

"ဖြစ်နိုင်ရင် လိုက်ပို့ပေးပါ၊ ဟိုတစ်ခါကိစ္စ မမေ့နိုင်သေးဘူး ဆိုရင်တောင်လည်း တစ်မျိုးပေါ့လေ ပန်ဒါ အခက်အခဲ ဖြစ်လို့ အကူအညီ တောင်းတာပါ"

"ကျ ကျွန်တော် စိတ်ထဲမှာ ဘာအာဃာတမှ မရှိပါဘူး၊ မိန်းကလေးတစ်ယောက် မကြိုက်တာကို ခပ်ခြင်းသင့်တယ် ထင်လို့ပါ"

"တဲ နင်တို့ အဆင်ပြေပြေ မပြေပြေ ငါကတော့ သွားပြီ၊ ပုံပမာ မေမေ့ကို ပြောလိုက်ဦးနော်၊ ငါ အိမ်ပြန်နောက်ကျမယ်လို့ ကြယ်စင် ကားကိုလည်း ဖြည်းဖြည်းမောင်းသွားဦး"

ပန်ဒါက ပြောပြောဆိုဆိုနှင့် သူမတို့နှစ်ယောက်ကို ထားရစ်သည်။ ကြယ်စင်ခက ကားသော့လေးကို ကိုင်ကာ ခုချိန်ထိ ဘာလုပ်ရမှန်းမသိ ဖြစ်နေဆဲ။

"ရှင် လိုက်မပို့ချင်ဘူးလားဟင်"

"ပို့ ပို့ချင်ပါတယ်၊ ပုံပမာ ကားပေါ်တက်လေ"

ပုံပမာက တင်တင်စီးစီး မဖြစ်အောင် ကားရှေ့ခန်းမှာပင် ဝင်ထိုင်လိုက်သည်။ ကြယ်စင်က ကားကို ငြိမ့်ငြောင်းညင်သာစွာ လိမ့်ထွက်၏။

"ပန်ဒါက ပုံပမာ အန္တရာယ်ဖြစ်မှာစိုးလို့ သေချာမှာသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်၊ ကျွန်တော် ကားမောင်းကြမ်းတာကို သိနေလို့လေ”

“ဟုတ်မှာပေါ့ ပုံပုံလည်း ကားမောင်းသင်ထားမှ ဖြစ်တော့မယ် ထင်တယ်၊ ခုလို ပန်ဒါ အရေးအကြောင်းရှိတဲ့အခါ အမြဲတမ်း သူများ ဆီမှာ အကူအညီတောင်းလို့ ဘယ်ဖြစ်မလဲ”

“အင်း ဟုတ်တယ် ကိုယ်ပိုင်ကားစီးနိုင်တဲ့သူက ကားမောင်း တတ်ထားတာ အကောင်းဆုံးပဲ၊ ကားမောင်းသင်တန်းတွေ ရှိတယ်လေ၊ ပုံပမာ မသင်ဘူးလား”

“ဖေဖေကတော့ သင်ခိုင်းခဲ့ပါတယ်၊ ဒါပေမဲ့ ပန်ဒါ အမေ ပုံပုံဒေါ်လေးက တစ်ခုခုဖြစ်မှာစိုးရိမ်ကြီးလို့ မသင်ခိုင်းဘူးလေ၊ ဖေဖေ အပြစ်ပြောခံရမှာ ကြောက်နေတာ”

“ပုံပမာ ဖေဖေက ပုံပမာကို လိုအပ်တာတွေ ဖြည့်ဆည်းပြီး အပြည့်အဝ ချစ်တယ် ထင်တယ်၊ ပုံပမာ အန္တရာယ်ဖြစ်မှာ သူများ တွေကတောင် ကြောက်နေတာယ်ဆိုတော့လေ”

“အင်း ဖေဖေ ဂရုမ်းချစ်တယ်ဆိုတာ ပြောပြရုံနဲ့တောင် လုံလောက်မှာ မဟုတ်ဘူး။ ပုံပုံ ရှစ်တန်းနှစ်ကတည်းက မေမေ ဆုံးတာ တောင် နောက်အိမ်ထောင်မပြုဘဲနဲ့ ပုံပုံကို စောင့်ရှောက်ခဲ့တာ”

ပုံပမာ မျက်နှာလေး ပြုံးရွှင်စွာနှင့် စိတ်လိုလက်ရ ပြောနေတာ တွေ နားထောင်ပြီး ကြယ်စင်ခ မျက်နှာညှိုးမှိုင် တင်းရင်းနေသည်။





မေးခွန်းလည်း မထုတ်တော့ဘဲ ငြိမ်သက်တိတ်ဆိတ်သွားတော့ အိမ်နှင့်တစ်ခုခု ပြဿနာတက်လာနိုင်တာ သဘောပေါက်လိုက်၏။

“ကြယ်စင် ဘာတွေဖြစ်နေလို့လဲ ဟင်၊ အခုတလော အရမ်း ငြိမ်ပြီး မျက်နှာမကောင်းတာကို သတိထားမိတယ်”

“ကျေးဇူးတင်ပါတယ်”

“ဘာကိုလဲ”

“သတိထားမိတယ်လို့ပြောတာ ဂရုစိုက်မှုတစ်ခုပဲ မဟုတ်လား”

“သြော် ပြဿနာဖြစ်ခဲ့မိတာ ကိုယ့်ဘက်က လွန်သွားလားဆို ပြီး စိတ်မကောင်း ဖြစ်မိလို့ပါ၊ ပုံပုံက ကိုယ့်မှာအပြစ်ရှိတယ်လို့ သံသယ ဝင်သွားရင် တောင်းပန်လိုက်ရမှ ကျေနပ်တာ၊ တော်ရုံတန်ရုံနဲ့လည်း ပြဿနာမဖြစ်တတ်ဘူးလေ၊ အဲဒီနေ့ကလည်း ကြယ်စင်က တိုက်ဂေါ တွေ တောကိုက်တွေပြောတော့ နည်းနည်း တင်းသွားတာနဲ့”

“အဲဒီအတွက် ကျွန်တော်လည်း တောင်းပန်ပါတယ်၊ ဘာရယ် မဟုတ်ဘူး၊ ကျွန်တော်တို့ ဒီက အထာနဲ့ မျက်လုံးထဲမှာ သနပ်ခါးတွေ အများကြီး လိမ်းထားတတ်တဲ့ ပုံပမာကို အံဝင်ဂွင်ကျ မဖြစ်ဘူးလေ၊ အဲဒါကြောင့် ရယ်စရာလို စနောက်မိသွားတာပါ”

စကားပြောရင်းနှင့် နှစ်ယောက်ကြားမှာ နားလည်မှုတွေ ရပြီး ပြေလည်သလို ဖြစ်လာသည်။ ပုံပမာက ထင်သလောက် ခံက်ခံရ...



www.burmeseclassic.com

သော မိန်းကလေး မဟုတ်တာကို သတိထားမိ၏။

ပုံပမာက သူမ လွယ်အိတ်လေးကို ကားကူရှင်ပေါ် တင်ထား လိုက်ပြီး သက်တောင့်သက်သာ ပြုံးရယ်လျက်

"အင်း တွေးကြည့်ရင် ရယ်စရာတော့ ကောင်းသားနော်။ အပေါ်ယံကိုကြည့်ပြီး လူတွေရဲ့ အတွင်းသဏ္ဍာန်ကို လှမ်းမမြင်နိုင်ဘူးဆို တာ ပုံပုံလည်း ရှင်တို့သူငယ်ချင်းအုပ်စု ဝတ်တာစားတာ ဖဲချက်သုတ်ခ နိုင်လွန်းတာကို အမြင်ကတ်ခဲ့မိတယ်၊ ဒါပေမဲ့ မိတွေးနဲ့ အဆင်မပြေမှုတွေ ကြောင့် ရှင်ထင်သလိုနေတတ်လာတာလို့ ပန့်ဒါ ပြောပြမှ ရှင့်ကို နားလည်မိသလို ဖြစ်လာတယ်၊ လူတွေမှာ ကိုယ့်အကြောင်းတွေနဲ့ကိုယ် ရှိကြတာပဲနော်"

"ပြောရရင် ဆင်ခြေဖြစ်နေမလားတော့ မသိဘူး၊ အိမ်မှာ မရတဲ့အပျော်တွေကို အပြင်မှာ ရှာမိတာပါ၊ စိတ်ထဲမှာ အချိန်တိုင်း ခံစားနာကျင်မနေချင်ဘူးလေ"

"အပြင်မှာ အဆင်ပြေအောင် နေတတ်ရင် အိမ်မှာလည်း အဆင်ပြေအောင် နေကြည့်ပါလား"

"ဗျာ"

"ရှင်သဘော မပေါက်လိုက်ဘူး ထင်တယ်၊ ပြဿနာတစ်ခု ဖြစ်တာ တစ်ယောက်တည်းက ဖန်တီးလို့မှ မရဘာ၊ ဥပမာ ရှင်နဲ့ ပုံပုံ





အဖြစ်ကိုပဲကြည့်ပေါ့၊ ရှင်တို့က ပုံပုံ သနပ်ခါးလိမ်းတာကို လှောင်ပြောင် သရော်ကြတယ်၊ ပုံပုံက ရှင်တို့အပြုအမူ အပြောအဆိုတွေကို ကြည့်လို့ မရဘူး၊ အဲဒီတော့ တစ်ယောက်က ရန်လိုနေသလို တစ်ဖက်ကလည်း ရန်စောင်မိတာပဲ၊ အဲဒီရဲ့ အစာမကြေမှုကြောင့် ပြဿနာဖြစ်ကြတာ မဟုတ်ဘူးလား"

သူမရဲ့ ရှင်းပြမှုမှာ သူနားလည်သလိုလို နားမလည်သလိုလို ဖြစ်နေတာကြောင့် ကားလေးကို လမ်းဘေးကျကျမှာ ထိုးရပ်ပြီး သူမ ဘက် လှည့်လိုက်သည်။

"တင် ဘာလို့ ကားရပ်လိုက်တာလဲ"

"အိမ်နားက ရောက်ခါနီးနေပြီ၊ စကားစလည်း မပြတ်သေးဘူး ထင်လို့ပါ၊ ဟို ပုံပမာ ပြောနေတာ ကျွန်တော် နားမရှင်းဘူး၊ မိတွေးနဲ့ ပြဿနာတက်တာ မိတွေးရော ကျွန်တော်ရော မှားနေတယ်လို့ ပြောချင် တာလား"

"အင်း ဟုတ်တယ် ရှင်တို့နှစ်ယောက်ကြားမှာ နားလည်မှုလိုနေ တယ်လို့ ထင်တယ်၊ ရှင်က မိတွေးကို မအေတစ်ယောက်လို လက်ခံမပေး နိုင်တာနဲ့ မိတွေးက သည်းမခံနိုင်ဖြစ်တာမျိုးတွေပေါ့"

ပုံပမာ ရှင်းရှင်းပြတာ နားထောင်ပြီး သူ့နားထဲမှာ အတူးအ ဆန်းလို ဖြစ်သွား၏။ မိတွေးဖုဝင့်ပတ်သက်ပြီး သူ့အမှားကို ထောက်ပြ

www.burmeseclassic.com



ရဲတာ ပုံပမာ တစ်ယောက်သာ ရှိသည်။ နိုင်ထွန်း၊ မျိုးကျော်နှင့် ပန်ဒါ တို့ဆုံတိုင်း

"မိထွေးဆိုတာ မွေးထုတ်တဲ့ အမေလောက် ဘယ်တော့မှ ကောင်းမှာမဟုတ်ဘူး။ သူ့သွေးသားရင်းချာတွေလောက်လည်း မင်းအပေါ် စေတနာထားမှာ မဟုတ်ဘူး၊ အဲလိုလူကို မင်း သည်းခံစရာ မလိုဘူး ကြယ်စင်၊ သူက ကိုယ့်ကို မိထွေးပါဝါနဲ့ မအုပ်ချုပ်ခင် ကိုယ်က အရင်ဆုံး လှန်နိုင်အောင် ဖိုက်နိုင်အောင် အားတင်းထား"

"မင်းအဖေကလည်း အဟောင်းထက် အသစ်ကို ဦးစားပေးမှာ ပဲ၊ မင်းအမေထက် နောက်မယားအသစ်လေးကို အချစ်ပို အလိုလိုက်တာ မင်းမျက်မြင်ပဲ မဟုတ်လား၊ ရပိုင်ခွင့်တွေတော့ လုံးဝ အလျှော့မပေးနဲ့ နော်၊ မိထွေးနဲ့အပေါင်းအပါတွေက အပိုင်ဖမ်းအုပ်ပြီး ဝါးမျိုသွားလိမ့်မယ်၊ မင်းအဖေကလည်း မွန်းပြီး သဒ္ဓါကြည်ဖြူ ပေးကမ်းစွန့်ကြဲမှာ အမှန်ပဲ"

"ငါသာဆို အဲလို မိထွေးမျိုး အိမ်ပေါ်တက်မလာခင်ကတည်း က ကန့်ချပစ်မှာပဲ၊ သူ့ဘာသာ ငယ်ဂုဏ်နဲ့ အန်ကယ့်ကို ဘယ်လိုပဲ လွှမ်းမိုးဖို့ ကြိုးစား ကြိုးစား၊ ဒီအိမ်က နင့်အမေပိုင်တာဆိုတော့ နင်နဲ့ပဲ သက်ဆိုင်တာ၊ ကြာလာရင် နောက်ထပ်မွေးလာမယ့် သားသမီးတွေနဲ့ အမွေဖယားတွေ ရှုပ်လာမှာ၊ ချော်လဲရောထိုင် အခွင့်ပြေအောင် လုပ်နေ လို့ကတော့ တစ်နေ့နေ့ ခြေလွှတ်လက်လွှတ် ခုန်ဆင်းရအောင် မိထွေးရဲ့





ရင့်အဖေက ပေါင်းကြိုလိမ့်မယ် စောင့်ကြည့်နေ"

တိုက်ဆိုင်တိုင်း ကြုံတိုင်း အားပေးတိုက်တွန်းနေသော သူငယ် ချင်းတွေရဲ့စကားကြောင့် သူ အမှန်တကယ် ဖေဖေနှင့်မိထွေးအပေါ် ကောင်းမမြင်ခဲ့ပါ။ အမြဲလိုလို ပြဿနာရှာ တိုက်ခိုက်ချင်နေခဲ့ပြီး ကျော်ရာဒဏ်ချက်တွေလည်း ရင့်ရော်ထွားကြိုင်းနေခဲ့သည်။

ခုတော့ ပုံပမာက သူလည်း မှားနေပါသည်တဲ့။

တကယ် သူ မှားခဲ့သည်ဆိုလည်း မိထွေးနှင့်ဖေဖေလည်း မှန်မှမမှန်ခဲ့တာ။

"မင်းပြောသလို ကိုယ့်ဘက်က နားလည်မှု မရှိခဲ့တာ မှန်ချင် မှန်လိမ့်မယ်၊ ဒါပေမဲ့ ကိုယ့်နေရာမှာ မင်းဆိုရင်ရော အမေ မဟုတ်တဲ့ မိထွေးတစ်ယောက်ကို အကောင်းမြင်နိုင်ပါ့မလား ပုံပမာ"

"ဒါက စိတ်တစ်ခုရဲ့ လက်ခံမှုအပေါ်မှာ မူတည်တယ် ကြယ်စင်၊ မိထွေးနဲ့ အတူမနေဘူးလို့ ဒီစကားပြောတယ်လို့တော့ မထင်ပါနဲ့၊ အခု ဖေဖေလို့ ခေါ်နေတဲ့သူက ပုံပုံ ဖေဖေအရင်းမဟုတ်ပါဘူး၊ ပုံပုံ မိထွေးပါ"

ပန်ဒါ ပြောပြဖူးပါတယ်လို့ မပြောဖြစ်။ အကြောင်းအရာတစ်ခု ကို ပြေလည်မှုတွေဖြင့် ဆွေးနွေးတိုင်ပင်နေသလို ခံစားမှုကြောင့် ရင်မှာ ပေါ့ပါးရှင်းလင်းနေသည်။ လူကြီးလေးတစ်ယောက်လို ပုံပမာ ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာလေးတွေက မှုတမူရှိကာ နားထောင်လို့ ကောင်းနေ၏။

လက်စားချေလိုခြင်းတွေနှင့် ချည်းကပ်ခဲ့သော သူ့စိတ်တွေ ပျော့ပျောင်းသလို ဖြစ်နေတာ ကိုယ့်ကိုယ်ကို နားမလည်။

"ဆက်ပြောလေ ပုံပမာ၊ ကျွန်တော် နားထောင်နေပါတယ်"

စကားစ ပြတ်မသွားအောင် တိုက်တွန်းတော့ ပုံပမာက နှုတ်ခမ်းလေး လှုပ်ရုံ ပြုံး၍ စကားဆက်၏။

"ပထွေးဆိုတာ ဘယ်လောက်ပဲကောင်းကောင်း ပထွေးပါပဲ၊ သူ့ရဲ့အသွေးအသားနဲ့ မွေးထုတ်ခဲ့တာမှ မဟုတ်တာ၊ သူစိမ်းပဲပေါ့၊ ဒါပေမဲ့ မေတ္တာတရားနဲ့ နွေးထွေးပေးဆပ်မှုတွေက အဲဒီစိတ်တွေကို ဖျောက်ပစ်လိုက်တယ်၊ ရောင်ပြန်ဟပ်တတ်တဲ့ တုံ့ပြန်သဘောကိုရော ရှင် နားလည်ရဲ့လား"

"နားမလည်ဘူး၊ ကျွန်တော်မှ အဲဒါတွေ မခံစားရတာ"

"အဲဒါ ရှင်က မပေးလို့ ပြန်မရတာပါ၊ ပုံပုံတို့အဖြစ်နဲ့ပဲ နှိုင်းယှဉ်ပြောရမယ်ဆိုရင် ရှင့်ဘက်က အပြောင်းအချော် သရော်တာတွေ မရှိတော့ဘဲ ပုံပုံကို တလေးတစား ပြန်ဆက်ဆံလာတော့ ပုံပုံကလည်း ရှင့်ကို နားလည်လာပြီး ဆက်ဆံရေးတွေ ပြေလည်လာကြတယ် မဟုတ်လား"

"အင်း ကျွန်တော် နည်းနည်းတော့ သဘောပေါက်လာတယ်"





"သဘောပေါက်လာတယ်ဆိုရင် ပုံပုံအပေါ် ပြောင်းလဲပြီး ဆက်ဆံနိုင်သလို ရှင့်မိထွေးနဲ့ အဖေအပေါ်လည်း ပြောင်းလဲဆက်ဆံ ကြည့်လိုက်ပါ၊ သူတို့လည်း ရှင့်အပေါ် ပြောင်းလဲလာကြမှာပေါ့"

"ဟာ မဖြစ်ဘူး၊ ကျွန်တော် မိထွေးနဲ့ နားလည်မှု မယူချင်ဘူး ပုံပမာ၊ ကျွန်တော့်ရဲ့ ပိုင်ဆိုင်မှုတွေကို သူ့မိသားစုကို ခွဲဝေပေးနေရတာ ကျွန်တော် ဘယ်လိုလုပ် ကျေနပ်နိုင်မှာလဲ"

ကြယ်စင်ခရဲ့ ခါးခါးသီးသီး ငြင်းဆိုမှုကြောင့် ပုံပမာ သက်ပြင်းကြက်မိကာ

"အဲဒီ အတ္တစွဲတစ်ခုကို ဆုပ်ကိုင်ထားမယ်ဆိုရင်တော့ တစ်သက်ပုံ၊ ရှင်တို့ချင်း ပြေလည်လာမှာ မဟုတ်ဘူး ကြယ်စင်ခ၊ ပိုင်ဆိုင်မှုဆိုတာကို မျှဝေမခံစားတတ်သရွေ့ ငြိမ်းချမ်းမှုဆိုတာလည်း ဘယ်တော့မှ လာမှာ မဟုတ်ဘူး၊ ရှင့်ဘဝကို ပုံပုံ စိတ်ဝင်စားပါတယ်၊ ရှင်နဲ့ ဒီထက် ရင်းနှီးလာတဲ့အချိန်ကျရင် ရှင့်အိမ်ကို ပုံပုံ အလည်လိုက်ကြည့်မယ်၊ မိထွေးနဲ့အဖေက ဘယ်လောက်ထိ ဆိုးဝါးသလဲဆိုတာကိုပေါ့"

"ဟင်"

သူ ဟင်ခနဲ အံ့သြမင်တက်သွားခဲ့သည်။ သူ့ဘဝကို ဒီလောက် နက်နက်ရှိုင်းရှိုင်း အလေးအနက်ရှိလိမ့်မည် မထင်တာကြောင့်ပါ။ ပြောခဲ့သော မိထွေးကြောင့် သူ ဒီလိုဖြစ်နေခဲ့သည်ဆိုသည့် စကား



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းကို သူမ စိတ်ဝင်တစား ရှိနေခဲ့တာ ဘာကြောင့်ပါလဲ။

သူ့ရည်ရွယ်ချက်တွေ ပျက်ပြားတော့မလား တုန်လှုပ်မိ၏။ သူမရဲ့ နားလည်သိမ်းသွင်းမှုတွေကို သူ စီးမျောပျော်ဝင်သင့်ပါရဲ့လား။

အသံလေးက သိမ်မွေ့နူးညံ့မှုဘက်ပါကာ ချိုချိုရှရှလေးမို့ နားဝင်လွယ် နားထောင်လို့ကောင်းတာ အမှန်ပင်။

သူငယ်ချင်းတွေနှင့် ရူးရူးဝါးဝါး အော်ဟစ်ဗရုတ်ကျခဲ့သော အချိန်က စိတ်လွတ်ကိုယ်လွတ် ပျော်မြူးမှုမျိုးမဟုတ်ဘဲ တငြိမ့်ငြိမ့် တသိမ့်သိမ့်လေး ညွှတ်နူးနေတာ လေပြည်နုနုလေး တိုက်စား ကျီစယ်နေသလိုပင်။

"ဟာ မဖြစ်ဘူး မဖြစ်ဘူး"

"ဟင် ကြယ်စင်ခ ရှင်ဘာတွေပြောနေတာလဲ"

"ဘာ ဘာမှမဟုတ်ဘူး"

အတွေးနှင့် ငြိမ်သက်သွားသော သူ့နှုတ်ဖျားက ဗလုံးဗထွေး ငြင်းဆန်မှုတွေကို သူမ သဲသဲကွဲကွဲ မကြား၍ တော်ပါသေးသည်။ သူ့စိတ်တွေ တွေဝေမသွားခင်မှာ ကပျာကသီ ကားစက်ပြန်နှိုး၍ သူမတို့ အဆောင်မြင့် တိုက်ခန်းကားပါကင်ထိရောက်အောင် အမြန်ပင် မောင်းလာခဲ့သည်။

ကားပါကင်ထိုးပြီးသည်နှင့် သူ ကားပေါ်က ဆင်းလိုက်သည်။ သူမလည်း ကားအောက်ဆင်းပြီး သူ့နားလာရပ်၏။





"ကျေးဇူးပဲ ကြယ်စင်"

"နောက်ကြုံရင်လည်း ခိုင်းလို့ရပါတယ်၊ ပုံပုမှာ ပြောတဲ့ စကားတွေ ခဏ ခဏ နားထောင်ရရင် ကျွန်တော့်စိတ်တွေ ပြောင်းလဲချင် ပြောင်းလဲလာနိုင်လို့ပါ"

"ရှင်တို့ မိသားစုပြေလည်စေချင်ပါတယ်၊ ဘဝရဲ့အနှစ်သာရက မိသားစုရဲ့ ပျော်ရွှင်နွေးထွေးမှုပဲ၊ လူတိုင်း လိုအပ်နေတဲ့ အရာပဲလေ"

"ဟုတ်ကဲ့ ကျွန်တော့်အတွက်တော့ ဒီနေ့စကား အထူးအဆန်းတွေ ကြားနေရသလိုပါပဲ၊ သွားမယ်နော် ပုံပုံ၊ နောက်နေ့မှ သင်တန်းမှာ ဆုံမယ်"

အပြုံးချိုချိုလေးနှင့် ခေါင်းညိတ်ပြတော့ ရင်မှာ လှပ်ခနဲ အေးကြသွား၏။ တောင့်တမှု တစ်စုံတစ်ရာ မရှိပါဘဲ ပါဝင်ပတ်သက်မှုက နက်ရှိုင်းလွန်းသည်ဟု ထင်မိသည်။

ပြန်လာရာ လမ်းတစ်လျှောက် သနပ်ခါး ရနံ့လေး တရစ်ဝဲဝဲ ကျူရှိက်နေရသလို ခံစားမှုက တုံ့ပြန်လိုမှုတွေကို ဇဝေဇဝါ ဖြစ်အောင် လုပ်ဆောင်နေလေသလား မသိ။

ပုံပမာ မင်းက ငါ့ရဲ့ စိတ်ဖြေစရာ အငြိုးတစ်ခုရဲ့ ပစ်မှတ်ပါ။

◼ ◼ ◼



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ညည်း ဘယ်လိုပြောပြော သမီး ကားယူမသွားဘူးဆိုကတည်းက ညည်းအငြိုအငြင် မခံချင်လို့ဆိုတာ အသိသာကြီးပဲ၊ အရေးတကြီး ကိစ္စရှိတာတောင် ကားယူမသုံးရဲဘူးဆိုတော့ သူငယ်ချင်းအပေါင်းအသင်း တွေရှေ့မှာ ညည်း ဘယ်လို အရှက်ရအောင် လုပ်လိုက်ပြန်ပြီလဲ ပုံပမာ"

"ဟင် ပုံပုံ ဘာ ဘာမှမလုပ်ပါဘူး၊ မပြောပါဘူး အဒေါ်ရဲ့၊ အရင်တစ်ခါကိစ္စကိုတောင် ပုံပုံ စိတ်မကောင်းဖြစ်နေတာပါ၊ အခုလည်း အရင်က ပြဿနာဖြစ်တဲ့ ကောင်လေးကို ပန်ဒါက အိမ်အထိ ရောက်အောင် လိုက်ပို့ပေးပါဆိုပြီး ခိုင်းလိုက်တာပါ"

"ကြယ်စင်ခလား"

"ဟုတ် ဟုတ်ပါတယ်၊ ပန်ဒါ ပြောပေးလို့ အိမ်အထိ ကြယ်စင်ခ ကားမောင်းပို့တာပါ"





ဒေါ်တင်မေထက် အခုမှ ပိုပြီး အတွေးရခက်သွား၏။ ကြယ်စင်ခ ဆိုတာ သမီး စိတ်ဝင်စားနေသည့် ကောင်လေးမဟုတ်ပါလား။ ထိုကိစ္စကို မိမိကိုတောင် ဖွင့်ပြောထားတာမို့ ကြယ်စင်ခအပေါ် သမီး အလေးအနက်ရှိလွန်းတာ သိထားခဲ့သော်လည်း အခုလို မျက်နှာလွှဲပြီး ပုံပမာနှင့် နှစ်ယောက်တည်း ပြန်လွှတ်လိုက်တာတော့ နားမလည်နိုင်အောင် ဖြစ်ရသည်။

သမီးလာရင် မေးကြည့်ဖို့ လိုအပ်လား မသိပေမယ့် သမီး ကားမပါဘဲ သွားရတာကိုတော့ ပုံပမာကို မကျေမနပ် ဖြစ်နေမိဆဲပင်။

ဦးအောင်မြင့်ကြွယ် မရှိချိန်မှာ လိုတာထက် ပိုဖိပြောထားမှ နောက်အခါတွေ ပုံပမာ ဆင်ဆင်ခြင်ခြင် ဖြစ်သွားလိမ့်မည်။

"အေးလေ ညည်း ပြောတော့လည်း ညည်းစကားပေါ့၊ သမီး လာမှ ဒီလို မဟုတ်ပါဘူးဆိုတာ သိရရင်တော့ ညည်းအဖေကို လှမ်း ဟိုင်ထားမှ ဖြစ်မယ်၊ ညီအစ်မတွေဆိုတာ သူ့ပစ္စည်း ကိုယ့်ပစ္စည်း မခွဲ ခြားဘဲ သာတယ်နာတယ်လည်း မတွက်တဲ့ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် နေရမှာပေါ့၊ ညည်းအဖေကလည်း မိသားစုတွေလို နေရမယ်လို့ မှာသွား ခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ် ပုံပုံကလည်း အဲလိုပဲ သဘောထားတာပါ၊ ပေါ်လေးကသာ တစ်ခါတလေ ပုံပုံကို အရမ်းကြီး ပြောနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ လူကြီးဆိုတာတော့ စိတ်တိုင်းမကျရင် ပြောစရာရှိတာ ပြောရမှာပေါ့၊ ညည်းအဖေကလည်း ဆုံးမသွန်သင်ပါလို့ သေချာ အပ်သွားတော့ ငါ့မှာ တာဝန်ရှိတယ်လေ၊ ညည်းတို့ဦးလေးက သူ့အလုပ်ကိစ္စကလွဲရင် ဘာအသုံးကျလို့လဲ၊ အိမ်မှာ ဘာဖြစ်ဖြစ် သူ သိတာ မဟုတ်ဘူး"

"ဦးလေးကို အဲလို အသုံးမကျဘူးလို့တော့ မပြောပါနဲ့ ဒေါ်လေးရယ်၊ အပြင်မှာ စီးပွားရှာနေတဲ့ လူတစ်ယောက်က အနည်းအကျဉ်းတော့ အိမ်ထောင်တာဝန် လစ်ဟင်းကြတာပါပဲ၊ မိန်းမသားက နားလည်မှု ပေးရမှာပေါ့"

"အံမယ်လေးလေး သူ့ဦးလေးပြောတော့ နာတတ်လိုက်တာ၊ ဟိုကလည်း အထိမခံနဲ့၊ မျိုးချစ်ပုဂ္ဂိုလ်တွေပါလား။ ညည်း ပိုင်ဆိုင်တာတွေသာ တစ်ဝက်လောက် ခွဲပေးကြည့်၊ ငါတို့ သားအမိကိုတောင် ဒီအိမ်ပေါ်က မောင်းချလိမ့်မယ် ထင်တယ်"

ဒေါ်တင်မေထက်က မဆီမဆိုင်တွေနှင့် ပေါက်ပေါက်ဖောက်လျက် အပြစ်ရှာနေသည်။ နားပူလှသော်လည်း ထိုင်ရာကနေ ထမသွားရဲပါ။ ထိုအချိန်မှာ ကလစ်ခနဲ တိုက်ခန်းတံခါးဖွင့်သံနှင့်အတူ ပန်ဒါ ပြန်ရောက်လာသည်။

"မေမေတို့ ဘာတွေဖြစ်နေတာလဲ၊ မေမေ့အသံက အပြင်





ဘက်ကတောင် ကြားရတယ်"

"ဘာရယ် မဟုတ်ပါဘူး ပုံပမာကို ပြောစရာရှိတာ ပြောနေတာပေါ့၊ ဒါနဲ့ သမီးက ကားယူမသွားဘဲ ကြယ်စင်ခနဲ့ ပြန်လွှတ်လိုက်တာဆို"

"အင်း ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ သူပြောတာ ဟုတ်မဟုတ် မေးကြည့်တာ၊ သမီးလည်း ပင်ပန်းလာမှာပေါ့၊ သွားနားတော့လေ"

သမီးနှင့်တွေ့တော့ ဒေါ်တင်မေထက် မျက်နှာရော လေသံရော ပြောင်းသွားသည်။ ဖေဖေ့ရှေ့မှာဆို သူမကို ဦးစားပေး၊ အရေးပေး၍ ဖူးဖူးမှုတ်တော့မတတ် မျက်နှာချိုသွေး ဆက်ဆံခဲ့သော ဒေါ်တင်မေထက်က အခုတစ်လော သူမအပေါ် အရမ်းတင်းမာလွန်းသည်ဟု ထင်မိသည်။ ပန်ဒါလည်း အရင်လို မဟုတ်တာ အမှန်။ ဦးလေးအောင် တစ်ယောက်သာ သူမအပေါ် မပြောင်းမလဲ ဆက်ဆံနေတာ။ ဒါလည်း သူမ အထင်ပဲလား။

"ဟဲ့ ပုံပမာ နင် မအိပ်သေးဘူးလား၊ သွားမယ်လေ"

"ဪ အေး အိပ်မှာပေါ့"

သူမကို ပန်ဒါ လက်တို့ခေါ်တာမို့ အတွေးစတွေ ပြတ်သွားၡ၏။ ဟိုရင်နေ့တွေက ပန်ဒါ အဲလိုမခေါ်ဘူးတာမို့ အထူးအဆန်းလည်း ဖြစ်ပါ၏။ ပန်ဒါနှင့်သူမက အခန်းကျယ်တစ်ခုတည်းမှာ ခုတင်တစ်လုံးစီ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ကြတာပါ။

နယ်မှာဆိုလျှင်တော့ ခြံဝင်းကျယ်ကြီးထဲမှာ နှစ်ထပ်တိုက်အိမ် အကြီးကြီး ဆောက်ထားပြီး ဖေဖေက အပေါ်ထပ်၊ သူမက အောက်ထပ်မှာ နှစ်ယောက်တည်း နေကြသည်။

အိမ်အကူတွေ သုံးလေးယောက် ခေါ်ထားသော်လည်း သူတို့တွေအတွက် အနောက်ဘက်မှာ တစ်ထပ်တိုက် အိမ်လေးတစ်လုံး ဆောက်ပေးထားသည်။ အခုတော့ ဖေဖေက နိုင်ငံခြားသွား၊ သူမက ရန်ကုန်ကိုရောက်နှင့် သူတို့တွေကို ယွန်းထည်လုပ်ငန်းထဲမှာ လခစားနှင့် ထားခဲ့ရသည်။ ထိုယွန်းထည်လုပ်ငန်းကိုလည်း ရှေ့နေ မန်နေဂျာ ကိုထွန်းအေးနှင့် လုပ်ငန်းကြီးကြပ်သူတွေကို လွှဲထားခဲ့ရ၏။

အညာကို လွမ်းသည်။ ပုဂံဘုရားတွေကို လွမ်းသည်။

သူမကို အရမ်းချစ်ကြသော ဝန်ထမ်းတွေကို လွမ်းသည်။

"ကြယ်စင်နဲ့နင် ဘာတွေပြောဖြစ်ကြသေးလဲ"

အိပ်ရာထဲရောက်မှ တစ်ဖက်ခုတင်ပေါ်ကနေ ထိုင်နေလျက်နှင့် ပန်ဒါ လှမ်းမေးတာကြောင့် သူမ ခေါင်းကို ပြန်ဆွဲခွာပြီး ထထိုင်လိုက်ရသည်။

"သူ့အိမ်အကြောင်းပါပဲ၊ တခြားဘာမှ သိပ်မပြောဖြစ်ပေမယ့် အရင်ဖြစ်ခဲ့တဲ့ ပြဿနာကိုတော့ ငါ တောင်းပန်လိုက်တယ်"





"သူက ကျေနပ်သွားရောလား"

"အင်း ပြေပြေလည်လည်ပါပဲ၊ သူလည်း တောင်းပန်တယ်"

"ဘာကိုလဲ"

"ငါ့ကို တောက်ဒ်တွေ ဘာတွေ လှောင်ပြောင်ခဲ့တာတွေပေါ့"

"အေး အဲဒီကိစ္စက သူတို့လွန်ခဲ့တယ်လို့တော့ ပြောလို့မရဘူးဟ၊ နင်က ရန်ကုန်ရောက်လာတာတောင် သနပ်ခါးပါးကွက်ကြီးက မပြောင်းတော့ လူပြောစရာ ဖြစ်တာပေါ့။ တကယ်ဆို သနပ်ခါးမလိမ်းဘဲ မနေနိုင်ရင်တောင် ခပ်ပါးပါး ဖုံ့ဖုံ့ဖွေးဖွေးလေး လိမ်းပေါ့၊ အဲလို မလိမ်းချင်လည်း ညအိပ်ရာဝင်မှ ခြေတွေလက်တွေ အားရပါးရလိမ်းအိပ်ပေါ့"

"ဟင် အဲဒါဆို ငါက နေ့ဘက်ကို ဘာလိမ်းရမှာလဲ"

"ငါတို့လို မိတ်ကပ်လိမ်းချင် လိမ်းပေါ့၊ ဘာမှမလိမ်းလည်း အညာသူဖြစ်ပေမယ့် နင့်မျက်နှာလေးက ဝင်းဝင်းစိုစိုလေးဆိုတော့ လှပြီးသားပါ"

"မဆိုးပါဘူး မယုံရင် အဲဒီသနပ်ခါး ပါးကွက်ကြီးကို မျက်နှာသစ်ပြီး မှန်ကြည့်လိုက်"

ပန်ဒါ စကားကို ယုံကြည်ပြီး သူမ ကပျာကယာ ရေချိုးခန်းထဲသွားကာ မျက်နှာသစ်ပစ်လိုက်သည်။ ပြီးတော့ သဘက်စောင်နှင့် ဖွဖွသုတ်ပြီး ကိုယ်လုံးပေါ် မှန်ကြီးထဲမှာ ကိုယ့်မျက်နှာကိုယ်ကြည့်ကာ မျက်



www.burmeseclassic.com

www.burmeseclassic.com



မှောင်ကြုတ်လိုက် နှာခေါင်းရှုံ့လိုက် ဖြစ်နေ၏။

"ဟာ ဘယ်လိုကြီးမှန်း မသိပါဘူး၊ ပြောင်ပြောင်တင်းတင်းကြီး၊ သနပ်ခါးလေးလိမ်းလိုက်မှ နေသားကျမှာ"

မျက်နှာကို ပွတ်သပ်ပြီး မနေတတ် မထိုင်တတ် ဖြစ်အော်နေသော ပုံပမာကိုကြည့်၍ ပန်ဒါ ရယ်သည်။ ပြီးမှ မှန်တင်ခုံပေါ်က လိုးရှင်းဘူးလေးကို ယူပေးလိုက်၏။

"ဒါကို မျက်နှာရော ခြေတွေလက်တွေပါ လိမ်းလိုက်၊ ပေါင်းတင်ထားသလို အသားလေးတွေ ဝင်းနေလိမ့်မယ်၊ နင်တို့အညာမှာ သနပ်ခါးကို ခြေဆုံးခေါင်းဆုံးလိမ်းပြီး ဘယ်လိုပဲနေနေ၊ ဒီကိုရောက်မှတော့ နည်းနည်းချင်း ပြောင်းလဲကြည့်ပါ၊ မဖြစ်နိုင်တာကို လုပ်ခိုင်းနေတာမှ မဟုတ်ဘဲ၊ နင့်ဆံပင်ကိုလည်း နည်းနည်းပြင်သင့်တယ်"

"ဟင် ငါ့ဆံပင် ကောင်းပါတယ်၊ ငါတို့ဆီမှာဆိုရင် ငါ့ဆံပင်ကို အရမ်းကြိုက်ကြတာ"

"မကောင်းဘူးလို့ မပြောပါဘူး ဆံပင်ကို ညီသွားအောင် အဖျားတွေ တိပြီး အဖြောင့်စင်းလေး ပေါင်းတင်လိုက်၊ နင့်စတိုင်ကို ကြည့်ပြီး ကောင်လေးတွေ ငုတ်တုတ်မေ့သွားမယ်"

"ယောက်ျားတွေ အကြည့်ခံဖို့ အလှပြင်ရမှာလား၊ အဲလိုလုပ်ဖို့တော့ ဝါသနာမပါဘူး"





"အချစ်ကြောင့်တော့ လှဖို့လိုတယ်လေ"

"ငါ့ကို ချစ်မယ့်သူမှ မရှိတာ၊ လှဖို့မလိုပါဘူး၊ ပြီးတော့ လှလို့ချစ်တယ်ဆိုတဲ့ ဒဿနကြီးက တည်မြဲမှု မရှိလို့ အဲဒီအချစ်ကိုလည်း ငါ မယုံဘူး"

ယုံကြည်နေလည်း မတည်မြဲပါဘူးလို့ ပြောပစ်လိုက်ချင်သည်။ ကလှတစ်ခုကြောင့် စိတ်ဆန္ဒတွေ ညွှတ်နူးပြီး ကြယ်စင် ဖွင့်ပြောလာလျှင် ပြန်မြန်လက်ခံလာအောင် လုပ်နေရသည့် ဒုက္ခက မသေးလှ။

"သူ့ဒီဖိုင်းကြီးကို နည်းနည်းလောက် ပြင်ပေးလိုက်စမ်းပါဟာ၊ ကြယ်စင်က ဟန်ဆောင်နေတာမဲ့ဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့၊ တွဲသွား တွဲလာ လုပ်တာတော့ ဆန့်ကျင်ဘက်ကြီး ဖြစ်နေတယ်၊ ကြယ်စင်က ခေတ်စတိုင်နဲ့အလန်း၊ ပုံပမာက တောအထာနဲ့ ရယ်စရာဖြစ်ရင် ငါတို့ ယူငယ်ချင်းတွေပဲ ရှက်စရာကောင်းမှာ"

"အေးလေ ဆန့်ကျင်ဘက်ကြီးက လူတွေ ပိုသတိထားမိတာပေါ့ ပုံပမာနဲ့က ခဏပဲတွဲမှာ၊ အဲဒီကိစ္စပြီးရင် ကြယ်စင် နင့်ဆီပြန်ရောက်လာမှာနော်၊ အဲလိုဆိုရင် လူတွေ သိထားတာ တစ်ယောက်၊ တကယ်တွဲတာ တစ်ယောက်ဖြစ်ရင် နင် ကျုတ်တာပေါ့"

မျိုးကျော်နှင့်ခိုင်ထွန်း ထိုသို့ အုံးစားတော့ ပန်ဒါ စိတ်မပါဘဲ ပုံပမာကို တိုက်တွန်းနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်က ပုံပမာ စိတ်ကြိုက် ပြောင်းလဲနေထိုင်ပြီး အသည်းခွဲ အောင်လက်မှတ်ရလျှင် မိမိဆီ ပြန်လာမှာပဲ မဟုတ်လား။

ထိုအချိန်လေးကို မျှော်လင့်နေရတာ ရင်ထွေးမောဟေမယ့် ပန်းဖါ ပျော်ပါသည်။ အချိန် နာရီတွေကို ဆွဲချလို့ရလျှင် ဘယ်လောက်များ ကောင်းမည်လဲ။

ကြယ်စင်က ပုံပမာကို မြန်မြန်ချစ်ရေးဆို၊ ပုံပမာက မြန်မြန် အဖြေပေး၊ ပြီးလျှင် ဟန်ဆောင်မှုတွေပါဆိုတာ ကြယ်စင်က ဖွင့်ပြောပြီး ပုံပမာကို အသည်းခွဲ။

အဲဒီနောက်မှာ ကြယ်စင်နှင့်သူမ...။

■ ■ ■



## အခန်း (၁၁)

"မင်းက ဘယ်လောက်ထိ အချိန်ဆွဲနေမှာလဲ၊ ပုံပမာကို ဖွင့် မပြောသေးဘူးလား"

"ပြောတာကတော့ လွယ်တာပေါ့၊ သူ့ဆီက ယုံကြည်မှုရပြီလား မရသေးဘူးလား၊ မသေချာသေးတဲ့အချိန်မှာ ဖွင့်ပြောလိုက်ရင် သူ ငြင်းလိုက်တော့ ဘယ်လိုလုပ်မလဲ"

"ပုံပမာ မင်းကို ကြည်ကြည်ဖြူဖြူ ဆက်ဆံနေတာ ငါတို့ မြင်ပါတယ်၊ ခုဆို စားသောက်ဆိုင်တွေ၊ ကော်ဖီဆိုင်တွေထိုင်တာ၊ သင်တန်းခန်းမထဲမှာ စကားပြောဆိုတာတွေအထိ အခြေအနေတွေ တိုးတက်နေပြီ မဟုတ်လား"

"အဲဒါက ရင်းနှီးမှု ပိုလာတဲ့ အဆင့်ပဲ ရှိသေးတယ်လေ၊ ချစ်စကားပြောလောက်အောင်အထိ ယုံကြည်မှု မရသေးဘူး ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်ရဲ့ မပြတ်မသား စကားကြောင့် မျိုးကျော်တို့ နှာခေါင်းရှုံ့သွားကြ၏။ မျိုးကျော်က ပြောင်နေသော သူ့နှဖူးသူပွတ်၍

"ဟန်ဆောင်ချစ်မှာပဲ အဲလောက် အလေးအနက်ထားပြီး ယုံကြည်မှုရလာတဲ့အထိ စောင့်နေစရာလားကွာ၊ မယုံကြည်လို့ ပြန်မချစ်တော့လည်း ဘာဖြစ်လဲ"

"အသည်းခွဲအောင်လက်မှတ် မရရင် ငါ ရင်းခဲ့တဲ့ အချိန်တွေ အလကား ဖြစ်သွားမှာပေါ့၊ ဒါပေမဲ့လည်း တစ်ခုတွေးမိတယ်၊ ပုံပမာ အပြစ်ကြီးကြီးမားမား လုပ်တာလည်း မဟုတ်ဘဲနဲ့ လက်စားချေဖို့ ကြံစည်နေတာ ငါ့ဘက်က လွန်များ လွန်နေသလားလို့"

"လျှောက်မယ်ဆိုပြီး တက်သွားတာ ကြိုးတန်းပေါ်တောင်ရောက်နေပြီ ဆက်လျှောက်ပေါ့ကွာ၊ ယောကျ်ားဆိုတာ စပြီးရင် အဆုံးသတ်နိုင်မှ သတ္တိရှိတာ၊ မင်းကဘာလို့ တွေဝေနေတာလဲ၊ ဘာလဲ ပုံပမာရဲ့ ပြောင်းလဲလာတဲ့ အလှတရားအပေါ် ယစ်မူးနေပြီလား"

"အာ မ မဟုတ်ပါဘူး"

သူ့ရဲ့ ငြင်းဆန်မှုက အဖျားခတ် တုန်ယင်နေပြီး ယောင်လည်လည်ဖြင့် ကော်ဖီခွက်ကို တစ်ကျိုက်တည်း မော့သောက်ပစ်၏။ နိုင်ထွန်းက မျိုးကျော်ကို လက်တို့ပြီး

"ဒီကောင် တစ်ခုခုတော့ ထူးခြားနေတယ်ကွ၊ အရင်က ပုံ





ပမာရှေ့မှာသာ ငါတို့ကို မခေါ်မပြော အထာကြီးနဲ့ နေတာ၊ ကွယ်ရာမှာကျတော့ အလန်းပဲ၊ ခုတော့ ပုံပမာ ကွယ်ရာမှာတောင် အပိုးကျိုးနေပါလား"

"အေး အကျင့်ပါသွားတာ ထင်တယ်ကွ၊ ဟန်ဆောင်မယ်ဆိုပြီ၊ အတည်ဟာတ်ထိသွားပြီ ထင်တယ်၊ ပုံပမာ အသည်းမကွဲဘဲ ပန်ဒါများ အသည်းကွဲနေမလားဘဲ"

"ကျွတ် မင်းတို့ကကွာ ဘာတွေ ဖိဟောက်နေတာလဲ၊ ဒီနေ့ ပုံပမာက ငါ့အိမ်ကို လိုက်လည်မယ်ဆိုလို့ပါ"

"ဘာ"

မျိုးကျော်တို့နှစ်ယောက် ပြိုင်တူ အာမေဍိတ်သံနှင့် မျက်လုံးပြူးသွားကြ၏။

"ပုံပမာက မင်းအိမ်ကို အလည်လိုက်မယ်၊ ဘာလိုက်လုပ်မှာလဲ"

"မင်းမိထွေးနဲ့ ကျိုင်ရှိတယ်နော်၊ ပြဿနာကြီးဖြစ်အောင် ဘာလုပ်ပေးသွားမှာလဲ၊ ဖွင့်မပြောရသေးဘူး ဆိုပြီး ခွေပြမျိုးပြတော့ မဟုတ်လား နော်"

"မဟုတ်ပါဘူး ရင်းနှီးမှု ပိုလာနိုင်တယ်ဆိုပြီး ငါလည်း ခေါ်သွားမှာ၊ အခြေအနေကောင်းရင် အဲဒီကအပြန် ဖွင့်ပြောဖို့လည်း စဥ်းစား



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်"

"အဲလိုဆိုရင်တော့ မဆိုးပါဘူး။ အဘညှ်ကတော့ ငါတို့ လက်မခံဘူးနော်၊ ငါတို့လည်း ပုံပမာကို သိပ်အစားကြေးတာ မဟုတ်ဘူး။ ကြီးကျယ်တဲ့မိန်းမတွေဆို ငါတို့လည်း မင်းလိုပဲ အမြင်ကတ်တယ်၊ ခေါ်လိဝတ်တာစားတာ သူ မျက်မုန်းကျိုးစရာမှ မဟုတ်တာ"

"အေးပါ မင်းတို့ ခံစားမှုနဲ့ ငါ့ခံစားမှုက အတူတူပါပဲ"

မျိုးကျော်တို့ကို ဖြေသိမ့်လိုက်ရပေမယ့် သူ့ရင်ထဲက ဆန္ဒတချို့ ဒွိဟဖြစ် လွန်ဆွဲနေတာ ကိုယ့်ကိုယ်ကိုသာ အသိဆုံး။

ပုံပမာနှင့် တစ်စတစ်စ ရင်းနှီးလာမှ ပုံပမာ စိတ်ရင်းလေးက လေးစားစရာကောင်းမှန်း သူ သိလာသည်။ လျှပ်ပေါ်လော်လီခြင်းလည်း မရှိ၊ ကလက်တက်တက်ဟန် အမူအယာများလည်း မဟုတ်ဘဲ ငြိမ့်ငြိမ့်လေး ဆွဲဆောင်မှု ရှိသူဖြစ်သည်။

စကားပြောချိုသာ ညက်ညောသလို နားဝင်ချွယ်အောင် ဥပမာလေးတွေနှင့်လည်း ပြောဆို စည်းရုံးတတ်သည်။

ဒီအကြောင်းအရာတွေကိုတော့ ဒီအချိန်မှာ မျိုးကျော်တို့ကို ပြောလို့မဖြစ်သေး။ ဒီကောင်တွေက ပန်ဒါရဲ့ ဘက်တော်သားတွေ။ ဘာတွေ ဆက်ဖြစ်လာမလဲ ကြိုမသိနိုင်ပေမယ့် သေချာတာက ယက်စားဖို့ ရန်လိုစိတ်တွေ မရှိတော့တဲ့ ပုံပမာရဲ့ သိမ်းသွင်းမှုတွေမှာ ပျော်ဝင်ချင်သ





သန္တာတွေ အစပျိုးနေတာပဲဖြစ်သည်။

"ဟိုတင်ကောင် ဟိုမှာ ပုံပမာ လာနေတယ်၊ မင်းအိမ်ကို ခေါ်သွားမှာလား"

မျိုးကျော်တို့ကို ခေါင်းညိတ်ပြပြီး ကြယ်စင် မတ်တပ်ရပ်ပြီးသား ဖြစ်သွား၏၊ မျိုးကျော်တို့ကိုလည်း တည်တည်ငြိမ်ငြိမ်နေပြီး ပါးစပ်မဆော့ဖို့ သတိပေးလိုက်သည်။

ယောကျ်ားသား အများစုရှိသော သူတို့နေရာလေးကို ပုံပမာ မလာမှန်းသိပေမယ့် ပုံပမာဆီ ထသွားဖို့လည်း ကျွန်ရရပဲ ဖြစ်ချင်သည်။

"ပန်ဒါက ကားနဲ့လိုက်မပို့ဘူး ထင်တယ်၊ သူ့တစ်ယောက်တည်း ဆိုင်ထဲဝင်လာရင် ကြောင်တောင်တောင် ဖြစ်နေမှာ၊ ငါ သွားတော့မယ်နော်"

"ဟာ သူ့ဘာသာ ဝင်လာပစေပေါ့ ဘာတွေ အကဲပိုနေတာလဲ"

"နေစမ်းပါကွာ မင်းကို ပတ်သက်လာရင် မင်းသူငယ်ချင်းတွေ ဖြစ်တဲ့ ငါတို့ကိုလည်း ပတ်သက်ရမယ်ဆိုတာ သူ သဘောပေါက်ရမှာပေါ့ ယ်၊ အဲလောက်ကြီး ခင်ခြင်နေတာ ပုံမှန်မဟုတ်တော့ဘူး လာ ပြန်ထိုင်"

မျိုးကျော်နှင့်နိုင်ထွန်းက တစ်ဖက်တစ်ချက်စီ ဆွဲ၍ ပြန်ထိုင်ခိုင်းတာမို့ ထိုင်ခုံပေါ် ဇင်ထိုင်ပြန်ကျသွား၏။ ပုံပမာက ဆိုင်လေးထဲကို ဟိုဒီဝေ့ဝဲကြည့်ပြီး သူတို့အဖွဲ့ ထိုင်နေသော စားပွဲဝိုင်းကို ငြိမ့်ညောင်းသိမ်မွေ့



www.burmeseclassic.com

www.burmeseclassic.com



စွာ လျှောက်လာသည်။

မျိုးကျော်တို့ကို မြင်လိုက်တော့ ခြေလှမ်း တုံ့ခနဲ ဖြစ်သွားတာမို့ သူ့ကိုတစ်မျိုးမြင်ကာ နောက်ပြန်လှည့်တော့မလား စိုးရိမ်လိုက်မိ၏။ ဒါပေမဲ့ ပုံပမာက ပုံမှန်ခြေလှမ်းများဖြင့် ဆက်လျှောက်လာသည်။ ရဲစို အိထွေးနေသော နှုတ်ခမ်းလေးမှာ မပွင့်တပွင့် အပြုံးများနှင့်

"ဟို ပုံပမာ တစ်ယောက်တည်း လာမယ်မှန်းသိရင် ကျွန်တော် ဆိုင်အပြင်ကနေ စောင့်နေပါတယ်၊ ပန်ဒါက ဘာလို့ ကားနဲ့ လိုက်မပို့ ဘာလဲ"

"သူက လမ်းငါးဆယ်မှာ နောက်ထပ်သင်တန်းတစ်ခု သွား စုံစမ်းမယ်ဆိုတော့ တစ်လမ်းစီ ဖြစ်နေတာနဲ့ လိုက်မပို့နိုင်းတာပါ၊ သူ့ကို ကားမပေးလိုက်ရင်လည်း ဟိုနေ့ကလို အဒေါ်က အဆူခံနေရမှာစိုးတာနဲ့ တစ်ယောက်တည်း ထွက်လာတာ၊ အပြန်ကျရင် တက္ကစီငှားပြန်လို့ ရတာပဲ"

"ဟင် ပန်ဒါအမေက သူ့သမီးကို ကားမပေးရင် ပုံပမာကို ဆူတယ်ပေါ့၊ အဲဒီကားက ပုံပမာ ကားမဟုတ်ဘူးလား"

"ဟုတ်ပေမယ့် သူတို့အိမ်မှာ နေရတာ သူ့ပစ္စည်း ကိုယ့်ပစ္စည်း ခွဲနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ပုံပုံက ကားမမောင်းတတ်တော့ ကိုယ်သွားချင်တဲ့နေရာ ပန်ဒါကို လိုက်ပို့ခိုင်းရတာလည်း အားနာတယ်"





"အဲဒါဆိုလည်း ကားမောင်းသင်ထားပေါ့ ပုံပမာရယ်၊ ကားရှိပြီး ...ားမောင်းမတတ်ရင် ခြေချိုးထားသလိုပဲ"

"အဲလို သင်မယ်ဆိုတော့လည်း ဒေါ်လေးက တစ်ခုခုဖြစ်မှာ ...လို့ မသင်ရဘူးတဲ့၊ သွားချင်တဲ့နေရာ ပန်ဒါ လိုက်ပို့လိမ့်မယ်လို့ ...ပြာတယ်"

"အာ"

မျိုးကျော်တို့နှစ်ယောက်ရော သူရော မျက်လုံးချင်းဆုံသွားကာ ...ပါအမေရဲ့ အထာကို သဘောပေါက်မိသလို ဖြစ်သွား၏။ ပုံပမာ ...ကို သူ့သမီး ပန်ဒါကိုသာ ကိုယ်ပိုင်ကားလို မောင်းခိုင်းချင်တာ ...ပည်။

"ဟိတ်ကောင် ပုံပမာက မတ်တပ်ကြီး ထိုင်ခိုင်းဦးလေ၊ တစ်ခုခု ...သောက်ပြီးမှ သွားချင်တဲ့နေရာ သွားကြပေါ့"

"မျိုးကျော် မင်းက စွတ်ပြောနေ၊ ပုံပမာက ငါတို့ယောကျ်ား ...ဝိုင်းမှာထိုင်ချင်ရဲ့လား မသိဘဲနဲ့ သူက ငါတို့ကို သိပ်အထာကြည် ... မဟုတ်ဘူး"

နိုင်ထွန်းတို့ ပေါ်တင်ဖွဲ့နေတာမို့ ပုံပမာ စိတ်ဆိုးသွားမည် ...ယ်လည်း အားတုံ့အားနာ အပြုံးလေးနှင့် ပုံပမာ ဝင်ထိုင်လိုက်တာ ...ယ်စင် အံ့ဩသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့က ပုံပုံကို ဣန္ဒြေကြီး တစ်ခွဲသားနဲ့ ကြီးကျယ်လွန်းဝဲ့ သူလို့ ထင်နေကြတယ် ထင်တယ်၊ ပုံပုံက အဲလိုသဘောနဲ့ မဟုတ်ပါဘူ၊ ဟို ပုံပုံပြောတာကို စိတ်တော့ မဆိုးကြနဲ့နော်၊ ပုံပုံတို့နယ်မှာဆိုရင် လူကြီးသူမတွေက ပါးစပ်သရမ်း စတတ်နောက်တတ်တဲ့သူတွေနဲ့ မပေါင်း၊ နဲ့ မိန်းကလေးတွေနဲ့ ဗရုတ်သုတ်ခနေတတ်တဲ့ကောင်လေးတွေကို အထင် မကြီးရဘူး ဘာညာ အဲလို ဆုံးမတတ်ကြတယ်၊ မိန်းကလေးတွေ့ အသိစိတ်ထဲမှာလည်း အဲလိုလူမျိုးတွေနဲ့ မပတ်သက်အောင် ကိုယ့် ဂုဏ်သိက္ခာကို ထိန်းကြတယ်"

"အဲဒါကြောင့် ကျွန်တော်တို့ကို ပန်ဒါ မိတ်ဆက်ပေးတာတော် လူလိုသူလို အသိအမှတ်မပြုခဲ့တာပေါ့ ဟုတ်လား"

"မဟုတ်ဘူးလို့ လိမ်ပြောစရာ အကြောင်းတော့ မရှိပါဘူ၊ အဲဒါ အမှန်ပါပဲ၊ အဲဒီအချိန်တုန်းကလည်း ရှင်တို့နဲ့ ဒီလို တည်တည်ငြိ ငြိမ် ဆုံတွေ့ခဲ့ရတာ မဟုတ်ဘူးလေ၊ ဗရုတ်ဗရက် လျှောင်ပြောင်သရေ နေကြတာ မဟုတ်ဘူးလား၊ ပန်ဒါနဲ့လည်း တရှုန်းရှုန်းနဲ့ဆိုတော့ ပုံ ရှောင်ထွက်သွားခဲ့တာပါ၊ အဲဒါ ပုံပုံ မှားသလား"

"မ မမှားပါဘူး၊ ပုံပုံ စိတ်ကို နားလည်နေလို့ ဒီကောင်တွေ ငြိမ်ငြိမ်လေးနေပါလို့ ကျွန်တော် ပြောထားတာပါ"

"အဲလို ဘာလို့ပြောရတာလဲ ကြယ်စင်ရယ်၊ သူတို့က ပုံပုံ





အိုဗာများလွန်းတယ်လို့ ထင်တော့မှာပဲ၊ ပတ်ဝန်းကျင် အမြင်မသင့်တော် ရင် ပုံပုံဘာသာ ရှောင်ထွက်သွားမှာပေါ့"

"ဗျာ ကျွန်တော်တို့က ပတ်ဝန်းကျင်အမြင် မသင့်တော်အောင် ဘာတွေလုပ်နေလို့လဲ"

နိုင်ထွန်းက အသံရှုးရှုးဖြင့် ဒေါသဖြစ်စွာ မခံမရပ်နိုင် မေးတော့ ပုံပမာက ပါးစပ်လေးကို လက်နှင့်အုပ်ကာ ရယ်သည်။

"ဟင်း ဟင်း ရှိုင်းရှိုင်းစိုင်းစိုင်း ပိုးစိုးပက်စက် ပတ်ဝန်းကျင် အမြင်မတော်တာကို ပြောတာ မဟုတ်ပါဘူး။ ဥပမာ ရှင်တို့အဖွဲ့နဲ့ ပန်ဒါ နေတာထိုင်တာကို ကြည့်လေ၊ မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေး သုံးယောက် တရှုန်းရှုန်းနဲ့ ပတ်ဝန်းကျင်ကို ဂရုမစိုက်တဲ့ သံသေးသံကြောင် ပြောကြရယ်ကြတယ်၊ သွားကြစားကြတယ်၊ ဘယ်လိုပဲ ရှင်တို့စိတ်တွေထဲ မှာ သူငယ်ချင်းပါဆိုပြီး ရိုးသားရိုးသား ပတ်ဝန်းကျင်အမြင်မှာတော့ ဘာလဲလို့ အထင်သေးသွားကြတာပဲ"

"အာ ကျွန်တော်တို့က ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပေါင်း သင်းနေကြတဲ့ သူငယ်ချင်းတွေပါ"

"ဟုတ်ပါတယ် ပုံပုံကလည်း မရိုးသားဘူးလို့ မပြောပါဘူး၊ ဒါပေမဲ့ ခေတ်အမြင် ခေတ်အတွေးနဲ့ ဘယ်လိုပဲပြောင်းလဲပြီး ဖလမ်း ဖလမ်းနေပါစေ မြန်မာအသွေးအရည်နဲ့ မြန်မာစိတ်ဓာတ်တော့ လူတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိကြပါတယ်၊ ပုံပုံ စကားတွေက နိုင်ငံနဲ့ချီပြီး ကြီးကျယ်တယ်လို့တော့ မထင်နဲ့နော်၊ ရှင်တို့ရွာ ယောကျ်ားလေးတွေနဲ့ ပလူးပြီး အနေအထိုင်ကလက်တဲ့ မိန်းကလေးကို အထင်ကြီးနိုင် တန်ဖိုးထားနိုင်ကြလား"

ပုံပမာ မေးခွန်းကို သုံးယောက်လုံး သွက်သွက်လက်လက် ခေါင်းယမ်းကြသည်။

"ဘာလို့ အထင်ကြီးရမှာလဲ၊ ကျွန်တော့်ညီမတွေ အဲလို ဗရုတ်သုတ်ခကောင်တွေနဲ့ ပေါင်းကြည့်ပါလား၊ တွေ့တဲ့နေရာမှာ ရိုက်သတ်ပစ်မှာ"

"ကျွန်တော့်ကိုတော့ ဗရုတ်ဗရက်နဲ့ ပေါ့ပေါ့တန်တန်နေတတ်တဲ့ ကောင်ဆိုပြီး အမျိုးတွေက ဝိုင်းကျဉ်ထားတာ၊ ဘိုးဘိုး မွေးနေ့မှာ သွား ဆုံရင်တောင် ဂေါ်လီကောင် ဂျပိုးကောင်တဲ့ နှာခေါင်းရှုံ့ကြတယ်"

နိုင်ထွန်းနှင့်မျိုးကျော်က ဝန်ခံနေပေမယ့် ကြယ်စင်ခ ရေငုံနှုတ်ပိတ်ငြိမ်သက်နေ၏။

"ကြယ်စင် ရှင့်မှာရော ပြောစရာ မရှိဘူးလား"

"ကျွန်တော့်မှာ အစ်မတွေ ညီမတွေ မရှိဘူး၊ မွေးထုတ်ထားတဲ့ သက်ရှိထင်ရှားအမေလည်း မရှိသလို ဆွေမျိုးလည်း နည်းတော့ ပြောစရာ သိပ်မရှိပါဘူး"

"ဒါဆို ရှင့်အနားမှာ ရှိနေပြီး ရှင့်ကို သဘောကျပါတယ်လို့





ပွင့်ပွင့်လင်းလင်း ဝန်ခံရဲတဲ့ ပန်ဒါကို ရှင် ဘာလို့ ချစ်သူမတော်တာလဲ၊ စိတ်မဝင်စားတာလဲ"

"ဟင် အဲ အဲဒါ"

"ရှင်ဖြေဖို့ အဲလောက် ခက်ခဲနေရင် ပုံပုံ ပြောပြမယ်၊ ပန်ဒါက ရှင်တို့ယောကျ်ားလေးတွေနဲ့ ရောနှောပြီး ပေါ့ပျက်ပျက် ဗရုတ်ဗရက်နေလို့ ရှင် အထင်မကြီးနိုင်တာလေ မဟုတ်ဘူးလား၊ ရှင်အခု ပြုပြင်ပြောင်းလဲလောက်အောင် စိတ်ဝင်စားနေတဲ့ မိန်းကလေးက ဘယ်သူလဲဆိုတာ မသိပေမယ့် ပန်ဒါလို ဗရုတ်သုတ်ခ ပေါ့ပျက်ပျက် မိန်းကလေးတော့ မဟုတ်ဘူး မဟုတ်လား"

"ဟုတ် ဟုတ်ပါတယ် မျိုးကျော်တို့လို ကျွန်တော်လည်း ဝန်ခံရတော့မှာပေါ့၊ ပုံပမာ ပြောသလိုပဲ ပန်ဒါကို အထင်ကြီးလို့ မရတာပါ၊ သူငယ်ချင်းတွေအဖြစ်နဲ့ ရင်းနှီးပွင့်လင်းပြီး ဆက်ဆံရတာကိုတော့ ပျော်ပါတယ်၊ ဒါပေမဲ့ ချစ်သူဘဝကနေ လက်တွဲဖို့အထိတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ကြယ်စင် ဝန်ခံစကားကို ကြားလိုက်ရတော့ ပုံပမာက အောင်နိုင်သူ တစ်ယောက်လို ခပ်မော့မော့ ပြုံးကာ

"အခု ရှင်တို့ အပြုအမူတွေနဲ့ ဝန်ခံစကားတွေကို ပြန်စဉ်းစားပြီး ပုံပုံ မှားလား၊ မမှားဘူးလားဆိုတာ သဘောပေါက်လောက်ပါပြီနော်၊



www.burmeseclassic.com

www.burmeseclassic.com



ပုံပုံ အခု တစ်ခါတည်း ရှင်းရှင်းပဲပြောမယ်၊ ရှင်တို့အားလုံး ဖလမ်းဖလမ်းထပြီး အပြောင်အနောက်မရှိ တည်တည်ငြိမ်ငြိမ်ဆိုရင် ပုံပုံ ခေါ် ပြောဆက်ဆံဖို့ ဝန်မလေးပါဘူး။ အဲလို မဟုတ်ဘူးဆိုရင်တော့ ပုံပုံက ဘယ်လိုလူမျိုးကိုမှ အားနာနေမှာ မဟုတ်ဘူး။ မျက်နှာလွှဲ ရှောင်ထွက်သွားမှာကို ပြောတာ"

"စိတ်ကြီးလိုက်တာ"

နိုင်ထွန်းက အပြောင်အပျက် မဟုတ်ဘဲ အတည်စနောက်၏။ ဒါကိုတော့ ပုံပမာက စိတ်မဆိုးပါ။ အပြုံးတစ်စနှင့် ထရပ်လိုက်ပြီး

"တစ်ယောက်ကိုတစ်ယောက် လေးစားမှုနဲ့ ခင်မင်ကြတာ တန်ဖိုးရှိပါတယ်၊ ယောကျ်ားမိန်းမတွဲပြီး အပေါင်းအသင်း မလုပ်ရဘူးလို့ အမြင်ကျဉ်းကျဉ်းနဲ့ ပြောနေတာ မဟုတ်ပါဘူး၊ ကိုယ်က ဂုဏ်သိက္ခာရှိမှ ကိုယ်ပေါင်းတဲ့ အပေါင်းအသင်း ကိုယ့်မိသားစုအားလုံး ဂုဏ်သိက္ခာရှိကြမှာပေါ့။ ခေတ်ရေစီးကြောင်းပေါ်က မိန်းကလေးဆိုပေမယ့် သူများတွေ အထင်သေးခံရမယ့် ပုံပမာ မဖြစ်ချင်ဘူး"

"လေးစားပါတယ်"

"ပုံပမာနဲ့ နောက်လည်း ဆုံချင်ပါတယ်"

နိုင်ထွန်းနှင့်မျိုးကျော်က အူလှိုက်သည်းလှိုက်ပဲ မတ်တပ်ထရပ်ပြီး ပြောသည်။ ကြယ်စင်ခက ပုံပမာကို တလေးတစားပင် ထိုင်ရာမထ





ငေးကြည့်နေ၏။

"အယ် ကြယ်စင်ခ ရှင့်အိမ်ကို ပုံပုံ မလိုက်ရတော့ဘူးလား။ အိမ်ပြန်အရမ်းနောက်ကျလို့ မဖြစ်ဘူးနော်၊ ဒေါ်လေးနဲ့ ဦးလေးအောင် အဆိုခံရလိမ့်မယ်"

"ဪ အင်း ဟုတ်ကဲ့ သွားကြမယ်လေ ပုံပမာ"

အခုမှ ကြယ်စင်ခ ဖြုန်းခနဲ ထရပ်သည်။ ပုံပမာက ခြေလှမ်းမရွှေ့သေးဘဲနှင့်

"ရှင့်အိမ်ကို ဂုဏ်သိက္ခာမဲ့တဲ့ မိန်းမတစ်ယောက်ပုံစံမျိုးနဲ့ လိုက်လည်တာ မဟုတ်ဘူးနော်၊ မိထွေးနဲ့ ရှင်ရဲ့ကြားက မပြေလည်မှုတွေက ဘယ်သူ့မှားနေလဲဆိုတာ သေချာသိချင်လို့"

"ဘာကြောင့်ပဲဖြစ်ဖြစ် မင်းကို ကိုယ် အထင်သေးမိမှာ မဟုတ်ပါဘူး ပုံပမာ"

တိုးတိတ်စွာ ပြောမိခြင်းက နှုတ်ဖျားက သာမန်ကာ လျှံကာထွက်လာခြင်း မဟုတ်။ ရင်ထဲက လှိုက်လှဲစွာ ပြောမိခြင်းဖြစ်သည်။

လေးစားမှုက ဆက်နွယ်မှုရဲ့ ပြတင်းတံခါးပေါက်ဖြစ်ခဲ့လျှင် လုံခြုံစွာ သိမ်းပိုက်ဖို့ အခွင့်အရေးပါ ပေးလိုက်ချင်၏။

မြတ်နိုးစွာ ရှင်သန်ခွင့်ပေးပါ ပုံပမာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"အဲဒါတွေ ဘာလုပ်ဖို့လဲ ပုံပမာ"

မီနီမတ်တစ်ခုထဲကို ဝင်ပြီး အသီးအနှံတွေနှင့် မုန့်ပုံးတွေ အချိုရည်ဘူးတွေ တပွေ့တပိုက်ကြီး ဝယ်နေတာမို့ ကြယ်စင်ခ မေးလိုက်မိခြင်း ဖြစ်သည်။ သူ့အိမ်ကို အလည်လိုက်မယ့်သူက ဒါတွေ အများကြီး ဘယ်ကိုသယ်သွားမှာလဲ မသိ။

ပုံပမာက သူ မေးတာကို မဖြေဘဲ ကောင်တာမှာ ငွေရှင်းပြီး သူ့ကိုလည်း ပစ္စည်းတွေ သယ်ခိုင်း၏။ သူက လက်နှစ်ဖက်နှင့် အိတ်နှစ်လုံးကို ဆွဲပြီး သူမနောက်က တကောက်ကောက်။

"ရှင့်အိမ်က ဝေးသေးလား။ ပုံပုံတို့ တက္ကစီငှားသွားကြမယ် ကြယ်စင်"





"ဟင် ဒါတွေက ကိုယ့်အိမ်ဖို့လား"

"အင်းလေ လက်ဗလာကြီးနဲ့ ဝင်ရမှာ အားနာစရာကြီး"

"ဘာအားနာရမှာလဲ အဲဒါ ကိုယ့်အိမ်ပဲ၊ ဒီအချိန်ဆို ဖေဖေလည်းရှိမှာ မဟုတ်ဘူး။ မိထွေးကိုတော့ လုံးဝ ဂရုစိုက်စရာ မလိုတာ ပုံပမာ"

"ရှင် အဲလို မပြောနဲ့ ကြယ်စင်၊ ရှင်လည်း အသက်ကြီးလို့ လူကြီးတစ်ယောက် ဖြစ်လာရင် ဦးစားပေးခံချင် ဂရုစိုက်ခံချင်လာမှာပဲ၊ ငါပြောတာ မှန်တယ်၊ ငါလုပ်တာ မှန်တယ်ဆိုတဲ့ အတ္တတွေလည်း ဝင်လာမှာပဲ၊ ဒီလိုအရွယ် ဒီလိုလူကြီးတွေကို နားလည်မှု မရှိ ကလန်ကဆန်လုပ်နေရင် ဘယ်တော့မှ သဟဇာတ ဖြစ်မှာမဟုတ်ဘူး"

"သူက ကိုယ့်မိထွေး"

"ကဲ တော်ပါ ဟိုရောက်ရင် ရှင်နဲ့စကားပြောဖြစ်မှာ မဟုတ်ဘူး။ ရှင် နေသာသလိုနေ၊ ရှင့်အခန်းထဲ သွားနေချင်နေ၊ ပုံပုံက အိမ်ကို အလည်လိုက်တာဆိုတော့ အိမ်ကလူတွေနဲ့ပဲ စကားပြောမယ်"

"ဘာ ကိုယ်က"

"ရှင် မကျေနပ်ရင် အခုကတည်းက မလိုက်တော့ဘူးနော်"

ပုံပမာ ခြိမ်းခြောက်လိုက်တော့ ကြယ်စင်ခပါ ပါးစပ်ပိတ်သွားသည်။ အလှမ်းမဝေးတော့ပေမယ့် ကြယ်စင်ခတို့အိမ်ကို တက္ကစီကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



သာ ရောက်လာခဲ့ကြသည်။ အိမ်က ဆိတ်ငြိမ်ရပ်ကွက်ထဲမှာမို့ အဆင့်အတန်း တစ်ခုကိုတော့ ခန့်မှန်းမိ၏။

ခြံဝင်းအကျယ်ကြီးမဟုတ်ပေမယ့် အိမ်ရှေ့မျက်နှာစာမှာ ပန်းအိုးလေးတွေ အစီအရီနှင့် လှပသော ဒန်းလေးတစ်ခုလည်း ရှိသည်။ သံပန်းတံခါးက စေ့ရုံစေ့ထားတာမို့ ကြယ်စင်ခ တွန်းဖွင့်ဝင်သွားသည့်အတိုင်း သူမလည်း လိုက်ဝင်လာခဲ့သည်။

ဧည့်ခန်းကျယ်မှာ တီဗွီ ထိုင်ကြည့်နေသော ခြောက်နှစ်အရွယ်ကောင်မလေးက ကြယ်စင်ခကို မြင်သည်နှင့် အပြေးထလာကာ လက်ဆွဲသည်။

"ကိုကိုကြီး မီးမီးဖို့ မုန့်တွေဝယ်လာတာလား"

"ဘာလို့ ဝယ်ရမှာလဲ၊ သွားစမ်းပါ ကိုယ့်နေရာကိုယ်"

ကြယ်စင်ခ ငေါက်ငမ်းလိုက်တော့ ကောင်မလေး ငိုမဲ့မဲ့ဖြင့် ထိုင်နေကျနေရာမှာ ငြိမ်ငြိမ်ကုပ်ကုပ်လေး သွားပြန်ထိုင်သည်။ မပြေလည်မှုအစကို သိလိုက်ပေမယ့် ကြယ်စင်ခကို ဘာမှမပြောဖြစ်ဘဲ ပုံပမာအသံတိတ် လေ့လာနေလိုက်၏။

ထိုခဏမှာ အသက်သုံးဆယ့်ငါးနှစ်ဝန်းကျင်ခန့် အမျိုးသမီးတစ်ယောက် မီးဖိုခန်းဘက်က ထွက်လာသည်။

"ဩော် ဧည့်သည်ပါလာတာ ထင်တယ်၊ မီးမီးရေ သမီး





ကိုဖွင့်ပိတ်ပြီး အခန်းထဲ သွားနေလေ၊ ဧည့်ခန်းဘဲမှာ ဧည့်သည်ထိုင်မယ်လေနော် သမီး"

ကောင်မလေးက ဟုတ်ကဲ့ဟုဆိုကာ အောက်ထပ်က အခန်းတစ်ခန်းထဲ ပြေးဝင်သွားသည်။ ထိုအချိန်မှ မျက်နှာကြောတင်းတင်းနှင့် ကြယ်စင်ခက အိတ်နှစ်လုံးကို စားပွဲပေါ်တင်ပြီး

"ထိုင်ဦး ပုံပမာ ကိုယ်ချွေးတွေပြန်နေလို့ အဝတ်အစား သွားလဲလိုက်ဦးမယ်၊ ဒေါ်ဒေစီ ဧည့်သည်အတွက် အအေးတစ်ခွက်လောက်လုပ်ပေးလိုက်ပါ"

လေသံမာမာနှင့်ပြောပြီး ကြယ်စင်ခအပေါ်ထပ် တက်သွား၏။ ဒေါ်ဒေစီက ကြယ်စင်ခ ကျောပြင်ကိုကြည့်ပြီး မျက်စောင်းဝင့်လိုက်ပေမယ့်ပုံပမာဘက်ကို လှည့်အကြည့်မှာတော့ အပြုံးချိုချိုနှင့်ပါ။

"ခဏလေးနော် သမီးလေး၊ အန်တီ အအေးသွားဖျော်လိုက်ဦးမယ်"

"နေပါစေ အန်တီ၊ လမ်းမှာလည်း သောက်လာခဲ့လို့ ပုံပုံပြည့်နေပါတယ်၊ ဟို ဒီမှာ ခဏလောက် လာထိုင်ပေးလို့ ရမလားဟင်"

"ထိုင်လို့တော့ ရပါတယ်၊ ဒါပေမဲ့ ကြယ်စင်က သူ့ဧည့်သည်လာရင် အန်တီတို့သားအမိတွေ အပြင်ထွက်နေတာတောင် ကြိုက်တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဝော်ဝော်နဲ့ အပြင်ထွက်လာမှာ မဟုတ်ပါဘူး အန်တီ၊ ဒီမှာ အန်တီတို့အတွက် လက်ဆောင်တွေလည်း ဝယ်လာလို့ပါ"

"ဟင် လက်ဆောင်တွေ ဝယ်လာတယ် ဟုတ်လား။ ဟို အန်တီ မေးမှာ စိတ်တော့မဆိုးပါနဲ့နော်၊ ဒီက သမီးလေးက ကြယ်စင် ချစ်သူလား၊ သူငယ်ချင်းလားဟင်၊ အရင် လာနေကြ သူငယ်ချင်းတွေနဲ့ မတူဘဲ အန်တီတို့ကို ဖော်ဖော်ရွေရွေ ဆက်ဆံလို့ပါ"

"အခုမှ ခင်ကြည့်ဖို့ စဉ်းစားနေဆဲပါ၊ အရင် သူငယ်ချင်းတွေက ဒီအိမ်ကို အလည်လာတတ်ကြတယ်ပေါ့"

"အမြဲတော့ မဟုတ်ပါဘူး၊ ကြယ်စင်နဲ့ အန်တီ စကားပြော အဆင်မပြေ ပြဿနာတက်ပြီး နောက်နေ့ဆို သူတို့တွေ ပါလာတတ်ပြီ၊ အိမ်မှာ ဝုန်းဒိုင်းကျဲ သောင်းကျန်းကြတယ်၊ အန်တီ ညစာမနက်စာ ချက်ထားတာတွေရော ဝယ်ခြမ်းထားတာတွေရော အကုန်စားကြ သောက် ကြနဲ့ အရှုံ့တိုက်တဲ့သဘောပေါ့"

"ဩော် အဲလို ဆိုးဆိုးဝါးဝါးလား။ သူငယ်ချင်းတွေက ဖျန်ဖြေ ဖျောင်းဖျမှု မရှိလို့ ကြယ်စင် ပိုဆိုးနေတာနေမှာ"

သူမ ခဏခြင်းမှာပင် အခြေအနေအရပ်ရပ်ကို သဘောပေါက် လိုက်သည်။ အမြဲတမ်း တိုက်ခိုက်ခံနေရရင် ဘယ်သူက သည်းခံနိုင် မှာလဲ။ မိထွေးဆိုသော်လည်း အရမ်းအသက်ကြီးသေးတာ မဟုတ်တော့





ကစစ အရာရာ ဖုံးဖိသည်းခံနိုင်မှာ မဟုတ်။

"ဟိုလေ ပုံပုံကိုတော့ အဲဒီသူငယ်ချင်းတွေနဲ့တန်းတူ မထင် လိုက်ပါနဲ့နော်၊ ပုံပုံက အန်တီတို့နဲ့ကို တွေ့ချင်လို့ လိုက်လာတာပါ"

"မထင်ပါဘူးကွယ်၊ မြင်ရုံနဲ့ ပော့ပော့ရမ်းရမ်း မဟုတ်ဘူး ဆိုတာ အန်တီ သိပါတယ်၊ အန်တီတို့ကို တွေ့ဖို့ လိုက်လာတယ်ဆိုတဲ့ အတွက်လည်း ကျေးဇူးတင်တယ်၊ နောက်တစ်ခါ လာရင် လက်ဆောင် ပစ္စည်းတွေ ယူမလာပါနဲ့ကွယ်၊ အခုလည်း ညစာစားပြီးမှ ပြန်နော်၊ အန်တီ ချက်ပြုတ်ပြီးနေပါပြီ"

"စားတော့ မစားတော့ပါဘူး အန်တီ၊ အိမ်ပြန်နောက်ကျလို့ ဖြစ်လို့ပါ၊ ဩော် ဒီမှာ အန်တီ့မွေးချင်းမောင်နှမတွေလည်း မတွေ့ဘူး နော်၊ အတူတူနေကြတာ မဟုတ်ဘူးလား"

"မနေပါဘူးကွယ်၊ သူတို့က သာကေတဘက်မှာ အမေ့ဘက်က ကျန်တဲ့ အဒေါ်တစ်ယောက်နဲ့ နေတယ်၊ အဲဒီအဒေါ်ကပဲ ချက်ပြုတ်ကျွေး စောင့်ရှောက်နေတာပေါ့၊ ငွေကြေးထောက်ပံ့ပေးနေရတယ်ဆိုပေမယ့် ကိုယ်ဖိရင်ဖိ စောင့်ရှောက်မှု မပေးနိုင်တော့ အခုမှ အိမ်ထောင်ပြုမိတာ မှားမှန်း သိတော့တယ်"

"သူတို့တွေက အိမ်ထောင်တွေ မကျသေးဘူးလား"

"ကျောင်းသားအရွယ် ငယ်ကြပါသေးတယ်၊ ကျောင်းပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိုယ်စီ ရှကြရင်တော့ သူတို့ဘဝလေးတွေ သူတို့ ရပ်တည်နိုင်ကြတော့မှာပါ၊ အပျိုဘဝတုန်းကတော့ ကိုယ်ဖိရင်ဖိလည်း စောင့်ရှောက်နိုင်တယ်၊ အခုတော့ လိုတာထက် ပိုလာရင်လည်း ယောကျ်ား ပြီးပြင်မှာကြောက်၊ လင်ပါသား ငြိုငြင်မှာကြောက်နဲ့ မရှုနိုင်မကယ်နိုင် တော်တော်လေး စိတ်ဒုက္ခရောက်ပါတယ်း"

ဒေါ်ဒေစီရဲ့ ညည်းညူမှုက သူမ ရင်ကိုတောင် အပူတွေ ကူးစက်လာသလိုပင်။ စိတ်တိုင်းမကျမှုတွေကြောင့် ကြယ်စင်နှင့်အမြဲလိုလို ပြဿနာဖြစ်နေကြတာပဲပေါ့။ သူမ မှန်းဆ၍ ပြောလိုက်သော နားလည်မှုလိုနေသည်ဆိုတာ အမှန်တကယ် ဖြစ်နေပါရောလား။ ခုချိန်ထိ ကြယ်စင် ပြန်ထွက်မလာသေးတာကြောင့် သူမတို့ ပြောဆိုနေရတာတော့ လွတ်လပ်နေပါသည်။

"အန်ကယ်လည်း စိတ်ပင်ပန်းနေမယ် ထင်တယ်နော်"

"ပင်ပန်းတာပေါ့ကွယ်၊ သားကတစ်မျိုး မယားကတစ်မျိုး မဟုတ်လား။ အန်တီ့မိသားစုကိစ္စတွေကို တာဝန်ယူပါမယ်ဆိုပြီး လက်ထပ်ခဲ့တော့ ဒီဘက်မှာ တာဝန်တွေ ပျက်ကွက်လို့မရ၊ သားကလည်း မိထွေးဘက်က အပိုင်စီးတယ်ထင်ပြီး အရွဲ့တိုက် သုံးဖြုန်းနဲ့စီးပွားရေးလည်း ယွဲ့ယွဲ့ပဲ ရှိတော့တယ်၊ ဒါပေမဲ့ ဘဏ်မှာရှိတဲ့ သူ့သားပိုက်ဆံတွေတော့ မအေအမွေဆိုပြီး တစ်ပြားတစ်ချပ်မှ ထိတာမဟုတ်ဘူး။ ဒါတောင် သား၊





တော်မောင်က တစ်ခုမှ အကောင်းမမြင်တဲ့အပြင် သူ့ကားကို အန်တီသုံးမှာစိုးလို့ဆိုပြီး ဝပ်ရှော့ကနေတောင် ပြန်မယူတာ မဟုတ်ဘူး"

"ဟင်"

ကြယ်စင်ခမှာ ကားရှိတာ သူမ မသိ။ ဒီလောက်ထိ စိတ်ပုတ်စိတ်ယုတ်ရှိလိမ့်မည်ဟုလည်း မထင်မိ။

လူပေါင်းမှားလျှင် ခွေဂုဏ်မျိုးဂုဏ် ပျက်ရသည်ဆိုတာ အမှန်ပင်။ အမှန်တကယ်ဆို ကြယ်စင် မှားနေတာတောင် သူငယ်ချင်းတွေက ညှိမတ်လမ်းပြပေးရမှာ မဟုတ်ပါလား။ အခုတော့ အလိုတူ အလိုပါ ားပေးတိုက်တွန်းနေတော့ ကြယ်စင်ခလိုလူ လူကောင်းတစ်ယောက် ယ်ဖြစ်လာပါတော့မလဲ။

သူမကရော ဘာကြောင့်များ ကိုယ်နဲ့မဆိုင်ပါဘဲ ကြယ်စင်ကို လူကောင်းတစ်ယောက် ဖြစ်စေချင်နေပြီး ပါဝင်ပတ်သက်နေမိရပါလိမ့်။ ဒုပ္ပ ကြယ်စင် စိတ်ဝင်စားနေသော ကောင်မလေးက ဘယ်သူလဲဆိုတာ ည်း သိချင်နေမိသည်။

ကြယ်စင်က အမိုက်လေးဆိုပေမယ့် ပြုပြင်ရလွယ်မည့်ပုံမျိုးပါ။ ိုင်လျှင် နားလည်အောင် ပြောပြီး အောင်သွယ်ပေးရမည်။ ကြယ်စင် လူကောင်းလေးပါလို့ . . ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ကြယ်စင် ဟဲ့ ကြယ်စင်"

ဒေါ်ဒေစီနှင့် စကားပြောပြီး အချိန်တွေကြာနေတာတောင် ကြယ်စင် အောက်ထပ်ပြန်ဆင်း မလာတာမို့ သူမအပေါ်ထပ် တက်လာပြီး အခန်းတံခါး ခေါက်ကာ ခေါ်ရသည်။ အစကတော့ ဒီအတိုင်း လှည့်ပြန်သွားဖို့တောင် စိတ်ကူးမိတာပါ။

ဒါပေမဲ့ ဒေါ်ဒေစီက

"အန်တီနဲ့စကားပြောနေလို့ စိတ်ကောက်နေတာ ဖြစ်မယ်၊ အန်တီ သွားခေါ်ရင် စိတ်ဆိုးမာန်ဆိုး ဖြစ်နေဦးမှာ၊ ကိုယ်တိုင် အပေါ် တက်သွားပြီး သွားခေါ်လိုက်ပါကွယ်၊ တစ်ယောက်တည်း ပြန်လို့လည်း မသင့်တော်ပါဘူး"





ထိုသို့ပြောလာတာကြောင့် သူမ မပြန်ဖြစ်ဘဲ ခေါ်နေတာတောင် ကြယ်စင်က တုတ်တုတ်မျှ မလှုပ်။ သူမ နောက်တစ်ကြိမ် တံခါးကို ထုပြီး

"ကြယ်စင် ရှင်ထွက်မလာချင်လည်းနေတော့ ပုံပုံ ပြန်တော့မယ်"

ခြေဆောင့်၍ ပြန်ချင်ဟန်ဆောင်တော့ ကျွီခနဲ တံခါးဖွင့်သံနှင့် အတူ ရှုပုပ်နေသော မျက်နှာနှင့် ကြယ်စင် ထွက်လာ၏။

ရေချိုးလိုက်ဟန်တူသော ကြယ်စင်ခ မျက်နှာက ရှင်းသန့် ပျာမွှေ့လျက် ကြည်ပြာရောင် စပို့ရှပ်လက်စကလေးနှင့် လိုက်ဖက်မှုမှာ အဖိုးတန် ရေမွှေးနံ့လေးလည်း လွင့်လွင့်လေး သင်းပျံ့နေ၏။

"ယောကျ်ားဖြစ်ပြီး စိတ်ကောက်နေရလား၊ အံမယ်လေးဟယ် ငယ်နှာမစင်သေးတဲ့ ကလေးကျနေတာပဲ၊ နှုတ်ခမ်းကလည်း စူထော် နှာခေါင်းကလည်း နားရွက်ထောက်ချိတ်တော့မယ်"

"လာနောက်မနေနဲ့၊ ကျွန်တော် မကြည်တဲ့ မိထွေးကို အဲ ...ာက် အကြာကြီး စကားပြောနေရလား၊ ပြောတော့လည်း ကျွန်တော့် ...ာင်းတွေ တုတ်နေတာ မဟုတ်လား။ ကျွန်တော် သိတယ်"

"ပြောစရာရှိလို့ ပြောတာပဲ စိတ်ဆိုးစရာလား၊ ကောင်းတာလုပ် ရင် ကောင်းတာ အပြောခံရမယ်၊ မကောင်းတာလုပ်ရင် မကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



အံ့ပြောခံရမယ် ဒါပဲ''

"မိထွေးက ကျွန်တော် မကောင်းကြောင်းတွေပဲ ရွေးပြောမှာပေါ့၊ သူက ကျွန်တော့်ကို မုန်းနေတာ''

"ရှင်ကရော ချစ်လို့လား၊ မိခင်တစ်ယောက်အနေနဲ့ မဟုတ်တောင် လူကြီးတစ်ယောက်အနေနဲ့ရော ရှင် လေးစားမှုရှိလို့လား၊ ကိုယ်ပေးသလိုပဲ ကိုယ်ပြန်ရမှာ၊ ကိုယ်က အဆိုးတွေပေးပြီး သူများဆီက ကောင်းတာတွေပဲ အတ္တနဲ့လိုချင်နေလို့ ဖြစ်မလား၊ သက်ရောက်မှုရဲ့ တန်ပြန်သက်ရောက်မှုကို ရှင် သဘောပေါက်တယ်နော်၊ အခု ရှင် စိတ်ဝင်စားနေတဲ့ မိန်းကလေးကိုလည်း ရှင်တကယ် နှစ်နှစ်ကာကာ ရင်ထဲကနေချစ်မှ သူ့ဆီကလည်း ရောင်ပြန်ဟပ်တဲ့ အချစ်စစ်ကိုရမှာ''

"ပုံပမာ''

"လန့်မသွားနဲ့လေ၊ ရှင် တကယ်ချစ်တယ်ဆိုရင်တော့ ပုံပုံ ကိုယ်တိုင် အောင်သွယ်ပေးမှာပါ၊ မဟုတ်တရုတ် အပျော်ကြံဖို့တော့ မစဉ်းစားနဲ့၊ ရှင်နောင်တရတဲ့အထိ ပုံပုံ ပညာပြန်ပေးမယ်''

တကယ်လား အတည်လား သူမ ဘာတွေသိလို့ ဒါတွေပြောနေတာလည်း မသိ။ ဒီလိုအတွေးအခေါ် ထက်မြက်နေသည့် မိန်းကလေးဆီက သူ ဘယ်လိုလုပ် အသည်းခွဲအောင်လက်မှတ် ရအောင် လုပ်နိုင်မှာလဲ။





"တဲ့ မင်းပြန်မယ် မဟုတ်လား၊ တက္ကစီငှားပေးလိုက်ရမှာလား၊ အိမ်အထိပြန်လိုက်ပို့ရမှာလား''

"ရှင့်ကားနဲ့ ပြန်လိုက်ပို့''

"ဘာ ကျွန်တော်မှာ ကားမှမရှိတာ၊ ဘယ်ကားနဲ့လိုက်ပို့ရမှာလဲ''

"ရှင် အကျင့်ပုပ်ပြီး ဝပ်ရှော့ပို့ထားတဲ့ ကားကို ပြန်ယူလိုက်ပေါ့''

"မိထွေးက အကျင့်ဆိုးနဲ့ လက်ထောက်ချလိုက်ပြန်ပြီ ထင်တယ် ဟုတ်လား၊ ကျွန်တော့်ကားကို သူ ခဏခဏ ယူစီးလို့ သူငယ်ချင်း ဝပ်ရှော့မှာ ပို့ထားလိုက်တာ''

"ရှင် သူတော်ကောင်းပဲ''

"ကျွန်တော် မကောင်းဘူးဆို၊ ရွဲ့ပြောနေတာလား''

"ဟုတ်ကဲ့ တည်တည်လေး ရွဲ့ပြောနေတာပါရှင်၊ သူတော်မှ ကိုယ်ကောင်းမယ်ဆိုတဲ့ သူတော်ကောင်းကြီးကို၊ ဟင်း ဟင်း ရှင်တကယ် မရင့်ကျက်သေးတာပဲ ကြယ်စင်၊ ကိုယ့်အဖေ မွေးထားတဲ့ ညီမလေးကိုလည်း ရန်စောင်တယ်၊ မိထွေးဆိုတာလည်း အမေလို မကိုးကွယ်နိုင်ရင်တောင် လူကြီးတစ်ယောက်အနေနဲ့ လေးစားသင့်တာပဲ၊ ရှင့်အဖေနဲ့ ပတ်သက်မှတော့ ရှင်နဲ့လည်း သက်ဆိုင်တာပဲလေ''



www.burmeseclassic.com

www.burmeseclassic.com



သောင်းဘီအိတ်ကပ်ထဲ လက်နှစ်ဖက် နှိုက်ကာ အခန်းတံခါး ပေါက်ကို ကျောကပ်မှီရင်း ကြယ်စင်ခ ပခုံးတွန့်၍ ပြုံးသည်။

"မိထွေးမိုင်း မိလာခဲ့ပြီ ထင်တယ်၊ ကျွန်တော် မကောင်းတာ တွေ တော်တော်သိလာခဲ့မှာပေါ့"

"အခုမှ မဟုတ်ပါဘူး။ စတွေ့ကတည်းက ရှင်က ပုံပုံ မျက်စိ ထဲမှာ တော်တော် ထောင့်မကျိုးဘူး၊ အပြောင်းအလဲမြန်တာလည်း ကလေးစိတ်ပဲ"

"ကျွန်တော်က ဘာတွေအပြောင်းအလဲ မြန်လို့လဲ၊ ပုံပမာ ပြောလိုက်ရင် အားတုံ့အားနာမရှိဘူး၊ ခွတ်ချွတ်တော့တာပဲ"

"ရှင်အစက ပုံပုံကို ချဲ့ပြန်ဖို့ တိုက်မိုက်ဖို့ တစ်ခုခု အပြီးထား ခဲ့တယ် မဟုတ်လား။ သိပ်မကြာဘူး မိန်းကလေးတစ်ယောက်ကို စိတ်ဝင် စားရာကနေ အချိုးတွေပြောင်းသွားပြီး ဒီအခြေအနေထိ ချင်းနှီးသက်သက် လာခဲ့ရတယ်လေ၊ အင်း ပျော်တော့ ပျော်ပါတယ်၊ အဲဒီ ရှင် စိတ်ဝင်စား တဲ့ မိန်းကလေးကို ကျေးဇူးတင်ရတော့မလိုပဲ၊ ပြောပြပါလား ဘယ်သူလဲ သိထားချင်လို့"

"မင်းပဲ ပုံပမာ"

စိတ်ထဲက လွတ်ခနဲ ပြောလိုက်မိပေမယ့် ပါးစပ်ဖျားက အသံ ထွက်မလာပါ။ ပေါ့ပေါ့တန်တန် ဖြစ်သွားမလား၊ စိုးရိမ်စိတ်ကြောင့်လား။





အသည်းကွဲအောင်လက်မှတ်ကို မယူခဲ့တော့တာလား၊ ဘာမှန်းမသိဘဲ ခေါင်းတွေ စုံကုတ်၍ ရှေ့ကနေ ခပ်သွက်သွက် အောက်ထပ်ဆင်းလာခဲ့၏။

ဧည့်ခန်းထဲအရောက်မှာ အိမ်ဖုန်းနှင့် ဝပ်ရှော့ကို ကားလာပို့ ပေးဖို့ ဖုန်းလှမ်းဆက်လိုက်သည်။ နောက်ကပါလာသော ပုံပမာက မီးဖို ဆောင်အခန်းဝမှာ ရပ်နေသော ဒေါ်ဒေစီကို လက်မထောင်ပြပြီးမှ ကြယ်စင်အနား သွားရပ်လိုက်သည်။

"ခဏစောင့်၊ ဝပ်ရှော့က ကားရောက်လာရင် လိုက်ပို့မယ်"

ဆောင့်ဆောင့်အောင့်အောင့် ပြောလိုက်တာမို့ စိတ်ဆိုးမပြေ သေးတာ သိပြီး ရင်မှာကြည်နူးမြမြလေးနှင့် ပြုံးပျော်မိသလို ဖြစ်သွား၏။ ကြယ်စင်ခ ပခုံးကို ဖတ်ခနဲ လှမ်းပုတ်လိုက်ကာ

"စောင့်ရမယ်ဆိုလည်း အိမ်ရှေ့ ဒန်းလေးပေါ်က သွားစောင့် မယ်လေ၊ ရန်ကုန်ကို ရောက်ကတည်းက ဒန်းလေး မစီးရတာ ကြာသွား ပြီ၊ နယ်မှာနေတုန်းက ကျယ်ကျယ်ဝန်းဝန်းနဲ့ ကြိုးလွှဲဒန်းလည်း စီးရ တယ်၊ လသာတာကို တစ်ကြိမ်ကြည့်ဖို့ သံပန်းနဲ့ အလှဆင်ထားတဲ့ ဒန်းလေးပေါ်မှာ ငြိမ်ငြိမ်လေး ထိုင်နေလို့လည်း ရတယ်၊ လသာဆောင်ပေါ် က ဒန်းလေးပေါ် ထိုင်ရင်လည်း ပုဂံဘုရားတွေ အကုန်ဖူးမြော်လို့ ရ တယ်"

စကားအဆုံးမှာပင် သူမ လက်ကိုဆွဲ၍ ကြယ်စင်ခက ဒန်းလေး



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို ခေါ်လာသည်။ အဖြူရောင်ဒန်းလေးက ပုဂံမှာ ကျန်ခဲ့သော သူမဒန်းလေးနှင့် ဆင်ဆင်တူတာမို့ အညာကိုတောင် ပိုလွမ်းမိသလို ဖြစ်သွား၏။

ကြယ်စင်ခက သူမဘေးနားမှာ စွေ့ခနဲ ဝင်ထိုင်လိုက်ပြီး ဒန်းလေးကို ခြေဖျားလေးနှင့် ခပ်လွှဲလွှဲလေး လုပ်ပေး၏။ သူမ မျက်နှာလေးကိုလည်း စောင်းငဲ့ငဲ့လေးကြည့်ကာ

"အညာကို လွမ်းနေတယ်ပေါ့"

"အင်း အံရမ်းလွမ်းတယ်၊ ဒီမှာက မွန်းကျပ်တယ်၊ လူတွေကလည်း ဟန်ဆောင်မှုတွေ များသလိုပဲ၊ ကိုယ့်ဆီမှာ ပေါပေါသီသီ ဖြစ်နေတဲ့ ရိုးသားမှုတွေက ဒီမှာ အလွယ်တကူ ရှာမရဘူး၊ မျက်နှာဖုံးစွပ်ထားတဲ့ လူတွေရဲ့ အတွင်းစိတ်ကို ခန့်မှန်းရခက်တာကို ပြောတာ"

ကျောမလုံ စိတ်မလုံသလိုဖြင့် ကြယ်စင်ခ မျက်နှာတွေတောင် ပူထူသွား၏။ ကိုယ်က ရိုးသားစွာ ချည်းကပ်ခဲ့တာမှ မဟုတ်တာ။ သူ မျက်နှာအလွှဲမှာ သူမက သူ့ဘက်ကို တည့်တည့်လှည့်သည်။

"စောစောက ပုံပုံ မေးထားတာကို ရှင် မဖြေသေးဘူးနော်"

"ဘာကိုလဲ"

"ရှင့်ကောင်မလေးကို သိချင်တယ်ဆိုတာ"

"ဘာ ဘာမှမဟုတ်ပါဘူး၊ မင်း မသိချင်ပါနဲ့"





"ရှင် ဝေ့လည်ကြောင်ပတ် မလုပ်နဲ့နော်၊ အဲဒီကောင်မလေးကို အလေးအနက်စိတ်ဖြစ်လာလို့ ရှင် ပြောင်းလဲမှု ရှိလာတာ မဟုတ်လား၊ ပန်ဒါနဲ့တောင် ဗရုတ်ဗရက် ဝရုန်းသုန်းကား မနေတော့တာလေ၊ ပုံပုံကို ခင်တယ်ဆို ပြောပြ၊ ပုံပုံ သိချင်တယ်"

မျက်နှာလေးမော့ကာ သိချင်စိတ် ပြင်းပြနေသော ပုံပမာကို သူ ဘယ်လိုပြောပြရမှာလဲ။ ညစ်ညမ်းစွာ နောင်တရအောင် ပညာပေးချင်သောစိတ်နှင့် အသည်းခွဲအောင်လက်မှတ်ရဖို့ ကြိုးစားခဲ့တာသာ သိလျှင် သူမ သူ့ကို အမုန်းကြီး မုန်းပေလိမ့်မည်။ ခုအချိန်မှာ သူမ မုန်းမှာကို သူ သွေးပျက်ထိတ်လန့်လောက်အောင် ကြောက်ရွံ့တုန်လှုပ်နေမိသည်။

သနပ်ခါးပါးကွက်ကြီးတွေ မလိမ်းတော့သော ဝင်းဝင်းစိုစို မှုန်ဖွေးဖွေးလေး ဖြစ်နေသည့် သူမ အလှတရားမှာ ယစ်မူးမိတာမျိုးတော့ မဟုတ်ပါ။ ရိုးသားဖြူစင်၍ ဂုဏ်သိက္ခာရှိသော မိန်းမတစ်ယောက်ရဲ့ ဟာယာကင်းသည့် သိမ်းပိုက်မှုတွေအောက်မှာ သူ ကျရှုံးခဲ့တာဖြစ်သည်။

"ကြယ်စင် ပြောလေ"

ပခုံးချင်းတိုက်ကာ သူမ ထပ်တိုက်တွန်းတော့ မလုံမလဲစိတ်နှင့် ဧနရာရွှေ့ထိုင်ပြီး သက်ပြင်းရှိုက်မိသည်။

"တစ်နေ့နေ့ကျရင် ဘယ်သူလဲဆိုတာ ကျွန်တော် ပြောပြပါ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အဲဒီမိန်းကလေးကို ကျွန်တော် တကယ်ချစ်ခဲ့တယ်ဆိုတာတော့ ပုံပမာ ယုံကြည်ပေးပါ၊ အဲဒီမိန်းကလေးက ကျွန်တော့်စိတ်နဲ့ ဘဝတစ်ခုလုံးကို သိမ်းပိုက်ထားသလိုပဲ၊ ကျွန်တော် ဘာအမှားမှ မကျူးလွန်ချင်တော့ဘူး၊ အဲဒါကြောင့်လည်း ခုချိန်ထိ ကျွန်တော် ဖွင့်မပြောရဲသေးတာ၊ ဟို ပုံပမာက စဉ်းစားတွေးခေါ်တတ်ပါတယ်၊ တကယ်လို့ မကောင်းတဲ့ စိတ်နဲ့ ကျွန်တော် အမှားတစ်ခုကို ကျူးလွန်မိတယ်ဆိုရင် အဲဒီကောင်မလေးက ကျွန်တော့်ကို ပြန်ချစ်ပါ့မလား၊ ခွင့်လွှတ်ပါ့မလား ဟင်"

"ရှင်က ဘယ်လိုအပြစ် ဘယ်လိုအမှားကို ကျူးလွန်ထားလို့လဲ၊ အသေးအကြီး အနည်းအများပေါ် မူတည်ပြီး ဒီကောင်မလေး ခွင့်လွှတ်နိုင်လား၊ ခွင့်မလွှတ်နိုင်လားဆိုတာ ပုံပုံ ခန့်မှန်းပေးမယ်"

"ဟင် အဲ အဲဒါ ဟို ဘာမှမဟုတ်တော့ပါဘူး ပုံပမာရယ် ဟော အိမ်ရှေ့မှာ ကားလာပို့နေပြီ သွားရအောင်"

ကြယ်စင်ခက စကားစကို ဖြတ်ဖြတ်၍ ထထွက်သွားသည်။ သူမလည်း ကားမီးရောင် လက်ခနဲ မြင်လိုက်ရတာမို့ အိမ်ပြန်ချိန်တွေ နောက်ကျနေပြီဆိုတာ ခုမှ သတိရ၏။

ဦးလေးအောင်က စိတ်ပူနေမလား မသိပေမယ့် ဒေါ်လေးကတော့ အိမ်ပြန်နောက်ကျလို့ မဟုတ်ဘဲ တခြားအကြောင်းအရာနှင့် ဆူမှာ ပြောဦးမှာ သေချာသည်။





ဒါပေမဲ့ သူမ စိတ်ထဲမှာတော့ ဘယ်လို အာဃာတမျိုးမှ ရှိမနေပါ။ မိဘမဟုတ်သည့်အတွက် မေတ္တာအပြည့်အဝတော့ ဘယ်ရပါ့မလဲ။

"ပုံပမာ"

"ဟင်"

ကားပေါ်ရောက်မှ ကြယ်စင်ခ တိုးတိုးသဲ့သဲ့ ခေါ်သံကြောင့် ဟင်ခနဲ ထူးရင်း လှည့်ကြည့်လိုက်ရ၏။ ကြယ်စင်ခက ကားကို ဂရုစိုက် မောင်းနေသလိုဖြင့် သူမဘက်လှည့်မကြည့်ဘဲ

"ကျွန်တော် ကားမောင်းသင်ပေးရမလား"

"အင်း သင်တော့ သင်ချင်တယ်၊ ဒေါ်လေးက အန္တရာယ်ဖြစ်မှာစိုးလို့ သင်စေချင်မှာ မဟုတ်ဘူး"

"အဲဒါက ပုံပမာ ကားမောင်းတတ်သွားရင် ပုံပမာ ကားကို ပန်ဒါ မစီးရတော့မှာ ကြောက်လို့ဖြစ်ပါလိမ့်မယ်"

"ရှင်လည်း ဒေါ်လေးအကြောင်းကို သိနေသားပဲ၊ ပုံပုံလည်း အဲလိုဖြစ်လိမ့်မယ်ဆိုတာ ထင်ပေမယ့် ကိုယ့်ကြောင့်လူကြီးတစ်ယောက် စိတ်မချမ်းမသာ ဖြစ်မှာစိုးလို့ ဒီအတိုင်းပဲ နေလိုက်တာ၊ ဒါပေမဲ့ ပုံပုံ တကယ် ကားမောင်းတတ်တောင် ပန်ဒါကိုပဲ ကားပေးထားမယ်လို့ စိတ်ကူးနေတာပါ"

"ဒါဆို ကျွန်တော့်ကားနဲ့ သင်ပေးမယ်လေ၊ သင်တန်းပြန်ချိန်



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ အချိန်အားရင် အားသလိုပေါ့"

"ဟင်း ဟင်း အဲလိုဆိုတော့လည်း ရှင့်စိတ်ရင်းလေးက ခင်ဖို့ ကောင်းသားပဲ၊ အခုမှ ပြောတာပါ၊ ဟိုတစ်ခါ ပန်းဒါနဲ့ ကားချောက်နေတုန်း ရှင်ကူညီပေးလိုက်ကတည်းက ရှင့်ကိုပုံပုံ ကျေးဇူးတင်ပြီး တကယ်ခင် သွားတာ၊ လူတစ်ယောက်ရဲ့ အတွင်းစိတ်က အခက်အခဲရှိတဲ့အချိန်မှ သိခွင့်ရတာလေ၊ ရှင့်အပေါ် တွေ့တွေ့ချင်း မချေမင် ဆက်ဆံမိတာ အခု တစ်ခါထပ်ပြီး တောင်းပန်ပါတယ်နော်၊ လူတွေအပေါ် အပေါ်ယံ အလွှာတွေကြည့်ပြီး သေးသိမ်တဲ့စိတ် မဝင်တော့ဘူးဆိုတာလည်း ပုံပုံ ကတိပေးတယ် သိလား နော် ကြယ်စင်"

ရိုးသားစွာ ဝန်ခံတောင်းပန်နေသော ပုံပမာကို မျက်နှာ မကြည့် ဝံ့လောက်အောင် ကိုယ့်ကိုယ်ကို ပြန်ရှက်နေမိသလိုပင်၊ မိန်းကလေး တစ်ယောက်က သူ့အမှားသူ ပွင့်လင်းစွာ ဝန်ခံပြီး တောင်းပန်ရဲပေမယ့် သူက မှားယွင်းစွာ ချည်းကပ်ခဲ့ပြီးမှ တောင်းပန်ဖို့လည်း သတ္တိမရှိပါလား။

အမှန်းခံဘဝနှင့် အဆုံးသတ်သွားမှာကို စိုးရိမ်နေတာပဲ ဖြစ် မှာပါ။ ပုံပမာ မမုန်းဖို့ ကြိုးစားတောင်းရင်းနှင့်ပဲ. . ။

■ ■ ■



အခန်း (၁၄)

"ဒီလောက် အခြေအနေတွေ ကောင်းနေတာ ဖွင့်ပြောလိုက် ပြီးရောကွာ၊ ပုံပမာစိတ်ကို ဒါတို့လည်း သိသင့်သလောက်တော့ သိပါပြီ၊ ...ပမဲ့ တကယ်ချစ်လို့ပဲဖြစ်ဖြစ် ဟန်ဆောင်တာပဲဖြစ်ဖြစ် ရည်ရွယ်ချက် ...တွေ မပျောက်စေချင်ဘူး"

"မင်း သူ့ကို တကယ်ချစ်သွားပြီလား ကြယ်စင်"

ခိုင်ထွန်းကိုရော မျိုးကျော်ကိုရော သူ့ ဘာစကားတစ်ခွန်းမှ ...းတုံ့မပြန်နိုင်အောင် အသက်ရှူတွေ ကျပ်လျှက် ဆောက်တည်ရာမရ ...တားနေမိသည်။ ဆုပ်လည်းဆူး စားလည်းရူး အခြေအနေမျိုးလား။

"အသည်းခွဲအောင်လက်မှတ်ရဖို့ ပန်းဒါ မျှော်လင့်နေတာ မင်း ...မေ့နဲ့နော်၊ မင်း ပုံပမာကို ချည်းကပ်ဖို့အတွက် ပန်းဒါရဲ့အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



ပွဲပိုးမှုတွေ အများကြီးပါတယ်၊ တစ်ပါးမှ မကျွာအောင် ကာပ်နေခဲ့တဲ့ သူက ပုံပမာနဲ့ မင်းနဲ့နှစ်ယောက်တည်းခိုဖို့ လိမ်ညာလှည့်ပတ်ပြီး ရှောင်ပေးနေခဲ့ရတဲ့ ပန်ဒါ ဒုက္ခကိုလည်း ကိုယ်ချင်းစာကြည့်ဦး"

"အေး ဟုတ်တယ် ပုံပမာ ခံယူချက်နဲ့ ကိုယ်ကျင့်သိက္ခာကို ငါတို့ ဘယ်လောက်ပဲ လေးစားလေးစား တရင်းတနှီး ပြောခနွာခိုမနွာ ပေါင်းသင်းခဲ့ရတဲ့ ပန်ဒါလောက်တော့ ငါတို့ ကောင်းမပေးနိုင်ဘူး ကြယ်စင်၊ ပုံပမာကို ထိခိုက်နစ်နာမှု မဖြစ်စေချင်ရင် ဟန်ဆောင်ချစ်ဖို့ မကြိုးစားတော့ဘဲ နောက်ဆုတ်လိုက်တော့"

မျိုးကျော်နှင့်ခိုင်ထွန်း စကားတွေက ဘောင်ကျဉ်းသထက် ကျဉ်းလာ၏။ ညှပ်ပူးညှပ်ပိတ် ထွက်ပေါက်မရှိအောင် လုပ်နေသလို ဖြစ်နေသည်။ လေတွေ တစ်ဝကြီးရှူသွင်းပြီးမှ ကန်စပ်က သစ်မြစ်ဆုံပေါ်သွားထိုင်လိုက်၏။ မျိုးကျော်တို့နှစ်ယောက်က သူ့နောက်လိုက်လာကာ ဘေးတစ်ဖက်တစ်ချက်မှာ ဝင်ထိုင်ကြသည်။

"မင်း မလန်းတာ ပုံပမာအပေါ် အလေးအနက်ဖြစ်နေလို့ မဟုတ်လား။ ပန်ဒါနဲ့စာရင်တော့ မင်းရဲ့စိတ်ကို ပိုပြီးနားလည်ပေးမယ်ဆိုတာ ငါတို့ သိပါတယ်၊ တစ်ခုခု ပြောကွာ ကြယ်စင် မင်း အဲလိုကြီး မနေပါနဲ့"

"အမြဲလန်းနေတဲ့ ဘော်ဘော်တွေပဲကွာ၊ ကြွေပြနေစရာ အကာ





မရှိပါဘူး။ နှင်းခေါင်းထဲ ရှုပ်နေရင် ဖြေချလိုက်၊ မျှဝေခံစားပေးမယ်"

နားလည်မှုပေးပြန်တော့လည်း သက်ပြင်းရှိုက်သံတွေက ပေါ့ပါးလာတော့မနေပါ။ ဒါပေမဲ့ မျိုးကျော်တို့ကို အားကိုးတကြီး မော့ကြည့်မိကာ

"ငါ တကယ် ပုံပမာကို ချစ်မိသွားပြီ၊ မိန်းမတစ်ယောက်ကို လေးစားမိရာကနေ ချစ်မိသွားလိမ့်မယ်လို့ ငါ့ကိုယ်ငါ မထင်ခဲ့မိဘူး၊ ပေါ့ပျက်ပျက် အရာတွေကို တွေ့မြင်ပြီး ပေါ့ပျက်ပျက်အရာတွေကိုပဲ လုပ်နေခဲ့မိလို့လားတော့ မသိဘူး၊ လေးနက်မှုတွေနဲ့ ပြည့်ဝနေတဲ့ ပုံပမာ စိတ်ကို သိလိုက်ရမှ ကိုယ့်ကိုယ်ကို ရှက်ရမှန်းလည်းသိလာတယ်"

"ပန်ဒါကရော"

"အစကတည်းက မချစ်ခဲ့တာ မင်းတို့အသိပဲ၊ မရင့်ကျက်တဲ့ အချိန်မှာတောင် ပန်ဒါ အလှကို စိတ်ကူးယဉ် အပျော်ကြံဖို့ မတွေးခဲ့ ဘူး"

"ပုံပမာကို ဟန်ဆောင်အချစ်တွေနဲ့ အသည်းခွဲမယ်ဆိုပြီး ဝင် ...ခဲ့တာနော်"

"အဲဒါကြောင့် တကယ်ချစ်နေတာတောင် ဖွင့်ပြောဖို့ သိမ်ငယ် ...ခဲ့တာပေါ့။ ငါ့ရဲ့ မရိုးမသား အကြံအစည်တွေကိုသာသိရင် ပုံပမာ ...ကို အရမ်းမုန်းသွားမှာ၊ ဒါပေမဲ့ ဒီအကြံအစည်က ငါတို့အဖွဲ့ပဲ သိတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ငါတို့အဖွဲ့ထဲက တစ်ယောက်ယောက် သစ္စာမဖောက်ရင်လည်း ပုံပမာ မသိနိုင်ဘူးလို့လည်း တွေးမိတယ်"

"ငါတို့က ထားပါ၊ မင်း စိတ်ချမ်းသာမယ်ဆို သစ္စာရှိပေးရမှာပေါ့၊ ဒါပေမဲ့ မင်းကို တစ်ဖက်သတ်ချစ်နေတဲ့ ပန်ဒါက နေမှာမဟုတ်ဘူးနော်၊ သူက ပုံပမာဆီကပဲ မင်းကို အသည်းခွဲအောင်လက်မှတ် ရစေချင်တာ"

သက်ပြင်းတွေ တင်းတင်းကျပ်ကျပ် လေးပင်သွားပြန်၏။ လက်ထဲမှာ ဆုပ်ကိုင်ထားမိသည့် ကျောက်စရစ်ခဲလေး တစ်လုံးဖြင့် ကန်ရေပြင်ကို လွှဲပစ်မိတော့ ဂယက်ငယ်များ ပလုံစီကာ လှိုင်းဝန်းသွား၏။ အကြောင်းအမျိုးမျိုးနဲ့ ပုံပမာ သိသွားနိုင်သည်ပဲ။

"ဝေဒနာ မရင့်ခင် ပုံပမာနဲ့ဆက်ပြီး မပတ်သက်တော့တာ သက်သာမယ် ထင်တယ်၊ နောက်ဆုတ်လိုက်ပါလား ကြယ်စင်၊ အချိန်ရှိသေးတယ်"

"ဘရိတ်အုပ်လို့ မရတော့ဘူး။ နောက်ဆုတ်ဖို့လည်း တွေးကြည့်ရုံနဲ့ မဖြစ်နိုင်ဘူးဆိုတာ ငါကိုယ်ငါ သိတယ်၊ ပုံပမာက မာယာကင်းပေမယ့် သိမ်းပိုက်နိုင်တာ အံ့ဩစရာပဲ"

"ပျော့ပျောင်းမှုမရှိပေမယ့် ညင်သာသိမ်မွေ့မှုတွေနဲ့ စည်းရုံးနိုင်တာ ငါတို့လည်း လက်ခံပါတယ်၊ ငါတို့လည်း သူ့ကြောင့် အနည်း





အကျဉ်းပြောင်းလဲချင်စိတ် ရှိလာတာပဲ၊ ဒါပေမဲ့ မင်း စိတ်ဝင်စားနေတဲ့ ကောင်မလေးကော သူ့ဆိုတာတော့ ပုံပမာ လုံးဝ မရိုပ်မိဘူးထင်တယ်နော်"

"အင်း သူ ခဏ ခဏ မေးတယ်၊ ပြောထွက်ဖို့ အင်အားမရှိဘူး။ သူ မှန်းသွားမလား၊ ယုံကြည်ပါ့မလား၊ စိုးရိမ်စိတ်တွေနဲ့ အိပ်ပျက်ညတွေတောင် များလာပြီ၊ ဘာကိုမှ မကြောက်မရွံ့ ဂရုမစိုက် နေလာခဲ့တဲ့ ငါက အခုလောက် သွေးပျက်နေတာ မင်းတို့ ရယ်ချင်နေမလားဘဲ"

"အရင်လိုဆိုရင်တော့ ဟားတိုက်ရယ်ပြီး သရော်မိမှာ အမှန်ပဲပေါ့။ အခု မင်း ဟဲဗီးကြီး ခံစားနေတာမြင်ပြီး မလှောင်ပြောင်ရက်ပါဘူးကွာ၊ ဒီအတိုင်းကြီးတော့ မနေနဲ့ ကြယ်စင်၊ မင်းတစ်ခုခုကို ဆုံးဖြတ်ချလိုက်၊ ပုံပမာကို ချစ်တယ်လို့ ဖွင့်ပြောပြီးမှ ပုံပမာ အမုန်းကို ခံမလား။ ပန်ဒါပြောလို့သိပြီး ရင်ဖွင့်ခွင့်တောင် မရလိုက်ဘဲ အဆုံးသတ်သွားမလားဆိုတာ"

မျိုးကျော့်တို့တောင် ဟော့ဟော့ရမ်းရမ်း ရှူးရှူးဒိုင်းဒိုင်း မတိုက်တွန်းတော့ပါလားဟု အသိဝင်၏။ ဆရာမကြီး ဒေါ်ပုံပမာက ချင့်ချိန်ပြီးစားတတ်အောင် သင်ပြမှုတွေကြောင့် ဖြစ်ချေသည်။

"ဟာ ပန်ဒါ ဘယ်ကအနံ့ခံ ရောက်လာတာလဲ မသိဘူး။ ငါတို့ ရှိတဲ့နေရာကို တိုက်ရိုက်ပဲကွ"

တုန်ခနဲ ဖြစ်သွားလျက် နောက်လှည့်အကြည့်မှာ အရင်လို



www.burmeseclassic.com

www.burmeseclassic.com



မြူးမြူးခါခါလေးနှင့် အဝေးကနေ လက်ဝှေ့ယမ်းပြကာ ပန်ဒါ လျှောက်လာနေသည်။ အနားကို ရောက်မလာခင်မှာ ကန့်စပ်ကနေ ခုံတန်းလေးရှိရာ ပြန်တက်လာခဲ့ကြ၏။

ခရမ်းရောင် အသားပျော့ ကိုယ်ကျပ်လေးနှင့် ရွှေအိုရောင်ဆံနွယ်တွေ လွင့်ခါနေသော ပန်ဒါကို မြင်လိုက်ရစဉ်မှာ အရင်လို ပျော်မြူးပေါ့ပါးခြင်းတို့ မဖြစ်ဘဲ စိတ်ညစ်ညူးရှုပ်ထွေးသွားတာ ထူးဆန်း၏။

"နင်တို့က သုံးဖွေတည်း လိမ့်ပြီး ငါ့ကို ချန်ထားခဲ့တာ ဘာသဘောလဲ၊ ကြယ်စင် နင်ကလည်း ပုံပမာ မပါရင် အလွတ်ကြီးလေ၊ ငါ့ကို ဖုန်းတစ်ချက် မဆက်ဘူး"

ပန်ဒါက ရောက်ရောက်ခြင်းပင် ဆူဆူညံညံ အသံတွေ လွှတ်၏။ ကြယ်စင်က ခုံတန်းလေးပေါ် ကျောကပ်မှီထိုင်ချလိုက်ကာ

"ဒီကို မတိုင်ပင်ဘဲ ရောက်လာကြတာပါ၊ နင့်ကိုခေါ်ဖို့ သတိမရလိုက်ဘူး"

"အဲလို သတိမေ့နေတာတော့ ငါ ခွင့်မလွှတ်ဘူးနော် ကြယ်စင်၊ ပုံပမာနဲ့ နီးစပ်ဖို့ ကူညီပေးနေတာက သပ်သပ်ပဲ၊ ကဲ ပြောပါဦး၊ ပုံပမာနဲ့ရော ဘယ်အခြေအနေ ရောက်နေပြီလဲ၊ ပရိုပို့(စ်) လုပ်ပြီးသွားပြီလား"

"ဟင့်အင်း"

"ဟဲ့ နင်က ဘယ်လောက်ထိ အချိန်ဆွဲနေဦးမှာလဲ၊ မြန်မြန်





ချစ်ရေးဆို၊ မြန်မြန်အသည်းခွဲ ပြီးရင်"

"တော်စမ်းပါဟာ မိန်းမတစ်ယောက်ကို ချစ်ရေးဆိုဖို့ ငှက်ပျောသီး အခွံနွှာစားသလောက် လွယ်မလား။ အသည်းခွဲဖို့က ပိုတောင်ခက်ဦးမယ်"

"အဲလိုလုပ်ဖို့ ယုံကြည်ချက်မရှိရင်လည်း နောက်ဆုတ်လိုက်တော့လေ"

"ဘာ"

"မဖြစ်နိုင်ဘူးထင်ရင် ဘာလို့ အပင်ပန်းခံနေမှာလဲ၊ ငါက နင့်စိတ်ဆန္ဒတွေ ပြင်းလွန်းလို့ ထိုက်တွန်းခဲ့တာ၊ ငါတို့ ရင်းနှီးမှုနဲ့ ပျော်ရွှင်ရာအချိန်တွေကို ဖွဲ့ဝေမျှပေးခဲ့တာ သိသာရှည်ပြီး ယောင်ဝါးဝါးဆိုရင် ပုံပမာက အဲလောက် အရေးပါတာမှ မဟုတ်တာ၊ သူ့နေရာသူဒိုးပေါ့"

ပန်ဒါက အရိုင်းဆန်ဆန် ပြတ်သားလွန်းနေ၏။ နိုင်ထွန်းနှင့် မျိုးကျော်လည်း ဘာဝင်ပြောရမှန်းမသိအောင် မျက်လုံးပြူးနေသည်။ ကြယ်စင်က ကျစ်ခနဲ စုတ်သပ်လိုက်ရင်း ခေါင်းကို တွင်တွင်ယမ်းလိုက်၏။

"ပန်ဒါ နင်ပြောနေတဲ့စကားတွေ အရမ်းလွန်လွန်းလိုက်တာ၊ ပုံပမာကို ညီအစ်မတွေဖြစ်နေတာတောင် အဲလောက် ပစ်စလက်ခတ် ပြောထွက်သလား။ တကယ်ဆို ငါက သူ့စိမ်း၊ ပုံပမာ ထိခိုက်နစ်နာအောင် လုပ်ခဲ့မိရင်တောင် နင်က ကာကွယ်ပေးရမှာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲလို ညှာတာချင်တဲ့စိတ် ရှိခဲ့ရင် အစကတည်းက နှင့်ကို အားပေးခဲ့ပါ့မလား၊ ပုံပမာကို ရန်သူလို ပြိုင်ဘက်လို သဘောမထား ခဲ့ဘူးဆိုပေမယ့် မကျေနပ်ချက်တွေ နာကြည်းချက်တွေ ရှိခဲ့တဲ့အတွက် တုံ့ပြန်ဖို့ တိုက်ခိုက်ဖို့လည်း အဆင်သင့်ပဲ၊ နှင်သေချာ ဆုံးဖြတ်ပါ ကြယ်စင်၊ နောက်ဆုတ်မှာလား၊ ရှေ့တိုးမှာလား"

"ရှေ့ဆက်တိုးမှာ ဒါပေမဲ့"

"ရှေ့ဆက်တိုးမယ်ဆိုတာ သေချာရင် ဒါပေမဲ့ဆိုတဲ့ ဆင်ခြေ မလိုတော့ဘူးလေ၊ နှင်တို့ ဘယ်လောက်ထိ ရင်းနှီးပတ်သက်မှု ရှိနေပြီ ဆိုတာ ငါ သိနေတာပဲ၊ တစ်ဆင့်ခြင်း အမြန်ဆုံး အကောင်အထည်ဖော် ပါ၊ နှင်နဲ့ဝေးဝေးနေရတဲ့ အချိန်တွေက ငါ့အတွက် အရမ်းအထီးကျန် ဆန်သလိုပဲ"

"ကျွတ်"

"နှင် ဘာကို စိတ်မရှည်တာလဲ၊ နှင် မပြောရဲရင် ပုံပမာကို ငါ ပြောပေးမယ်၊ သူ သိပ်စိတ်ဝင်စားနေတယ် မဟုတ်လား၊ နှင် စိတ်ဝင်စားနေတဲ့သူဟာ ဘယ်သူလဲဆိုတာ"

"ဟာ မ မပြောနဲ့၊ ငါ ငါ့ဘာသာ ပြောမယ်"

ကြယ်စင်ခ ပျာပျာသလဲ ခေါင်းတခါခါ လက်တကာကာ ဖြစ် သွားချေ၏။ ပန်ဒါ မျက်မှောင်ကြုတ်သွားချိန်မှာ မိုးကျော်က သူ့ကို လက်





တို့ သတိပေးသည်။ ခိုင်ထွန်းကလည်း မျက်စတွေပစ် မျက်ခုံးတွေပင့် နှင့်

"ဘာဖြစ်နေတာလဲကွာ မင်း မပြောရဲလို့ သူ ပြောပေးမှာပဲ၊ ပန်ဒါက မင်းကို ပုံပမာ ချက်ချင်း လက်ခံလာအောင် ပြောပေးနိုင်တဲ့ အရည်အချင်းတွေ ရှိပါတယ်ကွ နော် ပန်ဒါ ဟုတ်တယ် မဟုတ်လား"

"အေးလေ ဒီနေ့ပြောရင် နောက်နေ့အဖြေပေးချင်လာအောင် ဖွဲ့ဖွဲ့နွဲ့နွဲ့လေး အလွမ်းဇာတ်ခင်းပေးရမှာပေ့ါ၊ ဒါမှလည်း ငါ့အတွက် အချိန်တွေ အကြာကြီး မစောင့်ရမှာ၊ စိတ်ချနေစမ်းပါ ကြယ်စင်ရယ် ချွေးတွေပြန်ပြီး စိတ်ပူမနေစမ်းပါနဲ့"

ပန်ဒါက ဘာတွေမျှော်လင့်ပြီး ဘာတွေကို စိတ်ချခိုင်းနေတာလဲ။ သိသလိုလိုနဲ့ မသိဟန်ဆောင်နေလိုက်ရသည်။

ပန်ဒါက ပုံပမာကို ဘာတွေပြောပြော ရင်ဆိုင်ရုံပဲ ရှိတော့တာ မို့...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"နင့်ကို ကြယ်စင်က ကားမောင်းသင်ပေးနေတယ်ဆို"

"သြော် အင်း ဟုတ်တယ်၊ သင်တန်းကအပြန် အချိန်နှစ်နာရီလောက်ပဲ သင်နိုင်းတာပါ၊ အိမ်ပြန်အရမ်းနောက်ကျရင် ဟိုတစ်ခါလို ဦးလေးအောင် စိတ်ပူနေမှာစိုးတာနဲ့"

"အခြေအနေ တော်တော် တိုးတက်နေပြီလား"

"ဟင် ဘာကိုလဲ"

"ကားမောင်းသင်တာကို ပြောတာပါ၊ ကျွမ်းကျင်နေပြီလားလို့"

စကားကို လှည့်ပတ်ပြောရင်း ပုံပမာ အိပ်ရာပေါ် ပန်ဒါ ပစ်လှဲလိုက်၏။ ပုံပမာက ဝက်ဝံအရုပ် ဖက်လုံးကြီးကို အားရပါးရ ဖက်ကာ တစ်ဖက်တိုးရွှေ့ပေးပြီး ပန်ဒါ တစ်ခါမှ သူမ အိပ်ရာပေါ် မတက်ဘူးတာ





မို့ အံ့သြနေသည်။

ညီအစ်မတွေ ဆိုသော်လည်း သွေးသားမတော်စပ်တာမို့ ပန်ဒါက သူမအပေါ် အနေစိမ်းလှသည်။ ဖေဖေ့ဆီကိုတော့ သူမကို အရမ်းဂရုစိုက်ပေးပါတယ်ပြောပြီး ဟိုဟာလုပ်မ်းတောင်း၊ ဒီဟာလုပ်မ်းတောင်းနှင့်ပါ။ သူမကတော့ ဖေဖေ စိတ်ချမ်းသာသာနှင့် ကျန်းမာရေးကောင်းအောင်နေဖို့သာ အမြဲလိုလို ဖုန်းဆက်သတိပေးခဲ့သည်။ ကိုယ့်မြေကိုယ့်ရေမှာ ဒီလောက်လေး စိတ်ပင်ပန်းရတာကို ဒီကနေပြီး ဦးလေးအောင်က ဘယ်လို၊ ဒေါ်လေးက ဘယ်လို၊ ပန်ဒါက ဘယ်လိုနှင့် စိတ်ဆင်းရဲ စိတ်ပူအောင် မတိုင်တော့ချင်။

ဖေဖေ ပြန်လာလျှင် သူမလည်း သင်တန်းတွေပြီးနေပြီမို့ ပုဂံကို တစ်ခါတည်း ပြန်လိုက်သွားရုံပင်။

"ဟဲ့ မေးတာဖြေလေ၊ ဘယ်တွေ စိတ်ရောက်နေတာလဲ"

"ဖေ ဖေဖေ့ဆီကိုပါ၊ တစ်ပတ်တစ်ခါလောက်ပဲ ဖုန်းဆက်ရတာဆိုတော့ ဖေဖေ နေမှကောင်းပါ့မလားလို့"

"ဦးမောင်အကြောင်း တွေးတယ်ဆိုတာ ဆင်ခြေတွေ မဟုတ်လား။ နင် ဘယ်သူ့အကြောင်း စိတ်ရောက်နေတယ်ဆိုတာ ငါ သိတယ်နော်"

"အံမယ် ငါက ဘယ်ကို စိတ်ရောက်ရမှာလဲ၊ အရှင်းကြီး"



www.burmeseclassic.com

www.burmeseclassic.com



"လူငယ်ချင်းပဲ ပွင့်ပွင့်လင်းလင်းပေါ့ဟာ။ ကားမောင်းသင်ပေးတဲ့အထိတောင် နင်တို့အနေရင်းနှီးနေပြီဆိုတော့ ကြယ်စင်ခက နင့်ကို ရည်းစားစကားတွေ ဘာတွေ မပြောသေးဘူးလား"

"ဟင် ဟဲ့ ပန်ဒါ ဘာတွေပြောနေတာလဲ"ဟု

ပုံပမာ အထိတ်တလန့်ပင် ဝုတ်တုတ်ထထိုင်လိုက်မိ၏။ ပန်ဒါကလည်း ဆတ်ခနဲ ဝုတ်တုတ်ထထိုင်လျက် သူမကို ပြုံးပြုံးကြီး ပြုံးကြည့်နေ၏။

"ဘာလဲ ရှက်သွားတာလား"

"အာ မဟုတ်ပါဘူး။ ကြယ်စင်နဲ့ ငါက ရိုးရိုးသားသားပါ၊ သူ စိတ်ဝင်စားနေတဲ့ မိန်းကလေးတောင် ရှိတယ်"

"အဲဒါ ဘယ်သူလို့ ထင်လဲ"

"မသိဘူးလေ၊ ကြယ်စင်ခကို အရေးပြောင်းလဲအောင် လုပ်နိုင်တဲ့မိန်းကလေးမို့ ငါတောင် စိတ်ဝင်စားပြီး ဘယ်သူလဲလို့ သိချင်စိတ်နဲ့ ကြယ်စင်ကို ခဏ ခဏ မေးကြည့်ဖူးတယ်"

"သူက ဘာပြောလဲ"

"နောက်တော့ ပြောပြမယ်တဲ့"

"ဟင်း ဟင်း နင်က တခြားမိန်းကလေး ထင်ပြီး မေးနေတော့ သူဖြေရခက်နေတာပေါ့"





"ဘာ"

"သူ စိတ်ဝင်စားပြီး ချစ်နေတာ နင့်ကို၊ ယောကျ်ားတစ်ယောက် နင့်ကိုကျိုးနွံခယ ကြင်နာပြနေတာတောင် သတိမထားမိဘူးလား"

"ဟုတ်လို"

သူမ ဘာရှာတာမိပြီး အငြိမ့်ငြိမ်အလှုန်လှုန် စဉ်းစားလျက် မျက်လုံးလေး ကလယ်ကလယ် ဖြစ်သွား၏။ သူမအပေါ် အလေးအနက် ဂရုစိုက်လာတာ သိသော်လည်း မရိုးမသား အရိပ်အရောင်တွေ ရှာမတွေ့၍ တခြားမိန်းကလေးကို စိတ်ဝင်စားနေတာပဲလို့ သူမ တွေးခဲ့တာ မှားနေပြီပေါ့။

"နင် ရမ်းသမ်းပြောနေတာလား။ တကယ်သိလို့ ပြောနေတာလား ပန်ဒါ"

"သူကိုယ်တိုင် ရင်ဖွင့်တာပဲ၊ ငါတို့သူငယ်ချင်းတွေ အကုန်သိတယ်"

"မျိုးကျော့်နဲ့ခိုင်ထွန်းရောလား"

"အေးလေ သူ့ရဲ့ပြောင်းလဲမှုက အသိသာကြီးပဲ၊ ငါတို့ သူငယ်ချင်းတွေကိုတောင် သိပ်ဂရုမစိုက်တော့ဘဲ နင်နဲ့ တတွဲတွဲဖြစ်နေတာ"

"အဲဒါက တခြားတစ်ယောက်အတွက် သူ ပြောင်းလဲဖို့ ကြိုးစားနေတာ ထင်တယ်၊ သေချာသိရင် ငါတောင် အောင်သွယ်ပေးမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောမိသေးတယ်"

"ငါပြောပြီးပါရောလား၊ နင် အဲလိုတွေဖြစ်နေလို့ သူ ပြော မထွက်တာပါလို့ ကြယ်စင်က အရမ်းမှိုသိပ် ကြိတ်မှိတ်ခံစားနေတာတဲ့ သူမျိုးတော့ မဟုတ်ပါဘူး၊ စကတည်းက ယဉ်သကိုဆိုသလို နင်နဲ့သူနဲ့က ပြဿနာလေးတွေ ရှိခဲ့ကြတယ်လေ၊ ငင်းနှီးမှုတွေ ရှိလာမှ နင့်သဘောကို သိပြီး စိတ်ဝင်စားမိတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ပန်ဒါက အကွက်ကျကျ ပြောနေတာမို့ ပုံပမာ ယုံရတော့မလို ဖြစ်နေ၏။ ဒီလောက် နေ့စဉ် မြင်တွေ့ပြီး သူ့အိမ်ကိုတောင် အလည် လိုက်သွားခဲ့ဖူးတာ

ဘာကြောင့် အရိပ်အမြွက်လေးတောင် မပြောခဲ့ရတာလဲ၊ ပန်ဒါ ပြောသလို သူမနှင့်ပြဿနာဖြစ်ခဲ့ဖူးတာ၊ သူမက တခြားလူနှင့်ထင်နေခဲ့ တာတွေကြောင့်ဆိုတာရော တကယ်ပဲလား။

"နင် ဘယ်လိုစိတ်ကူးလဲ ပုံပမာ"

"ဟင် ဘာ ဘာကိုလဲ"

BURMESE CLASSIC .com

"ကြယ်စင်အပေါ် ဘယ်လိုသဘောထားလဲ မေးတာ၊ ကြယ်စင် နင့်ကို တကယ်ချစ်တာပါ၊ နင်လည်း သူ့ကိုစိတ်ဝင်စားတယ် မဟုတ် လား"

"ဟင့်အင်း ငါ အဲလို တစ်ခါမှ မတွေးကြည့်ဖူးဘူး၊ သူ့ကို





ခင်တော့ ခင်ပါတယ်၊ သူ့မိသားစုတွေနဲ့ ပြေလည်စေချင်တဲ့စေတနာလည်း ရှိတယ်"

"ဒါက လူတစ်ယောက်အပေါ် အချစ်စိတ်ရှိလို့ အလေးအနက် ဖြစ်နေတာပေါ့ဟ၊ သူ့ကိုကောင်းစေချင်တာ၊ စေတနာရှိတာ၊ မိသားစု တွေနဲ့ ပြေလည်ပြီး စိတ်ချမ်းသာစေချင်တာ"

"ဟင် တကယ်"

ဖက်လုံးကြီးကို ခုတင်ခြေရင်း ပစ်ချပြီး ပုံပမာ အူလည်လည် မေးတော့ ပန်ဒါ ရယ်ပင်ရယ်ချင်မိ၏။ ဒီလို အူကြောင်ကျားမျိုးကို ကြယ်စင် အသည်းခွဲရဖို့ လွယ်မှာပါ။

"နင့်ကို အရမ်းမှိုးသားချင်နေပြီး ခြောက်ပစ်ကင်း သဲလဲစင် ကြီးကျယ်နေတဲ့ မိန်းမကာ ယောက်ျားတစ်ယောက်အပေါ် ဘာကြောင့် သဒ္ဓါတွေ ပိုနေမိတယ်ဆိုတာ ကိုယ့်ကိုယ်ကို မသိဘူးလား"

"ငါ ငါ ရိုးရိုးသားသားပါ၊ သူမှမဟုတ်ဘူး တခြားသူတွေကို လည်း ကောင်းစေချင်တာပဲ"

"သူနဲ့ တခေါင်းတနှီးနေရတာ သူက ကိုယ့်ကြောင့် ပြောင်းလဲ လာတာရော နင် ဘယ်လိုမှ မခံစားရဘူးလား၊ မကြည်နူးမိဘူးလား"

"အဲ အဲဒါတော့"

ပုံပမာ ခြင်းဆန်ရ ခက်သွား၏။ သူမကြောင့် ဝပ်ရှော့



www.burmeseclassic.com

www.burmeseclassic.com



ကားကို ပြန်ယူခဲ့လို့ ရင်မှာ တလှိုက်လှိုက် ကြည်နူးမိသလိုဖြစ်တာ ဝန်ခံစရာရှိသည်။ ပြီးတော့ ကားမောင်းသင်ပေးသည့်အချိန်တွေမှာလည်း ရင်းနှီးမှု ပိုလာသော သုံးနှုန်းမှုများဖြင့်

"ဘရိတ်နင်းထားတဲ့ ခြေထောက်က အမြဲသတိရှိနေရမယ်၊ ကားစတီယာရင်ကို ကိုင်ထားတဲ့ လက်ကလည်း နိုင်နင်းယုံကြည်မှု ရှိနေရမယ်၊ ရှေ့တည့်တည့်ကို အာရုံစိုက်၊ ကားဘက်(ခ်)မှန်ကို ကိုယ့်ချစ်သူလိုပဲ ခဏ ခဏ ကြည့်ပေးရမှာ၊ ဒါမှ အန္တရာယ်ကင်းအောင် ရှောင်နိုင်တိမ်းနိုင်မှာ သဘောပေါက်လား ပုံပုံ"

ထိုသို့ အရှုတ်အနှောက်များပြောရင်း ကြောက်ရွံ့ထိတ်လန့်မှု မရှိအောင် သေချာဂရုစိုက်ထိန်းပြီး သင်ပေးတာမို့ ခန္ဓာကိုယ်ချင်း ထိမိတိုက်မိသည့်အချိန်များမှာလည်း သူမ တစ်ကိုယ်လုံး ရှိန်းဖိန်းဖိန်းတိမ်းဖြစ်ကာ တလှပ်လှပ် ရင်ခုန်မိသည့်အခါတွေလည်း ရှိသည်။ ဒါပေမဲ့ တခြား မိန်းကလေးကို စိတ်ဝင်စားနေတာဟူသော အတွေးကြောင့် သူမစိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ခဲ့၏။ ခုတော့

"ဂုဏ်သိက္ခာကို ငဲ့ကွက်ပြီး ဝန်မခံဘဲတော့ မနေနဲ့ ပုံပုမာ၊ နင် ဖွင့်မပြောလည်း နင့်မျက်လုံးတွေကိုကြည့်ပြီး ငါ ခန့်မှန်းလို့ ရနေတယ်"

"ငါ ငါ့မျက်လုံးတွေက"





"ကြယ်စင်ကို ချစ်တဲ့အချစ်ရဲ့ အငွေ့အရောင်တွေလေ၊ ချစ်သူရည်းစားထားတော့ ရှက်စရာမှ မဟုတ်ဘဲဟာ၊ ကြယ်စင် ဖွင့်မပြောနိုင်ဖြစ်နေတဲ့ အကြွက်ို အားနာသနားပြီး နင်ကပဲ မေးကြည့်လိုက်ပါ"

"ထား ထားပါတော့ ငါ့ကိစ္စ၊ နင်လည်း ကြယ်စင်ကို စိတ်ဝင်စားနေတာပဲ မဟုတ်လား။ ဘာလို့ ငါ့ကို အောင်သွယ်သလို လုပ်နေတာလဲ"

"ဟင် ဒါ ဒါက"

တုံ့ပြန်မေးခွန်းကြောင့် ပန်ဒါ ပျာခနဲ ဖြစ်သွား၏။ ဘာကြောင့်ဆိုတာ သိသွားလို့ သံသယနှင့် ယောင်ပါးပါး မေးနေတာ မဖြစ်နိုင်။

အရင်က သူမရဲ့ ငြိတွယ်မှုတွေကြောင့် အားတုံ့အားနာ မယုံကြည်ဘဲ ညှာတာနေတာဖြစ်မည်။ မျက်နှာပေါ်က ဟန်ဆောင်အရိပ် အရောင်တို့ကို ဖုံးကွယ်ဖို့အတွက် ခေါင်းငုံ့ပေါ် ပြန်ပစ်လှဲရင်း သက်ပြင်းချရ၏။

"ငါ့ကို မချစ်မှန်းသိနေတဲ့လူတစ်ယောက်ကို ငါက အချိန်ကုန်ခံပြီး မျှော်လင့်နေစရာလားဟာ၊ သူငယ်ချင်းတွေအဖြစ်နဲ့ ရိုးရိုးသားသား ပေါင်းသင်းခင်မင်နေလည်း ရတာပဲ၊ အဲဒါကြောင့် ကြယ်စင်က နင့်ကို ချစ်နေတယ်ဆိုတာ ပြောပြနေတာပေါ့"

"ဪ အေးပါ နင့်စိတ်ထဲ အဲလို ရှင်းနေတယ်ဆိုရင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ အရင်က ကြယ်စင်ကို နှင် စိတ်ဝင်စားနေတာ သီသိကြီးနဲ့ ငါနဲ့ ပတ်သက်မှုရှိသွားရင် ညီအစ်မချင်းတွေ ရည်ဆားလုဘက်ဖြစ်သွားမှာစိုးလို့"

"ဟင် နှင် နှင် ကြယ်စင်ကို လက်ခံမှာပေါ့"

"အခြေအနေ ကြည့်လိုက်ဦးမယ် နှင်ပြောတာ ဟုတ် မဟုတ်"

ရှက်ကိုးရှက်ကန်းနှင့် ကြည့်နေတာ မြင်တော့ ပုံပမာ အတွေးတွေ လွင့်မျောပြီး ရင်ခုန်နေလိမ့်မည်ဆိုတာလည်း သိလိုက်၏။ မနာလိုဖြစ်ကာ မဲ့လိုက်မိပေမယ့် ဟန်ဆောင်အချစ်မို့ ဒါခဏပါပဲလို့တွေးပြီး ပန်ဒါ ကျေကျေနပ်နပ် ပြုံးလိုက်မိ၏။

ကြယ်စင်ဆီက အချစ်စစ်ကို နှင် ဘယ်တော့မှ မရစေရဘူး ပုံပမာ။

◻ ◻ ◻



BURMESE CLASSIC .com

## အခန်း (၁၆)

"ဒီနေ့ ကားမောင်း မသင်ချင်ဘူး ကြယ်စင်"

"ဟင် ဘာဖြစ်လို့လဲ ပုံပုံ"

"အေးအေးဆေးဆေး လေကောင်းလေသန့် ရမယ့်တစ်နေရာမှာ သွားထိုင်ချင်တယ်"

"အင်း ကောင်းသားပဲ ကိုယ်လိုက်ပို့မယ်လေ"

ဘယ်အချိန်ကတည်းက အပိုးကျိုးပြီး နာခံတတ်သွားတာလဲ မသိ။ ပုံပမာ စိတ်ကျေနပ်မှု ရှိနိုင်မည့် နေရာလေးကို စိတ်လိုလက်ရ ပေါ်လာခဲ့သည်။

ကန်ရေပြင်မှာ ဟိုတက်ဒီဘက် ဝံ့တားထိုးထားသည့် ခုံတန်းလေးပေါ် ထိုင်မိကြတော့ လေပြည်နွဲ့နွဲ့က ပုံပမာ ဆံနွယ်လေးတွေကို



www.burmeseclassic.com

ကျီစယ်သော့ကစားနေကြ၏။

ပါးနှစ်ဖက်ပေါ်မှာ သနပ်ခါးပါးကွက်ကြားကြီးကို မတွေ့ရတော့သော်လည်း မှုန်မှုန်ဖွေးဖွေး ပါးပြင်လေးဆီက လေအဝှေ့မှာ သနပ်ခါးရနံ့သင်းပျံ့ပျံ့လေးကို ရှူရှိုက်နေရသည်။

အင်္ကျီကိုယ်ကျပ် ကိုယ်ကာင်များ မဝတ်တတ်သော ပုံပမာက အနီရဲရဲ အပွင့်အခက်လေးတွေပါသည့် ပါတိတ်အဆင် ချည်ထည် ဝမ်းဆက်လေးနှင့် ယဉ်စစ သေသပ်ခမ်းနားစွာ လှပလွန်းနေ၏။

ထိုအလှအပေါ်မှာ ယစ်မူးငြိတွယ်မိနေသော စိတ်ဆန္ဒတို့က ကိုယ်တိုင်လည်း ဂျလေဘီ ဖေါ်လိုမဆန်တော့ဘဲ ဒီနေ့မှ ထူးခြားစွာ ပုဆိုးအပြာရောင် ကွက်စိပ်လေးနှင့် တီရှပ်အဖြူစင်း လက်စကလေးကို ဝတ်လာခဲ့၏။

ကိုယ့်ကိုယ်ကိုလည်း ယုံကြည်မှုတွေဖြင့် ခမ်းနားနေသလိုပင်၊

"ကိုယ့်ကို တစ်ခုခု မေးချင်နေတာလား။ ပြောချင်နေတာလား၊ ပုံပုံ"

လည်လေးစောင်းကာ သူ့ကို လှည့်ကြည့်လိုက် သက်ပြင်းချလိုက်၊ ပြုံးလိုက် လုပ်နေတာမို့ မနေတတ် မထိုင်တတ် ရီးတိုးရွဲ ဖြစ်ကာ မေးလိုက်မိခြင်း ဖြစ်သည်။

သူမရဲ့ အပြုံးက နေအဝင်မှာ ကြယ်ကြွေဆင်းသလို လက်





လက်ကလေး တောက်ပနေ၏။

"ရှင် ဒီနေ့ အရမ်းကြည့်ကောင်းနေလို့ပါ။ အမြဲတမ်း ဘောင်းဘီအတို အရှည်ဝတ်တာပဲ မြင်နေရလို့လား မသိဘူး။ အခုလို ပုဆိုးလေးနဲ့ အင်္ကျီအဖြူလေးနဲ့ဆိုတော့ အရမ်းလိုက်ဖက်မှုရှိပြီး ခန့်ညားနေတယ်၊ ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်အင်္ဂါလက္ခဏာတွေနဲ့ ပြည့်စုံနေသလိုပဲ"

"အဲလိုပေါ်တင်ကြီး မမြှောက်နဲ့လေ၊ ဒီမှာ မနေတတ်တော့ဘူး"

"ရှင်ရော ပုံပုံကို ဘာမှပြောစရာ မရှိဘူးလား"

"အင်း ရှိတာပေါ့။ ပုံပုံရဲ့အလှက အရမ်းမိန်းမဆန်ပြီး ကျက်သရေရှိရှိနဲ့ ခမ်းနားလွန်းတယ်"

"ဟင့်အင်း အဲဒါကို သိချင်တာ မဟုတ်ဘူး"

"ဟင် ဘာကိုသိချင်တာလဲ"

"အကြောင်းအရာ တစ်ခုခုလေ ဟို"

သူမ ဘယ်လိုပြောရမှန်းမသိပါ။ ရှင် ပုံပုံကို ချစ်နေတာ ဟုတ်သလားလို့ ဘယ်လိုအရှက်မရှိသော မျက်နှာမျိုးနှင့် မေးရမှာလဲ။ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိန်းရမှာဝက် ကြယ်စင် ဘာကြောင့်ပိုသိပ်လို့ ဂုဏ်လွန်းနေတာလဲဆိုတာလည်း သိချင်နေမိသည်။ ကြယ်စင်က ပန်ဒါပြောသလို ကြိုက်မိုက်မျိုးသိပ် ခံစားတတ်သူတော့ မဟုတ်ပါ။

"မင်း ဘာကိုသိချင်နေတာလဲ မေးပါ ပုံပုံ၊ ကိုယ့်ရင်ထဲမှာလည်း

www.burmeseclassic.com



ပြောစရာ စကားတွေ အများကြီးဖြစ်နေတော့ အရမ်းထင်းကျဉ်နေလို့ပါ"

ကြယ်စင်ခ ထင်မံတိုက်တွန်းလိုက်ချိန်မှာ မျက်နှာလေးကို ငုံ့လို့ပြီး ဆံနွယ်တွေနှင့် မသိမသာ ဖုံးအုပ်ပစ်ကာ

"ရှင် ပုံပုံကို ချစ်နေတယ်လို့ ပန်ဒါ ပြောတယ်၊ အဲဒါ ဟုတ်သလား၊ ဟို ပုံပုံက ပန်ဒါ စနောက်နေတယ် အကြောင်းအရာ ပြောနေတယ် ထင်လို့ပါ"

"မဟုတ်ပါဘူး အဲဒါ တကယ်ပါ"

"ဟင်"

"ဒါပေမဲ့ အဲဒီ ချစ်တယ်ဆိုတဲ့ စကားလုံးဖြစ်ပေါ်လာဖို့ မရိုးသားမှုတွေ အများကြီးပါဝင်ပတ်သက်နေတယ် ပုံပုံ"

"ဘာတွေပြောနေတာလဲ၊ ဘာတွေ မရိုးသားတာလဲ ကြယ်စင်"

ရင်ခုန်ချိန်မရဘဲ အထိတ်တလန့်မင်း ခပ်သောသော မေးလိုက်မိ၏။ ကြယ်စင်က ကန့်ချေပြင်ဘက် မျက်နှာမူနေရာမှ သူမလေးကို တည်တည်ငြိမ်ငြိမ် လှည့်ကြည့်လာကာ

"ပုံပုံ မုန်းသွားမှာစိုးရိမ်နေခဲ့ပေမယ့် ရိုးသားစွာ ဝန်ခံပြီးမှ အမုန်းခံတော့မယ်လို့ ကိုယ် ဆုံးဖြတ်လိုက်ဘာ သိပ်မကြာသေးပါဘူး။ တကယ်တော့ ပုံပုံကို ကိုယ် မုန်းခဲ့တယ်၊ အာဃာတတွေနဲ့ လက်စားချေချင်စိတ်တွေလည်း ရှိခဲ့ဖူးတယ်"





"ပြဿနာစဖြစ်တုန်းက မဟုတ်လား၊ ပုံပုံ သိနေခဲ့ပါတယ်၊ မသိခဲ့တာက ကြယ်စင် ဘယ်သူ့ကြောင့် ပြောင်းလဲလာတယ်ဆိုတာ"

"ပုံပုံကြောင့် ပြောင်းလဲခဲ့တာပါ။ ချည်းကပ်ခွင့်ရအောင်လည်း ပန်ဒါရဲ့ အကူအညီတွေ ယူပြီးတော့ပေါ့၊ တကယ်ရတော့ အဲဒီအချိန်တွေက ချစ်လို့ မဟုတ်ခဲ့ဘူး"

"ဘာ"

အသံကျယ်သွားပေမယ့် သူမ ဂဏှာမြဲ့ပုက်လောက်အောင် ထိတ်လန့်သွားတာမျိုး မဟုတ်ပါ။ ကြယ်စင် ဘာတွေဆက်ပြောမလဲဆိုတာတွေပဲ စိတ်ဝင်စားနေမိသည်။

"ခုချိန်မှာတော့ မိန်းမတစ်ယောက်ကို အငြိုးနဲ့ လက်တုံ့ပြန်ဖို့ ချည်းကပ်ခဲ့မိတဲ့အတွက် ကိုယ့်ကိုယ်ကို သေးသိမ်တဲ့လူ၊ မပြည့်ဝတဲ့ လူတစ်ယောက်အဖြစ်နဲ့ အရမ်းကို ရှက်နေခဲ့မိပါတယ်၊ ဒါပေမဲ့ ဒီအချိန်မှာ ဒီလိုဖြစ်ခဲ့မိတဲ့ ကိုယ့်စိတ်ကိုယ် ကျေးဇူးပြန်တင်ရတော့မလား မသိပါဘူး"

"ဘာကြောင့်လဲ"

"ပုံပုံနဲ့ အနေနီးပြီးမှ ပုံပုံ ကိုယ်ကျင့်သိက္ခာနဲ့ ဖြူစင်သိမ်မွေ့တဲ့ စိတ်ဓာတ်လေးကို လေးစားမိ တကယ်ချစ်သွားခဲ့မိလို့ပါ၊ ကိုယ်တိုင်လည်း ဟန်ဆောင်မှုတွေနဲ့မဟုတ်တဲ့ တကယ်ကို အရိုးစင်းဆုံးပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



ချင်လာခဲ့တယ်၊ ပုံပုံကို ယုံကြည်ပေးပါလို့တော့ မပြောဝံ့ပါဘူး။ ဒါပေမဲ့ ပုံပုံကို ကိုယ် တကယ်ချစ်တတ်လာခဲ့ပြီး တကယ်ကို ပြောင်းလဲဖို့ ကြိုးစားနေတာ ကျိန်တွယ်ပြောရဲပါတယ်''

''အဲဒီအတွက် ပုံပုံဆီက ရှင်ဘာတွေ မျှော်လင့်ထားသလဲ ကြယ်စင်''

''မရိုးမသား ဟန်ဆောင်ခဲ့ဖူးလို့ အမုန်းတွေပဲ မျှော်လင့်ထားပါတယ်''

''အင်း ဟုတ်တယ် လိမ်ညာဟန်ဆောင်ခဲ့တဲ့အတွက် အဲဒါနဲ့ ထိုက်တန်တဲ့ အမုန်းတွေပဲ ရှင်ရသင့်တယ်''

''ပုံပုံ''

ဆံနွယ်တွေကို ဖျတ်ခနဲ သိမ်းဆည်းကာ ကျောခိုက်ပြန်လှည့်ပြီး ပုံပမာ ထရပ်တော့ ကြယ်စင်ခလည်း ကယောင်ကတမ်း ထရပ်လိုက်မိသည်။ နီးကပ်စွာ ဆုံဆည်းသွားသော မျက်ဝန်းနှစ်စုံက သိမ်သည်းတိမ်ဝင်စ လိမ္မော်ရောင် နေလုံးကြီးရဲ့ ဖြားယောင်းမှုအောက်မှာ အရောင်တွေလက်လျက် တစ်စုံတစ်ရာကို စောင့်ထနေကြ၏။

ပုံပမာရဲ့ နှင်းဆီဖူးလေးလို ဝိုးရဲ့အိတွေးနေသော နှုတ်ခမ်းနှစ်လွှာက ပွင့်အာချင်ဟန် တဆတ်ဆတ် တုန်ယင်အားယူနေပြီးမှ

''ရှင့်ကို မုန်းဖို့အကြောင်းပြချက် နိုင်နိုင်လုံလုံ သိရှုံ ဖြစ်မယ်





ကြယ်စင်၊ ဒါဟာ ဟန်ဆောင်တာပါ၊ ဒါဟာ တကယ်ပါဆိုတာ ရှင်ပြောသလောက်ပဲ ပုံပုံ သိရသေးတာ၊ ရှင်ရဲ့စွမ်းဆောင်မှုတိုင်းက ပန်ဒါဖေပါအဝင် ရှင့်သူငယ်ချင်းတွေရဲ့ ပုံပိုးတိုက်တွန်းမှုတွေကြောင့်ဆိုတော့ အစစ်အမှန်ဟာ ဘာလဲ၊ ဘယ်အချိန်ကစ္လာလောက်မှာ အတည်ဖြစ်သွားတာလဲ၊ ပုံပုံ သေချာသိအောင် ပြောပြပါ''

''ဒါဆို ခဏ ပြန်ထိုင်ပါ ပုံပုံ၊ အမုန်းကို မျှော်လင့်ထားပြီးမှတော့ ဘယ်လိုနည်းနဲ့ပဲ အဆုံးသတ်သတ် ကိုယ် ခံနိုင်ရည်ရှိအောင် ကြိုးစားပါမယ်''

ပန်းလေးကို မှုန်ညှင်သာတွယ်ဖက်၍ ခုံတန်းလေးမှာ ပြန်ထိုင်နိုင်းတော့ ဉာဏ်ကွင်းမိသူပမာ ရုန်းထွက်ဖို့ အင်အားမရှိသူလို ထိုင်ချလိုက်ရသည်။ ကြယ်စင်ခက ခုံတန်းအစွန်းလေးမှာ ဝင်ထိုင်ပြီး ကန်ရေပြင်ကိုငေးကာ ဖြစ်ကြောင်းကုန်စင် အစအဆုံး အေးအေးဆေးဆေး ရှင်းပြ၏။

သူခက ကြယ်စင်ခ ပြောတာတွေ နားထောင်ရင်းဖြင့် တစ်ချိန်တည်းမှာပင် ချင့်ချိန်စဉ်းစား ဆုံးဖြတ်ချက်တွေ ချနေခဲ့မိသည်။ ကြယ်စင်ခ အရိုးသားဆုံး ဝန်ခံနေတာမို့လည်း ယုံကြည်မှုတွေ ပိုလာခဲ့၏။ အကျင့်ဆိုးလေးတွေ ရှိခဲ့မှန်း သိပေမယ့် ဒီလူငယ်လေးကို သူမ ဘယ်လိုမုန်းရမလဲ။

''ဒါဆို ပန်ဒါက ရှင့်ကို ချင်နေရက်နဲ့ ပုံပုံကို အသည်းခွဲစေချင်



www.burmeseclassic.com

www.burmeseclassic.com



လို့ အားပေးကူညီနေခဲ့တာပေါ့၊ ပုံပုံကိုလည်း မျက်နှာပြောင်ပြောင်နဲ့ အဖြေပြန်ပေးဖို့ တိုက်တွန်းနေခဲ့တာပေါ့"

"ကိုယ် တားခဲ့ပါသေးတယ်၊ ပုံပုံ အကြောင်းစုံသိသွားရင် မုန်းသွားမယ့် ဒဏ်ကို မခံနိုင်လို့ ဖွင့်မပြောတော့ဘူးလို့ နေခဲ့တာပါ၊ ဒါပေမဲ့ အချိန်ဆွဲနေတယ်လို့ ထင်ပြီး ပန်ဒါက စိတ်မရှည်ဘူးလေ၊ အဲဒါကြောင့် ကိုယ့်ရင်တွေ နာကျင်ကြေကွဲခံပြီး ဇွန်ခံနေရတာပါ၊ ချစ်တယ်လို့ ရင်ဖွင့်ခွင့် ရလိုက်တာတော့ ရင်ထဲမှာ ပေါ့သွားပါတယ်၊ ဒါပေမဲ့ ပုံပုံ အမုန်းတွေအတွက်တော့"

"ဟင့်အင်း ရှင့်ကို ပုံပုံ ချစ်တယ် ကြယ်စင်"

"ဗျာ ပုံပုံ ပုံပုံ တကယ်ပြောတာ"

မယုံရဲစွာ သေချာအောင် ထပ်မေးမိတော့ ပုံပမာ မျက်နှာလေး ရှိန်းဖိန်းထူပူစွာ ပန်းသွေးရောင် ရှပ်တိုက်ပြေးသွား၏၊ မျက်နှာလေးပေါ် ကပိုကရို့နွဲ့ကျနေသော ဆံနွယ်တွေကို အားမလိုအားမရနှင့် ပယ်ရှားပစ်လိုက်ချင်သည်။

သူမက တမင်တကာ ညှင်းဆဲချင်လို့လား မသိ၊ ဣန္ဒြေကြီးစွာနှင့် လုံးဝ မျက်နှာလေးကို မော့မလာပါ။

"အဲဒီချစ်တယ်ဆိုတဲ့ အဖြေရဲ့နောက်မှာ ပုံပုံ လိုချင်တာ တစ်ခု ရှိတယ် ကြယ်စင်"





"ပြော ပြောပါ ပုံပုံဆီက မုန်းတယ်ဆိုတဲ့စကား မကြားရတာနဲ့ တင် ကိုယ် ဘာမဆိုဖြည့်ဆည်းပေးဆပ်ဖို့ အဆင်သင့်ပါ၊ ပုံပုံ ဘာလိုချင်တာလဲ"

"သစ္စာတရား"

"သစ္စာတရား"

ထပ်တူအာမေဋိတ်သံပြုမိတော့ ပုံပမာ မော့မော့လေး ပြုံးကြည့်သည်။

"ပုံပုံကလွဲပြီး ဘယ်မိန်းကလေးကိုမှ မချစ်ပါဘူးဆိုတဲ့ သစ္စာတရားကို လိုချင်တယ်၊ ပုံပုံ တစ်ယောက်တည်းကိုပဲ ရိုးမြေကျ ချစ်ပါမယ်ဆိုတဲ့ သစ္စာတရားကို လိုချင်တယ်"

"ကိုယ် ပေးနိုင်ပါတယ် ပုံပုံရယ်၊ ပုံပုံကို စချစ်မိကတည်းက ကိုယ့်ဘဝတစ်ခုလုံး ပုံပုံကို ပေးအပ်ချင်တာပါ၊ အခုနောက်ပိုင်း ပြုပြင်ပြောင်းလဲချင်လာတဲ့ စိတ်တွေကလည်း အဖြူစင်ဆုံး ဆုံးဖြတ်ချက်တွေနဲ့ပါ"

"ပုံပုံ ယုံပါတယ်၊ ယုံလို့လည်း မုန်းလို့မရတာပေါ့ ကြယ်စင်ရယ်၊ ဒါပေမဲ့ ပန်ဒါနဲ့ အတိုက်အခံတွေ ဖြစ်တော့မယ်၊ ပြဿနာတွေတက်တော့မယ်ဆိုတာလည်း ပုံပုံ သိနေတယ်"

"ပန်ဒါ ကိစ္စကြောင့်နဲ့တော့ တွန့်ဆုတ်တွေဝေသွားတာမျိုး မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေချင်ဘူး ပုံပုံရယ်၊ ပန်ဒါ ကိုယ့်အပေါ် စိတ်ခံစားနေမှုနှီး သိပေမယ့် ကိုယ်သူ့အပေါ် မယိမ်းယိုင်ခဲ့တာ တကယ် မချစ်လို့ပါ၊ သူငယ်ချင်းအဖြစ် တော့ သူ့ကို ခင်ပါတယ်''

''ပန်ဒါ လွယ်လွယ်လေး နောက်ဆုတ်သွားမယ် မထင်ဘူး''

''သေချာတယ် ကိုယ့်ကိုလည်း ထိုက်ခိုက်မှာ၊ ပုံပုံကိုလည်း တုံ့ပြန်မှာ၊ အဲဒီအတွက်လည်း ကိုယ်တို့ ပြင်ဆင်ထားသင့်တယ်၊ ဘာပဲ ဖြစ်ဖြစ် တိုင်ပင်ဖို့ပေါ့''

''ပုံပုံဘက်က ရပ်တည်မှာလားဟင်''

အားငယ်သလိုမေးပုံလေးက ရင်ခွင်မှာ မှေးငိုက်ယူသည်ပြီး ခြတ်နိုး ချင်စရာပင်။ သူက အတင့်ရဲစွာ သူမ လက်ဖဝါးနုနုလေးကို ဖွဖွဆွဲဆုပ် လိုက်ပြီး

''အသက်နဲ့အမျှ ရပ်တည်သွားမယ်ဆိုတာ ယုံကြည်ပေးပါ ပုံပုံရယ်၊ ကိုယ်ရဲ့ခဏတာ အတွေးချော် မှားယွင်းမှုတွေအတွက် ကိုယ် တစ်သက်လုံး ပြန်ပြီး ပေးဆပ်သွားမှာပါ၊ ကိုယ့်ကိုသံသယကင်းကင်းနဲ့ အချစ်တွေ တုံ့ပြန်ခဲ့တဲ့အတွက်လည်း တစ်ဘဝလုံး မြတ်နိုးတန်ဖိုးထားပါ မယ်၊ မောင့်ကို ယုံပေးနော် ပုံပုံ''

ညှတ်နူးတိမ်းမူးစေသော စကားလုံးချိုချိုများဖြင့် ကြွယ်စင်ခ က သူမ အသည်းနှလုံးတွေကို သိမ်းပိုက် ညှို့ယူသွားပါသည်။ ဖျော်ဝင်





နှစ်သက်နေသော သူမ ရင်ထဲမှာလည်း သူ့ကိုချစ်သော အချစ်သက်သက် သာ ရှိသည်။ ရင်ခွင်မှာ မှီနွဲ့နိုဝင်ခွင့်ရသည့် ခဏတာ အခိုက်အတန့် လေးက ထာဝစာ ယုံကြည်သွားသည်သို့ ရှိ၏။

ထို့ကြောင့် ထိုအချစ်တစ်ခုတည်းကိုသာ အားကိုးယုံကြည် လျက်...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ဒီနေ့ သင်တန်းပိတ်တာမို့ မောင်နှင့်တွေ့ဖို့ အခက်အခဲ ဖြစ်နေသည်။ ဘယ်လိုအကြောင်းပြချက်နှင့် အပြင်ထွက်ရမလဲ စဉ်းစားရင်း ညှို့ခန်းနှင့်အိမ်ပြင် လူခြေမရ ခေါက်တုံ့ခေါက်ပြန် ဖြစ်နေ၏။ မနက်ကတည်းက အိပ်ရာစောစောထပြီး ဒေါ်လေးကို ကူလုပ်သင့်တာကူလုပ်ပြီးပေမယ့် တစ်နေရာရာ သွားမယ်ဆိုပြီး ဒေါ်လေးကို ပြောမထွက်ခဲ့။

အရင်က ပိတ်ရက်တွေမှာ အိမ်မှာ တီဗီကြည့် စာအုပ်ဖတ်နှင့် အချိန်တွေ ကုန်ခဲ့တာ မဟုတ်ပါလား။ အခုမှ မောင့်ကို တစ်နေ့မတွေ့ရ မနေနိုင်လောက်အောင် အချစ်စိတ်တို့ရဲ့ လွှမ်းမိုးချုပ်ကိုင်ခြင်း ခံနေရသည်။

"ပုံပမာ အထဲဝင် အပြင်ထွက် တရှုပ်ရှုပ်နဲ့ ဘာဖြစ်နေတာလဲ"





"ရှင် ဘာ ဘာမှမဟုတ်ပါဘူး ဒေါ်လေး"

မျက်မှန်းကျိုးနေဟန်တူသော ဒေါ်လေးက လေသံမာမာနှင့် ပြောတော့ ပုံပမာ ငြိမ်ငြိမ်ကုပ်ကုပ်လေး ဆိုဖာခုံမှာ ဝင်ထိုင်လိုက်ရသည်။ ညှို့ခန်းထောင့်မှာ ဂိမ်းကစားနေသော ပန်ဒါက စက်ကို ပိတ်ပြီး ထလာကာ

"ဟဲ့ ပုံပမာ မေမေ့ကို ဘာမှမဟုတ်ပါဘူး ပြောနေတာလဲ၊ သင်တန်းက နင့်သူငယ်ချင်း တွေ့တွေးချစ်တို့အိမ်မှာ ဆွမ်းကျွေးရှိလို့ နင် သွားရမှာ မဟုတ်ဘူးလား၊ အဲဒါမျိုး မေမေ့ကို ပွင့်ပွင့်လင်းလင်း ပြောလိုက်ရင် ပြီးတာပဲ"

"အေး အေး ဟို သင်တန်းပိတ်ရက် အပြင်တစ်ခါမှ မထွက်ဘူးတော့ ဒေါ်လေးကို မပြောရဲတာနဲ့"

"ကြည့် ညည်းကတော့ လုပ်ပြီ၊ ညည်းအဖေ သိရင် ကျုပ်တို့က ချုပ်ချယ်ထားတယ် ထင်ပါဦးမယ်၊ သွားချင်သွား လာချင်လာ အချိန်နဲ့ အိမ်ပြန်လာရင် ပြီးတာပဲ"

"ဟုတ် ဟုတ်ကဲ့ ဒေါ်လေး ပြန်လာပါ့မယ်"

ပန်ဒါရဲ့ လမ်းဖွင့်ပေးမှုကြောင့် သူမ စိတ်လက်ပေါ့ပါးကာ ဝမ်းသာအားရဖြစ်သွားသည်။ ပန်ဒါက တိုင်မှာချိတ်ထားသော ကားသော့လေးကို လှမ်းယူကာ



www.burmeseclassic.com

www.burmeseclassic.com



"နင် အဝတ်အစားလဲပြီးမှလား။ ငါလည်း အပြင်သွားစရာ ရှိတယ်၊ အဲဒီအိမ်ကို လိုက်ပို့မယ်လေ"

"ခြောက် အေး မလဲတော့ပါဘူး။ ကျေးဇူးပဲ ပန်ဒါ"

ပန်ဒါ အလိုက်သိလွန်းနေတာကြောင့် အခန်းထဲဝင်ကာ ပိုက်ဆံအိတ်လေးယူပြီး ခပ်သွက်သွက် ပြန်ထွက်လာခဲ့သည်။

"ပြောလည်း မပြောချင်တော့ပါဘူး။ ငါ့သမီးလေးကတော့ ဒရိုင်ဘာလုံးလုံး ဖြစ်နေပါပြီ၊ ညည်းအဖေလာရင် နောက်တားတစ်စီး ဝယ်နိုင်းပြီး ဒီကားကို ငါ့သမီးလေးကိုသာ ပေးလိုက်တော့လို့ ပြောပေး ကြားလား ပုံပမာ"

"ဟုတ်ကဲ့ ပြောပေးမယ် ဒေါ်လေးရေ"

ဒေါ်လေးကို နောက်ပြန်လှည့် အော်ခဲ့ပြီး လေကားထစ်တွေကို တဒုန်းဒုန်း ပြေးဆင်းလာခဲ့သည်။ ကားသော့တွဲလေး တချွင်ချွင်မြည် နောက်ကပါလာသော ပန်ဒါက မထိတရိ မဲ့ပြုံးများဖြင့်

"နင်နဲ့ကြယ်စင် ချစ်သူတွေဖြစ်သွားကြပြီ ထင်တယ် ဟုတ်လား ပုံပမာ"

"ဟင် နင် ဘယ်လိုလုပ်သိလဲ"

"နင် ဒီလောက် ကြွခြေပျက်နေတာ မသိဘဲနေပါ့မလား။ ည ဆိုလည်း ဘာတွေတွေးနေမှန်း မသိဘူး။ တာလူးလူး တလိမ့်လိမ့်နဲ့





အခုလည်း ကြယ်စင်နဲ့ တွေ့ဖို့ အပြင်ထွက်ချင်နေတာ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ် ဒါပေမဲ့"

"ဘာဖြစ်လဲဟာ အရှည်ရောက်နေတဲ့ မိန်းကလေးပဲ၊ ရည်းစား ထားတာ အပြစ်ကြီးကျူးလွန်နေတာမှ မဟုတ်တာ၊ ကိုယ့်ချစ်သူကို ဟော ခဏ တွေ့ပေးမှလည်း ကိုယ့်ချစ်သူက ကိုယ့်ကို ပိုပြီး စွဲလမ်း ပယ်ခက်လာမှာပေါ့။ ကြယ်စင်တို့ကတော့ အပိုင်ပဲ၊ သူငယ်ချင်းတွေကို တောင် အသိမပေးဘူး"

ပန်ဒါ ရယ်ဟာဟာနှင့် တိုက်တွန်းနေတာ စေတနာကောင်းနှင့် တော့ မဖြစ်နိုင်ပါ။ သူမ မြန်မြန်တမ်းတမ်းစွဲချစ်မှ အသည်းခွဲအောင် လက်မှတ် မြန်မြန်ရမှာလို့ ပုံကြည်ထားလို့ မဟုတ်ပါလား။ ဘာကြောင့်ပါ လို့ ပန်ဒါကို အပြစ်တင်မနေချင်။

နောက်တာတွေဖြစ်လာနိုင်သလဲဆိုတာလည်း မတွေးချင်။ ခုချိန် မှာ မောင်နှင့်တွေ့ဖို့ ဆုံဖို့ ကူညီပေးနေသော ပန်ဒါကိုသာ ကျေးဇူးတင် မိသည်။

"နင်တို့ ဘယ်မှာ ချိန်းထားကြလဲ"

"မောင့်အိမ်ကိုသွားမှာ"

"တား မောင်တွေဘာတွေနဲ့ အခြေအနေ အရမ်းကောင်းနေပါ လား ပုံပမာ၊ ကြယ်စင်တို့ ဆွဲသိမ်းမယ့် သိမ်းတော့လည်း အနှစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ချည်းပါလား၊ နင် ကြယ်စင်ကို အရမ်းကြွေနေပြီလား”

ပန်ဒါက ကားစက်နှိုးရင်း သေချာအောင် မေးခွန်းထုတ်ငါ သူမ ဘယ်လိုဖြေရမလဲ။ ကွန်ပျူတာ ဦးနှောက်ကို အသုံးချ၍ စဉ်းစား သည်။ ရင်ထဲအသည်းထဲက နှစ်နှစ်ကာကာ ချစ်နေပါပြီဟု ဆိုလျှ သူမကို အဆက်အသွယ်ဖြတ်၍ အသည်းကွဲအောင် မောင့်ကို တွန်းအ ပေးလိမ့်မည်။

ချစ်ခွင့်ရတာတောင် မကြာသေးပါဘဲ စောစောစီးစီး ပြဿ မတက်ချင်သေးပါ။ သူမက ပေါ့ပေါ့ပါးပါး ဟန်ဆောင်ပြုံးလိုက်ကာ

“ကြွေနေပြီလားဆိုတော့ ရင်ထဲထိ မရောက်သေးဘူး ပြော ပဲ၊ သူ့စရိုက်ကို ငါ သိပ်မနှစ်သက်ခဲ့ဘူးဆိုတော့ ဘယ်အချိန်အထိ အတာထိ ပြုပြင်ပြောင်းလဲမလဲဆိုတာ အချိန်ယူ စောင့်ကြည့်မယ်၊ ဝေ လာဦးမယ်လို့ စဉ်းစားတယ်”

“ဟင် နင် အဖြေပေးပြီးပြီ မဟုတ်လား”

ပန်ဒါ အထိတ်တလန့်ဖြစ်သွားပုံက ကားစတီရာရင်တေ ရမ်းခါသွား၏။ ခဏခြင်းမှာ ဂ္ဂုရွဲဆယ်ထိန်းလိုက်နိုင်တာကလည်း ပ ရဲ့ ကျွမ်းကျင်မှုဖြစ်မည်။

“အပေါ်ယံအလွှာကို မြင်နေ တွေ့နေရုံနဲ့ သူ့ရဲ့အတွင်းစိ မသိနိုင်ဘူးလေ၊ ချစ်သူဘဝနဲ့မှ လေ့လာလို့ကောင်းမှာပေါ့၊ ဒါကြေ





သူ့အချစ်ကို ငါ လက်ခံခဲ့တာ”

‘အင်း ဟုတ် ဟုတ်ပါတယ်၊ နင် ကံကောင်းပါစေလို့ ငါ ဆု တောင်းပေးပါတယ် ပုံပမာ”

“နင်ပေးတဲ့ဆုကို လက်ခံချင်ပေမယ့် ငါ့ရဲ့ကံဆိုးခြင်း ကံကောင်း ခြင်းတွေကို ဖန်တီးပေးမှာက မောင်ကိုယ်တိုင်ဖြစ်နေတယ်၊ သူက ကံ ကောင်းခြင်းတွေ ပေးရင် ငါ ကံဆိုးမှာပဲပေါ့၊ ဒါပေမဲ့ မောင့်ကိုငါ ယုံ ကြည်တယ်၊ ငါ့တစ်ယောက်တည်းကိုပဲ ချစ်လိမ့်မယ်ဆိုတာ”

မခံချင်စိတ်နှင့် တုံ့ပြန်မိတာတော့ မဟုတ်။ မောင့်ကို တကယ် ယုံကြည်နားလည်နေခဲ့လို့ အာမခံရဲနေခြင်း ဖြစ်သည်။ အသည်းခွဲ ကဏ္ဍ ကို မရောက်မချင်း ပန်ဒါ သဒ္ဓါတရားထက်သန်စွာ ကူညီနေတာကိုတော့ အားလည်းနာမိ စိတ်ထဲမှာလည်း မလုံမလဲ မသိုးမသန့် ခံစားရသည်။

မောင် အပါအဝင် မောင့်မိသားစုနှင့် တွေ့ရင်ရော ဖန်ဒါ ဘယ်လိုမျက်နှာပြောင်ဦးမှာလဲ မသိ။ မျက်နှာချင်းဆိုင်ပြီး မောင် မျက်နှာ ပူနေမှာမျိုးလည်း မလိုလား။

“ပန် ပန်ဒါ ဟိုရှေ့က စင်တာလေးရှေ့မှာ ကားရပ်ပေးပါ”

“ဘာလုပ်မလို့လဲ”

“မောင့်အိမ်မှာ တစ်ခုခုလုပ်စားဖို့ ဝယ်သွားချင်လို့ပါ”

“ဟင် နင်က သူ့မိသားစုနဲ့တောင် ရင်းနှီးနေပြီလား၊ သူ့မိထွေး



www.burmeseclassic.com

www.burmeseclassic.com



အကျင့်ပုပ်တဲ့ မိန်းမကြီးနဲ့လည်း အဆင်ပြေတယ်ပေါ့၊ အရမ်း သောင်ကျော်လွန်းမနေဘူးလား"

"ဒီလိုပါပဲ သူနဲ့ချစ်သူ မဖြစ်ခင်ကတည်းက အဆင်ပြေပါတယ်၊ သူ့ကိုလက်ခံပြီးရင် သူ့မိသားစုနဲ့လည်း ပတ်သက်ရမှာပဲပေါ့"

ပန်ဒါက ဆိုင်ရှေ့မှာ ကားရပ်ပေးပြီး ငြိမ်သက်သွားခဲ့၏၊ ဘာတွေတွေးကာ စဉ်းစားနေလဲ သိချင်စိတ်လည်း မရှိပါ။

ကားအောက်ဆင်းရပ်ပြီးမှ

"နင် သွားစရာရှိတာ သွားလိုက်တော့ ပန်ဒါ၊ မောင် အိမ်နဲ့ နီးနီးလေးဆိုတော့ ငါ လမ်းလျှောက်သွားလိုက်တော့မယ်"

"ဘယ်ချိန် ပြန်လာမလဲ၊ ငါ လာကြိုရဦးမလား"

"ဟင့်အင်း မောင့်ကို ပြန်လိုက်ပို့ခိုင်းမယ်၊ ငါတို့ အချိန်ကြာကြာ ပိုတွေ့ရတာပေါ့"

အရွဲ့အစောင်းနှင့် ထေ့ငေါ့နေတာလို့ ထင်သွားလည်း မတတ်နိုင်။ လူတိုင်းကို အကောင်းမြင်သည့်စိတ်နှင့် သည်းခံနားလည်ပေးနိုင်သော်လည်း မာနမဲ့ မိန်းမတစ်ယောက်တော့ မဟုတ်ပါ။

သွေးတွေက ဆူဝေတက်ကြွနေချိန်မို့ တုံ့ပြန်ချင်စိတ် အနည်းအကျဉ်းတော့ ရှိနေသေးသည်။ တစ်နေ့နေ့ ပန်ဒါ လက်တုံ့ပြန်မှာ သိထားနေမှတော့ . . ။



## အခန်း (၁၈)

"ဘာပြောတယ် ဒေစီ၊ သားမှာ ချစ်သူရှိနေပြီ ဟုတ်လား၊ ယားသူငယ်ချင်းဆိုတဲ့ ဟိုကောင်မလေးလား"

"မဟုတ်ပါဘူး လုံးဝကို အဲဒီမိန်းကလေးနဲ့မတူတဲ့ ကွဲပြား ပြားနားမှုရှိပါတယ်၊ ဒေစီနဲ့ ဆုံပြီးပြီ၊ အရမ်းသဘောထားပြည့်ဝတဲ့ မိန်းကလေးပါ၊ ကိုကြီးသား ပြောင်းလဲလာတာ အဲဒီ မိန်းကလေးကြောင့် ပေါ့"

"ဟေ အဲဒါဆိုရင်တော့ အကောင်းဆုံး အသင့်တော်ဆုံး သမီး ပဌမလေးအဖြစ် လက်ခံကြိုဆိုပေးရမှာပေါ့၊ သားနဲ့ ပြေလည်မှုရှိလာတာ ကျူးရှုတောင်တိုက်တယ်ကွ၊ သားရဲ့စိတ်ကို ပြုပြင်ထိန်းသိမ်းဖို့ အရမ်း က်ခဲခဲ့တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်းခ တကာယ်သင် ပေမ်းသောကျေနပ်နေ၏။

သားနဲ့အဆင်ပြေချင်သလို ဖြစ်လာတော သိမ်းကြာသေး၏ အရင်လို ပြဿနာ မရှာတော့ဘဲ သဘောကောင်းသင်္ကာသော ခေးတူးခေါ်ပြောပြလည်နေတာကိုက စိတ်အနှောင့်အယှက်ကင်း စိတ်ပင်ပန်းသက်သာခနသည်။

သားကို ထိုမိန်းကလေး ဒီဝတက်ပြီး ဖျောင်းဖျနိုင်ပါ။ က သူတို့မိသားစုလေး စိတ်ချမ်းသာစရာ ကောင်းပေလိမ့်မည်။

"ကိုကြီး တွေ့ချင်ရင် စောင့်လေ၊ အဲဒီကောင်မလေး ဒီနေ့အိမ်လာလိမ့်မယ်"

"ကိုကြီး ဒီနေ့တော့ တွေ့ဖို့ မဖြစ်ဘူး ထင်တယ်၊ ဂေါက်ကွင်းမှာ ညီ့သည်တချို့နဲ့ တွေ့ဖို့ ချိန်းထားတယ်၊ လုပ်ငန်းကိစ္စအတွက်လည်း တိုင်ပင်ရင်းနဲ့ပေါ့၊ နောက်တစ်ခါ ထမင်းစားဖို့ သီးသန့်ဖိတ်ပါမယ်လို့ ပြောပေးပါ၊ ဒီမိန်းကလေးက သားကို ပြုပြင်ထိန်းသိမ်းနိုင်ရင် ကိုကြီးတို့အတွက် ကံကောင်းခြင်းလက်ဆောင်ပဲ"

"ဒေစီလည်း အခုရက်တွေ တော်တော် စိတ်ချမ်းသာရပါတယ်၊ ဟိုနေ့ကတောင် ဒေစီ အပြင်သွားတော့ ကားယူသွားချင် သွားဆို့ ကိုကြီးသားက ပြောသေးတယ်၊ ဒေစီဖြင့် ပျော်သိုက်တား ဘာပဲဖြစ်ဖြစ် မိသားစုစိတ်ဓာတ်လေးနဲ့ နွေးထွေးမှု ရှိလာတယ်လို့ ခံစားရတယ်"





"အေးလေ အိမ်မှာ ပူညှရူရ မဖြစ်တော့ ကိုကြီး အလုပ်လုပ်ရတာလည်း စိတ်ဖြောင့်တာပေါ့၊ မဟုတ်ရင် အိမ်မှာ စိတ်မချမ်းသာတော့ အလုပ်လုပ်ရတာ အဆင်မပြေဘူး။ သားရော အခုဘယ်သွားနေလဲ"

"ပုံမာလေး လာမယ်ဆိုလို့ အိမ်ရှေ့မှာ ထွက်ကြိုနေတယ်လေ၊ ဘယ်ချိန်လာမှန်း မသိတဲ့ ဝီရိယကောင်းနေတာ၊ မီးမီးကိုတောင် အတူတူစောင့်ရအောင်ဆိုပြီး လက်တွဲခေါ်သွားသေးရဲ့"

ဒေါ်ဒေစီ ပီတိမျက်နှာနှင့် တပြုံးပြုံး ဖြစ်နေတော့ ဦးနေမင်းခ စိတ်ချမ်းသာရသည်။ ဒေါ်ဒေစီကို လက်ထပ်ခဲ့ရတာ တာဝန်တွေ အများကြီး ယူလိုက်ရသော်လည်း ကိုယ်က ကျေကျေနပ်နပ် လက်ခံခဲ့တာမို့ ပြဿနာ မရှိပါ။

ကိုယ့်ထက်ငယ်ရွယ်တဲ့ သူဖြစ်တာတစ်ကြောင်း၊ မွေးချင်းမောင်နှမအပေါ် အစ်မကြီး ပီသစွာ တာဝန်ကျေစိတ်လေးကို လေးစားတာတစ်ကြောင်းနှင့် ထန်ဖိုးထားခဲ့မိတာ အမှန်ပင်။

သူ့အပေါ်လည်း သားနှင့်ပတ်သက်ပြီး ဆူပူငြူစူတာကလွဲ၍ ယယားဝတ္တရား ကျေသည်။ အိမ်ထောင်တာဝန် ကျေသည်။ သမီးလေးမွေးထားတာလည်း မိခင်ဝတ္တရား ကျေသည်။

ဒါတွေအားလုံး ပြောစရာမရှိမှတော့ ဘာမကျေနပ်စရာရှိလဲ။ ကယကာယင် ပွတ်သပ်စွာ နေတတ်တာလေးကလည်း သားရှေ့မှာ အမြင်



www.burmeseclassic.com

www.burmeseclassic.com



မတော်ဘူးဆိုပေမယ့် ဘယ်ယောကျ်ားသားက ကြေည်နူးဘဲနေပါ့မလဲ၊ အခုတော့ ပုံပမာဆိုသော ကောင်မလေး၊ကြောင့် သူတို့ မီသားစုလေးက နားလည်မှုတွေနှင့် ပျော်စရာကောင်းတော့မှာပါ။

"ကိုကြီး သွားတော့မယ်ဆို၊ ဂေါက်အိတ်အဆင်သင့်ပဲနော်၊ ဒီနေ့ ရုံးပိတ်ရက်၊ အိမ်ပြန်နောက်မကျနဲ့နော် ကိုကြီး"

"အေးပါကွာ ဒီနေ့က အလုပ်ကိစ္စလေးလည်း ရှိနေလို့ပါ၊ သမီးချွေးမလေး လာမယ်ဆိုလို့ သွားတောင်သွားချင်တာ မဟုတ်ဘူး"

"အံမယ်လေး အကဲပိုနေလိုက်တာ သွားပါတော့"

ဒေါ်ဒေစီ မျက်စောင်းလှလှလေးကို အနှမ်းပေးခဲ့ပြီးမှ ဦးနေမင်း ခ ကြည်ကြည်နူးနူး ထွက်လာခဲ့သည်။ တိုက်ပေါ်တီကို အောက်မှာ သားကားလေးကို မြင်ရတာလည်း စိတ်ချမ်းမြေ့မှု တစ်ခုပင်။

အရင်က ဒေစီ စီးမှာကြောက်လို့ဆိုပြီး ကားဝပ်ရှော့တစ်ခုမှာ အပ်ထားခဲ့တာ မဟုတ်ပါလား။

"ဟာ ဖေဖေ သွားတော့မလို့လား"

ခြံဝင်းဝရှေ့မှာ ဖေဖေ့ကားလေး ရပ်လာတော့ အရင်ဦးအောင် နှုတ်ဆက်လိုက်သည်။ မီးမီး လက်လေးကို ဆွဲထားလို့ ဖေဖေ ကြည်နူး နေလားမသိ။ အားရပါးရနှင့် ခေါင်းတညိတ်ညိတ် ပြုံးနေကာ.

"ကျေးဇူးတင်ပါတယ် သား၊ အဲ မဟုတ်ဘူး၊ ပုံပမာကို ကျေးဇူး





တင်ရမှာ ထင်တယ်၊ သားက ပုံပမာကြောင့် ပြောင်းလဲလာတာ မဟုတ်လား"

"ဟုတ်ကဲ့ ကျွန်တော် ခင်သင်ခြင်ခြင် နေတော့မှာပါ ဖေဖေ"

"အေး အဲလိုစိတ်လေးဖြစ်လာတာ ဖေဖေ ဝမ်းသာပါတယ် သား၊ ပုံပမာလို မိန်းကလေးကို လက်မလွှတ်စေနဲ့နော်၊ ဖေဖေ ခမ်းခမ်း နားနား လက်ထပ်ပေးမယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဖေဖေ"

ဖေဖေ ကားလေး အဝေးကြီးရောက်သည့်တိုင်အောင် ကြယ်စင် ခနှင့် မီးမီး ပျော်ပျော်ရွှင်ရွှင် လက်ပြမိကြ၏။

ရင်မှာကြည်နူး၊အပျော်တွေ အပြည့်အဝ ခံစားနေရသလိုပင်။ ပုံပမာ ပြောဖူးသလို ကိုယ်ပေးသလို တန်ပြန်သက်ရောက်မှုတွေ ပြန်ရမှာ ပဲဆိုသည့် စကားက အမှန်တကယ် ဖြစ်နေ၏။

အရင်က သူ့ဘက်က အလိုမကျမှုတွေနှင့် တိုက်ခိုက်နေခဲ့သလို ဖေဖေတို့ဘက်ကလည်း တုံ့ပြန်မှုတွေ ပြင်းထန်ခဲ့သည်။ မိထွေးဘက်ကဆို မြင်လိုက်တာနှင့် ဆူပူသောင်းကျန်းဖို့ စနိုမလေးခဲ့တာမျိုးပါ။

ခုတော့ သူ့ဘက်က ပြုပြင်ပြောင်းလဲခဲ့သလို မိထွေးဘက် ကလည်း နွေးထွေးမှုတွေ ဂရုစိုက်နားလည်မှုတွေ ပြန်ပေးခဲ့သည်။ တကယ် ပဲ ဖေဖေ ပြောသလို ပုံပမာရဲ့ ကျေးဇူးကြေး . ၊



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟိုမှာ မမပုံ လာနေပြီ ကိုကိုကြီး၊ လက်ထဲမှာလည်း အထုပ်တွေ ဆွဲလို့ သွားကြိုရအောင်"

မီးမီးက ပြောလည်း ပြော၊ ပြေးလည်းပြေးနှင့် ပုံပမာ လက်ကို သွားဆွဲ၏။ သူလည်း ခြေလှမ်းသုတ်သုတ်နှင့် ပုံပမာ လက်ထဲက အထုပ်တွေ ကူဆွဲရသည်။

"နောက်ကျလိုက်တာ ပုံပုံရယ်၊ မောင် စောင့်နေရတာ ကြာလှပြီ၊ လည်ပင်းတောင် သစ်ကုလားအုပ် ဖြစ်တော့မယ်"

"အိမ်က အထွက်ခက်နေလို့ မောင်ရဲ့၊ တစ်ခါမှ သင်တန်း ပိတ်ရက်တွေ အပြင်မထွက်ဘူးတော့ ဒေါ်လေးကို မပြောရဲဖြစ်နေတာ။ ဒါတောင် ပန်ဒါရဲ့ အကြံအစည်နဲ့လေ၊ ဘူးဘူးချစ်တို့အိမ်မှာ ခွင်းကျွေး ရှိတယ် မဟုတ်လား၊ သူ လိုက်ပို့မယ် ဆိုပြီး လိုက်ပို့တာ"

"ဟင် ပန်ဒါက ဒီအထိ လိုက်မပို့ဘူးလား၊ ကိုယ့်ချစ်သူလေး ပင်ပန်းနေတော့မှာပဲ"

"ပုံပုံ မခေါ်ခဲ့တာပါ၊ သူ့စိတ်ကို သိသိကြီးနဲ့ သူ ဘယ်လောက်ပဲ မျက်နှာပြောင်ရဲတယ်ဆိုပေမယ့် ပုံပုံကတော့ မျက်နှာပူတယ်၊ ပြီးတော့ သူ့ရဲ့ ကူညီမှုတွေက စေတနာသန့်သန့် မဟုတ်မှန်းသိရဲ့နဲ့ အားနာသလိုပဲ"

"ကဲပါ မောင်နဲ့တွေ့တဲ့အချိန် အဲဒါတွေ မေ့ထားလိုက်ကွာ၊





ဒေါ်ခေစီလည်း ပုံပုံကို စောင့်နေတာ သွားရအောင်"

ပုံပမာ ပခုံးလေးကို ဖက်တွယ်၍ ခေါ်လာခဲ့သည်။ အိမ်ထဲကို မီးမီးလေးက ခုန်ပေါက်၍ အရင်ဝင်သွားကာ

"မေမေရေ မမပုံပုံ လာပြီ"

"ဟော ပုံပုံကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဒီအိမ်လာရင် ဘာမှ မဝယ်လာခဲ့ပါနဲ့ဆိုတာ ပြောလို့ကို မရဘူး"

"အနှိတ်တို့ကို အညာမုန့်ဟင်းခါး ချက်ကျွေးချင်လို့ပါ အနှိတ် ရဲ့၊ ဟိုနေ့ကတည်းက မောင့်ကို ချက်ကျွေးမယ်လို့ ပြောထားတာ"

"ကြော် ဟုတ်လား၊ အနှိတ်တို့လည်း မစားဘူးတာနဲ့ အတော် ပဲ၊ ဘာပဲလိုချက်တယ်ဆိုတာ အနှိတ်ကို သင်ခဲ့ဦးလေ၊ ကြယ်စင်လေး စားချင်တဲ့အခါ အနှိတ် ချက်ကျွေးရတာပေါ့"

ဒေါ်ခေစီရဲ့ ပြောင်းလဲလာမှုကြောင့် ကြယ်စင်ခ မျက်နှာပြုံးဖြိုး ဖြိုးကြီး ဖြစ်သွားသလို ပုံပမာလည်း လွှင့်လွင့်လေး ပြုံး၍ ဒေါ်ခေစီ လက်ကို ဆွဲကာ မီးဖိုခန်းဘက် ခေါ်လာခဲ့သည်။

ပြီးမှ ကြယ်စင်ခ ဆွဲလာသည့် အထုပ်ထဲက ပစ္စည်းတွေကို တစ်ခုချင်း စားပွဲပေါ် ချ၏။

"ပုံပုံတို့ အညာမုန့်ဟင်းခါးက ငါးတစ်မျိုးတည်း ထည့်တာ မဟုတ်ဘူး အနှိတ်ရဲ့၊ ကြက်သားလည်း ထည့်တယ်၊ အဲဒါကြောင့် ငါး



www.burmeseclassic.com

www.burmeseclassic.com



ရော ကြက်သားရော ဝယ်လာတာ၊ ဘဲဥကိုလည်း ညှီမှာစိုးလို့ ဟင်းအိုးထဲ မထည့်ဘူး၊ သပ်သပ်ပြုတ်ပြီး ကြိုက်တဲ့လူက ပန်းကန်ထဲကို အစိတ်လေးတွေ လှီးပြီး ထည့်စားတာ"

"ဟင် ရွှေကျိုမုန့်တွေ၊ မြေပဲတွေလည်း ပါမလာပါလား"

"အညာမှာ အဲဒါတွေ မသုံးဘူး၊ ပဲမှုန့်အစိမ်းနဲ့ ကုလားပဲ သုံးတယ်၊ မုန့်ပျစ်ချင်ရင်တော့ ဆန်လှော်မှုန့်နည်းနည်းထည့်တာပေါ့၊ ခေါက်ဆွဲစားစား မုန့်ဟင်းခါးစားစား အညာကလူတွေက ကြက်သွန်စိမ်းထည့်စားရတာကို ကြိုက်တယ်၊ သုပ်စားရင်လည်း ပဲမှုန့်အကျက်နည်းနည်းထည့်ပြီး ဆီချက်များတာကို ကြိုက်တယ်၊ ပြီးတော့ အသုပ်ကို ခရမ်းချဉ်ဆော့(စ်) အချဉ်ရည်တွေနဲ့ ဘယ်တော့မှ သုပ်မစားဘူး၊ အဲဒီအစား နယ်လို့ကောင်းအောင် ကုလားပဲမှုန့်ပျစ်ပျစ် ကျိုထားတာ၊ ဒါမှမဟုတ် ဟင်းရည်နည်းနည်းထည့်ပြီး၊ နယ်လိုက်တာပေါ့"

"နံနံပင်လေးတွေက လတ်လတ်ဆတ်ဆတ်နဲ့ ပုံပုံ ပြောနေတာ အရမ်းစားကောင်းမယ့်ပုံပဲ၊ ကိုယ်က အသုပ်ရော ဟင်းရည်နဲ့ရော စားမှာနော်"

"မီးမီးလည်း အသုပ်စားမယ်"

"အင်း အင်း အဲဒါဆို ကြက်သားလေးတွေကို သေးသေးလေးတွေ လှီးပြီး ဆီချက် ချက်လိုက်ဦးမယ်"





"ဟင် ကြက်သားဆီချက် ချက်မှာ"

"အင်းလေ ဒီမှာ ခုန်းကြီးသုပ်ထဲထည့်တဲ့ ကြက်သားဆီချက် မျိုးပေါ့၊ ပုံပုံတို့ဆီမှာက ဒီမှာလို ရေချိုဆီခေါ့(စ်)တွေ သံပုရာသီးတွေ အများကြီး မသုံးဘူး၊ အဲလို ကြက်သားဆီချက်မျိုးနဲ့ အချဉ်နည်းနည်းပဲ သုပ်စားကြတယ်၊ ကဲပါ ပုံပုံ လုပ်ကျွေးပါမယ်၊ အဲဒီမှာ ထိုင်စောင့်ကြ လျှာလည်သွားစေရမယ်"

ပုံပမာက ပစ္စည်းတွေကို တစ်ခုချင်း ထုတ်၍ သွက်လက်မြန်ဆန်စွာ လုပ်ကိုင်သွားသည်။ ခေါ်ဒေစီက ကြက်သွန်မြိတ်နှင့် နံနံပင်ကို ဆေးကြောသင်ပြီး ရေဆေးလှီးဖြတ်ပေး၏။ သံပုရာသီးကိုလည်း သေးသေးလေးတွေ စိတ်၍ ပန်းကန်ထဲမှာ ထည့်ပေးထားသည်။

"ကြယ်စင်ကို မုန့်ဟင်းခါး ချက်ကျွေးရင် ငံပြာရည်အကောင်းစား သုံးနော် အန်တီ၊ ယက်ရာဘယ်လောက်ကောင်းကောင်း ငံပြာရည်မကောင်းရင် မုန့်ဟင်းရည်က အရသာပျက်သွားတာပဲ"

"အန်တီ မေပန်းအောင် ပုံပုံပဲ မောင့်ကို အမြဲချက်ကျွေးပေါ့"

"ကြည့် လူလည်လုပ်ပြီ"

"အိမ်ရှင်မ ရာထူးရရင် ချက်ကျွေးမှာပေါ့လို့ ပြောလိုက်စမ်းပါ ပုံပုံရယ်"

"အန်တီ လာမဆွနဲ့နော်၊ အဲဒီရာထူးက အခုပေးချင်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကလည်း ခမ်းခမ်းနားနား လက်ထပ်ပေးမှာတဲ့၊ ဘယ်လိုလဲ ဖုံပုံ အခု လက်ထပ်မလား”

ကြယ်စင်ခ သူမ မျက်နှာသည်တည့်ကြည့်ပြီး မေးတော့ သူမ မျက်နှာလေး ရှက်သွေးဖြန်းကာ ရဲရဲနီသွား၏။ ရှက်ကိုးရှက်ကန်းနှင့် မုန့်ဟင်းခါးရည်မွှေနေသော ယောက်ချိုန်းကြီးကို ကိုင်လိုက်ကာ

“သွားစမ်းပါ ဟိုနားသွားထိုင်နေ၊ မုန့်ဟင်းခါးရည်တွေနဲ့ ပက်လိုက်မှာနော်”

“ကဲ အန်တီ အဲဒီကိစ္စ ဘယ်လိုလုပ်မှာတုန်း၊ ရေခင်ကတော့ဆည်းက ကျွန်တော့်ကို နိုင်ချင်နေပြီး ဖေဖေ့ကို အမြဲတမ်း နိုင်တဲ့ အန်တီ့ကို တုလို့ဖြစ်မယ်”

“အံမယ် အံမယ် မင်းအဖေကို ကျုပ် ဘယ်အချိန်တုန်းက နိုင်ရလို့လဲ၊ အိမ်အလုပ်တွေလည်း အိမ်ဖော်မငှားဘဲ ကျုပ်တစ်ယောက်တည်း လုပ်ရတယ်၊ သူ့အပေါ်လည်း တာဝန်မလစ်ဟင်းအောင် ဂရုစိုက်ရတယ်၊ ဒီကြားထဲ မီးမီးလေးကို ကျောင်းဆို့ကျောင်းကြို ကိစ္စတွေ ရှိသေးကယ်၊ ညီမလေးနဲ့ မောင်လေးတွေပေါ် မရောက်သေးတောင် ဘယ်လောက်ကြာပြီလဲ”

“ပြော ပြောလိုက်ကာမှ အလုပ်တွေ ရှုပ်ပြီလိုက်တာ ဟုတ်တယ် လို့ပါလား၊ နောက်နေ့ကစပြီး မီးမီးလေး ကျောင်းကြိုပို့ကိစ္စတွေ ကျွန်တော်





တာဝန်ယူပါမယ်၊ ကျွန်တော့်အခန်းလည်း ကိုယ့်ဘာသာ ရှင်းမယ်၊ အဝတ် အစားလည်း ကိုယ့်ဘာသာ လျှော်ဖွတ်မယ်၊ အဲဒါဆိုရပြီလား”

“ကြယ်စင် သား မင်းတကယ် ပြောနေတာလား”

ဒေါ်ဒေစီက လိုက်လိုက်လှဲလှဲ ခေါ်၍ ကြယ်စင် လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

“သား အဲလောက်ထိ နားလည်မှုပေးလာမယ်လို့ မထင်ဘူး ကွယ်၊ သားတက်က သိတတ်လာမှုတွေအတွက် အန်တီကလည်း မိခင် တစ်ယောက်ရဲ့ မေတ္တာတွေ ပြန်ပေးနိုင်အောင် ကြိုးစားပါမယ်”

“ကျွန်တော်လိုချင်တဲ့ မေတ္တာတွေ ပြန်ရဖို့ မေတ္တာတွေ ပေးနိုင် ရမယ်လို့ ဖုံပုံ ပြောထားလို့ပါ၊ ကျွန်တော်အမှားတွေ အများကြီးလုပ်ခဲ့ မိတာ နောင်တရနေပါတယ်၊ ဖေဖေ့ကိုလည်း လုပ်ငန်းလည်ပတ်ဖို့ အတွက် ဘဏ်က ကျွန်တော့်ငွေတွေ ထုတ်သုံးဖို့ ပြောလိုက်ပါမယ်”

“သားရယ် ကျေးဇူးတင်ပါတယ်၊ အန်တီမွေးချင်းတွေကို ထောက်ပံ့နေရတာလည်း သူတို့အလုပ်ကိုယ်စီ ကြတဲ့အခါ ကျေးဇူးပြန် သိတတ်ကြမှာပါ”

“ကျွန်တော် စိတ်ထဲ ဘာမှမရှိတော့ပါဘူး၊ ကျွန်တော်လည်း ဒီသင်တန်းပြီးရင် ဖေဖေနဲ့ အလုပ်တွဲလုပ်တော့မယ်လို့ စိတ်ကူးထားတယ်၊ အန်တီ့ မောင်နဲ့ ညီမလေးတွေရဲ့ ပညာရေးကို ကောင်းကောင်း ထောက်ပံ့



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာပါ"

နားလည်မှုတွေ အပြည့်အဝ ရနေကြပြီမို့ အားလုံးရဲ့မျက်နှာများက အပြုံးကိုယ်စီ ဖြစ်နေကြ၏။ မုန့်ဟင်းခါးနှင့်အသုပ်တွေကိုလည်း မြိန်ရေယှက်ရေ စားသောက်ကြပြီး ကြည်နူးစရာ မိသားစုဘဝလေးရဲ့ တန်ဖိုးကို သိသွားကြသည်။

ပုံပမာရဲ့ အိမ်ပြန်လမ်းမှာလည်း အပြုံးအပျော်တွေ သယ်ဆောင်ခဲ့ကာ..။

■ ■ ■



## အခန်း (၁၇)

"မောင် အဲလိုနေရတာ ပျော်လားဟင်"

"အင်း ပျော်တယ်၊ ဒီလို အခြေအနေလေး ရလိမ့်မယ်တောင် မျှော်လင့်မထားမိဘူး၊ အရင်က အိမ်ပြန်ရမှာ အရမ်းကြောက်ပြီး အပြင်မှာ လေလွင့်နေတာတွေ၊ စိတ်တိုင်းမကျမှုတွေနဲ့ အိမ်က ထွက်လာရတာဆိုတော့လည်း အပြင်မှာလည်း အဆင်မပြေပါဘူး၊ ဖြစ်သလို ကြုံသလို ပွေလွှေ့ပါးပါး အခံချော်ရှာပြီး နေလိုက်တာပဲ၊ အခုတော့ ပုံပုံ တန်ဖိုးကို မောင် ပိုသိလာတယ်"

ကားလေးကို ဘီးလိမ့်ရုံ မောင်းလာရင်းဖြင့် မောင်က သူမမျက်နှာလေးကို လှည့်ကြည့် လှည့်ကြည့်ဖြင့် ပြောသည်။ သူမက မောင့်ပခုံးပေါ် ခေါင်းလေးမှေးတင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောမယ်ဆို လမ်းဘေးက ကားဆောရင်လိုက် မောင်၊ မောင်က ပုံပုံကို တကြည့်ကြည့်လုပ်နေတော့ ကားတစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

"ဖြစ်တော့လည်း နှစ်ယောက်အတူတူပဲဥစ္စာ မကောင်းဘူးလား"

ကားလေးကို လူရှင်းကားရှင်းသည့် လမ်းဘေးကျကျ ထိုးရပ်ရင်း မောင်ပြောတော့ သူမ မျက်စောင်းရွယ်လိုက်၏။

"မကောင်းပါဘူး၊ မောင်ရော ပုံပုံရော ဘဝထိခိုက်နစ်နာမှုမှ မရှိဘဲ၊ ဘဝမှာ အကြာကြီး နေသွားချင်တယ်"

"ဒါဆို လက်ထပ်ကြမယ်လေ"

"ဖေဖေ ပြန်လာရင် ပုံပုံ ပြောပြမှာပါ၊ ဖေဖေကလည်း ပုံပုံ ဆန္ဒကို ငြင်းဆန်မှာ မဟုတ်ဘူး၊ အဲဒီတော့မှ လက်ထပ်ကြတာပေါ့ မောင်"

"အင်း ပုံပုံဘက်ကရော မောင့်ဘက်ကရော အဆင်ပြေပြေဆိုတော့ ပျော်စရာကြီးနော်"

"ပုံပုံကတော့ အပြည့်အဝ မပျော်နိုင်သေးဘူး၊ အခုဘက်ဘက်က အဆင်ပြေနေပေမယ့် ဒီအကြောင်းရင်းတွေ သိသွားရင် ပန်း၊၊ ဘယ်လိုပြဿနာရှာမယ်ဆိုတာ မသိနိုင်ဘူးလေ၊ ညီအစ်မတွေဆိုတော့





ယောက်ျားလေးတစ်ယောက်ကြောင့် အခြေအတင်ဖြစ်ရတော့မယ်ဆိုရင် အရမ်းရှက်ဖို့ကောင်းတယ်"

"မောင်ကမှ သူ့ကိုမချစ်တာ၊ အခိုက်အတန့် ပြဿနာလေးဖြစ်ပြီးရင် သူလည်း မေ့အေးသွားမှာပါ၊ အဲဒီကိစ္စ စိတ်မဆင်းရဲနဲ့နော်၊ ပုံပုံဘက်မှာ မောင်ရှိတယ်"

"အင်း မောင့်ကို ယုံကြည်ပေမယ့် ပုံပုံစိတ်တွေတော့ လေးနေတယ် မောင်၊ ဘာကြောင့်လေးနေမှန်းလည်း မသိဘူး"

"ကဲ မောင့်ကို အားပါးနှစ်ခါလောက်ပေးလိုက်ရင် စိတ်ပေါ့သွားလိမ့်မယ်၊ မယုံရင် နမ်းကြည့်လိုက်"

"မောင်တာလေ တကယ်ဆိုးတယ်"

အပြစ်တင်လိုက်ပေမယ့် ပါးနှစ်ဖက်လုံး ထိုးပေးနေသော မောင့်ကို စိတ်ကျေနပ်အောင် ဘယ်ပြန်ညာပြန် ဖွဖွလေး နမ်းလိုက်ရသည်။ မောင်ကလည်း အားကျမခံ သူမ ခံနွယ်လေးတွေမှစ၍ နဖူး ပါးပြင် လည်တိုင် အဆုံးမရှိ တရှိုက်မက်မက် အနမ်းမိုးရွာလာ၏။ ရင်မှာ လှိုင်ထိုကြည်နူးမှုနှင့် အသည်းတခွေးခွေး ဖြစ်ရသည်။

"တော်ပြီကွာ မောင်၊ ဒီမှာ မျက်နှာတစ်ခုလုံး ရစရာမရှိတော့ဘူး၊ ပန်းဒါက ပုံပုံကို အပြတ်ဖြတ်ခဲ့ကြည့်နေတာ၊ အရမ်းထူးထူးခြားခြားကြီး မြင်တွေ့သွားရင် မောင့်ကို အသည်းခွဲ အောင်လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ယူတော့လို့ ဖွတ်အတင်း တိုက်တွန်းနေဦးမယ် ဟင်း ဟင်း"

"ရယ်တော့ ရယ်စရာပဲနော်၊ မောင်သာ ပုံပုံကို မခွဲနိုင်အောင် ချစ်နေတာ သိရင် ပန်ဒါ အသည်းကွဲသွားမလား မသိဘူး"

"အင်း ဖြစ်ချင်လည်း ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် စိတ်ခံစားမှုကြောင့်ပဲဆိုတော့ လျောင်ပြောင်သရော်သလိုတော့ မလုပ်မိပါစေနဲ့ မောင်၊ နှလုံးသားကို လှည့်စားရင် အဲဒီအပြစ်ဒဏ်က ကြီးမားတယ်"

"ဟုတ်ကဲ့ပါ ခင်ဗျ၊ ကျွန်တော်မျိုး ဆင်ခြင်ပါမယ်"

"မောင်ကလေ ရွှတ်နောက်နောက်နဲ့"

"ပုံပုံ ပျော်စေချင်လို့ပါ၊ ဟို ပုံပုံကို လိုက်ပို့ပြီးရင် မျိုးကျော်တို့နဲ့ ခဏသွားတွေ့လိုက်ဦးမယ်နော်"

"ခွင့်တောင်းစရာ မလိုပါဘူး မောင်ရယ်၊ ပုံပုံက ဟိုလူ ဒီလူနဲ့ မပေါင်းနဲ့၊ ဒါ မလုပ်နဲ့လို့ မောင့်ကို မချုပ်ချယ်ချင်ပါဘူး။ ပုံပုံကို ချစ်ရလို့ မောင် စိတ်ကျဉ်းကျပ်မှာမျိုးလည်း မဖြစ်စေချင်ဘူး။ မောင့်စိတ်ဆန္ဒအတိုင်းပဲနေပါ"

"အဲလို သိတတ် နားလည်လွန်းလို့ မောင် အချစ်ပိုရတာပါ ပုံပုံရယ်"

သူ့ပခုံးပေါ် မှီနွဲ့စေလျက် ကားလေးကို မောင်းကာ အိမ်အရောက် လိုက်ပို့ခဲ့သည်။ တိုက်ခန်းဝရန်တာက ပန်ဒါထွက်ကြည့်နေတာ





သတိမထားမိဘဲ ပုံပမာ နဖူးလေးကို ဖွဖွနမ်းပြီးမှ မျိုးကျော်တို့နှင့် ချိန်းဆိုထားသော စားသောက်ဆိုင်ကို ရောက်လာခဲ့သည်။

"ဘီယာနဲ့ လန်းဦးမလား ကြယ်စင်"

မျိုးကျော်က ရောက်ရောက်ချင်းမှာပင် ဘီယာတစ်ခွက် ငှဲ့ပေး၏။ သူက ခေါင်းရမ်းရင်းနှင့် တစ်ဆက်တည်း ဘီယာခွက်ပါ တစ်ဖက်တိုးရွှေ့လိုက်သည်။

"ငါ မသောက်တော့ဘူးကွာ"

"အရမ်းလိမ္မာနေပါလား၊ သူငယ်ချင်းတွေ တွေ့တုန်း အဲလို စည်းမဖောက်နဲ့ကွာ"

"ငါ အမြည်းဝိုင်းစားပေးပါမယ်၊ တကယ် မသောက်ချင်လို့"

"အဲလို မလုပ်နဲ့ကွာ၊ ပုံပမာရှေ့မှာ ဆင်ခြင်တာ ငါတို့ နားလည်ပေးနိုင်ပါတယ်"

"စိတ်ကွယ်ရာ မရှိဆိုတဲ့စကားလုံးကို ကြောက်လို့တော့ မဟုတ်ပါဘူး။ ပုံပုံ ထိန်းချုပ်ထားလို့လည်း မဟုတ်ဘူး၊ ငါကိုယ်တိုင်က မှားယွင်းပြီး ဖြုတ်သန်းခဲ့တဲ့ အချိန်တွေကို နောင်တရနေတာပါ၊ ဘဝမှာ ပျော်စရာအချိန်တွေကို တော်တော်ဆုံးရှုံးခဲ့တယ်ကွ"

"အဲဒီ ဒဿနက ပုံပမာဆီက ဆင်းသက်လာတာ ငါတို့ သိပါတယ်၊ နားလည်လက်ခံပြီး ငါတို့လည်း ဆင်ခြင်နေတာပါ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ သည်းမခံနိုင်လောက်အောင် တင်းနေတဲ့သူတော့ ရှိနေပြီနော်''

''ပန်ဒါ မဟုတ်လား''

နိုင်ထွန်းက ဘီယာတစ်ကျိုက် မော့ရင်း ခေါင်းညိတ်ပြ၏၊ စိတ်ထဲမှာ ဘယ်လိုမှ မခံစားရသော်လည်း မျက်မှောင်တော့ ကြုတ်သွားသည်။

''နေ့လယ်က ငါတို့ဆီရောက်လာတယ်၊ မင်းတို့အခြေအနေ ဘယ်ထိရောက်နေပြီလဲဆိုတာ မေးသို့ ဒီအကောင် တကယ်ကြွေနေပြီ တယ် ပြောလိုက်တာနဲ့ တင်းသွားတာ''

''တကယ်ဆို သူ လက်မခံဘူးတဲ့ မဖြစ်သင့်ဘူး၊ မဖြစ်ရဘူး တဲ့၊ ဖွတ်ပဲ၊ မင်းနဲ့နောက်နေ့တွေ့ဖို့လည်း ချိန်းထားတယ်၊ သွားဖြစ်အောင် သွားလိုက်ဦး''

''ငါ့ကိုယ်ရေးကိုယ်တာကို သူ့ တာန်သတ်ချုပ်ချယ်လို့ မရပါဘူး ကွာ၊ ငါ့စိတ်ဆန္ဒအတိုင်း ငါ ချစ်ချင်တဲ့သူ ချစ်မှာပေါ့၊ ပုံပမာက သူ့ထက် အများကြီး တန်ဖိုးရှိတယ်''

''အဲလိုတော့ မနှိုင်းယှဉ်နဲ့လေ၊ ပန်ဒါလည်း အကျင့်ပျက် မိန်း ကလေးတစ်ယောက်မှ မဟုတ်တာ၊ တိုင်းတာစရာရှိမှ တစ်ဖက်ကို အား ချတာမျိုးတော့ မဖြစ်စေနဲ့ကွာ၊ ပန်ဒါက ငါတို့အတွက် သူငယ်ချင်းကော တော့ ဖြစ်ခဲ့ပါတယ်''





''အေး ငါလည်း အဲဒါပြောချင်တာ၊ ဘာပဲဖြစ်ဖြစ် သူငယ်ချင်း ကို ရန်သူလိုတော့ မဆက်ဆံနဲ့ကွာ၊ နားလည်အောင် ပြောလည်အောင် ညှိနှိုင်းပါ၊ ပုံပမာလို နောက်မှရောက်လာတဲ့ သူစိမ်းသက်သက်ကိုတောင် စိတ်တွေပြောင်းလဲပြီး ချစ်သွားနိုင်သေးတော ပန်ဒါက မင်းအပေါ် ဘာ အပြစ် ဘာအများမှ မကျူးလွန်ပူးဘူးနော်''

မျိုးကျော်နှင့်နိုင်ထွန်း ပြောတာလည်း ဟုတ်နေပြန်တော့ သူ ငြိမ်သက်သွားရသည်။ ပန်ဒါအပေါ် သူ့ဘက်က သက်ရောက်မှုတွေ မရှိခဲ့ပေမယ့် ပန်ဒါရဲ့ ဖြည့်ဆည်းမှုတွေကိုတော့ အသိအမှတ် မပြုလို့ မရ၊ မျိုးကျော်တို့ကလည်း အကြောင်းသိ တတ်သိတွေမို့ ပန်ဒါဘက်က နာနေပလိမ့်မည်။

''အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ရောက်တဲ့အထိ တို့ တွေ စိတ်တူကိုယ်တူ တတွဲတွဲ ပေါင်းသင်းခဲ့ကြတာပါ၊ ပန်ဒါက မင်းအပေါ် အနစ်နာခံဆုံး၊ သည်းခံနိုင်ဆုံးဆိုတာလည်း မင်း သိပါတယ်၊ မမြင်ချင် မကြည့်ချင်တောင် မျက်နှာတော့ မလွှဲပါနဲ့ကွာ''

ပင့်သက်ရှိုက်ကာ အတိတ်ကို ပြန်သတိရ၏။

အလွမ်းဓာတ်ခံ မရှိသော်လည်း ပန်ဒါ ပါဝင်ခဲ့သော နေ့ရက် များတာ မြောက်များစွာ. . .။

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ပုံပမာ နဖူးကို ကြယ်စင် မြတ်မြတ်နိုးနိုး နမ်းရှိုက်သွားသော ပုံရိပ်များက မျက်လုံးထဲက ပျောက်ပျက်မသွား။

ဟန်ဆောင်တာပဲ အဲလောက် ပီပြင်ဖို့ လိုသလား။ နေ့လယ်က မိုးကျော်တို့ ပြောလိုက်သော စကားတွေနှင့် တိုက်ဆိုင်ကြည့်တော့ ရင် ထဲမှာ ဒေါသမီးတို့ တအုန်းအုန်း လောင်ကျွမ်းကာ နေမထိ ထိုင်မသ

ပုံပမာ တိုက်ပေါ်တက်လာတော့ ချက်ချင်းမေးကြည့်ဖို့ ပြ လိုက်သေးပေမယ့် ဖေဖေရော မေမေရော ရှိနေတာမို့ ကြိတ်မှိတ်မျိုသိ ကာ ဆင်ခြင်နေရသည်။ ကြယ်စင်ကို မေးမကြည့်သေးလို့ မသေချ သေးတာကြောင့်လည်း ဝုန်းဒိုင်းကျဲ သွေးဆူဖို့ မဖြစ်သေးပါ။

ပုံပမာ ရေချိုးတာ ထမင်းစားတာ အားလုံးပြီးလို့ ညအိပ်ရ





ဝင်တဲ့အထိ စိတ်ရှည်ရှည် စောင့်ရသည်။ ဣန္ဒြေပျက်လောက်အောင် မပေါက်ကွဲဖို့လည်း သတိထားရသေး။ တကယ်ဆို ပုံပမာက အသည်းခွဲ ခံရဖို့ ကြယ်စင် ချစ်သူဖြစ်နေတာကို သိမှမသိတာ။ ကြယ်စင်ကသာ တကယ်မချစ်မိဖို့ လိုအပ်တာ။

တကယ် ချစ်မိသွားလည်း ကြယ်စင်မှာသာ အပြစ်ရှိသည်။

"ဟင် နင် မအိပ်သေးဘူးလား ပန်ဒါ"

"အေး နင်ကရော ဒီနေ့မှ ဘာလို့ အိပ်ရာဝင် နောက်ကျနေ တာလဲ"

"ခုနကတကနေ ဖေဖေ့ဆီ ဖုန်းခေါ်ကြည့်နေတာဟ၊ ရုံးဖုန်း ရော ဖေဖေ့လက်ကိုင်ဖုန်းရော လုံးဝ ခေါ်လို့ မရဘူး။ အရင်အပတ်တွေ ကဆို ဖေဖေကပဲ ဖုန်းခေါ်တာ"

"တခြားအရေးကြီးအကြောင်းကိစ္စတွေရှိလို့ မဆက်တာ နေမှာ ပေါ့၊ နင်ကလည်း တစ်ခါတလေ မဆက်တာကို ဘာလို့ အကဲပိုပြီး ပူနေရတာလဲ၊ ဒါနဲ့ ညနေက ကြယ်စင် အိမ်ပြန်လိုက်ပို့တာ လား"

မထိဟန်ဆောင် မေးတော့ ပုံပမာ မျက်နှာ ရုတ်သွေးဖြန်းလျက် ပြုံးယောင်သမ်းသွားသည်။ အိပ်ရာခုတင်ပေါ်က ဝက်ဝံရုပ် ဖက်လုံးကြီးကို လည်း ခပ်တင်းတင်း ဖက်၏။ ကြယ်စင်ကို ပုံပမာ စွဲလမ်းတပ်မက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာကတော့ သေချာသလောက် ဖြစ်နေသည်။ ဖြတ်တောက်ပြတ်ဆဲဖို့ အချိန်ကောင်းပဲပေါ့။

“သူ့မိသားစုက နွေးထွေးမှု ရှိပါတယ်၊ မောင်လည်း ပြောင်းလဲလာတာတော့ အမှန်ပဲ၊ ဒါပေမဲ့ အတိုင်းအတာတစ်ခုထိတော့ မောင့်ကို စောင့်ကြည့်ရဦးမယ် ထင်တယ်”

လိုသလောက် ပုံအပ်ပြီးတဲ့အထိတောင် စောင့်ကြည့်ဦးမှာလား၊ ဟု မေးပစ်လိုက်ချင်သည်။ ရင်ထဲက တောင့်တတပ်မက်မှု မရှိဘဲ ဘယ်မိန်းမက တရှိုက်မက်မက် အနမ်းခံမှာလဲ။

မေးခွန်းတွေကို ရင်ထဲမှာ သိုအောင်းပြီး ပန်ဒါ ထွေငေါ့ရှာ ပြုံးလိုက်၏။

“သူ့အိမ်နဲ့လည်း အဆင်ပြေတယ်၊ နင်တို့ချင်းလည်း ဒီလောက် တတွဲတွဲ ပတ်သက်မှုရှိနေတာ၊ စောင့်ကြည့်ဖို့ လိုသေးလို့လား။ သူ့စိတ်ကို လေ့လာရုံသက်သက်နဲ့ အမြဲတွေ့ချင်နေတာတော့ မဟုတ်ပါဘူးနော်”

“အဲဒီအတွက်တော့ အကြောင်းပြချက် သိပ်မရှိပါဘူး။ မောင့်ကို ငါ မချစ်ဘူးလို့ ပြောတာမှ မဟုတ်တာ”

“ဒါဆို ဘာအတွက် စောင့်ကြည့်နေဦးမှာလဲ”

“ဟို အဲ အဲဒါက”

“ပြဿနာတွေနဲ့ မျက်နှာလွှဲနေသင့်တာတောင် စိတ်လိုလက်ရ





ချစ်ခဲ့ပြီးမှ ရုက်ကိုးရက်ကန်း ဆင်ခြေတွေနဲ့ သက်သေလုပ်မနေပါနဲ့ဟာ၊ ငါ့ကို ဝန်ခံလိုက်လည်း နင့်အချစ်တွေ လျော့မသွားပါဘူး၊ ငါကတော့ ကြယ်စင်ကို နင် အရမ်းချစ်နေပြီလို့ ထင်တယ်”

“ဟင် ဘာ”

“ဘာလို့ ထိပ်ပျာသွားတာလဲ၊ လူသိမခံချင်တဲ့အကြောင်းတွေ ရှိနေလို့လား”

“မ.မဟုတ်ပါဘူး”

ပုံပမာ ဘာကိုတွေးကြောက်နေတာလဲ မခန့်မှန်းနိုင်သော်လည်း ပန်ဒါကတော့ တစ်ဖက်သတ် ယုံကြည်မှုတွေဖြင့် မနက်ဖြန် ကြယ်စင်နှင့် တွေ့ကြည့်ဖို့ ဒီနေ့ည တစ်ညလုံး အိပ်လို့မပျော်နိုင် ဖြစ်နေရသည်။ ကြယ်စင် ဘယ်လိုဖြေမှာလဲ။ ပုံပမာကို အသည်းခွဲဖို့ သေချာနေပြီ ပြောလျှင်တော့ ပန်ဒါ ပျော်နေမိမှာ အမှန်ပင်။

မျက်လုံးတွေ မှေးမှိတ်မရဘဲ ညတာရှည်ကို ကျော်ဖြတ်ရတာ ပင်ပန်းလှသည်။ အိပ်ရာကနိုးထပြီး မနက်စာစားပြီးချိန်မှာပင်

“ပုံပမာ ဒီနေ့သင်တန်းကို တက္ကစီနဲ့ ဒိုးလိုက်တော့ဟာ၊ ငါ ကိစ္စလေးရှိလို့ ကားယူပြီး အိမ်က စောထွက်လိုက်မယ်၊ ဖြစ်တယ် မဟုတ်လား”

“ဩော် အေး ဖြစ် ဖြစ်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနဲ့သွားတွေ့မှာလဲ၊ ဘာကိစ္စလဲ မေးလိုက်ချင်ပေမယ့် ဒေါ်လေး မျက်လုံးပြူးကြီးနှင့် မျက်ခုံးပင့်ကြည့်နေတာမို့ ရေငုံနှုတ်ပိတ် ငြိမ်နေလိုက်ရသည်။ မောင်နှင့် သွားတွေ့ပြီး အခြေအတင် ပြဿနာ တွေ ဖြစ်နေမလားလို့ပါ။

ကားသော့တွဲယူကာ ထွက်သွားသည့် ပန်ဒါကိုကြည့်ကာ ရင် တွေမောနေ၏။ အခုတလော ရက်တွေမှာ ပန်ဒါ မေးခွန်းတွေက သမား ရိုးကျ မဟုတ်သည့် အထူးအဆန်းတွေ မဟုတ်ပါလား။

"ဝါ့သမီး ကားယူသွားလို့ ညည်း မျက်နှာညှိုသွားတာတော့ မဟုတ်ပါဘူးနော်"

"မ မဟုတ်ပါဘူး ဒေါ်လေးရဲ့ အခု ဗိုလ်ဒိုး ကားမောင်းတတ်နေ တာတောင် ကိုယ့်ကားပဲဆိုပြီး ဘယ်နှခါ ယူမောင်းဖူးလို့လဲ"

"ဘာ ညည်းက ကားမောင်းတတ်နေပြီ ဘယ်မှာသွားသင်တာ လဲ၊ ဘယ်ချိန်တုန်းကလဲ"

"ဒီလိုပါပဲ သင်တန်းပြန်ချိန်တွေမှာ သူငယ်ချင်းတစ်ယောက် သင်ပေးတာပါ"

"ဩော် သင်တန်းတစ်ခုတက်နေတဲ့ ပန်ဒါလည်း သိနေမှာပေါ့ ငါ့ကိုတောင် မပြောကြပါလား၊ ဒီသမီးနဲ့လည်း ခက်ပါတယ်၊ မအေ ပီ လောက်ပြောနေတာတောင်"





"ကဲ ဘာတွေရှုပ်ရှုပ် ဖြစ်နေတာလဲကွာ၊ အလုပ်သွားခါနီး ရင် အဲလို ရှုပ်ရှုပ်နေတာတွေကြောင့် အဆင်မပြေဖြစ်နေတာ"

တစ်ခါမှ မလုပ်ဖူး မပေါက်ကွဲဘူးသော ဦးအောင်မြင့်ကြွယ်က စားပွဲခုံကို ခုန်းခနဲထု၍ အော်လိုက်တာမို့ ဒေါ်တင်မေထက်ရော ပုံပမာပါ မျက်လုံးပြူးသွားကြသည်။ အခြေအနေမကောင်းတာမို့ ပုံပမာ သာသာ လေး ရှောင်ထွက်လာခဲ့၏။

"ရှင်က ဘာဖြစ်တာလဲ၊ ဒါဘာအချိုးလဲ ကိုအောင်၊ ရှင့်တူမကို ပြောလို့ မကျေနပ်တာလား"

"မကျေနပ်တာ ကျေနပ်တာ ငါ ဘာပြောနေလို့လဲ၊ တကယ်ကို အသုပ်အကိုင်တွေ အဆင်မပြေဖြစ်နေတာ မင်းတို့မိန်းမတွေက ဘာမှ အလိုက်ကန်းဆိုး မသိ ရှုပ်ရှုပ် ရှုပ်ရှုပ်နဲ့"

"ဟွန်း အလုပ်အကိုင် အဆင်မပြေတာထက် လောင်းကစား ကြွေးတင်လို့ ရှင်ရမ်းနေတာလို့ ဝန်ခံစမ်းပါ"

"ဘာ"

"တင်မေထက်ကို နုလပိန်းတုံး၊ မိန်းမလို့တော့ မထင်လိုက်နဲ့ ဒစ်ကိုလုပ်တဲ့သူ ထောက်ပံ့မှုနဲ့ လူလူသူသူဖြစ်လာတော့ အရင်ကအကျင့် တွေ ပြန်ပေါ်လာပြီ မဟုတ်လား၊ ကမ္ဘာကြီးမှာ ကိုယ်က ရှယ်ယာအနည်း ဆုံးဆိုပေမယ့် ဘာကို ဘယ်လိုလုပ်တယ်၊ ဘယ်လောက် အမြတ်အစွန်း



www.burmeseclassic.com

www.burmeseclassic.com



ကျယ်တယ်ဆိုတာ အိမ်မှာနေတယ်ဆိုပြီး မသိဘူးလို့တော့ မထင်လိုက်နဲ့ ကိုအောင်၊ အခွံကြီးကျန်အောင် လုပ်ပစ်လို့ကတော့ ရှင့်ကို ပေါင်းသင်းနေတော့မှာ မဟုတ်ဘူး"

ဒေါ်တင်မေထက် ပွဲကြမ်းပြီဆိုတော့ ဦးအောင်မြင့်ကြွယ် နဂိုလိုပင် ငြိမ်ကုပ်သွားရ၏။ တကယ်လည်း ကိုယ်က မှားနေတာ။

လောင်းကစားကို ဟိုအရင်ကတည်းက ဝါသနာပါခဲ့တာမို့ အခုလို လူကုံထံတွေနှင့် ပေါင်းမိလာတော့ ကြေးကြီးဝိုင်းကြီးဖြစ်လာကာ ငွေအရင်းအနှီးထဲကတောင် ဆုံးရှုံးမှုတွေ ရှိလာသည်။

တော်ရုံတန်ရုံ ဒေါ်တင်မေထက် မသိအောင် ဖုံးကွယ်ထားနိုင်ပေမယ့် ခုတော့ စီးနေသော ကားပင် ထိုးအပ်ရတော့မလို ဖြစ်လာ၏။ အစ်ကိုကြီးပြန်လာလျှင်တော့ အကျိုးအကြောင်းပြော မျက်ရည်ခံထိုးလျှင် အဆင်ပြေနိုင်သည်။

"ဒါက ဘယ်လဲ"

"အ အလုပ်သွားတော့မလို့"

ရှောင်ထွက်ဖို့ ပြင်လိုက်သည်နှင့် ဒေါ်တင်မေထက်က လက်ကို ဆောင့်ခနဲဆွဲကာ ပြန်ထိုင်ခိုင်း၏။

"စကားပြောလို့ မပြတ်သေးဘူးလေ၊ ကြွေးက ဘယ်လောက်တင်သွားပြီလဲ၊ ကုမ္ပဏီမှာ ရှင့်အစ်ကို ထည့်ပေးထားတဲ့ငွေအရင်းထဲ





ကရော ပါနေပြီလား"

"အများနဲ့လုပ်တာဆိုတော့ နည်းနည်းပါးပါးပဲ ထုတ်သုံးရပါသေးတယ်၊ အပြင်က ဆွဲသုံးထားတဲ့ သိန်းတစ်ထောင်ကျော်က ကြွေးမှုဖြစ်နေတာ"

"အမယ်လေး သိန်းတစ်ထောင်ကျော် ဟုတ်လား။ အခုနေတဲ့ တိုက်ခန်းနဲ့ကားကို ထိုးဆပ်ရတော့မှာလား၊ ကျွန်မတို့မှာ သမီးလေး မွေးထားတာ ကိုအောင်ရဲ့၊ အရှက်တကွဲ အကျိုးနည်းဖြစ်ရတော့မှာလား။ ဖော့ဘီခြံမှာ သီးပင်စားပင် စိုက်စားရမယ့် အခြေအနေမျိုးတော့ မနေနိုင်ဘူးနော်"

"အဲလို မဖြစ်အောင် အစ်ကိုကြီးဆီ ဖုန်းလှမ်းဆက်ပြီး ကိုယ့်ဘာသာ အဆင်ပြေအောင် ကြည့်လုပ်ပါမယ် မေရယ်၊ သိပ်စိတ်ပူမနေပါနဲ့"

"စိတ်မပူလို့ ဖြစ်မလား။ ရှင့်အစ်ကိုကရော အခါခါ သဒ္ဓါကြည်ဖြူ ဘယ်ရှိပါတော့မလဲ၊ အရင်းအနှီး ထောင်ပေးတယ်၊ နေစရာ တိုက်ခန်းဝယ်ပေးတယ်၊ စီးစရာ ကားဝယ်ပေးထားတယ်၊ ဒ်ထက်ကြီးပွားပိုးတက်အောင် ရှင် ဘာလုပ်လဲ၊ အဆင်ပြေမယ်ကြံရင် ဒီလိုပဲ လောင်းကစားနဲ့ ကုန်ကုန်သွားတာ"

"တော်ပါတော့ကွာ ပုံပမာ ကြားလို့ အစ်ကိုကြီးကို တိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ပြသသနာတက်နေပါဦးမယ်၊ ကိုယ်လည်း ဒီတစ်ခါတော့ ခင်ခြင်တော့မယ် လို့ သေချာနောင်တတွေ ရပြီး ဆုံးဖြတ်ပြီးပါပြီ''

"ဟွန်း နောင်တတဲ့၊ ဘာနောင်တလဲ၊ လူသာ သေသွားမယ်၊ လောင်းကစားပိုးကတော့ ဘယ်တော့မှ သေမှာမဟုတ်ဘူး။ များများ သုံးချင်ရင် များများရှာနိုင်အောင် ကြိုးစား သိလား။"

လေ့ကားထစ်တွေကို ပြေးဆင်းလာခဲ့သည်အထိ ဒေါ်တင်မေ ထက်ရဲ့ ငြူစူမှုတွေက ခုန်ပေါက်လိုက်လာသည်။ ဒီမိန်းမ ဒီလိုတွေ ပေါက်ကွဲအော်ဟစ်မယ်ဆိုတာ သိသိကြီးနဲ့ ကိုယ်က မခေင်ခြင်နိုင်ခဲ့တာ။

အစ်ကိုကြီး ဆုံးမသွန်သင်ခဲ့တာတွေ နားထင်နားလည်သော် လည်း ဗီဇပိုး ပါလာတော့ အပေါင်းအသင်း၊ ကောင်းလျှင် မနေနိုင်။

ဒီတစ်ခါတော့ တော်တော်လေး အထိနာကာ အကြွေးတင်သွား တာမို့ သွေးပျက်လောက်အောင် ထိတ်လန့်တုန်လှုပ်မိ၏။

ဘာလုပ်ရမလဲ။ ဘယ်လိုဖြေရှင်းရမလဲ။

◻ ◻ ◻



အခန်း (၂၁)

"ရှင်းစရာ လိုလို့လား ပန့်ပါ။ နင်နဲ့ငါကြားမှာ ဘာအနှောင် အဖွဲ့မှ မရှိတာ"

"နင် လွယ်လွယ်မပြောနဲ့ ကြယ်စင်၊ ပုံပမာကို ချစ်သူတော်ဖို့ နင်နဲ့ငါနဲ့ ဘယ်လိုကတိတွေ ထားခဲ့ကြလဲ၊ ပုံပမာလိုမိန်းမကို နင် ဘယ် တော့မှ မချစ်ပါဘူးလို့ အာမခံခဲ့တယ်လေ"

"တကယ်ချစ်သွားတော့ရော နင့်ဆီက ခါမစ်ယူစရာ လိုလို့လား နင့်ကို ကတိပေးခဲ့တဲ့အချိန်က ပုံပမာကို ငါ မုန်းခဲ့တယ်၊ အခုချိန်မှာ ဘယ်လိုအတားအဆီးမှ ဂရုမစိုက်ဘဲ ငါ ချစ်သွားတယ်၊ လူတစ်ယောက် ကို မုန်းခွင့်လည်းရှိတယ်၊ ချစ်ခွင့်လည်း ရှိတယ်၊ ဘာထူးဆန်းလို့လဲ"

"ကြယ်စင်"



www.burmeseclassic.com

www.burmeseclassic.com



တကယ် ရင်ထဲရှိတဲ့အတိုင်း ပြောနေတာကို အရှုံးတိုက်နေသည် ထင်နေလား မသိ။ ပန်ဒါ ဦးခေါင်းနဲ့အောက်ကား သူ့မျက်နှာကို စေ့စေ့ကြည့်၏၊

"ဘာလဲ ငါ နောက်နေတယ် ထင်လို့လား။ နင် သိအောင် ထပ်ပြောမယ်၊ ပုံပမာဆိုရ ငါ ဘယ်တော့မှ အသည်းစွဲအောင်လက်မှတ် မယူတော့ဘူး"

"တကယ်ချစ်သွားပြီဆိုပါတော့၊ ပုံပမာတာလည်း နင့်ကို ခွဲ၍ လမ်းလမ်း ချစ်နေတဲ့ပုံပါပဲ၊ ဒါပေမဲ့ နင် ဘယ်လိုပုံစံမျိုးနဲ့ သူ့ကိုချည်းကပ် ခဲ့တယ်၊ အသည်းစွဲအောင်လက်မှတ်ရဖို့ ဘယ်လိုအပြုံးတွေနဲ့ ကြိုးစား ခဲ့တယ်ဆိုတာသိရင် ပုံပမာ နင့်ကို ချစ်ခဲ့မိတာ နောင်တရပြီး မုန်းသွား မှာပါ၊ ငါ့လက်ထဲမှာ ဓာတ်ဖဲတစ်ချပ်ကိုင်ထားတယ်ဆိုတာ နင် မမေ့နဲ့၊ ငါ့အပေါ်မကြွင်နာရင် ငါလည်း နင့်ကို မသနားနိုင်ဘူး ကြယ်စင်"

"ဟား ဟား ဟား"

တဟားဟား အော်ရယ်တာ ကျောက်စရစ်ခဲတွေ အစုလိုက် အပြုံလိုက် ဆုပ်ကိုင်၍ ကန်ရေပြင်ထဲ လွှဲပေါက်ပစ်လိုက်၏။ ပန်ဒါက လှိုင်းဂယက်လေးတွေကို ကြည့်လိုက်၊ သူ့ကိုကြည့်လိုက်ဖြင့် အံ့အားသ နေဟန်တူသည်။

"အဲဒီခြိမ်းခြောက်မှုမျိုး နောက်တခါမှ စောင့်ပြောတော့ ပန် ဒီဘဝမှာတော့ ပုံပုံကိုငါ အကုန်ဝန်ခံတော့မယ်လို့ နားလည်မှု





ပြီး အရှုံးတော့ မခွဲမခွာနိုင်အောင် ချစ်နေကြပြီဟွာ၊ ငါတို့နှစ်ယောက် နီးစပ်အောင် တွေ့ခွင့်ရအောင် ကြိုးပမ်းပေးခဲ့တာတွေအတွက် နင့်ကို ကျေးဇူးတင်ပါတယ်"

"ဘာ ဘာပြောတယ်"

မျက်နှာတစ်ခုလုံး ချင်းချင်းနီ၍ ပန်ဒါ တဆတ်ဆတ်တုန်သွား သည်။ ကြယ်စင်ရဲ့ မထီတရီ အပြုံးများကိုမြင်တော့ ရင်တစ်ခုလုံး ရှုတ်ချင်ကြွမှုမထာတ် ခံစားလိုက်ရသည်။

"နင်တို့နှစ်ယောက်က နားလည်မှုတွေပြီးမှ သိပ်ချစ်ခဲ့ကြတာ ဟုတ်လား။ ပုံပမာလည်း ဒီအကြောင်းတွေ သိပြီးပြီပေါ့၊ ငါ့ရဲ့ကူညီမှုတွေ က အသည်းစွဲရှာပနအတွက် ထောက်ပံ့အားပေးနေတာ သိသိကြီးနဲ့ ပြန်နေရယုတ်ရဲ့ လှောင်ပြောင်သရော်ရင်း လက်ခံနေခဲ့တာပေါ့"

"ပုံပုံမှာ အဲလို စိတ်မျိုးမရှိဘူး ပန်ဒါ၊ နင် မကောင်းတဲ့စိတ်နဲ့ ကူညီနေတာကို သူက မျက်နှာတွေမှုပြီး အားနာနေတာ"

"တော်စမ်းပါ အခုမှ ငါ သဘောပေါက်တယ်၊ ဒီလို ပြဿနာ တွေ ကြုံမြင်လို့ ကြယ်စင်ကို လေ့လာရဦးမှာ၊ စောင့်ကြည့်ရဦးမှာနဲ့ ငါ့ ကို အချိန်တွေ ခွဲပြီး သံပတ်ပေးထားခဲ့တာကိုး။ နင်ကလည်း နင့်အပြစ် နှင့်အများတွေ ဝန်ခံပြီး ငါ့ကိုတော့ နာမည်ဆိုးနဲ့ အပုပ်ချ အထင်သေး နေခဲ့မှာပေါ့ ဟုတ်လား ကြယ်စင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ငါတို့မှာ အဲလို အကျင့်ဆိုးတွေ မရှိခဲ့ပါဘူး၊ တကယ် ပြောတာပါ အချိန်စောစော ပြဿနာမတက်ချင်လို့ ထိန်းသိမ်းခဲ့ကြတာ တော့ မှန်တယ်၊ ဒါပေမဲ့ တို့နှစ်ယောက် သိပ်ချစ်ခဲ့ကြတာကလွဲရင် နင့်ကို မကောင်းမြင်ပါဒနဲ့တိုက်ခိုက်ဖို့ လုံးဝ စိတ်ကူးမရှိခဲ့ကြဘူး။ ယုံပါ ဟာ၊ ငါတို့ သူငယ်ချင်းတွေပဲ"

"ဘင့်အင်း မဟုတ်ဘူး၊ အဲဒီသူငယ်ချင်းဆိုတဲ့စည်းတစ်ခုနဲ့ ငါ ကျန်နေခဲ့မှာမဟုတ်ဘူး။ နင့်ကို ပြောခဲ့ပြီးသား၊ ပုံပမာကို အသည်းနဲ့ ပြီးတဲ့အချိန်ထိ နင့်ကိုစောင့်နေမှာ၊ မျှော်လင့်နေမှာလို့လည်း ငါ ပြောခဲ့ ပါတယ်"

"ငါလည်း မဖြစ်နိုင်ဘူးလို့ ပြောခဲ့တယ်လေ ပန်ဒါ၊ နင့်ကို ဘာမျှော်လင့်ချက်မှ ငါ မပေးခဲ့ပါဘူး။ သူငယ်ချင်းတစ်ယောက် သံယော ဇဉ်နဲ့ နင့်ကို ဖြူဖြူစင်စင်လေးပဲ ခင်ပါရစေ၊ အစွန်းအထင်းတွေနဲ့ အဲဒီကြိုးတွေ ပြတ်အောင် မလုပ်ပါနဲ့"

"ဘာ"

ဖြတ်အရိုက်ခံလိုက်ရသလို ပန်ဒါ မျက်နှာလေးလည်းတွက်သွား၊ ပြီးမှ ပြန်လှည့်လာသော မျက်နှာမှာ ထင်းမားမှုန်မှိုင်းခြင်းများနှင့် ပါးနှစ် ဖက်မှာ မျက်ရည်စက်တွေကိုလည်း တွေ့ရသည်။

မခြင်ဟာန်ဆောင်ကာ ပင့်သက်ရှိုက်ရင်း တန်ဘက်ကို မျက်နှာ





လွှဲလိုက်၏၊ ပန်ဒါဘက်က ခပ်ပြင်းပြင်း တက်ခေါက်သံ ကြားလိုက်ရပြီး

"သူငယ်ချင်းအပေါင်းအသင်း သံယောဇဉ်တွေကိုပါ စွန့်လွှတ် နိုင်တဲ့အထိ ပုံပမာကို တန်ဖိုးထားနေတာ အံ့သြစရာပါလား၊ နင် ဘယ် ဖျိန်တုန်းက ချစ်တတ်သွားတာလဲ ကြယ်စင်"

"အချိန် နာရီ အကန့်အသတ်မရှိပါဘူး၊ အလှအပကနေ ငြိ တွယ်သွားတာမျိုးလည်း မဟုတ်ဘူး။ သူ့ရဲ့စိတ်နဲ့ ရိုးသားမှုကို ငါ လေးစား သွားတာ၊ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို လေးစားတတ်လာခဲ့လို့ အဲဒီအချစ်က ပိုပြီး တန်ဖိုးရှိသွားတာပါ"

"ဂုဏ်သိက္ခာ ဟုတ်လား၊ ဆံပင်အရှည်ထားလို့လား၊ သနပ်ခါး ပါးကွက်ကြား လိမ်းလို့လား၊ ဖက်ရှင်ထွင်ပြီး ဒီဇိုင်းအသစ်တွေဝတ်၊ မိတ်ကပ်တွေ လိမ်းနေတဲ့ ငါတို့လို မိန်းကလေးတွေက ဂုဏ်သိက္ခာ မရှိဘူးပေါ့"

"မဆိုင်တာတွေ လျှောက်မရမ်းစမ်းနဲ့ ပန်ဒါရယ်၊ စိတ်တစ်ခုကို အပေါ်ယံအလှနဲ့ ခွဲခြားနေတာ မဟုတ်ပါဘူး။ ဂုဏ်သိက္ခာဆိုတာကို တောင် နားမလည်တဲ့ နင့်ကို ငါ ဘယ်လိုပြောရမှာလဲ၊ ငါ ပုံပုံကို ချစ် တယ်၊ အသည်းခွဲဖို့ ဘယ်တော့မှ မစွန့်ပစ်တော့ဘူး။ အဲဒါပဲ သိထားပါ ရှင်းပြီလား"

"မရှင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပန်ဒါ အရွဲ့တိုက်နေတာကို သူ တကယ် စိတ်လေသွားပေါ့၊ အသိခေါက်ခက် အငင်နက်နေသော သူ့ကို ရှည်ရှည်ဝေးဝေးလည်း ရှင်းပြမနေချင်၊ သူမျက်နှာလွှဲတော့ ပန်ဒါက မျှော်နှာချင်း ဆွဲလှည့်၍ သူ့မျက်နှာကို စူးစိမ်းနေအောင် ကြည့်ကာ

"ဒီနေရာမှာ ဒီလိုပုံစံမျိုးနဲ့ အခတ်သောက်ဖို့ ဆုံဖြတ်လိုက်ပြီလား ကြယ်စင်"

"သော်ဒါကလည်းနဲ့ဆိုရင်တော့ ရေရှည်တည်တံ့ ခိုင်မြဲမှာပါ၊ ငါ ပုံပုံကို တကယ့်ချစ်သွားလို့"

"မပြောနဲ့ အဲဒီစကားကို ငါ့ရှေ့မှာ မပြောနဲ့ ကြယ်စင်၊ နင်တို့ နှစ်ယောက် ဒီလို အခြေအနေဖြစ်သွားအောင် တစ်ဖက်သတ် ယုံကြည်မှုတွေနဲ့ ကူညီပေးခဲ့မိတာ နင့်အချစ်ကို ပုံပမာ လက်ခံလာအောင် အားပေး တိုက်တွန်းခဲ့မိတာတွေအတွက် ငါ အရမ်းနောင်တရတယ်၊ ငါ ရင်တွေ အဆမတန် နာကျင်နေတယ် သိရဲ့လား အေး အဲဒီ တန်ပြန်သက်ရောက် မှုကို နင်တို့နှစ်ယောက်လုံး ခံစားရတော့မယ်"

"ပန်ဒါ"

"ငါ့လို မိန်းမမှာလည်း အရှက်သိက္ခာဆိုတာ ရှိပါတယ်၊ တို့မြန် လက်စားချေချင်တဲ့ အငြိုးအာဃာတလည်း ရှိတယ် ကြယ်စင်၊ ငါ ချစ်သလို ငါ့ကိုပြန်မချစ်ဘူးဆိုရင်တောင် ပြောသာဦးမယ်၊ အခုတော့





နင်တို့နှစ်ယောက်ပေါင်းပြီး ငါ့ကို လှောင်ပြောင်သရော်ခဲ့တဲ့အတွက် ထိုက် တန်တဲ့ လျော်ကြေးတော့ ပြန်ရမှ ဖြစ်မှာပေါ့၊ သံသရာအထိ မစောင့် ဘူး၊ ဒီဘဝမှာတင် လက်တုံ့ပြန်မယ် စောင့်ကြည့်နေ"

"ပန်ဒါ ပန်ဒါ"

အငြိုးကြီးစွာ စကားသေနတ်ပစ်သလို ပြောခဲ့ပြီး ခြေလှမ်းကျဲနှင့် ထွက်သွားသည့်မို့ အထိတ်တလန့်ပင် အော်လိုက်မိ၏၊ ပန်ဒါက ပြန် မစောင်းပင် ခတ်သွားပါ၏။

သူ့ရင်တွေ ပူနေသည်။ စိုးရိမ်စိတ်တွေနှင့် ဖျပ်ဖျပ်လူးသွား၏။ ကိုယ့်ကို ဘာပဲလုပ်လုပ် ကြောက်ရွံ့တတ်သူ မဟုတ်ပါ။

ပုံပမာကို တစ်ခုခုလုပ်မှာ ပြောရမှာကိုပဲ . . ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဖေဖေ ဖေဖေ ဆုံးပြီ ဘာဖြစ်လို့လဲ ဘာကြောင့်လဲ ဘာလို့ ဖေဖေ သေသွားတာလဲ"

မယုံနိုင်အောင် သွေးရူးသွေးတန်းအော်ရင်း ပုံပဂာ ရင်တွေ ဆို့ကျပ်မောပန်းလျက် ခွေခေါက်ပစ်လဲမတတ် ဖြစ်နေ၏။

"ဟိုတက်နိုင်ငံက အကြောင်းကြားလို့ ရုံးချုပ်ကတစ်ဆင့် အသိပေးတာ"

ဦးလေးအောင် ပြောတာ မယုံလို့ သူမကိုယ်တိုင် ဖုန်းခေါ်ဆက်ကြည့်တော့လည်း ဒီအဖြေပဲရသည်။ ရာသီဥတုအဆင်ပြောင်း ရုတ်တရက် ကျန်းမာရေးဖောက်ပြန်လာပြီး ဆုံးသွားတာပါတဲ့။

ချက်ချင်း ဆေးရုံတင် ဆေးကုသမှု အရေးပေါ်လုပ်ပေး[illegible]ပေမယ့် ဦးနှောက်အာရုံကြောပြတ်သွားတာမို့ အသက်မမီလိုက်ပါ(လို့)။





လူတစ်ယောက်လုံး အသက်ဆုံးရှုံးသွားတာတောင် ဖြေသိမ့်သည့် စကားလုံးတွေ ရှားပါးလွန်းလှသည်။

ဖေဖေ ဘယ်တော့မှ မြန်မာပြည်ကို ပြန်မလာတော့ဘူးပေါ့။ ဖေဖေ သိပ်ချစ်သော အညာဒေသလေးကို ဘယ်တော့မှ ပြန်မလာတော့ဘူးပေါ့။

သွားကာတည်းက ခရီးဆုံးကိုလား။ စိတ်မချနိုင်၊ နောက်ဆံတင်းလို့ ရန်ကုန်မြေက မွေးချင်းတွေဆီမှာ အပ်ထားခဲ့တာလား။ မျက်ရည်တွေက အဆီးအတားမဲ့။ ရှိုက်သံတွေနှင့် အော်ဟစ်ငိုယိုနေမိတာက လည်ချောင်းတွေ အသံတွေ ကွဲအက်လာတော့မတတ်။

"ဖေဖေ ဖေဖေ"

"တော်စမ်းပါတော့ဟယ်၊ သေတဲ့လူက နိုင်ငံခြားမှာ၊ ငါ့အိမ်ကို အသုဘအိမ် ဝင်နေပါဦးမယ်၊ ဘာကာတည်း စိတ်တွေများ ညစ်ပါရဲ့"

"မင်းကလည်းကွာ ဖအေတစ်ယောက်လုံး သေတာ မငိုဘဲ နေနိုင်ပါ့မလား။ မမြင်မတွေ့ မပြုစုလိုက်ရတော့ ရင်ထဲပိုဆို့တာပေါ့"

"ကျွန်မကလေ မငိုနဲ့လို့ ပြောနေလို့လား၊ တော်ရုံတန်ရုံ ငိုပေါ့၊ အချိန်ပြည့်ငိုနေလို့ သေတဲ့လူက ပြန်ရှင်လာမှာမှ မဟုတ်တာ၊ အခုမှ ဟိုကို လိုက်သွားလို့လည်း မဖြစ်နိုင်၊ လေယာဉ်နဲ့ အရိုးပြာအိုး ရောက်လာရင် သင်္ဂြိုဟ်ရမယ့်ကိစ္စတွေက ရှိသေးတယ်၊ နယ်က လုပ်ငန်းကို



www.burmeseclassic.com

www.burmeseclassic.com



တွေရော ဘယ်လိုလုပ်မှာလဲ၊ ဒါတွေ အရေးကြီးတာ ဒါတွေစဉ်းစားတော့ ပေါ့''

မျက်ရည်တစ်စက်မှမကျဘဲ ဒေါ်တင်မေထက်က သွေးအေးစွာ နေနိုင်လွန်းသည်။ ဦးအောင်မြင့်ကြွယ်ကတော့ ဟိုပြေးဒီလွှားနှင့် စီမံစရာ ရှိတာတွေ စီမံရင်း စိတ်ထိခိုက်ခံစားနေရတာကို မဖုံးကွယ်နိုင်ပါ။ အရေးထဲမှာ ပုံပမာ ကွယ်ရာခေါ်သွားပြီး တတွတ်တွတ်။

"ပုံပမာက ရှင့်အစ်ကိုကြီးရဲ့ သမီးရင်း မဟုတ်ဘူးနော်၊ ရပိုင်ခွင့်တွေ အကုန်ပေးလို့ မဖြစ်ဘူး၊ အလုပ်ကိစ္စနဲ့ သွားတာဆိုတော့ အမွေကိစ္စလည်း စီစဉ်ထားခဲ့သေးမှာ မဟုတ်ဘူး၊ အဲဒီတော့ အခွင့်အရေးသာတုန်းမှာ တစ်ခုခုရဖို့ ဘာလုပ်ရမလဲ စဉ်းစားထားပါ၊ ရှင့်ရဲ့ လောင်းကစားကြွေးတွေ မဆပ်နိုင်ရင် ကျွန်မတို့ မိသားစုဘဝ ပျက်မှာ၊ သမီးလေးမျက်နှာကိုသာကြည့်၊ တခြား ဘယ်သူ့မျက်နှာကိုမှ ထောက်မနေနဲ့''

တဲ့။ အစက မကောင်းတဲ့ အကြံဉာဏ်ပေးရဲသည့် မိန်းမဆိုပြီး စိတ်တိုဒေါသဖြစ်သွားသေးပေမယ့် တကယ်တမ်း တွေးကြည့်တော့ ကြွေးတွေကြောင့် မိသားစုလိုက် ဘဝနွံနစ်သွားမည့်အရေးကိုတော့ ဘယ်လိုမှ လက်မခံရဲအောင် တွေးကြောက်မိသည်။

တစ်ခုခု မလုပ်လို့ မဖြစ်တော့တာကိုလည်း သဘောပေါက်နေ





၏။ ခေါင်းထဲမှာ အစီအရီ စဉ်းစားနေမိသော်လည်း မလုပ်သင့် လုပ်သင့် ချိတုံ့ချတုံ့ ဖြစ်နေတာက တစ်ကိုယ်လုံး နတ်ပူးသလို ဆတ်ဆတ်တုန်နေသည်။

ဒါပေမဲ့ ဒီအတိုင်းနေလို့လည်း မဖြစ်ပါ။

"သမီးလေး ပုံပမာ ဦးလေးအောင်တို့ လုပ်စရာ အလုပ်တွေ အများကြီး ရှိသေးတယ်၊ တရားနဲ့ဖြေပါ သမီးရယ်၊ အစ်ကိုကြီးအတွက် ဦးလေးအောင်လည်း တကယ် စိတ်မကောင်းပါဘူး၊ ရှေခြားမြေခြားမှာ အစ်ကိုကြီး ဒီလိုဖြစ်သွားလိမ့်မယ်လို့ လုံးဝ မျှော်လင့်မထားခဲ့မိဘူးကွယ်''

"ဖေ ဖေဖေ့ကို ပြုစုခွင့်လေးတောင် မရလိုက်ဘူး ဦးလေးအောင်ရယ်၊ ဖေဖေက ပုံပုံအပေါ် အရမ်းကို တာဝန်ကျေကျေ စောင့်ရှောက်ပေးခဲ့တဲ့ ဖခင်တစ်ယောက်ပါ၊ ပုံပုံ ဘာမှတောင် ကျေးဇူးဆပ်ခွင့် မရလိုက်ဘူး''

"အေးပါ သမီးရယ်၊ ကျေးဇူးဆပ်ခွင့် ပြုစုခွင့်မရလိုက်ပေမယ့် အရိုးပြာအိုး ရောက်လာရင်တော့ ကောင်းကောင်း သဂြိုဟ်ခွင့်ရတော့ မှာပါ''

"နောက်ဆုံးတော့ ဒီတစ်ခုပဲ ရှိတော့တာပေါ့ ဦးလေးအောင်ရယ်''

"အေး အဲဒါဆိုရင်တော့ သမီး အကောင်းဆုံး လုပ်ပေးလိုက်ပါ့



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးအောင်တို့က ပုဂံက အလုပ်ကိစ္စတွေကို သွားပြီး စီမံလိုက်မယ်"

"ဟင် အဲဒီလုပ်ငန်းတွေက ဖေဖေ့နာရေးကိစ္စလောက် အရေးမကြီးပါဘူး။ ဟိုမှာ မန်နေဂျာလည်း ရှိတယ်၊ လုပ်ငန်းကြီးကြပ်တဲ့သူတွေလည်း ရှိပါတယ်၊ သူတို့တာသာ အဆင်ပြေသလို လုပ်သွားပါလိမ့်မယ်"

"ခြော် သမီးရယ် သူတို့က သူစိမ်းတွေလေ၊ သမီးအဖေ ရှိတုန်းကတော့ ဟိုကနေ လှမ်းစီမံနေလို့ အလုပ်ရှင်က ခိုင်းတာပဲဆိုပြီး ကောင်းအောင် လုပ်ကြမှာပေါ့။ အခု အစ်ကိုကြီးမှ မရှိတော့တာ၊ အလွဲသုံးစားလုပ်ချင်တာတွေ လုပ်မစ်ကြတော့ ဘယ်လိုလုပ်မလဲ"

ပုံပမာ မျက်ရည်တွေကြားကပဲ ခေါင်းသင်းပြရသည်။ အလုပ်သမားတွေရဲ့ ရိုးသားဖြူစင်မှုကို သူမ အသေခံ့ဆံ့ မဟုတ်ပါလား။

"အဲဒီအတွက် စိုးရိမ်စရာမရှိပါဘူး ဦးလေးအောင်၊ အားလုံးက ဖေဖေ မျက်နှာလွှဲလို့ရအောင် သူ့တာဝန်သူ ကျေကြတဲ့လူတွေချည်းပဲ"

"ဘာပဲဖြစ်ဖြစ် အစ်ကိုကြီး မျက်ကွယ်ပြုသွားတဲ့အချိန်မှာ ကျန်ခဲ့တဲ့ လုပ်ငန်းကိစ္စတွေ ဦးလေးအောင်မှာ တာဝန်ရှိတယ်လို့ ယူဆတယ်၊ သမီးကလည်း အပူတွေနဲ့ဖြစ်နေတော့ ဟိုကိစ္စဒီကိစ္စ နိုင်သေးမှာ မဟုတ်ဘူး။ အဲဒီတော့ သမီးက ဒီကကိစ္စကို အာရုံစိုက်၊ ဦးလေးအောင်





က သမီးခေါ်လေးကိုခေါ်ပြီး ဟိုမှာ ဘာတွေလုပ်ရဦးမလဲဆိုတာ သွားလေ့လာလိုက်မယ်"

"ဟင် ခေါ်လေးလည်း လိုက်မှာလား။ ဦးလေးအောင်ရဲ့ ဒီက အလုပ်တွေရော ဘယ်လိုလုပ်မှာလဲ"

"ဒီမှာက တခြားရှယ်ယာရှင်တွေလည်း ရှိတယ်၊ ဒါရိုက်တာအဖွဲ့ဝင်တွေလည်း ရှိတယ်လေ၊ ဘာမှစိတ်ပူစရာ မလိုပါဘူး သမီးတို့ညီအစ်မနှစ်ယောက်သာ သင့်သင့်မြတ်မြတ်နဲ့ လုပ်စရာရှိတာ လုပ်ကြ"

ဘယ်လိုတားတား ဦးလေးအောင်က ပုဂံကိုသွားဖို့ မဖြစ်မနေ စီစဉ်နေပြီမို့ သူမ ဘယ်လိုမှ မတားသာတော့ပါ။

ဖေဖေ့အတွက် ရက်တစ်ခုလုံး ပူပြင်းလောင်မြိုက်စွာ ခံစားနေရသည့်မို့လည်း တခြားအရာတွေ ခေါင်းထဲမှာမရောက်။ မျက်ရည်တစ်စက်မှမကျဘဲ တစ်ချိန်လုံး မျက်နှာထားတင်းတင်းမာမာဖြင့် အေးစက်နေသော ပန်ဒါကိုကြည့်၍ ဦးလေးတစ်ယောက်လုံး သေတာတောင် ဘာမှ မခံစားရသလိုပါပဲလားလို့ မချင့်မရဲ ဖြစ်မိတာလည်း ဘာမှမပြောဖြစ်။

အနေမနီးသို့ သံယောဇဉ်မရှိဘူးဆိုရင်တောင် တင်ခဲ့ဖူးသော ကျေးဇူးတရားတွေအတွက် ဒီအချိန်မှာ ဟန်ဆောင်ပန်ဆောင်လေးဖြစ်ဖြစ် ဝမ်းနည်းနေသင့်သည်။

သူမကိုပဲ ရန်သူတစ်ယောက်လို၊ မျက်လုံးစိမ်းများဖြင့် ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကြည့်နေရတာလဲ။

နောက်နေ့မနက်မှာ ဦးလေးတို့ လင်မယားနှစ်ယောက် ပုဂံကို ကားနှင့်ထွက်သွားကြပြီး သူမက ဖေဖေ့ရှေ့သနက်ဆွအဝဝကို အစစအရာရာ စီစဉ်လုပ်ကိုင်နေခဲ့သော်လည်း ပန်းဒါက မဆိုင်သူတစ်ယောက်လိုပင်။

အကျိုးအကြောင်းသိပြီး ရောက်လာသော မောင်က

"ပုံပုံတို့နှစ်ယောက်တည်းဆို နေရဲပါ့မလား။ မောင် အိမ်လိုက်စောင့်ပေးရမလားဟင်"

"အိမ်တော့ မလာပါနဲ့ မောင်ရယ်၊ ပန်းဒါကြည့်ရတာ တစ်မျိုးပဲ"

"အင်း အဲဒါဆို ကျန်တဲ့ကိစ္စတွေ မောင် အတာန်လိုက်လုပ်ပေးမယ် သိလား၊ အရမ်းကြီးလည်း မငိုပါနဲ့ကွာ၊ ပုံပုံ ကျန်းမာရေး ထိခိုက်လိမ့်မယ်"

"သေတဲ့အဖြစ်မျိုးလောက်တော့ မဆိုးပါဘူး မောင်ရယ်၊ ဖေဖေအတွက် ပုံပုံ အဲလောက်တော့ ခံစားပါရစေ"

"ပုဂံက အလုပ်ကိစ္စတွေက အရမ်းအရေးကြီးလို့ နာရေးကို ဒီအတိုင်းထားပြီး ပန်းဒါ မိဘတွေက သွားကြတာလား"

"ဟင့်အင်း အရေးကြီးပါဘူး၊ သူ့တာဝန်သူ ကျေအောင်သူတွေ ကြီးပါ၊ အဲဒါကို တားတာပဲ၊ ဘယ်လိုမှ ပြောခရဘူး။ စိတ်မချလို့ဆိုပြီး





လင်မယားနှစ်ယောက်လုံး သွားကြတာ၊ ပန်းဒါကလည်း မဆိုင်သလိုဘဲလေ၊ မောင်ရှိလို့တော့ အစစ အဆင်ပြေသွားတာ၊ ရက်လည်ကိစ္စပြီးရင်တော့ ပုံပုံ ပုဂံကို ပြန်ရမယ် ထင်တယ်"

"ဟင် ပုံပုံက ပုဂံကို အပြီးပြန်မှာလား၊ ဒီကို ပြန်မလာတော့ဘူးလား"

"အဲလိုကြီးလည်း မဟုတ်ပါဘူး၊ ဘယ်လိုလုပ်ရမလဲလည်း မသိဘူး။ ပုံပုံ မောင်နဲ့တိုင်ပင်မှာပါ၊ စိတ်မပူနဲ့နော်"

မောင့်မျက်နှာလေး ညှိုးသွားတာဆို ကပျာကယာ ဖြေသိမ့်လိုက်ရသည်။ သူမ အဝေးမှာနေတော့ မောင့်ကို မကူးစက်စေချင်ပါ။ ဒီလောက်လေး ဝေမျှယူနေတာပဲ ကျေနပ်နေပါပြီ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ဖေဖေ နာရေးကိစ္စ ရက်လည်ပြီးသည်အထိ သူမ မျက်ရည်တွေ မခမ်းခြောက်နိုင်သေးပါ။ တာဝန်ရှိသူတွေက လာရောက်ဖြေသိမ့်ကြ၊ နှစ်သိမ့်ကြနှင့် အားလုံးကို ဝတ္တရားကျေအောင် ဆောင်ရွက်ပေးသွားကြပါသည်။ မောင်လည်း သူမကို စိတ်မချ၍ စောင့်ရှောက်ပေးချင်သည် ပြောပေမယ့် ဆွမ်းသွတ်တရား နာပြီးချိန်မှာ ပြန်လွှတ်လိုက်ရသည်။

"ပန်ဒါ မျက်နှာမကောင်းတာ မောင် သိတယ် မဟုတ်လား၊ သူ ချစ်နေတဲ့ ယောက်ျားတစ်ယောက်က ပုံပုံကို နီးနီးကပ်ကပ် စောင့်ရှောက် ကြင်နာနေတာ သူ ဘယ်လိုလားပါ့မလဲ၊ မောင့်ကို ခေါ်ပြောနှုတ်ဆက်တော့တာတောင် မဟုတ်ဘူး၊ ပုံပုံကိုလည်း စကားတစ်ခွန်းမှ မပြောဘူး မောင်၊ ပြီးတော့ ဒီအိမ်က သူ့အိမ်ဖြစ်နေတယ်လေ၊ ပုံပုံတို့ နောက်မှပဲ အပြင်မှာတွေ့ရအောင်ပါ မောင်ရယ် နော်"





နောက်ဆံတင်းနေသော မောင့်ကို ချော့မော့ဖျောင်းဖျ၍ ပြန်လွှတ်ခဲ့ရသည်။

လူတွေအားလုံး ပြန်သွားမှ ရှင်းလင်းသိမ်းဆည်းစရာတွေ သူမ တစ်ယောက်တည်း အကုန်လုပ်ရသည်။ ပန်ဒါ နေ့နိုင်လွန်းတာကိုလည်း အပြစ်တင်မနေချင်တော့။ မောင်နှင့်အခြေအနေ ပြဿနာတက်ကြတာကို မောင် ပြောပြထားတာမို့ ပန်ဒါဘက်က ဒီလောက်တော့ တုံ့ပြန်ခွင့်ရှိတာပဲဟု ဖြေတွေးပေးခဲ့သည်။

"ဟင်"

သူမ ဟန်းဖုန်းလေး ဘယ်နေရာ ချမိလို့ ဘယ်သူကောက်ယူသွားမှန်းမသိ။ ရက်လည်ပြီးသည်အထိ ဦးလေးအောင်နှင့်ဒေါ်လေး ပြန်ရောက်မလာကြသေးတာမို့ ဖုန်းကိုဖုန်းဆက်ကြည့်ချင်လို့ အခုမှ အသည်းအသန် လိုက်ရှာမိတာပါ။ အခန်းတွင်း အခန်းပြင် ဘယ်နေရာမှ ရှာမတွေ့တာမို့ သူမ စိတ်ပျက်လက်ပျက် ဖြစ်သွား၏။

ဟန်းဖုန်းတစ်ယောက်တစ်လုံး ကိုင်ကြတာမို့ အိမ်ဖုန်းတပ်မထားတော့ သူမ အခက်တွေ့နေသည်။ အပြင်သွားဆက်ဖို့ကလည်း ညအချိန်မတော်မို့ မလွယ်ကူ။ ပန်ဒါ ဟန်းဖုန်းခဏငှားပြီး ဆက်ကြည့်ဖို့ ဆုံးဖြတ်ကာ ပန်ဒါကို ရှာတော့ ပန်ဒါက အိပ်ခန်းထဲရောက်နေသည်။

"ပန်ဒါ ငါ့ကို နင့်ဟန်းဖုန်း ခဏငှားပါလား၊ ငါ့ဟန်းဖုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပျောက်နေလဲ မသိဘူး၊ လုံးဝ ရှာမတွေ့လို့"

"နင်က ဘယ်ဆက်မလို့လဲ"

"ပုဂံရောက်နေတဲ့ ဦးလေးတို့ဆီကိုပေါ့၊ ဟိုကလုပ်ငန်းကိစ္စတွေက ဘာတွေဖြစ်နေလို့ ပြန်မလာကြတာလဲ မသိဘူး၊ တကယ်ဆို ဟိုမှာ အဆင်မပြေစရာ အကြောင်းမရှိဘူး၊ ဖေဖေ့ ရက်လည်ဆွမ်းသွတ်တော့ ရောက်အောင်လာသင့်တယ်"

"လာချင်တဲ့နေ့ လာမှာပေါ့၊ နင်က ငါ့မိဘတွေကို အပြစ်တင်ချင်နေတာလား"

"အပြစ်တင်နေတာ မဟုတ်ပါဘူး။ ဖြစ်သင့်တာကို ပြောပြတာ၊ တကယ်လိုအပ်လည်း ဒီကကိစ္စတွေပြီးရင် ငါကိုယ်တိုင် ပုဂံကို သွားမှာ ပေါ့၊ ကဲ့ပါ ငါ့ကို ဖုန်းခဏငှားပါ၊ အကျိုးအကြောင်း သိချင်လို့"

"ငါ့ဟန်းဖုန်းက သူငယ်ချင်းတစ်ယောက် ငှားသွားလို့ မရှိဘူး"

"ဘာ"

မနက်ကတောင် ဖုန်းဆက်နေတာ အမှတ်တမဲ့ မြင်လိုက်သေး တာမို့ ပန်ဒါ ညစ်နေပြီဆိုတာ သိလိုက်သည်။ ဒါပေမဲ့ ဘာကြောင့်ညှ ကြောင့်ဆိုတာ ပြောမနေချင်ပါ။ မနက်မှ ဆက်ကြည့်လို့လည်း ဖြစ်ပ တာပဲ။

အခြေအတင် ပြဿနာမဖြစ်ချင်တာမို့ မျက်နှာလွှဲ၍သာ ခပ





ပေါ် တက်အိပ်ဖို့ ပြင်လိုက်သည်။ နာရေးကြောင့် မောင်နှင့် ဖြစ်သည့် ပြဿနာကို ဘာမှမပြောသေးတာဘဲ ပန်ဒါကို ကျေးဇူးတင်ရဦးမည် မဟုတ်ပါလား။

"နင် ဦးမောင်အတွက် အရမ်းခံစားနေရလား ပုံပမာ"

ညှိသက်နေသော ပန်ဒါ စကားကြောင့် သူမ အံ့အားသင့်သွား ကာ ငုတ်တုတ်ထထိုင်လိုက်မိ၏။ ဒီလောက် ခံစားနေတာ မြင်ပါရဲ့နဲ့ အခုမှ မေးရလား။

"ဖေဖေက ငါ့အဖေရင်း မဟုတ်ပေမယ့် ငါ့အပေါ် အရမ်း ကောင်းခဲ့တာပဲ၊ ငါ မခံစားရဘဲ နေပါ့မလား"

"စိတ်တွေ ခေါင်းတွေလည်း အရမ်းရှုပ်နေမှာပေါ့"

"ဖေဖေ့အတွက်ပဲ စိတ်မကောင်းဖြစ်နေတာပါ၊ တခြားကိစ္စတွေက သိပ်ရှုပ်စရာ မရှိပါဘူး။ လုပ်ငန်းတွေအတွက်တော့ ငါ ပုဂံကို ပြန်ရမှာပေါ့"

"ပုဂံကို ကြယ်စင်လည်း လိုက်မှာပေါ့၊ ဦးမောင်လည်း မရှိတော့ ဘယ်သူမှ တိုင်ပင်စရာလည်း မလိုဘဲ၊ လက်ထပ်လိုက်လို့ ရနေပြီ ပဲ"

"အဲဒါတွေက မောင်နဲ့ဘာမှမတိုင်ပင်ရသေးပါဘူး။ ပုဂံက ဟိုတယ်နဲ့ယွန်းထည်လုပ်ငန်းအတွက်သာ မပြန်မဖြစ်လို့ အရင်ပြန်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ပဲ စိစဉ်တော့မယ်"

"နှင်လည်း အရမ်းစိတ်ပင်ပန်းနေတာဆိုတော့ မနက်ဖြန် ဖေဖေ ဝယ်ထားတဲ့ မော်ဘီက ခြံလေးကို ခဏသွားရအောင်လေ၊ အဲဒီမှာ သီးပင်စားပင်တွေ စိုက်ထားတော့ နည်းနည်းပါးပါး စိတ်အပန်း ပြေတာပေါ့၊ ငါလည်း ငါ့စိတ်တွေ တည်ငြိမ်အောင် အဲဒီကို သွားဖို့ စိတ်ကူးမိတယ်"

"ဩော် နှင့် သွားချင် သွားလေ၊ ငါက ပုဂံပြန်ဖို့ ဘာညာ လုပ်နေရတာနဲ့ အားမှာမဟုတ်ဘူး"

"ငါတစ်ယောက်တည်း ဘယ်လိုသွားမလဲဟ၊ ငါ့ကို သစ္စာ ဖောက်ထားတဲ့ ဟိုကောင်တွေကိုလည်း ခေါ်မသွားချင်ဘူး၊ အပြန်ကျရင် နှင့်ကိစ္စတွေလည်း ငါ ဝိုင်းကူလုပ်ပေးပါမယ်"

"အေး အေးပါ အဲဒါဆိုလည်း ငါ လိုက်ခဲ့ပါမယ်"

ပန်ဒါမှာလည်း စိတ်ဒဏ်ရာတွေ ရှိနေတာ သိနေတော့ ဂျ ကြောက်အကန်လည်း ငြင်းမနေချင်တော့ပါ။ တကယ်တမ်းက မောင်ဖို့ သူမမှာ အပြစ်ရှိနေသလို ဖြစ်နေတာ မဟုတ်ပါလား။

ပန်ဒါ အခုလို စကားပြောဖော် ခေါ်ဖော်ရတာ စိတ်သက်သာ သလိုတော့ ဖြစ်လာ၏။

"နှင် ဘယ်ရှိန်သွားမှာလဲဟင်၊ မောင်က ငါ့ဆီ လာနေဦးမလား၊





မသိဘူး၊ ငါ့ဖုန်းမရှိတော့ ဖုန်းဆက်မရတာနဲ့ ရောက်ချင်ရောက်လာမှာ"

"ကျစ် နှင်ကလည်း သေရွာသွားတာမို့ အဲလောက် ပူနေရလား၊ ခဏတဖြုတ်ပဲဥစ္စာ၊ ငါ့ရှေ့မှာ အဲလောက်တော့ အကဲမပိုသင့်ဘူး ထင် တယ်၊ အားနာတတ်ရင်ပေါ့"

"အေး အေးပါဟယ်၊ ဆောရီးပါ ပန်ဒါရယ်"

သူမ ပျာပျာသလဲ တောင်းပန်လိုက်ရ၏။ ပန်ဒါရှေ့မှာ ဆင်ခြင် သင့်တာပဲလေ။

တကယ်ဆို မောင်က ပန်ဒါချစ်နေတဲ့သူ မဟုတ်ပါလား။

ညရဲ့တိတ်ဆိတ်မှုကို တဖြည်းဖြည်းနဲ့ အမှောင်ထုက ဝါးမျို သွားကာ. . .။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

မှော်ဘီခြံလေးက လူသူခြိတ်ခြင်းတွေနှင့် အလှမ်းဝေးလှတာမို့ တိတ်ဆိတ်အေးချမ်းမှုရှိတာ အမှန်ပင်။ တောင့်တင်းသပ်ရပ်သော သစ်လုံးအိမ်လေးရဲ့ ပတ်ပတ်လည်မှာ ပန်ဒါ ပြောသလို သီးပင်စားပင်တွေ ရှိနေတာကြောင့် စိမ်းစိုလန်းဆန်းကာ စိတ်ကြည်နူးချမ်းမြေ့မှုလည်း ရစေ၏။

"အပြန်ကျရင် အသီးအရွက်တွေ ခူးသွားရအောင်နော် ပန်ဒါ၊ အညာမှာဆို အသီးအရွက်ကို အဲလို လတ်လတ်ဆတ်ဆတ် စားရတာ"

"အေးပါ နင်ကြိုက်သလောက်၊ ခူးခဲ့၊ အခုတော့ မိုက်ဆား ယူဝယ်လာတဲ့ ပီဇာတွေ စားရအောင် သစ်လုံးအိမ်ထဲ သွားကြမယ်"

ပန်ဒါက ကားထဲကနေ ရေသန့်ဘူးနှင့် ပီဇာဘူးတွေ ယူ၍





သစ်လုံးအိမ်လေးထဲ သွားဖို့ ရှေ့က လျှောက်သည်။

"ဒါတွေ ခဏကိုင်ထားဦး၊ သော့ဖွင့်လိုက်ဦးမယ်"

အဝင်ထဲခါးပေါက်က သော့အကြီးကြီး ခပ်ထားတာမို့ ပန်ဒါက ပါလာသည့် သော့တံနှင့် လှည့်ဖွင့်၏။ အိမ်သေးသေးလေး တစ်အိမ်လုံး သစ်လုံးစိတ်စိတ်လေးတွေနှင့် အလှဆင်ထားတာမို့ နေချင်စဖွယ်လေးပင်။

ဒါပေမဲ့ အတွင်းထဲကို လှမ်းချောင်းကြည့်သည့်အခါမှာ ဖုန် အလူးလူး ဖြစ်နေသော အိပ်ရာခုတင်တစ်လုံးမှလွဲ၍ ဘာပရိဘောဂ ပစ္စည်းမှ မရှိ။

"ဝင်လေ အထဲရောက်မှ ဖုန်တွေ သဲတွေ ခါရမှာ"

ပန်ဒါ တိုက်တွန်းတာမို့ ပီဇာဘူးနှင့် ရေသန့်ဘူးတွေကိုင်ပြီး ဝင်လိုက်ရသည်။

"တင် ပန်ဒါ နင်လည်း ဝင်လေ၊ ဘာလုပ်နေတာလဲ"

ပန်ဒါ ဝင်လိုက်မလာဘဲ အပြင်ကနေ သော့ပြန်ခတ်နေတာမို့ သူမ ထိတ်ထိတ်ပျာပျာ အော်လိုက်ရ၏။ ပန်ဒါ မျက်လုံးတို့က စူးရှ တောက်ပြောင်နေကာ နှုတ်ခမ်းတို့မှာ စိမ်းသက်အေးခဲခြင်းတို့ စွန်းထင်းလျက်

"အဲဒီမိုက္ခာတွေကို ချောတာစား ပုံပမာ၊ အဲဒါကုန်လို့ အစာရေ တာ ပြတ်ပြီး တစ်ခုခု ဖြစ်ရင် ငါ တာဝန်မယူဘူး"

"ဘာ ဘာပြောတယ်၊ နင် ဘာတွေပြောနေတာလဲ ပန်ဒါ၊



www.burmeseclassic.com

www.burmeseclassic.com



အခု တံခါးဖွင့်စမ်း ဖွင့်"

ရေသန့်ဘူးနှင့်ပီကာဘူးတွေ ခုတင်ပေါ်ပစ်တင်ပြီး အဝတ်ကအေ သစ်လုံးတံခါးကို တဒုန်းဒုန်း ထု၍ အထိတ်တလန့် အော်နေသော်လည်း ပန်ဒါက ခနိုးခနဲ့ မဲ့ပြုံးမျှားနှင့် ပခုံးတွန့်နေ၏။ ပန်ဒါ သွေးအေးစွာနှင့် ရက်စက်ယုတ်မာဖို့ ကြံစည်နေတာပါလား။ ဘယ်လိုမှကို တွေးထင်မထား မိခဲ့တာ။

"ပန်ဒါ နင် အဲလို မလုပ်နဲ့နော်၊ အခု တံခါးဖွင့်စမ်း"

"တံခါးဖွင့်ပေးရမယ်ဆိုရင် ငါက အပင်ပန်းခံပြီး တံခါးကို ပိတ်နေပါ့မလား။ ဒီနေရာက အေးအေးဆေးဆေး စိတ်ကူးယဉ်လို့ကောင်း ပါတယ်၊ ကြယ်စင်အကြောင်း တွေးနေဖို့ နေရာကောင်းပဲ"

"ပန်ဒါ"

"ကြယ်စင်သာ နင့်ဆီက အသည်းခွဲအောင်လက်မှတ် ရလာခဲ့ ရင် ငါလည်း ဒီနေရာကို သူငယ်ချင်းတွေ ခေါ်လာပြီး အောင်ပွဲခံမယ် လို့ စိတ်ကူးယဉ်ခဲ့ဖူးတယ်၊ ကြယ်စင် ချစ်စကားတွေကို ကြည်ကြည်နူး နူး နားထောင်ဖို့လည်း ပါတာပေါ့။ ဟင်း ဟင်း အခုတော့ ငါ ဖြစ်ချင် တာတွေ ဖြစ်မလာတဲ့အတွက် နင်တို့ ဖြစ်ချင်တာတွေလည်း ဖြစ်ခွင့် မပေးနိုင်ဘူး။ နင်တို့နှစ်ယောက် ချစ်သူဘဝရောက်အောင် ငါက တိုက် တွန်းအားပေးခဲ့မိတာဆိုတော့ ကွဲကြပြတ်တောက် အဆုံးသတ်သွား





အောင်လည်း ငါပဲလုပ်ပေးရမှာပေါ့"

"ပန်ဒါ နင် အရူးလို ပြောချင်ရာတွေပြောပြီး လုပ်ချင်ရာတွေ လျှောက်လုပ်မနေနဲ့၊ ဒါ ပေါ့ပေါ့တန်တန်ပြည့်မဟုတ်ဘူး။ ငါ တစ်ခုခုဖြစ်ရင် နင်လည်း ဆိုးဝါးတဲ့အပြစ်ဒဏ် ခံရမှာပဲ"

"တွေးကြောက်နေရင် ဒီကိစ္စ ဒီလိုဖြစ်လာစရာ အကြောင်း တောင် မရှိဘူး။ အဲဒီ သစ်လုံးအိမ်ထဲမှာ အစာရေစာ ငတ်ပြီး နင် သေသွားရင် အစဖျောက်ပြီးသား ဖြစ်တာပေါ့ဟာ မဟုတ်ဘူးလား။ ငါ့ စိတ်ထဲမှာ ဒီထက်ရက်စက်တဲ့နည်းနဲ့ နင့်ကို လက်တုံ့ပြန်ချင်ပေမယ့် မလုပ်ရဲလို့ ဒီအတိုင်းပဲ ခုံးဖြတ်လိုက်ရတာပါ၊ အော်ဟစ်အကူအညီ တောင်းလို့ ဟိုးအဝေးကြီးက မြို့ပိုင်နယ်တွေ သဲ့သဲ့ကြားရင် တောခြောက် တယ်လို့ပဲ ထင်ကြမှာ၊ အားမကုန်အောင် တိတ်တိတ်လေးနေ သိလား"

လှောင်ပြောင်သရော်သလို ပြုံးနေတာက အေးခဲလျက် ကြောက် စရာကောင်းလှသည်။ ပန်ဒါ ဒီလိုလုပ်ဖို့ ဘယ်လိုများ စိတ်ကူးမိပါလိမ့်။

သူမနှင့်မောင့်ကို တစီမ့်စိမ့်ကြည့်ပြီး နာကြည်းမှုတွေဖြင့် အတွင်းကြိတ် ကြိတ်နေခဲ့တာ ဖြစ်မည်။

သူမ ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုလွတ်မြောက်အောင် ရုန်း ထွက်ရမလဲ၊ ပန်ဒါကို အသနားခံလို့ ရပါ့မလား။

ဖေဖွေးတွေကို ပခုံးဖောင်းနှင့်တိုက်သုတ်ပြီး တံခါးပေါက်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒူးထောက် ထိုင်ချလိုက်သည်။ ပန်ဒါက သော့တွဲတရမ်းရမ်းဖြင့် လှည့်ပြန်တော့မည် ထင်၏။

"ပန်ဒါ ပန်ဒါ"

ပန်ဒါက နောက်ပြန်လှည့်ကာ သူမကို စွေကြည့်သည်။

"နှင် နှင် ဘာဖြစ်ချင်တာလဲဟင်၊ မောင်နဲ့ငါ့ကို ကွဲစေချင်တာလား၊ အဲဒီအတွက်ဆို ငါ ငါ လုပ်နိုင်ပါတယ်"

"ဘယ်လို လုပ်ပေးမှာလဲ"

"ငါက ပုဂံကို ပြန်ရမှာပဲဥစ္စာ၊ ဟိုရောက်ရင် အကြောင်းတစ်ခုခုပြပြီး အဆက်အသွယ် ဖြတ်ပေးမယ်လေ၊ မ မဖြစ်ဘူးလားဟင်"

"နင့်ဘက်က ဖြစ်တယ်ထားဦး၊ ကြယ်စင်ဘက်က ဖြစ်မှာမဟုတ်ဘူး၊ ကြယ်စင်က နင့်ကို တန်ဖိုးကြီးကြီးနဲ့ စွဲစွဲလမ်းလမ်း ချစ်နေတော့ ဘယ်လိုနည်းနဲ့မှ အကွဲခံမှာ မဟုတ်ဘူးလေ၊ အဲဒါကြောင့် ဒီထဲမှာ နင် သက်တောင့်သက်သာ အနားယူနေတာက ငါ့အတွက် ပိုပြီးစိတ်ချရတာပေ့ါ၊ လောကကြီးမှာ နင် ပြန်ပေါ်မလာတော့ဘူးဆိုရင် ကြယ်စင်နဲ့ ငါပြန်ပြီး ပြေလည်သွားနိုင်တယ်လေ မဟုတ်ဘူးလား"

"ဒီ ဒီလိုနည်းလမ်းက ဥပဒေနဲ့ကြည့်ရင် နင့်မှာ အန္တရာယ်ရှိပါတယ်ဟယ်၊ ငါ တ တကယ် နောက်ဆုတ်ပေးပါမယ်"

"အင်း နင်ပြောသလိုဆိုရင် နင်ပျောက်သွားတာနဲ့ ငါ့ကို အံ့မှ





ပတ်လာနိုင်တယ်ပေ့ါ၊ အေးလေ ကြယ်စင် အခြေအနေ ငါစောင့်ကြည့်လိုက်ပါဦးမယ်၊ ကြယ်စင်က နင့်ကိုမေ့နိုင်တယ်ဆိုရင် ငါ တစ်မျိုးပြန်စဉ်းစားပေးမယ် ဟုတ်ပြီလား"

"ပန် ပန်ဒါ ပန်ဒါ"

ငယ်သံပါအောင် အော်လိုက်သော်လည်း ပန်ဒါက ဂရုမစိုက်။ ကားပေါ်တက်ကာ ဖူးခနဲ ဂယ်ကွေ့ ကွေ၍ မောင်းထွက်သွားသည်။

ပန်ဒါ ဒီလောက်ထိ ရက်စက်ရဲတာ သူမ အံ့သြလို့မဆုံး။ ဘယ်လို လွတ်မြောက်အောင် ကြိုးစားရမလဲ။ သူမ ဟန်းဖုန်းကိုလည်း ဒီလို ကြိုတင်ကြံစည်မှုတွေရှိလို့ ပန်ဒါ ဖျောက်ဖျက်ပစ်ခဲ့တာနေမှာ။

ပန်ဒါ ပြောသလို ဒီလိုနေရာမျိုးမှာ သူမ တစ်ယောက်တည်း အစာရေစာ ငတ်ပြတ်၍ အသေခံရတော့မည် ထင်သည်။

ဦးလေးအောင်နှင့် ဒေါ်လေးကရော ပုဂံမှာ ဘာတွေလုပ်နေကြလို့ အခုထိ ပြန်မလာကြသေးတာလဲ။

ဦးလေးတို့ ပြန်လာလျှင်တော့ သူမ ပျောက်နေတာ သိပြီး လိုက်ရှာကြမှာပါ။ ပန်ဒါ ဒီလိုလုပ်တာ သိလျှင်လည်း ပန်ဒါကို ရိုက်ပုတ်ဆုံးမပေလိမ့်မည်။

မောင် မောင်ရော သူမကို လိုက်ရှာနေမလား။ ဘာအဆက်အသွယ်မှ လုပ်မရလို့ အိမ်ကို လိုက်လာပြီး ပန်ဒါကို မေးရင် ပန်ဒါ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြေမလဲ။

ပုံပုံတစ်ယောက်တည်း ကြောက်နေပါပြီ။ ပုံပုံကို ကယ်ပါဦး မောင်ရယ်။ လူသူမနီးတဲ့ ဒီခြံကြီးထဲမှာ ပုံပုံ တစ်ယောက်တည်း မနေရဲဘူး မောင် မောင်ရေ။

ပုံပမာရဲ့ ငိုရှိုက်ညည်းညူသံမှလွဲ၍ အရာအားလုံးက တိတ်ဆိတ်ခြောက်ကပ်လို့. . ။

▣ ▣ ▣



## အခန်း (၂၅)

"ဟင်"

ပုံပုံကို ဘယ်လိုမှ အဆက်အသွယ် လုပ်မရတာမို့ စိတ်ပူပြီး အိမ်လိုက်လာတော့လည်း တိုက်ခန်းသံပန်းတံခါးက သော့ပိတ်ထားသည်။ ပုံပုံရော ပန်ဒါရော ဘယ်သွားနေကြတာလဲ။

အခုရက်တွေမှာ လူကိုယ်တိုင် တွေ့ခွင့်မရတောင် ပုံပုံကို ဖုန်းဆက်၍ အမြဲအားပေးနေခဲ့တာပါ။ ပူဆွေးသောကရောက်နေချိန်မှာ ဦးလေး အဒေါ်တွေလည်း မရှိ ပန်ဒါကလည်း ဘာဖြေသိမ့်မှုမှ မရတာမို့ ပုံပုံကလည်း သူ့ဆီကို ဖုန်းခဏ ခဏဆက်၍ အားကိုးရှာခဲ့သည်။

အခုတော့ ညကတည်းက ဖုန်းဆက်လို့ မရသလို အိမ်လိုက်လာတော့လည်း မတွေ့ရ။ ရင်တွေပူကာ မတွေ့မချင်း ပြန်ဖို့စိတ်မကူးမိဘဲ သူ စိတ်ရှည်ရှည်နှင့် ကားပေါက်နားမှာ ထိုင်စောင့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား စိတ်တွေပူလိုက်တာ ပုံပုံရယ်၊ ဘာဖြစ်လို့ ဖုန်းကို ပိတ်ထားရတာလဲ၊ လူမမြင်ရတောင် စကားပြောနေရတော့ တော်သေးတာပေါ့"

ညနေစောင်းလှနေတာတောင် ဘာအရိပ်အရောင်မှ မထူးခြားသေးတာမို့ သူ့စိတ်တွေ ဘယ်လိုမှ ဂနာမငြိမ်တော့။ ပန်ဒါလည်း ပျောက်နေတာမို့ ပန်ဒါနှင့်အတူတူ ဖြစ်နေမလားဆိုပြီး ပန်ဒါဖုန်းကို ဆက်ကြည့်တော့လည်း ပန်ဒါဖုန်းကလည်း ပိတ်ထားပြန်သည်။ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲ။

"ဟင် ကား ကား"

ပန်ဒါ မောင်းလာသော ကားလေး တိုက်ခန်းကားပါကင်မှာ ထိုးရပ်လာတာမို့ သူ ဝမ်းသာအားရထရပ်ရင်း ပန်ဒါဆီ အပြေးအလွှား သွားမိ၏။

"ပုံ ပုံပုံရော ပန်ဒါ"

အငမ်းမရ မေးမိခြင်းကို ပန်ဒါက ကားတံခါးကို နောက်ပြန်ပိတ်ကာ နှုတ်ခမ်းပါးလေး တွန့်ကွေးမဲ့ရွဲ့၍ တုံ့ပြန်၏။

"ပန်ဒါ ပြောလေဟာ၊ ပုံပုံရောလို့"

"ပုဂံပြန်သွားပြီ"

"ဘာ မဖြစ်နိုင်တာ၊ သူ သွားမယ်ဆို ငါ့ကိုတိုင်ပင်မှာပေါ့





ပြောမှာပေါ့"

"မယုံလည်း မတတ်နိုင်ဘူး။ အခု သူ့ကို ကားဂိတ်လိုက်ပို့ပြီး ကားထွက်သွားမှ ငါ ပြန်လာတာ"

"အာ ဟုတ်လို့လားဟာ၊ ငါ့ဆီကို ဖုန်းဆက်ပြီးဖြစ်ဖြစ် အသိပေးမှာပါ၊ ပုံပုံ အဲလောက်ကြီး ငါ့ကို ဥပေက္ခာမပြုပါဘူး"

"ပြော် ဟိုမှာ အရေးအကြောင်းကိစ္စရှိလို့ နင့်ကို ဖုန်းဆက်ချိန်မရတာ နေမှာပေါ့၊ ကဲ ငါလည်း ပင်ပန်းလာတယ်၊ နင် ပြန်တော့"

"မဟုတ်သေးဘူး ပန်ဒါ၊ ငါ့ကို ရှင်းအောင်ပြောဟာ၊ ပုံပုံ ဘာလို့ ငါ့ကို ဘာမှမပြောနိုင်ဘဲ ထွက်သွားရတာလဲ"

ယုံနိုင်လောက်အောင် ဖြစ်နေသည်မို့ လှည့်ထွက်တော့မည့် ပန်ဒါလက်ကို ကပျာကသီ ဆုပ်ကိုင်ကာ မေးမိ၏။ ပန်ဒါက ဆတ်ခနဲ သူ့လက်ကို ဆောင့်ဆွဲလိုက်ကာ

"သူ ဘာလို့ ထွက်သွားလဲ ငါ ဘယ်သိမလဲ၊ တွေ့မှပဲ မေးကြည့်ပေါ့"

"နင်တို့တစ်အိမ်တည်း နေကြတာပဲ၊ နင် သိကို သိနေမှာပါ၊ ငါ့ကို ပြောပြပါဟာ၊ ပုံပုံဆီ ဘယ်လိုမှ ဖုန်းအဆက်အသွယ် မရလို့ ငါ တောင်းပန်ပါတယ်"

"နင်တို့ကိစ္စ ငါ စိတ်မဝင်စားဘူး ကြယ်စင်၊ ငါ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်နာနေတယ်ဆိုတာ နင် သိပါတယ်၊ နောက်တစ်ခါ ပုံပမာအကြောင်း လာမေးမှာဆိုရင် ငါ့ဆီကို ဘယ်တော့မှ မလာခဲ့နဲ့"

"ပန်ဒါ ပန်ဒါ အာ တောက်"

သူ့စိတ်တွေ ဘယ်လိုမှ ထိန်းသိမ်းလို့မရ။ ပန်ဒါရဲ့ မထီမဲ့မြင် ပုံစံများကြောင့် ကားဘန်ပါကို ဒုန်းခနဲ ထိုးပစ်ရင်း ထက်ခေါက်မိ၏။ ပုံပုံ ဘာကြောင့် သွားရတယ်ဆိုတာ ပန်ဒါ မသိဘဲနေမှာမဟုတ်။

တမင်သက်သက် သူ့ကိုလုပ်ချသွားတာ။ ပုံပုံကရော ဘာကြောင့် သူ့ကို ဒီလို ထားခဲ့တာလဲ။

ဘယ်လိုမှ ဂနာမငြိမ်တော့တာမို့ ဖုန်းနံပါတ်တွေကို နှိပ်၍ မျိုးကျော်တို့ကို စားသောက်ဆိုင်မှာ ချိန်းလိုက်သည်။

ထွက်ပေါက်မရှိလျှင် သူ့ရင်တွေ ကွဲထွက်သွားနိုင်၏။ စားသောက်ဆိုင်လေးထဲကို သူနှင့်မျိုးကျော်တို့ ရှေ့ဆင့်နောက်ဆင့် ဆိုက်ရောက်လာကြ၏။

"ဘယ်လိုဖြစ်တာလဲ ငါ့ကောင်၊ ဘယ်သူလေစိမ်းတိုက်လို့ လာလန်းတာလဲ၊ စိတ်ကွယ်ရာမှာတောင် ဆင်ခြင်တော့မယ်ဆို"

"အေးလေ ဝေါ်ခ်နေတာလည်း ပဲ့လိုက်တာ၊ ပုံပမာနဲ့ ဘာတွေ ငြိလာတာလဲ"

"ငါ မသောက်ပါဘူးကွာ၊ မင်းတို့နဲ့ စကားပြောစရာရှိလို့ပါ၊





ပုံပုံ ပျောက်ဖြန့်သွားပြီ"

"ဘာ"

"ဘယ်လိုဖြစ်တာလဲ"

"ငါလည်း မသိဘူး၊ ပန်ဒါ ပြောလိုက်တာ"

"ပုံပမာက မင်းကို ဘာမှပြောမသွားဘူးလား"

"မပြောလို့ပေါ့၊ ဖုန်းလည်း ဆက်လို့မရဘူး"

"မင်းတို့ ဘာပြဿနာဖြစ်ကြသေးလဲ၊ တစ်ခုခု အစာမကြေ ငြိတာမျိုးရော ရှိလား"

ရေခဲရေသူကို အဖုံးဖွင့်ကာ ဒီအတိုင်း မော့သောက်ပြီး ကြယ်စင်ခ ခေါင်းယမ်း၏။ ရေခဲရေတွေ လက်ထဲသည့်ကာ ခေါင်းတွေကိုလည်း ဖွတ်သည်။

"ခေါင်းတွေ ပူနေပြီကွာ၊ တွေ့နေတဲ့အချိန်တွေမှာ ဘာပြဿနာမှ မရှိပါဘူး၊ သူ အရေးအားငယ်ဝမ်းနည်းနေလို့ ငါ့မှာအမြဲအားပေးပြီး ဖြေသိမ့်နေရတာပါ၊ ပုံပုံ ဒီလိုလှုပ်သွားရက်လိမ့်မယ် မထင်ဘူးကွာ"

"မင်း အဲလောက်ဖြစ်နေရင် ဘာကြောင့်လဲဆိုတာ သိအောင် ပုံကို လိုက်သွားမေးပေါ့ကွ၊ နိုင်ငံရပ်ခြားလည်း မဟုတ်ဘူး၊ အခုလိုက်သွား အခုရနေတာကို"

"အေးလေ သူလည်းသူ့အခြေနာနေနဲ့ ပူထူပြီး မင်းကို ပြောဖို့



www.burmeseclassic.com

www.burmeseclassic.com



မေ့သွားတာလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ၊ တကယ်လို့ ဟိုမှာ အခက်အခဲ ဖြစ်နေတာဆိုလည်း မင်းရောက်လာတော့ သူ့ အားရှိတာပေါ့"

"အင်း ဟုတ်တယ်၊ အဲလိုလိုက်သွားကြည့်တာ ကောင်းမယ် ထင်တယ်နော်၊ ငါ မခံစားနိုင်အောင်ဘဲ ဖြစ်နေတာ၊ အဲလို မတွေးပါ လိုက်ဘူး၊ ကျေးဇူးပဲကွာ၊ မင်းတို့ ကြိုက်သလောက်ဆွဲ ငါ ဒကာခံမယ်"

"ဟား အလှူရှင်နဲ့ လာတွေ့နေတာပဲ၊ သတင်းဆိုးတစ်ခု ပြောပြရမယ် ထင်တယ်"

မျိုးကျော်က ဝိတ်တာလေး လာချပေးသော ဘီယာခွက်ကို တစ်ကျိုက်မော့ကာ ပြောတော့ ကြယ်စင်ခ မျက်လုံးပြူးသွား၏။

"တိုက်လည်းတိုက်ရသေးတယ်၊ ဘာလဲ သတင်းဆိုး"

"ဩော် ပန်ဒါက မင်းတကယ်လို့ ပုံပမာနဲ့ပြတ်သွားပြီဆိုရင် သူ မျှော်လင့်နေသေးတယ်တဲ့"

"ဘာ ငါက ဘာလို့ပုံပုံနဲ့ပြတ်ရမှာလဲ"

"အဲဒါတော့ မသိဘူး၊ ပုံပမာကို မေ့လောက်စရာ အကြောင်း တွေ ရှိလာတော့မှာပါလို့တော့ ပြောသွားတာပဲ"

"အရူး အဲလိုကိစ္စ ဘယ်တော့မှ ရှိလာမှာမဟုတ်ဘူး၊ ငါ့ဘ မှာ ပုံပုံကလွဲရင် ဘယ်မိန်းမကိုမှ ချစ်လာစရာအကြောင်းလည်း မရှိဘူး၊ ခုနတုန်းကတော့ ပုံပမာအကြောင်း လာမေးမှာဆိုရင် သူ့ဆီ ဘယ်တော့





ပလာခဲ့နဲ့လို့ ကောလှတ်လိုက်ပြီးတော့"

"ဟင် မင်းနဲ့ပန်ဒါ အခုတွေ့လာခဲ့တာလား"

"အေးလေ ပုံပုံကို စိတ်ပူလို့ သူတို့အိမ်ကနေ သွားစောင့်နေတာ၊ ခုပဲ ပုံပုံကို ပုဂံသွားဖို့ ကားဂိတ်လိုက်ပို့ပြီး ပြန်လာတာလို့ ပြောတာပဲ၊ အဲဒါကြောင့် အခု ငါကွဲနေတာပေါ့"

"ဟုတ်လို့လားကွာ"

"ဘာကိုလဲ"

"ဒီအချိန်မှ ပုံပမာကို ကားဂိတ်လိုက်ပို့ပြီး ပြန်လာတယ်ဆိုတာ၊ ငါတို့နဲ့တွေ့တာ နေ့လယ်ကကွ"

"ဘာ"

"ဟုတ်တယ် ဘယ်ကပြန်လာတာလဲ မသိဘူး၊ အလှမ်းဝေးဝေး ကတော့ ပြန်လာတဲ့ပုံပဲ၊ ငါတို့နှစ်ယောက်က သူ့ကားကိုတွေ့လို့ တား လိုက်တာ"

"နေ့လယ်က ပန်ဒါ တစ်ယောက်တည်းနော်"

"ဟုတ်ပါတယ်ဆိုကွာ မယုံသက်ာနဲ့ မင်းက ဘာဖြစ်နေတာလဲ"

မျိုးကျော်တို့က သူ့ကိုစိတ်မရှည်၊ သူလည်း ဘယ်လိုမှ စဉ်းစား ရအောင် ဖြစ်နေပေမယ့် စဉ်းစားနေမိဆဲပင်။

"မင်းတို့ပြောတာတွေနဲ့ ငါလည်း တိုက်ဆိုင်ကြည့်နေတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပန်ဒါ ပြောလိုက်တာက အခုလေးပဲ ပုံပုံ ပုဂံကားပေါ် ပါသွားမှ ပြန်လာတာတဲ့၊ သူ့အိမ်ပြန်ရောက်တာ သုံးနာရီတောင် မထိုးသေးဘူး၊ တကယ်ဆိုရင် ပုဂံကားတွေက အဲဒီအချိန်လောက် ထွက်တယ်တားဦး။ အိမ်ကိုလေးနာရီဝန်းကျင်လောက်မှာ ပြန်ရောက်ရမှာ မဟုတ်ဘူးလား။ အိမ်က၊ နေ. ကားဂိတ်ကို လိုက်ပို့တယ်ဆိုလည်း မနက်သေယ်နာရီလောက်က၊ တည်းက သူတို့အိမ်ကို ငါ ရောက်တာ၊ ကားဂိတ်ကို အတူတူသွားတယ် ဆိုလည်း မင်းတို့နဲ့တွေ့ရင် နှစ်ယောက်တွေ့ရမှာပေါ့"

"မင်းပြောတာတွေက ရှုပ်နေပြီကွာ"

"အေး ငါလည်း ရှင်းမရအောင်ဘဲ၊ ပန်ဒါနဲ့မင်းတို့တွေ့တော့ ဘယ်နှနာရီလောက်လဲ"

"နှစ်နာရီလောက် ရှိမယ်ထင်တယ်၊ နာရီဝက်နီးပါးလောက် စကားပြောပြီးတော့ အိမ်ပြန်တော့မယ်ဆိုပြီး ပြန်သွားတာ"

"အဲဒါဆို ဘယ်လိုလုပ် ကားဂိတ်ကို သွားနိုင်မှာလဲ၊ မင်းတို့နဲ့ တွေ့ပြီး အိမ်ပြန်ရောက်လာတာပဲဥစ္စာ၊ ပန်ဒါ ဘာတွေလုပ်နေလဲ မသိဘူး၊ ပုံပုံရော ပုဂံသွားတာမှ ဟုတ်ရဲ့လား၊ ဘယ်တွေများ ရောက်နေလဲ"

"ကဲ ပန်ဒါက ပုဂံသွားတယ်လို့ ပြောတယ်မဟုတ်လား။ ပုဂံ လိုက်သွားကြည့်လိုက်ရင် သိမှာပေါ့၊ ဒီအတိုင်း တွေးနေရင် ရူးသွားလိမ့် မယ်"





"ငါတစ်ယောက်တည်း မသွားဘူး၊ မင်းတို့လည်း လိုက်ခဲ့"

"ဘာ"

မျိုးကျော်နှင့်ခိုင်ထွန်း၊ သံပြိုင်အာမေဍိတ်သံပြုရင်း ပါးစပ်ပေါက်တွေ ပိတ်သွားကြ၏။ သူ့ဆန္ဒကို မငြင်းဘူးဆိုတာကတော့ သေချာသိနေသည်။ တစ်ခါမှ မရောက်ဖူးသည့် အညာဒေသလေးမှို့ သူတို့လည်း လိုက်ချင်နေကြမှာပါ၊

ဘုရားတွေ အများကြီးရှိသော သမိုင်းဝင်ပုဂံမြေကို . . ။

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၆)

"သားက ပုဂံကို လိုက်သွားမည့်လား၊ ဘုရားဖူးသက်သက်တော့ မဟုတ်ဘူး ထင်တယ်၊ ပုံပမာနဲ့အတူ သွားမည့်လား သား"

"မဟုတ်ဘူး ပုံပုံနောက်ကို လိုက်သွားမှာ"

"ဟင်၊ ပုံပမာက သွားနှင့်ပြီလား၊ မနေ့ကရက်လည်းမှာတော့ သားတို့တွေ့ကြသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဘယ်လိုအကြောင်းကိစ္စရှိနေလို့လဲ မသိဘူး ဒီနေ့ ညနေပဲ ထွက်သွားတယ်ပြောလို့ပါ။ သားတို့ ဒီညတွင်းချင်း လိုက်သွားချင်လို့ ဆယ်နာရီလောက် ထွက်ဖို့ ပြောထားကြတယ် မေမေ"

"သားသူငယ်ချင်းနှစ်ယောက်ရော လိုက်မှာလား"

"ဟုတ်ကဲ့ ခိုင်ထွန်းနဲ့မျိုးကျော် ကားတစ်လှည့်စီမောင်းဖို့ လိုက်၊





ကြလိမ့်မယ်၊ တကယ်လို့ ပုံပုံ ဆုံကိုသွားတာ သေချာရင် မနက်လင်းတာနဲ့ သားတို့ ဆုံကြမှာပဲ"

ဘာအကြောင်းရယ် သေချာမသိရသော် သူ့ရင်တွေက ပူလောင်နေသည်။ ခရီးနှင်ထိလည်း ပုံပုံ ဖုန်းနံပါတ်ကို နှိပ်နေမိဆဲပါ။ တွေးစရာတွေနှင့် မတပ်မကျ စိတ်ဂနာမငြိမ် ဖြစ်နေသော သူ့ကိုကြည့်ပြီး မေမေက သက်ပြင်းချကာသည်။

"သား စိတ်ပူနေတယ် ထင်တယ်၊ ဘာတွေ စိုးရိမ်စရာရှိနေလဲ သား၊ သားတို့ချင်း ပြဿနာတစ်ခုခု"

"မ မဖြစ်ပါဘူး မေမေ"

"အေး မေမေကတော့ ပုံပမာလေးနဲ့ ဘာပြဿနာမှ မဖြစ်စေချင်ဘူး။ အရမ်းတန်ဖိုးရှိတဲ့ အရာရာပြည့်စုံနေတဲ့ မိန်းကလေးပါ၊ သူ့မှာ မိဘဆိုတာလည်း မရှိတော့တဲ့အတွက် သားကပိုပြီး စောင့်ရှောက်ပေး ဂရုစိုက်ပေးပါ"

"ဟုတ်ကဲ့ သားတို့ချင်းက ဘာပြဿနာမှ မရှိပါဘူး၊ အဆင်မပြေဖြစ်နေတာက ဟိုသူငယ်ချင်းမကြောင့်ပါ"

"ပန်ဒါဆိုတဲ့ကောင်မလေး မဟုတ်လား၊ အဲဒီ ကောင်မလေး ဆိုရင်တော့ မေမေ မကြိုက်ဘူးကွယ်၊ သားလည်း မိန်းကလေး တစ်ယောက်တန်ဖိုးကို ခွဲခြားသိမှာပေါ့၊ ပုံပမာနဲ့ ကွာဟချက်တွေကိုလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ သားသိပါတယ်၊ ပုံပုံကြောင့် မိသားစုဘဝရဲ့ နွေးထွေးမှုကို သား ရလာတာ၊ ဘယ်လိုမှ တန်ဖိုးမဖြတ်နိုင်ပါဘူး"

"အေး ဖေဖေကလည်း ပုံပမာလေးကို သမီး ချွေးမလေးအဖြစ် တန်ဖိုးထားပါတယ်၊ ပုံရောက်လို့ လက်ထပ်ဖို့ အဆင်ပြေလည်း ဖေဖေတို့ကို လှမ်းခေါ်လိုက်ပေါ့ကွာ"

ဖေဖေ့စကားကြောင့် ပုပန်နေသည့်ကြားက ကြည်နူးမိသေးသည်။ သူက အခန်းထဲဝင် ကျောပိုးအိတ်တစ်လုံး ဆွဲထွက်လာကာ

"သူငယ်ချင်းတွေနဲ့ ချိန်းထားတဲ့နေရာ သွားလိုက်တော့မယ် ဖေဖေ၊ ဒီကောင်တွေ စောင့်နေမှာစိုးလို့"

"သားက ဆယ်နာရီလောက်မှ ထွက်ကြမယ်ဆိုပြီး စိတ်လောနေတာပဲကွ၊ ငွေလည်း သား အန်တီဆီက လိုလုံလောက်လောက် ယူသွားလေ"

"ဟုတ်ကဲ့ အန်တီက ပေးလိုက်ပါတယ် ဖေဖေ၊ သား သွားပြီ"

ပျာယာခတ်နေသော သားကို ပိုရန်ရောလို့ အပြစ်မတင်ရက်ပါ။ ဖနီးသည်လေးနှင့် သင့်မြတ်ပြီး မိသားစု နားလည်မှုရလို့ ပျော်ရွှင်နေရတာ ပုံပမာလေး ကျေးဇူးကြောင့် မဟုတ်လား။

"ကြယ်စင် သွားပြီလား ကိုကြီး"

"သွားပြီ ဒေစီ၊ ဘာဖြစ်လို့လဲ"





"ဒီမှာ ထမင်းပွဲပြင်နေတာ၊ စားသွားဆို မစားဘူး၊ ဒီကလေး လမ်းမှာ ဗိုက်ဆာနေတော့မှာပဲ"

"ဘယ်စားနိုင်မှာလဲကွာ၊ သူလည်း စိတ်ပူနေတော့ အမြန်လိုက်သွားချင်ရှာမှာပေါ့"

"အဲဒါပေါ့ သူအိမ်ပြန်ရောက်တော့ သူ ပုံသွားချင်တဲ့အကြောင်း ဒေစီကို ဖွင့်ပြောတိုင်ပင်တယ်၊ ဒေစီကလည်း သွားသင့်တာပဲ၊ သွားပေါ့လို့ ပြောလိုက်ပါတယ်၊ ဒါပေမဲ့ ဖေဖေ ပြန်လာမှ ဖေဖေ့ဆီက ခွင့်ပြုချက် တောင်းဦးမယ်ဆိုပြီး စောင့်နေရှာတာ"

"သား လေးစားတတ်လာတာ ကိုကြီးလည်း ကြည်နူးမိပါတယ်၊ ကိုကြီး သူ့အပေါ် ဖခင်တာဝန်ကျေအောင် ကြိုးစားမှာပါ၊ လစ်ဟင်းခဲ့တဲ့ အချိန်တွေကိုပါ အတိုးချပြီးပေါ့"

မေတ္တာအပြည့်ဖြင့် ပြောသော စကားမို့ ဦးနေမင်းခ မျက်နှာ အပြုံးတွေ ဝေနေသည်၊ ဝန်တိုစိတ်တွေ ကင်းနေသော ဒေါ်ဒေစီ မျက်နှာလည်း ကြည်လင်လန်းဆန်းနေ၏။

ဘယ်လိုအရာကမှ ထိုမေတ္တာတွေကို မကျော်လွှားနိုင်ပါ။ သား ပုံကို မြန်မြန်ရောက်ပြီး အဆင်ပြေပါစေ။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ကဲ ရောက်တော့လာပြီ ကားဇီတ်တွေ လိုက်မေးတာလည်း ပုံပမာနာမည်နဲ့ ဘယ်ကားပေါ်မှ ပါမလာဘူးတဲ့၊ ဘယ်လိုလုပ်မှာလဲ"

"သူ့အိမ် လိုက်သွားရတော့မှာပေါ့ ဟိုတယ်ကောင်း၊ ပုံပမာတို့ အိမ်လိပ်စာရော သိလား ကြယ်စင်"

"တမာမြေ ဟိုတယ်နဲ့ ယွန်းထည်လုပ်ငန်းဆိုရင် ပုဂံညောင်ဦး တစ်မြို့လုံး မသိတဲ့သူ မရှိဘူးတဲ့၊ ဒီလိုပဲ မေးသွားရမှာပေါ့၊ သွားကြမယ် ကွာ၊ ငါ့ဇိတ်တွေ တစ်မျိုးကြီးပဲ၊ ပုံပုံနဲ့ အမြန်ဆုံးတွေ့ရမှ ဖြစ်တော့မယ်"

သူတို့သုံးယောက် ကားပေါ် ပြန်တက်၍ ကားဂိတ်ဝင်းထဲက ထွက်လာခဲ့ကြသည်။

ကားကို ဒက်စတော့သုပ်ရင်း ဟိုမေး ဒီမေးဖြင့် တမာမြေ





ဟိုတယ်ကို အရင်ရောက်ခဲ့ကြ၏။ သူတို့သုံးယောက်လုံး ကားပေါ်က ခင်းကာ ဟိုတယ်ရှိဆပ်ရှင်ကို စုံစမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်ကြ၏။

ဝန်ထမ်းတချို့ရဲ့ မျက်နှာတွေက ညှိုးနွမ်းနေကြသည်မို့ ပုံပုံ အဖေ နာခံရေးကြောင့်ဖြစ်မည်လို့ တွေးမိ၏။

"ကျွန်တော်တို့ ရန်ကုန်က ဧည့်သည်တွေပါ၊ ပုံပမာနဲ့တွေ့လို့ ရမလား ခင်ဗျာ၊ ကျွန်တော်တို့က သူ့ရဲ့မိတ်ဆွေတွေပါ"

"ပုံပုံက ရန်ကုန်မှာပါ၊ ဘုရားဖူးဖို့ တည်းခိုမယ်ဆိုရင်တော့ တခြားဟိုတယ်မှာ အဆင်ပြေအောင် စီစဉ်ချက်ပေးပါမယ်၊ ဒီဟိုတယ်က နောက်ဧည့်သည်အသစ်တွေ လက်မခံတော့ပါဘူး။ ဟိုတယ်ပိုင်ရှင် အပြောင်းအလဲ ရှိနေလို့ပါ"

"ဗျာ ခု ခုနက ပြောလိုက်တာ၊ ပုံပုံက ပုဂံမှာ မရှိဘူးလို့ ပြောလိုက်တာလား"

"ဟုတ်ပါတယ် သူ့အဖေ သေသွားလို့ ဒီကလုပ်ငန်းတွေ အကုန်ရောင်းပြီး ရန်ကုန်မှာပဲ နေတော့မယ်ပြောလို့ ဟိုတယ်ဝန်ထမ်းတွေရော တမာမြေ ယွန်းထည်လုပ်ငန်းက ဝန်ထမ်းတွေရော အားလုံး စိတ်မကောင်း ဖြစ်နေကြပါတယ်"

"အဲ အဲလို ရောင်းပစ်မယ်လို့ ဘယ်သူက ပြောတာလဲ"

"ဟုတ်ကဲ့ ရန်ကုန်က ဦးလေးတိုးမောင်ရဲ့ ညီနဲ့ညီမကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စတွေ လာလုပ်သွားတယ် ပြောပါတယ်၊ ကျွန်မတို့လည်း မန်နေဂျာ ပြောသလောက်ပဲ သိရတာပါ၊ ဘာပြဿနာတွေ ဖြစ်နေတယ်ဆိုတာ အပြည့်အစုံတော့ နားမလည်ပါဘူး''

"ဒီ ဒီက အစ်မက မန်နေဂျာ မဟုတ်ဘူးလား''

"မဟုတ်ပါဘူးရှင်၊ ကျွန်မက ဒီဟိုတယ်ရဲ့ တာဝန်ခံပါ၊ ဟိုတယ်ရော ယွန်းထည်လုပ်ငန်းမှာရော မန်နေဂျာက တစ်ယောက်တည်း ရှိပါတယ်''

"အခု ကျွန်တော်တို့ သူ့ကိုတွေ့လို့ ရမလားခင်ဗျာ''

ကြယ်စင်ခ အသံတွေတုန်ကာ ခပ်လောလော ဖြစ်နေတာမို့ တာဝန်ခံ အစ်မကြီး မျက်မှောင်ကြုတ်သွား၏။

"ရှင်တို့က မန်နေဂျာကို ဘာလို့တွေ့ချင်တာလဲ၊ ဒီက ဝန်ထမ်းတွေ အကုန်လုံး ရန်ကုန်က ညွှန်ကြားချက်ဆိုရင် ကြောက်ကိုနေကြပြီ''

"ဟာ ကျွန်တော်တို့က ဒီက အစ်မတို့ ကြောက်ရမယ့်သူတွေ မဟုတ်ပါဘူး၊ ဟို ဒီလိုပါ ကျွန်တော်က ပုံပမာရဲ့ ချစ်သူပါ၊ သူတို့က ကျွန်တော့်သူငယ်ချင်းတွေ ကျွန်တော်တို့လည်း ပုံပမာ ပုဂံကို သွားတယ်ဆိုလို့ လိုက်လာကြတာပါ၊ အခု ဒီမှာ ပြဿနာတွေ တက်နေတာလည်း မသိကြပါဘူး၊ ပုံပုံ ဘယ်ရောက်နေလဲ မသိဘူးဗျာ၊ ကျွန်တော် အရမ်းစိတ်ပူနေပါတယ်၊ အကျိုးအကြောင်း သိရအောင် မန်နေဂျာနဲ့ တွေ့ခွင့်





ပေးပါ''

တာဝန်ခံ အစ်မကြီး ယုံကြည်သွားကာ တမာမြေ ယွန်းထည်လုပ်ငန်းဘက်ကို ဖုန်းဆက်၍ မန်နေဂျာကို လှမ်းခေါ်ပေးသည်။

သူတို့သုံးယောက် ညွှန်ခန်းမှာ ထိုင်စောင့်ရင်းဖြင့် လည်တဆန့်ဆန့်။

"ပန်ဒါ မိဘတွေ တစ်ခုခု ကြံစည်နေပြီကွ၊ သူတို့ ပုံပုံအိမ်မှာ ရောက်နေပြီး ခြယ်လှယ်နေကြတာ ဖြစ်မယ်၊ ပုံပုံသာ တစ်ခုခုဖြစ်ရင်တော့ ငါ ပွဲကြမ်းပစ်မယ်''

"နေစမ်းပါဦးကွာ မန်နေဂျာလာရင် အကြောင်းစုံ သိရမှာပေါ့''

"သူများနယ်မြေမှာ ဆင်ခြင်ဖို့တော့ လိုတယ်နော်၊ ပန်ဒါ မိဘတွေက သူ့အစ်ကိုပိုင်တာဆိုပြီး လုပ်ပိုင်ခွင့်ရှိလို့ လုပ်နေကြတာလားမှ မသိတာ''

"ငါက အဲဒီပိုင်ဆိုင်မှုဆိုတာတွေကို စိတ်ဝင်စားလို့ မဟုတ်ပါဘူး၊ ပုံပုံက ရန်ကုန်မှာလည်း မရှိဘူး၊ ပုဂံမှာလည်း မရှိဘူး၊ အဲဒါ ဘာသဘောလဲ၊ ငါ အရမ်းရင်တွေပူနေပြီ''

"ကဲပါကွာ မင်းလိုပဲ ငါလည်း စိုးရိမ်နေပါတယ်၊ မန်နေဂျာကြီးလာမှ ဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်ကြတာပေါ့''

ဆယ်မိနစ်ကျော်အတွင်းမှာ မန်နေဂျာကြီး ကပျာကယာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ အသားညိုညို ဂိုက်ဘောင်းဘောင်း ယောက်ျားပီသသော လူတစ်ယောက်ပင်။

"ပုံ ပုံပုံလေး ရန်ကုန်မှာ မရှိဘူးလို့ ဒီက ညီလေးတို့ ပြောတယ်ဆို၊ အဲဒါ အမှန်ပဲလား"

သူတို့တွေ ဘာမှ မမေးရခင်မှာပင် မန်နေဂျာကြီး၊ ချွေးတွေ ပြန်ကာ စိုးရိမ်တကြီး ဖြစ်နေသည်။ ထိုမန်နေဂျာကြီးရဲ့ စိုးရိမ်မှုကြောင့် ပုံပုံ တကယ်ပုဂံမှာမရှိတာ သေချာသွားပြီမို့ သူ့ရဲ့ရင်တွေလည်း ပို၍ ပူလောင်နေ၏။

"ဦးအောင်မြင့်ကြွယ် သမီးက ပုံပုံ ပုဂံပြန်သွားတယ်ဆိုလို့ ကျွန်တော်တို့ လိုက်လာခဲ့ကြတာပါ။ ဒီရောက်မှ ပုံပုံ ပြန်မလာဘူးဆိုတာ သိရတာပါ ခင်ဗျာ၊ အကျိုးအကြောင်း သိရအောင် ဦးအောင်မြင့်ကြွယ်တို့ လင်မယားနဲ့ ကျွန်တော်တို့ တွေ့ကြည့်လိုက်မယ်လေ အစ်ကို၊ ဟို သူတို့ရှိတယ် မဟုတ်လား"

"သူ့တို့ မနေ့က သူတို့ကားနဲ့ ရန်ကုန်ကို ပြန်သွားကြပါပြီ"

"ဗျာ ဘယ် ဘယ်လိုဖြစ်ပြန်တာလဲ၊ ဦးတိုးမောင် ဆုံးတယ် ကြားကတည်းက သူတို့လင်မယား ပုဂံကို သွားကြတာ"

"ဟုတ်ပါတယ် ဦးတိုးမောင် ဆုံးတဲ့သတင်းကြားပြီး ကျွန်တော်တို့ ဝန်ထမ်းတွေ ဝမ်းနည်းပူဆွေးနေကြတဲ့အချိန်မှာပဲ သူတို့သင်မယား





ရောက်လာကြပါတယ်။ ပုံပမာက သူ့အဖေမရှိတဲ့ ဒီအရပ်ဒေသကို ပြန်မလာချင်တော့ဘူးလို့ ဒီကလုပ်ငန်းတွေကို ရောင်းပစ်ဖို့အတွက် လာတာလို့ ပြောပါတယ်"

"ဟာ ပုံပုံမှာ အဲသို ဆန္ဒမရှိပါဘူး။ ရက်လည်ကိစ္စတွေ ဘာတွေကို မသွားအောင် တားနေခဲ့တာ၊ ဒီလိုတွေ လုပ်တယ်သာသိရင် ပုံပုံ အရမ်းစိတ်မကောင်းဖြစ်မှာ၊ ပုံပုံက ပုဂံကိုရော၊ ဝန်ထမ်းတွေကိုရော သံယောဇဉ်ကြီးတယ်"

မန်နေဂျာကြီး ခေါင်းတညိတ်ညိတ်နှင့် မျက်နှာတစ်ခုလုံးလည်း ရှာတော့မည့်မိုးလို အုံ့မှိုင်းညိုမည်းနေသည်။

"ဟုတ်ပါတယ် ပုံပုံလေးနဲ့ ဒီက ဝန်ထမ်းတွေက တစ်သွေးတစ်သားတည်းလို အရမ်းသံယောဇဉ်ကြီးကြတာပါ၊ သူ့အဖေ ရန်ကုန်ခေါ်သွားတော့ ဒီကလူတွေ လွမ်းလို့ ငိုကြတယ်လေ၊ သူ့အဖေ နိုင်ငံခြားမှာဆုံးသွားတယ်ဆိုတော့လည်း ရင်ထုမနာ ခံစားနေကြရတာပါ၊ အရိုးပြာတွေ ဘာတွေကိုတော့ ဦးတိုးမောင်က ရန်ကုန်သားဆိုတော့ ဒီကို သယ်လာမှာ မဟုတ်ဆိုတာ နားလည်ပါတယ်၊ ဒါပေမဲ့ ပုံပုံလေးတော့ ဒီကို ပြန်လာပြီး လုပ်ငန်းတွေ လွှဲပြောင်းယူမယ်၊ ဦးစီးမယ် အမွေဆက်ခံမယ် ထင်ထားကြတာလေ"

"သူလည်း အဲလို ရည်ရွယ်ချက်နဲ့ ပြန်လာဖို့ လုပ်နေတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတွေအတွက်က ဒီကလူတွေနဲ့ စိတ်ချရတယ်ဆိုပြီး ရက်လည် ဘာညာပြီးမှ အေးအေးဆေးဆေး လာမယ်ဆိုပြီးပေါ့"

"ဦးအောင်မြင့်ကြွယ် လင်မယားက အစကတော့ ဦးတိုးမောင် ဆုံးသွားတာနဲ့ တာဝန်ရှိလို့ ရောက်လာသလိုလိုပဲ၊ နောက်မှ လုပ်ငန်းတွေ ရောင်းမယ်၊ ပုံပုံလေးက ဟိုမှာ ကုမ္ပဏီအသစ်ထောင်ပြီး နေတော့မှာ ဘာတွေဖြစ်လာတာ၊ ဦးတိုးမောင် လုပ်ငန်းတွေကလည်း အောင်မြင်နေ တော့ ဝယ်ချင်နေတဲ့သူတွေက အဆင်သင့်လေး၊ သူတို့ဇနီးမောင်နှံက အဲဒီလူတွေနဲ့တွေ့ပြီး ဖွတ်ရောင်းမယ်ဆိုတာကြီးပဲ"

"ဟင် အဲ အဲကိစ္စတွေ အဆင်ပြေသွားပြီလား၊ ရောင်းပြီးပြီ လား"

မန်နေဂျာကြီးက သူ့အဘက်ချိုကော့(စ်)ကြီးကို ဖုတ်ပြီး ခေါင်းယမ်းသည်။

"အများအသိသက်သေတွေနဲ့လုပ်ထားတဲ့ လုပ်ငန်းတွေက လက်ညှိုးထိုးရောင်းလို့ ဘယ်သွယ်မှာလဲ၊ သူတို့မှာ တရားဝင် စာချုပ် စာတမ်းနဲ့ လွှဲပြောင်းထားတာမှ သက်သေပြနိုင်တာ၊ ပုံပုံလေး တစ် ယောက်ပဲ အမွေဆက်ခံခွင့်ရှိတာလေး၊ အဲဒီ စာရွက်စာတမ်းတွေက ကျွန်တော်က ရှေ့နေလည်း လုပ်တယ်ဆိုတော့ ကျွန်တော့်ဆီမှာလည်း ရှိတယ်၊ တိုင်းတရားသူကြီးဆီမှာလည်း ရှိတယ်၊ ပြောရရင် လုပ်ပိုင်ခွင့်





အားလုံးက ပုံပုံလေး လက်ဝဲမှာပေါ့"

"အဲဒါနဲ့ ဘယ်လိုဖြစ်သွားလဲ အစ်ကို"

"ပုံပုံလေး ဒီကို မလာနိုင်ဘူးဆိုရင်တောင် ပုံပုံ ထောက်ခံချက် နဲ့ လက်မှတ်ယူခဲ့ဖို့ အခြေအရာင် ပြောလွှတ်လိုက်ရတယ်၊ ဒါတောင် ဒီက ဝယ်မယ့်သူတွေကလည်း အရှုပ်အရှင်းတွေ ရှိလို့ လက်တွန့်သွား တာနဲ့ သူတို့ ရန်ကုန်တစ်ခေါက် ပြန်သွားကြတာ"

"ဒါဆို သူတို့လည်း ပုံပုံ ပျောက်နေတာ မသိကြဘူးပေါ့"

"အင်း မသိလို့ဘဲ ပြန်သွားကြတာပေါ့၊ ဒါနဲ့ ပုံပုံလေးက ကျွန်တော်တို့ဆီလည်း အဆက်အသွယ်မလုပ်ဘဲ ဘယ်လိုပျောက်သွား တာလဲ"

"မသိဘူး၊ အရမ်းတော့ ရှုပ်နေပြီ အစ်ကို၊ ရဲစခန်းကို အကြောင်းကြားထားမှဖြစ်မယ် ထင်တယ်၊ ကျ ကျွန်တော် အရမ်းစိတ် ပူနေပြီ"

ကြယ်စင်ခ ငိုချင်တော့မသို့ အသံတွေပါ တုန်နေ၏။ မန်နေဂျာ ကြီးက သူတို့အတွက် ဟိုတယ်က စားသောက်ဖွယ်ရာတွေနှင့် အအေး ဘူးတွေ ရေသန့်ဘူးတွေပါ ပိတ်တာလေးကို လာချခိုင်း၏။

ရင်တွေ ပူနေသည်မို့ ကုတ်အအေးတစ်ဘူးလုံးကုန်အောင် မော့သောက်ချလိုက်သည်။ ရင်တွေက အဆမတန်အောင် ပူလောင်နေ



www.burmeseclassic.com

www.burmeseclassic.com



ဆဲပင်။

"ညီလေးတို့ အရင်ဆုံး ရန်ကုန်ပြန်ပြီး ပုံပုံ့သတင်းကို စုံစမ်းကြည့်ပါဦး၊ ဒီက ရဲစခန်းကို အစ်ကို အကြောင်းကြားထားမယ်၊ ပြီးတော့ ဦးအောင်မြင့်ကြွယ်တို့ အခြေအနေကိုလည်း စောင့်ကြည့်ပေးပါ၊ အခွင့်အရေးရတုန်း အကြံအစည်ဆိုးဆိုးနဲ့ ဝင်လာတာတော့ သေချာနေပြီကွ၊ ပုံပုံလေးကို ဒုက္ခရောက်အောင် လုပ်မှာလည်း စိုးရိမ်ရတယ်"

"ကြွယ်စင် ဒီပုံစံဆို ပန်ဒါကိုလည်း သံသယဝင်ဖို့ ကောင်းနေပြီကွ၊ မင်းနဲ့မပတ်သက်အောင် ပုံပုံကို တစ်ခုခုလုပ် မသစ်တူးလို့ မပြောနိုင်ဘူး"

"ဟုတ်တယ်ကွ ပြန်စဉ်းစားကြည့်တော့ ပန်ဒါ စိတ်က ရိုးသားမှုလည်း မရှိဘူး၊ ပုံမှန်လည်း မဟုတ်ဘူး၊ မင်းနဲ့ပတ်သက်ပြီး ပုံပမာကို အမြင်မကြည် ရန်သူလို သဘောထားနေပြီး ပုဂံသွားဖို့ ကားငှားလိုက်ပို့တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ပုံပမာ တကယ်လို့ ပြန်မယ်ဆိုရင်လည်း အေးအေးဆေးဆေး စီစဉ်ပြီး လေယာဉ်နဲ့ပြန်မှာပေါ့"

မျိုးကျော်နှင့်ခိုင်ထွန်း ပြောနေတာကို ဘယနည်း မသိသော မန်နေဂျာကြီးက ပြူးလည်လည်လေး ဖြစ်နေပေမယ့် အံကြိတ်ထားတ်အပေါ် မိရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏၊

"ကျွန်တော်တို့ အခုပဲ ရန်ကုန်ပြန်လိုက်တော့မယ် အစ်ကို"





"တစ်ညလုံး ကားမောင်းလာခဲ့ကြတာ မဟုတ်လား၊ ပင်ပန်းနေမှာပေါ့၊ စားသောက်အနားယူပြီးမှ သွားကြပါ"

"မျိုးကျော်တို့ မင်းတို့ စားချင်စားကြကွာ၊ ငါတော့ ဘာမှ စားလို့ မရဘူး၊ ကားဆီဖြည့်တာတွေ ဘာတွေ လုပ်လိုက်မယ်၊ မနားတမ်းပိုင်းလာတော့ နည်းနည်း နာချင်နေပြီ"

သူ့ စိတ်စောနေတာကို မန်နေဂျာကြီးက သဘောပေါက်သည်။ သူ့လက်ကို လှမ်းဆုပ်ကိုင်ကာ

"ပုံပုံကို ညီလေး အရမ်းချစ်တယ် ထင်တယ်၊ ပုံပုံလေး ဘာမှမဖြစ်အောင် ကူညီစောင့်ရှောက်ပေးပါကွာ၊ ဒါပေမဲ့ စိတ်ထင်သလို စွပ်စွဲတာမျိုးလည်း မဖြစ်စေနဲ့ လူရောက်တိုင်တာလည်း တိုင်ရမှာဆိုပေမယ့် သံသယနဲ့ သတင်းပေးတာမျိုး မဟုတ်အောင် ကိုယ့်တာသာလည်း စုံစမ်းကြည့်ဦးပေါ့"

"ဟုတ်ကဲ့ စိတ်ချပါ အစ်ကို၊ အစ်ကိုတို့ဘက်ကလည်း ဦးအောင်မြင့်ကြွယ်တို့ ဘယ်လိုပုံစံမျိုးနဲ့ ထပ်ရောက်လာလာ သူတို့ကို ဘာလုပ်ပိုင်ခွင့်မှ မပေးလိုက်ပါနဲ့၊ ပုံပုံကိုယ်တိုင် ပြောတာ မဟုတ်ဘဲ ဘာမှ မယုံလိုက်ပါနဲ့နော်"

"အစ်ကိုဘက်ကလည်း အဲဒီကိစ္စကို စိတ်ချ၊ ပုံပုံလေး တကယ်ပဲ ဒီကို ရောက်လာတယ်ဆိုလည်း မင်းဆီကို အကြောင်းကြားလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ကျေးဇူးပါပဲ အစ်ကို၊ ကျေးဇူးတင်ပါတယ်"

ရင်တွေပူနေမိတာ အသက်ရှူရတာတောင် မြောင့်မြောင့်တန်းတန်း မရှိ။ ပုံပုံ ဘယ်ရောက်နေလဲ၊ ဘာတွေဖြစ်နေလဲဆိုသည့် စိုးရိမ်စိတ်တွေကြောင့် ရင်တစ်ခုလုံးလည်း ပူပြင်းလောင်မြိုက် ကွဲကြေနေသည်၊ ပုံပုံသာ တစ်ခုခုဖြစ်လျှင် ပန်ဒါကို ဘယ်တော့မှ ခွင့်မလွှတ်။

ဒီဇာတ်လမ်းမှာ ပန်ဒါမိသာတွေရောဆိုလျှင်ဖြင့်

ဘာတွေလုပ်ရမလဲ. . . ဘာတွေလုပ်ရမလဲ။

▣ ▣ ▣

## အခန်း (၂၈)

"အဲဒါ ဘယ်လိုလုပ်ကြမလဲ၊ ပုံပမာ မရှိတော့ ဘယ်လိုလုပ်ကြမလဲ၊ ဟိုက လုပ်ငန်းတွေရောင်းဖို့ ပုံပမာလက်မှတ်ပါမှ ထောက်ခံချက်ပါမှရမှာ၊ ညည်းတို့နှစ်ယောက်တည်း ကျန်ခဲ့တာတောင် သူ ဘယ်သွားတယ်ဆိုတာ မသိဘူးလား။ ကိုယ်ကျိုးတော့ နည်းတော့မှာပဲ"

"ကျွတ် ခက်တော့တာပဲကွာ၊ အဲဒါတွေသာ ရရင် ငါတို့ဘဝလည်း ပြောင်းလဲပြီ၊ အစ်ကိုကြီး မရှိမှတော့ ပုံပမာကို နည်းနည်းလောက်အကျပ်ကိုင်လိုက်ရင် အခဝင်မြေနိုင်တာပဲ မဟုတ်လား၊ ဒီမှာ ကုမ္ပဏီထောင်ဖို့လို့ ပြောရင် သူလည်း လက်ခံချင် လက်ခံမှာပေါ့"

"အို သူ့အတွက် လုပ်ပေးမှာဆို ဘာလို့ အပင်ပန်းခံနေမှာလဲ"

"ခြောက် မေကာလည်း ပြောရခက်လိုက်တာ၊ အားလုံး ရပြီးရင် ကိုယ့်နာမည်နဲ့ကိုယ် ခက်လုပ်မှာပေါ့၊ အခုတော့ မျှော်လင့်ထားသမျှတွေ အတာန်ကွဲပြီ၊ ပုံပမာ မရှိရင် ဘာမှလုပ်လို့ မရတော့ဘူး၊ ပုဂံက လူတွေ



www.burmeseclassic.com

www.burmeseclassic.com



က ပုံပမာ မရှိဘူးဆိုတာသိရင် လူပျောက်ဆိုင်မှု သံသယတွေနဲ့ ကိုယ်တို့ သံတိုင်နောက် ရောက်တော့မယ်"

ဖေဖေနဲ့မေမေ ပြောနေတာတွေ ပန်ဒါ အလုံးစုံ နားမလည်ပါ၊ ပုဂံကို ဘာသွားလုပ်ကြတာလဲ။ ဘာတွေဖြစ်လာတာလဲ။ ပန်ဒါ တစ်ခုမှ မသိ။ မိမိက ကိုယ့်အစီအစဉ်နဲ့ကိုယ်။

ဖေဖေ မေမေတို့ကရော ဘာတွေလုပ်နေကြတာလဲ၊

မနက်မိုးလင်း ရန်ကုန်ပြန်ရောက်လာကတည်းက ပုံပမာကို သာ အသည်းအသန် မေးနေကြသည်။ အမှန်အတိုင်း ပြောလို့မရတော့ သူမ မသိဘူး ငြင်းတော့ ကိုယ့်ကိုတောင် ရန်ရှာချင်သလို ဖြစ်လာကြ၏၊ တစ်ခုခုအတွက် ပုံပမာကို အသုံးချဖို့ ဆိုတာကတော့ သေချာနေသည်၊

"အခု မေမေတို့ ဘာတွေဖြစ်နေကြတာလဲ၊ သမီးကိုရှင်းအောင် ပြောကြပါဦး။ ဘာလို့ ပုံပမာကို အသည်းအသန် လိုအပ်နေကြတာလဲ"

"ဘာဖြစ်ရမလဲ အစ်ကိုမောင် မရှိမှတော့ အစ်ကိုမောင် လုပ်ငန်းတွေ၊ ငါတို့ရအောင် လုပ်ရမှာပေါ့။ အဲဒီအတွက် ငါတို့ အချိန်ပါ ပုဂံကို သွားကြတာ"

"ဟုတ်တယ် သမီး၊ ပုံပမာက ရန်ကုန်မှာပဲ နေတော့မှာ။ ကုမ္ပဏီထောင်ဖို့အတွက် ပုဂံကလုပ်ငန်းတွေ ရောင်းပစ်ဖို့ဆိုပြီး ပြောတာ ပဲ၊ အစ်ကိုကြီး မရှိတော့ဘူးဆိုတော့ လွယ်မယ်လို့ ထင်ခဲ့တာ၊ အခုတော့





ပုံပမာကိုယ်တိုင် မလာနိုင်ရင် သူ့လက်မှတ်နဲ့ထောက်ခံစာ ယူခဲ့ရမယ်၊ ဒါမှမဟုတ် ဖုန်းဆက်ပြီးဖြစ်ဖြစ် ကိုယ်တိုင် အကျိုးအကြောင်း ပြောမှ ဖြစ်နိုင်မယ်တဲ့လေ"

"ဟင်"

ဖေဖေနဲ့မေမေရဲ့ လောဘကို ပန်ဒါတောင် ဖြုံသွား၏။ ဒီလို ကိစ္စတွေနှင့်ပုဂံကိုရောက်သွားသော သူမတောင် မသိလိုက်ပါလား။

"မေမေတို့က ဘာလို့ ဒီလောက်တောင် အလောတကြီးငွေတွေ လိုနေတာလဲ၊ နောက်မှ ဦးမောင် ရပိုင်ခွင့်တွေတောင်းယူရင်လည်း ရတာ ပဲ"

"တဲ့ အဲဒါက မသေချာလို့ပေါ့၊ အေးအေးဆေးဆေး စောင့် တောင်းဖို့ အချိန်မရတာလည်း ရှိသေးတယ်၊ ညည်းအဖေမှာ လောင်း ကစားကြွေးမြီတွေ တင်နေတယ်လေ၊ ဒီတိုက်ခန်းနဲ့ ကားကို ရောင်းပေး ရင်တောင် လောက်မှာမဟုတ်ဘူး။ ခိုက်ပျိုးရေးခြံလုပ်ထားတဲ့ မှော်ဘီက ခြံကလည်း ဘယ်လောက်ရမှာမို့လဲ၊ လုပ်ငန်းငွေတွေပါ ထိုးဆပ်လိုက်ရင် ပြာပုံထဲ လူးနေဖို့ပဲရှိတော့တယ်"

"အဲ့ အလောက်တောင်ပဲလား"

ပန်ဒါ အထိတ်တလန့် ဖြစ်သွားတော့ ဖေဖေက မျက်နှာငယ် လေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ နောက်မလှင်တော့ပါဘူး သမီးရယ်၊ အခုလည်း ဖေဖေတို့ မိသားစုအခြေအနေပျက် မဖြစ်အောင် ဂုဏ်သိက္ခာမကျအောင် ဆိုပြီး သမီးမေမေ စီစဉ်တဲ့အတိုင်း ပုဂံက ကိုစွကို လုပ်ဖို့ဆုံးဖြတ်ခဲ့တာပါ"

"အစက ညည်းအဖေကို ဘယ်လိုမှ ညှိနှိုင်းလို့မရဘူးလေ၊ ရှင့်သမီးအပျိုရွယ်လေးရဲ့ ဂုဏ်သိက္ခာနဲ့အရှက်ကို မထောက်ထားဘူးလား၊ လို့ ခြိမ်းခြောက်ရတယ်၊ ဒီကိစ္စက ပုံပမာကို အချိုသတ်ပြီး နားလည် အောင် ပြောနိုင်ရင် အားလုံး အဆင်ပြေပြီ မဟုတ်လား၊ ပုံပမာ သူ့ အဖေကြောင့် စိတ်တွေညင်ပြီး ယောက်ျားနောက်တွေ ဘာတွေများ လိုက်သွားလား မသိဘူး၊ သူ့မှာ ချေးစားတွေဘာတွေ ရှိတယ်လို့ ကြား လား သမီး"

"ရှင် မ မကြားဘူး မကြားပါဘူး"

ပန်ဒါ ဖွတ်တွင်တွင်ပင် ငြင်းဆန်လိုက်၏။ ပုံပမာကို သူမ ဒီလိုလုပ်ထားတာသာ သိသွားလျှင် ဖေဖေ မေမေတို့ သူမကို ခွင့်လွှတ် ကြမှာမဟုတ်။ ဖေဖေတို့ အစီအစဉ်အတွက် စိတ်မကောင်းသော်လည်း ဘာမှမတတ်နိုင်။

"ဟို မေမေတို့အနားယူကြဦးလေ၊ ပန်ဒါ အပြင်သွားလိုက်ဦး မယ်၊ ညြော် သင်တန်းတစ်ခါတည်း တက်ဖြစ်ရင် ညနေလောက်မှ ပြန်ရောက်မယ်နော်"





"ဘာ ညည်းက မိဘတွေ ဒီလောက်အပူတပြင်း ဖြစ်နေတာ တောင် သင်တန်းတက်ဦးမယ်၊ အပြင်သွားဦးမယ်ပေါ့၊ ပုံပမာကို ရှာဖို့ လေးဘာလေး စိတ်မကူးဘူးလား"

"ဒီ အပြင်သွားရင်းနဲ့ ရှာကြည့်စုံစမ်းကြည့်ပါမယ် မေမေ"

"အေး ပုံပမာ သူငယ်ချင်း၊ တူ့တူးချစ်ဆိုလား ဘာလား အဲဒီကောင်လေးကိုလည်း ပုံပမာ ယောက်ျားနောက် လိုက်သွားသလား မေးကြည့်ခဲ့စမ်းပါဦး" ဟု နေဦး ကြယ်စင်ခလေ ညည်းသူငယ်ချင်း မဟုတ်လား၊ ပုံပမာကို ကားမောင်းသင်ပေးတဲ့ကောင်ကို ပြောတာ၊ သူလည်း သိချင်သိနေမှာ၊ မေးကြည့်ခဲ့ ကြားလား၊ အတူနေခဲ့တဲ့သူ ပျောက်သွားတာတောင် ဖအေမအေခသိ ဖုန်းဆက်အကြောင်းမကြားဘဲ သွေးအေးနေနိုင်တာ အံ့သြပါရဲ့အေ"

မျှော်တောက်မျှော်တောက် မေမေ့စကားသံတွေကို ပန်ဒါ ဘာ တစ်ခွန်းမှ တုံ့ပြန်မပြောနိုင်ခဲ့ပါ။ တူးတူးချစ်ဆိုတာနှင့် ပုံပမာနှင့်မှော်ဘီ သွားသည့် ခုံတွေ့မှုကိုလည်း သတိရမိ၏။ ဒါပေမဲ့ ထိုဆုံတွေ့မှုက အရေးပါသည့် အခြေအနေ မဟုတ်ပါ။ ခေါင်းကို ဆတ်ခနဲ ခါရင်း စလင်းဘတ်အိတ်ကောက်လွယ်ပြီး ကားသော့တွဲလေးယူ၍ လေ့ကားထစ် တွေကို ခြေသံတဒုန်းဒုန်း မြည်အောင် ပြေးဆင်းလာခဲ့သည်။

ဒီပုံအတိုင်းဆို ပုံပမာ သေလို့မဖြစ်သေး။ ဖေဖေတို့လိုချင်တာ



www.burmeseclassic.com

www.burmeseclassic.com



တွေအတွက် ပုံပမာက အရေးတကြီး လိုအပ်နေတာ မဟုတ်ပါလား။ ထိုအတွေးကြောင့်ပင် သူမရဲ့ကားလေးက ပုံပမာကို ချစ်နှောင်ထားသော မော်ဘီခြံလေးကို ဦးတည်လာခဲ့သည်။

လမ်းမှာ ပုံပမာအတွက် စားသောက်စရာတွေလည်း ဝင်ဝယ်လာခဲ့၏။ မော်ဘီခြံကိုရောက်တော့ တစ်သောင်းကြီးငွေပေး၍ အနားယူနိုင်ထားသော ခြံစောင့်ဦးလေးကြီး မရှိတာမို့ ကိုယ့်ဘာသာ ခြံတံခါးဖွင့်ဝင်ရသည်။ ခြံတံခါးဝနှင့်သစ်သီးအိမ်လေးက နည်းနည်းအလှမ်းဝေးသော်လည်း တန်းခနဲ ပြန်မှာမို့ ကားကို ခြံဝမှာပင် ထားရစ်ခဲ့ပြီး ခပ်သွက်သွက်လျှောက်လာခဲ့၏။

"ဟွန်း ဒီလိုတော့လည်း သနားစရာပါလား"

ဖုန်အလူးလူးဖြစ်နေသော ခုတင်ပေါ်မှာ ခွေခွေလေး လှဲအိပ်နေသော ပုံပမာကိုကြည့်၍ ပန်ဒါ ပန်းတွန့်ကာ လှောင်ရယ်လိုက်သည်။ အနည်းငယ် ပိန်ကျသွားကာ ညစ်ပတ်ပေရေနေသော ဒီပုံစံကိုသာ မြင်လိုက်ပါက ကြယ်စင်ခဝတို့ တဟားဟားပြုံး၍ ပြောပေလိမ့်မည်။ ဒီလောကကြီးက ထာဝရပျောက်ကွယ်သွားလျှင် သူမနှင့်ကြယ်စင်ခ ပွဲပြီး နိုးဝပ်သွားပြီပေါ့။

တံခါးသော့ကို ဖြည်းဖြည်းချင်း ဖွင့်၍ စားစရာနှင့် ရေသန့်ဘူးတွေထည့်ပေးလိုက်ပြီး သော့ပြန်ခတ်နေချိန်မှာ အသံဗလံထွဲထွဲကြောင့်





ပုံပမာ နိုးထလာသည်။

လူ့ပုံက ယဲ့ယဲ့၊ ဆံပင်တွေက ဖွာရိုးဖားရား၊ မျက်လုံးတွေက မြူးကျယ်ပြီး ပုံပမာ ပုံစံက ကြောက်စရာပင် ကောင်းသေးတော့

"ပန် ပန်ဒါ ငါ ငါ ကြောက်လို့ပါတယ်၊ ငါ့ကို တံခါးဖွင့်ပေးပါနော်၊ ငါ့ကို ခေါ်သွားပါနော်"

"နင့်ကိုခေါ်ဖို့ လာတာမဟုတ်ဘူး။ မသေချင်သေးရင် အဲဒါတွေစားထား။ တောထဲမှာဆိုတော့ အစာရေစာ အငတ်ခံပြီး တရားအားထုတ်ရင် နောက်ဘဝကူးလည်း ကောင်းမယ်၊ ကုသိုလ်လည်း ရပါတယ်၊ အရမ်းကြောက်ရင် နင့်အဖေကို ခေါ်ပြီးနေပေါ့"

"ပန်ဒါ ယောကျ်ားတစ်ယောက်အတွက် နင် အဲလိုလုပ်နေတာ မရှက်ဘူးလား။ ငါက သွေးမသက်လို့ နင် အဲလိုလုပ်ရက်ပေမယ့် ဘုရားသခင်က နင့်ကို ဒီအတိုင်း ကြည့်နေမယ် ထင်လား"

"သိလားပဲ ကံကြမ္မာက မျက်နှာသာမပေးလို့ နောက်မှတွေ့ရတဲ့ နင့်ကို ကြယ်စင် ချစ်သွားတာလေ၊ အခု ငါ လုပ်နေတာ အချစ်ကြောင့်မဟုတ်ဘူး။ မာနကြောင့်၊ အရှက်သိက္ခာကြောင့် နင် နားလည်လား။ ငါ့ကို ပြက်ရယ်ပြုပြီး နောက်ကွယ်မှာ အရမ်းချစ်ပြနေတဲ့ နင်တို့နဲ့ ထိုက်တန်တာက ဒီလို ကွဲကွာခြင်းမဟုတ်ဘူးလား။ ငါ ဘယ်လိုတုံ့ပြန်လာနိုင်တယ်ဆိုတာ ကြိုတွေးထားသင့်တာပေါ့"

"အေးပါ ဘယ်လိုပဲဖြစ်ဖြစ် ငါ နောက်ဆုတ်ပေးမယ်လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီပဲ၊ ငါ့ကိုလွှတ်ပေးပါဟယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူ့ကိုမှ လည်း မပြောပါဘူး။ ငါ ငါ အရမ်းကြောက်လို့ပါ။ ထမင်းညလုံးလည်း အိပ်လို့မရလို့ ငုတ်တုတ်ထိုင်နေခဲ့ရတာ၊ ရှိခိုးဆို ရှိခိုးပါတယ် ပန်ဒါရယ် နော် ငါ့ကိုသနားပါ''

လက်ကလေးပူးယှက်ပြီး မျက်ရည်တွေကျနေသော ပုံပမာကို ပန်ဒါ ကျောခိုင်းလိုက်ကာ

“ငါ့ကို ငိုပြမနေနဲ့ ပုံပမာ၊ နင်တို့ကရော ငါ ဘယ်လိုခံစား ရတယ်ဆိုတာ ကိုယ်ချင်းစာပေးခဲ့ကြလို့လား။ အဲဒီတော့ ငါလည်း ဘယ် ကိုယ်ချင်းစာနိုင်ပါတော့မလဲ၊ အခုလည်း နင် အသက်ရှင်အောင်ဆိုပြီး သဒ္ဒါလို့ လာကျွေးတာ မဟုတ်ဘူးနော်၊ အကြောင်းတစ်ခုခု ရှိသေးလို့ ဆိုတာ အောက်မေ့ပြီး ဘုရားကိုသာ ဆုတောင်းပါ။ ငါ နောက်တစ်ခေါက် လာဖြစ်တော့မှာ မဟုတ်ဘူး''

ပန်ဒါ ပန်ဒါ လို့ သူမ အော်မခေါ်တော့ပါ။ မထူးတော့တာမို့ အားကုန်လည်း မခံချင်တော့။

ဝဋ်ကြွေးရှိလို့ ခံပ်နေရတာပဲ မဟုတ်လား။ ဘုရားမှာ ဆု တောင်းပြီး သူမ ရှင်သန်ဖို့ ကြိုးစားရဦးမည်။

မောင့်ကိုချစ်တဲ့စိတ်ကြောင့် မျှော်လင့်ချက်တွေ ထားချင်သေး ၏။ အတူဆုံခွင့်မရဘဲ မသေချင်သေးဘူး မောင်ရေ။

■ ■ ■



## အခန်း (၂၉)

''ပန်ဒါ ဘယ်မှာလဲ ပန်ဒါ။ ပန်ဒါ ရှိတယ် မဟုတ်လား''

''ဟဲ့ ဘယ်လိုဖြစ်လာကြတာလဲ၊ ဝရုန်းသုန်းကားနဲ့ ညကြီး မိုးချုပ်''

ဒေညိုသည်ဆိုလျှင် သံပန်းတံခါးဖွင့်ပေးလိုက်ရင်ပဲ ကြယ်စင်ခ တို့ သူငယ်ချင်းသုံးယောက် ကျိုးကန်းတောင်းမှောက် ပြူးပြူးပျာပျာ ဝင်လာကြတာမို့ ဦးအောင်မြင့်ကြယ်နှင့် ဒေါ်တင်မေထက် ထိတ်လန့်တုန် လှုပ်သွားကြသည်။

''ပန်ဒါ ဘယ်မှာလဲလို့ မေးနေတယ်လေ၊ ပန်ဒါ ဘယ်မှာလဲ''

''မင်းတို့ ရှိုင်းလှချည်လားကွ၊ သမီးသူငယ်ချင်းတွေဆိုပေမယ့် ဒီလို ညအချိန်ကြီး၊ မိန်းကလေး တစ်ယောက်ကို ဖွတ်အတင်း မေးနေ ရလား။ သမီး၊ ပင်ပန်းလို့တဲ့ အိပ်နေပြီ၊ မင်းတို့ ပြန်ကြတော့ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"မပြန်နိုင်ဘူး အန်ကယ်၊ ကျွန်တော်တို့ ပန်ဒါနဲ့ တွေ့ရမှ ဖြစ်မယ်၊ အန်ကယ်တို့ ခေါ်မပေးရင် ကျွန်တော်တို့ အခန်းထဲက ဆွဲထုတ်ရလိမ့်မယ်"

"ဘာကွ မင်းတို့ လူတိရစ္ဆာန်တွေလား။ မိဘတွေရှေ့မှာတောင် ပမာမခန့် နိုင်လိုက်တာ၊ ပိုင်နက်ကျူးလွန်မှု အသရေဖျက်မှုနဲ့ ရဲကို အကြောင်းကြားလိုက်ရမလား ဟိတ်ကောင်တွေ"

"ခေါ်လိုက်လေ၊ အခုချက်ချင်း ရဲဘိုခေါ်လိုက်ပါ။ ကျွန်တော်တို့ လူပျောက်တိုင်ရမှာ မညောင်းတော့ဘူးပေါ့"

"ဘာ ဘာ မင်းတို့ ဘာတွေပြောနေတာလဲ"

"အန်ကယ်တို့အိမ်မှာ ပုံပုံ မရှိဘူး မဟုတ်လား။ ပန်ဒါက ပုံပမာကို ပုဂံကားပေါ် တင်ပေးလိုက်တယ်၊ ပုဂံကို သွားတယ်ဆိုလို့ ကျွန်တော်တို့ ပုဂံကို သွားရှာတာလည်း မတွေ့ခဲ့ဘူး၊ အဲဒီတော့ လူပျောက်တိုင်ရုံပဲပေါ့"

"ဟင် သမီးက ပုံပမာကို ပုဂံကားပေါ် တင်ပေးလိုက်တယ် ဟုတ်လား။ ဘယ်နေ့ကလဲ ဘယ်အချိန်ကလဲ"

"သိချင်ရင် အန်တီ့သမီးကို ခေါ်မေးကြည့်ပါ၊ ပို့လိုက်လား မပို့လိုက်ဘူးလားဆိုတာ သေချာသိရမှာပေါ့"

ဦးအောင်မြင့်ကြွယ်နှင့် အကြည့်ဆုံပြီးမှ ပန်ဒါ အခန်းထဲ





ဒေါ်တင်မေထက် ပြေးဝင်သွားသည်။ အခန်းထဲကနေ အကုန်ကြားနေခဲ့သော ပန်ဒါနှင့် အခန်းပေါက်ဝမှာ ဆုံတော့ ပန်ဒါလက်ကို ဒေါ်တင်မေထက် ဆွဲခေါ်လာ၏။

"ပြော ပြောစမ်း သမီး၊ ဒီကောင်တွေက ပြောနေတယ်၊ သမီးက ပုံပမာကိုပုဂံကားပေါ် တင်ပေးလိုက်တယ်ဆို၊ ပုံပမာက တကယ် ပုဂံကို သွားတာလား ဟုတ်လား"

ပန်ဒါက ကြွယ်စင်ခတို့ကို ဖြူးကြည့်နေပြီး တုံဏှိဘာဝေ။

"နင့်အမေ မေးနေတာ ပြောလိုက်လေ၊ သူတို့လည်း ပုံပမာ ဘယ်မှာလဲဆိုတာ အရမ်းသိချင်နေတယ် ပြောလိုက်ပါ"

"မ မသိဘူး၊ ငါ မသိဘူး"

"ဘာ အခုမှ ဘာမသိဘူး ဖြစ်သွားတာလဲ၊ နင် ကိုယ်တိုင် ပုဂံကားပေါ်ရောက်အောင် လိုက်ပို့ခဲ့တာပါလို့ ပြောခဲ့တာ မဟုတ်လား။ ငါတို့ အခုပဲ ပုဂံကပြန်ရောက်တာ၊ ပုဂံမှာ ပုံပမာ မရှိဘူး၊ နင့်မိဘတွေ ဘာလို့ ပုံပမာကို အရမ်းလိုအပ်နေတယ်ဆိုတာလည်း ငါတို့ သိတယ်၊ အဲဒီတော့ ပုံပမာကို နင် ဘာလုပ်လိုက်သလဲ၊ 'ဘယ်မှာထားလဲ ပြောပါ၊ ငုံပုံကို ငါ အရမ်းတွေ့ချင်နေပြီ"

"ဟုတ်တယ် နင့် တစ်ခုခုလုပ်လိုက်တယ်ဆိုတာ ငါတို့ သိတယ်၊ နင် ပြဿနာအောက်ခံနေမယ် ပြောလိုက်ပါပဟာ၊ ငါတို့က သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေပါ၊ နင် တစ်ခုခုဖြစ်ရင်လည်း ငါတို့ စိတ်မကောင်းဖြစ်ရမှာ''

"မ မသိဘူး၊ ငါ ငါက ကားစီတ်လိုက်ချိဆိုလို့ ပို့လိုက်တာပဲ ရှိတယ်၊ ကျန်တာ ငါ မသိဘူး"

"ပန်ဒါ"

ဖွတ်တွင်တွင် ခံငြင်းနေသော ပန်ဒါလက်ကို ကြွယ်စင်ခ ဆောင့်ဆွဲလိုက်သည်။ ဦးအောင်မြင့်ကြွယ်က မနေသာတော့သလို ကြားဝင်လာကာ

"မင်း မင်းတို့ ဗရမ်းဗတာတော့ မလုပ်ကြနဲ့ကွာ။ သမီးက မသိဘူးလို့ ပြောနေတာပဲ၊ မင်းတို့ ပြန်ကြပါ။ အန်ကယ်တို့ သမီးကို သေချာမေးကြည့်ပေးပါမယ် နော် သားတို့ ပုံပမာ ဘာမှမဖြစ်စေရပါဘူး"

"ဟုတ်ပါတယ် သားတို့ရယ်၊ ရဲကိုလည်း အကြောင်းမကြားပါနဲ့ဦး။ မတိုင်ပါနဲ့ဦးနော်၊ အန်တီတို့ သေချာမေးပြီးရင် သားတို့ကို ပြန်ပြောပါမယ်၊ ပုံပမာက ကိုယ့်သွေးသားပဲကွယ်။ ဘာလို့ သူ နစ်နာအောင် လုပ်ရမှာလဲ"

"ကျွန်တော်တို့ ဘယ်အချိန်ထိ စောင့်ရမှာလဲ၊ အချိန်အကြာကြီးတော့ မစောင့်နိုင်ဘူးနော် အန်တီ၊ ခဲစခန်းမှာ လူပျောက်တိုင်ချက်ဖွင့်လိုက်ရင် အန်တီတို့ သားအမိတွေ ဒုက္ခရောက်သွားမယ်"

"မင်းတို့က သူစိမ်းသက်သက်ပါ၊ ငါတို့က ကိုယ့်သွေးသားကို





ဘာလုပ်မှာမို့ ခြိမ်းခြောက်နေရတာလဲ၊ ပုံပမာက အရွယ်ရောက်နေတဲ့ မိန်းကလေးပဲ၊ စိတ်ညစ်ညစ်နဲ့ ယောကျ်ားနောက် လိုက်သွားလည်း ငါတို့မှာပဲ တာဝန်ရှိတယ်"

"ဘာလို့ ယောကျ်ားနောက်လိုက်ရမှာလဲ၊ ပုံပမာ ချစ်သူက ကျွန်တော်ပဲဥစ္စာ၊ ပန်ဒါသာ ကျွန်တော့်ကို မရလို့ ပုံပုံကို တစ်ခုခုလုပ်လိုက်မှာ စိုးရိမ်နေတာ၊ အေး ပုံပုံသာ ဆိုးဆိုးဝါးဝါး ဒုက္ခရောက်နေတယ်ဆိုရင်တော့ ခင်ဗျား၊တို့လား၊အမိသုံးယောက်လုံးကို လုံးဝ ခွင့်မလွှတ်ဘူး"

အံကြိတ် ကြိမ်းမောင်းပြီး ပြန်သွားကြသော ကြွယ်စင်ခတို့ သုံးယောက်ကို လှေကားသစ်တွေရောက်အောင် လိုက်ကြည့်ပြီးမှ တံခါး ပြန်ပိတ်လိုက်ရသည်။ ဒေါ်တင်မေထက်က ပန်ဒါကို ရူးရူးရဲရဲ ကြည့်၍

"ကြွယ်စင်ခ ပြောသွားတာ အမှန်ပဲလား ပန်ဒါ၊ ပုံပမာက အဲဒီကောင်လေးနဲ့ ချစ်သူတွေလား။ အစက ညည်းသဘောကျနေတာ မဟုတ်ဘူးလား။ သူ ပြောသလိုဆိုရင် သူ့ကို မရလို့ ညည်းက ပုံပမာကို ဒုက္ခပေးလိုက်တာပေါ့၊ ပြောစမ်း ပုံပမာကို ဘာလုပ်လိုက်လဲ၊ ဘယ်မှာထားသလဲ"

"မသိဘူး မသိဘူး သမီးကို ဘာမှလာမမေးနဲ့"

ရူးဝူးဝါးဝါး အော်လိုက်သော ပန်ဒါလက်ကိုဆွဲ၍ ဆိုဖာခုံမှာ ဆောင့်ဆွဲထိုင်ခိုင်းလိုက်သည်။ ဦးအောင်မြင့်ကြွယ်လည်း သက်ပြင်းချ



www.burmeseclassic.com

www.burmeseclassic.com



ချကာ ဝင်ထိုင်၏။

"မမေးလို့ဖြစ်မလား။ ငါတို့အတွက် ပုံပမာ ရှိမှဖြစ်မှာလေ။ ဂုဏ်သိက္ခာအတွက် အရှက်အတွက် ပုံပမာရှိမှဖြစ်မှာ၊ ညည်းဟာ နုလုံးသား ခံစားမှုကို ဦးစားပေးပြီး မိဘတွေ ဒုက္ခရောက်တာကို ကြည့်နိုင်တယ်ပေါ့၊ ဟုတ်လား ပန်ဒါ"

"ပြောပါသမီးရယ်၊ ဖေဖေတို့ကို အမှုပတ်မခံရအောင် ပုံပမာကို ချော့မော့စည်းရုံးရဦးမှာပါ၊ ပြီးမှ သမီးကြိုက်တာ လုပ်လေ၊ အဲလိုရော မဖြစ်ဘူးလား"

"အဲလို လုပ်လိုက်လို့ ပုံပမာ လွတ်မြောက်လာရင် ကြယ်စင်ခနဲ့ လက်ထပ်ကြမှာပေါ့ ဖေဖေရဲ့၊ သမီးကရော သမီးရဲ့ အရှက်နဲ့သိက္ခာအတွက် တုံ့ပြန်ခွင့်မရှိဘူးလား"

"အခု သမီးက ဘာဖြစ်ချင်တာလဲ၊ ဘာလုပ်ချင်တာလဲ၊ ပုံပမာဆီက လုပ်ငန်းတွေ လွှဲပြောင်းရောင်းဖို့ ထောက်ခံချက် ခွင့်ပြုချက် လက်မှတ်ရပြီးရင် သမီးဖြစ်ချင်တာ လုပ်ချင်တာ ဆက်လုပ်ပါ၊ ဖေဖေတို့ မကန့်ကွက်ဘူး၊ မတားဆီးဘူး၊ အပြစ်မတင်ဘူး သမီး"

"တကယ်လား ဖေဖေ၊ ဖေဖေတို့မှမဖို့ နောက်မှစိတ်တစ်မျိုး ပြောင်းသွားရင် ဘယ်လိုလုပ်မလဲ"

ပန်ဒါစကားကြောင့် ဦးအောင်မြင့်ကြွယ် သက်ပြင်းတွေ လေး၊





လေးပင်ပင် တိုးထွက်လာ၏။ ရင်ဘတ်ကြီးတစ်ခုလုံးလည်း မချိမဆံ့ နာကျင်အောင့်မျက်နေသလိုပါ။

"ပုံပမာက ဖေဖေတို့ ဆွေမျိုးသားချင်းအရင်းမှ မဟုတ်တာ သမီးရယ်၊ ဒေသဟောင်းပိုင်ရှင်ဖြစ်တဲ့ အစ်ကိုကြီးလုပ်ငန်းတွေကိုတောင် မလုပ်သင့်မှန်းသိလျက်နဲ့ မိုက်မိုက်ကန်းကန်း အလွဲသုံးစား လုပ်ဖို့ ကြိုးစားနေခဲ့တာ၊ ပုံပမာကို အသုံးချရုံသက်သက်ပါ သမီး၊ ဖေဖေ ဝမ်းမနည်းပါဘူး"

"ဟုတ်တယ် သမီး၊ ပုံပမာကို မေမေတို့က သမီးလောက် ချစ်နိုင်ပါ့မလား။ ကမ္ဘာဦးလောင် သားတောင်ချနင်းတဲ့၊ သမီးစိတ်ဆန္ဒထက် ပုံပမာက အရေးမကြီးပါဘူး၊ ဒီကိစ္စတွေပြီးရင် သမီး ဘာပဲလုပ်ချင် လုပ်ချင် မေမေတို့ အားပေးကူညီပါမယ်"

"ဟုတ်ကဲ့ မေမေတို့စိတ်ကို သိရပြီဆိုတော့ သမီးပြောပြပါမယ်၊ ပုံပမာကို မော်ဘီက သစ်လုံးခြံလေးထဲမှာ ချုပ်ထားတယ်၊ အချိုသတ်ချော့မော့ပြီး သူ့ဆီက ထောက်ခံချက်လက်မှတ် ရအောင်တောင်းပါ၊ အဲ့လိုလုပ်ပြီးရင် ဖေဖေတို့က ပုဂံကိုသွားပြီ၊ လုပ်ငန်းရောင်းပြန်လာခဲ့ပါ၊ အဲဒါဆိုရင် ပုဂံကလူတွေက ပုံပမာ ရှိသလား မရှိသလား သံသယ မဝင်တော့ဘူးပေါ့"

"ကြယ်စင်ခတို့ လူပျောက်တိုင်မယ့်ကိစ္စက ဘယ်လိုရှင်းမလဲ



www.burmeseclassic.com

www.burmeseclassic.com



သမီး"

"အဲဒါကတော့ သူနဲ့မပတ်သက်ချင်လို့ အဆက်အသွယ်ဖြတ် သလိုလို နိုင်ငံခြား ထွက်သွားသလိုလို လုပ်ပစ်ရမှာပေါ့။ သက်သေ မရှိရင် သူတို့ ဘာမှလုပ်လို့မရပါဘူး။ ကိုယ်တိုင်ဖော်ထုတ်နိုင်တဲ့ ပုံပမာ လည်း အဲဒီသစ်လုံးအိမ်ထဲမှာ အရှိုးခွေးပြီး သေသွားမှာပဲမဟုတ်လား"

ပန်ဒါ ပြောသလိုဆိုရင် သူတို့ဦးသားစု အန္တရာယ်ကင်း သံသယ ကင်းနိုင်သည်။ ဦးအောင်မြင့်ကြွယ်ကတော့ ခေါင်းတညိတ်ညိတ် စဉ်းစား ပြီးမှ

"ပုံပမာက အလွယ်တကူ လက်မှတ်ထိုးပေးပါ့မလား သမီး"

"သူ အဲဒီထဲမှာ နေရတာ အရမ်းကြောက်နေတော့ လွတ် မြောက်မယ်ဆိုရင် ဘာမဆို လုပ်မှာပါ ဖေဖေ၊ ဖေဖေတို့က သမီးတို့ အပြစ်ပုံချပြီး ရအောင်တောင်းပေါ့"

"အဲဒါဆို ဒီနေ့ညတွင်းချင်း လုပ်ရှားမှုဖြစ်မယ်၊ မနက်ဖြန်ဆို ရင် ဟိုကောင်တွေ ရောက်ချင်ရောက်လာမှာ၊ တကယ်လို့ အဆင်ပြေ ဖေဖေတို့ကားနဲ့ တစ်ခါတည်း ပုဂံကို သွားလိုက်မယ် သမီး၊ တကယ် ဟိုကောင်တွေလာလည်း ပုံပမာနဲ့တွေ့ပြီး အဆင်ပြေလို့ ပုဂံကို သွား ပြောလိုက်ပေါ့၊ ပုံပမာက ကြယ်စင်ခကို မချစ်တော့လို့ တစ်နေရာမှ သူ့ဘာသာ ပုန်းအောင်းနေတယ် ပြောလိုက်လည်း ဖြစ်လာနိုင်တာ





လက်စသတ်ပြီးသား ဖြစ်သွားတာပေါ့ မဟုတ်ဘူးလား"

ဦးအောင်မြင့်ကြွယ်တို့ ကိုယ်ဝင်မြင်ချက်နဲ့ကိုယ် အစီအစဉ်တွေ ခွဲ၍ တက်တက်ကြွကြွ ဖြစ်သွားကြသည်၊

သူတို့ရဲ့ ပထမခိုး ဦးတည်ရာက ပုံပမာဆီကို . . .။

◻ ◻ ◻



www.burmeseclassic.com

## အခန်း (၃၀)

"ပုံမှာ ပျောက်နေတာ ပန်ဒါမိတတွေ ဘာကြောင့်ထိဘာ ဖြစ်မယ်ကွ၊ ဒါဆို ပန်ဒါက သူ့မိဘတွေကိုပါ ဖုံးကွယ်ထားတာ ဘာသဘောလဲ"

"အေး အကြောင်းကတော့ တွေးစရာပဲ၊ ပုံပမာကို ပန်ဒါတစ်ခုခု လုပ်တာ ဟုတ်ရဲ့လား ဆိုတာလည်း သက်သေကောင်းဖြစ်နေလို့ ကောင်းပါ့မလား၊ သူတို့ပြောသလို စိတ်ညစ်စိတ်ရှုပ်ပြီး တခြားနေရာ ခဏတဖြုတ် သွားနေတာမျိုးလည်း ဖြစ်ချင်ဖြစ်နိုင်တယ်လေ"

မိုးကျော်နှင့်ခိုင်ထွန်း ပြောတာကို ကြယ်စင်က ခေါင်းတချက်တွင် ယမ်း၍ ငြင်းဆန်သည်။

"ပုံပုံက စိတ်ကိုလွှတ်ပြီး လုပ်ချင်ရာလုပ်မယ့် မိန်းကလေးမျိုး၊





မဟုတ်ဘူး။ သူ ဘာပဲလုပ်လုပ် ငါ့ကို တိုင်ပင်မယ်ဆိုတာ ငါ သိတယ်၊ အခုက ဖုန်းလည်းဆက်မရ၊ လူလည်းပျောက်နေတာ မရိုးမသား ကြိုစည်ခံထားရတာ သေချာတယ်၊ ငါကတော့ ပန်ဒါလို့ပဲ ထင်တယ်ကွာ"

"အေးပါ ငါတို့လည်း သံသယဝင်ပါတယ်၊ ဒါပေမဲ့ ပန်ဒါမိဘတွေက ပုံပမာကို လိုအပ်နေတော့ တစ်ခုခုတော့ ထူးခြားလာမယ်ဆိုတာ သေချာတယ်၊ မနက်ဖြန်ကျ တစ်ခါထပ်ပြီး သူတို့အိမ် သွားကြည့်ကြသေးတာပေါ့ကွာ"

"အေးလေ မထူးခြားမှ တိုင်ချက်ဖွင့်လိုက်တာ ကောင်းပါတယ်၊ အခုက ကိုယ်တွေတောင် သံသယ ဝင်ရနိုး မဝင်ရနိုးနဲ့ ဒွိဟဖြစ်သွားတော့ အလွဲကြီး၊ သတင်းမှားပေးမိရင် တာဝန်ရှိသူတွေ အလုပ်ရှုပ်သွားပါမယ်ကွာ၊ ဘာမှမဟုတ်ဘဲ စစ်လားဆေးလား လုပ်ခံရရင် ငါတို့ သူငယ်ချင်း ပန်ဒါလည်း သိက္ခာကျပါတယ်"

ခိုင်ထွန်းတို့က သူငယ်ချင်းသံယောဇဉ်နှင့် ပန်ဒါကို သံသယ မဝင်ရက်အောင် ဖြစ်ကာ ကြယ်စင်ကို နှစ်သိမ့်ကြသည်။ ကြယ်စင်ခလည်း ပုံပမာကို စိတ်ပူပိုးရိမ်နေရတာဖြင့် ထုံထိုင်းမှုထူနေကာ ဘာကိုမှ တိတိကျကျ တွေးမရ ဆုံးဖြတ်မရသလို ဖြစ်နေ၏။

"ပုဂံက ယနေ့နေ့ကျာကြီးဆီ ဖုန်းဆက်ကြည့်ရကောင်းမလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ဆက်မှာလဲ၊ မနက်ဖြန် ပန်ဒါတို့အိမ် ပြန်သွားပြီး တစ်ခုခု သိရမှ ဆက်ချင်ဆက်ပေါ့၊ စိတ်ကိုတည်တည်ငြိမ်ငြိမ် ထားစမ်းပါ ကွာ၊ ပုံပမာ ဘယ်ကိုထွက်သွားနိုင်သလဲ၊ ဘယ်မှာရှိနိုင်သလဲ ကိုယ့်ဘာသာ လည်း စုံစမ်းကြည့်ကြတာပေါ့၊ သူ စိတ်လေနေတဲ့ အချိန်မှာ အလည် မလွန်ဘူးလည်း မပြောနိုင်ဘူးလေ"

"ပန်ဒါက ခင်းနဲ့ပတ်သက်ပြီး ပြဿနာရှုပ်ထွေးလို့ ရှောင်နေ တာလည်း ဖြစ်ချင်ဖြစ်မှာကွဲ"

"ဒါဆို ပုဂံကားပေါ် သူကိုယ်တိုင် လိုက်ပို့ခဲ့တာပါလို့ ဘာလို့ ပန်ဒါက ပြောလဲ"

"မင်းကို အမြင်ကတ်လို့ လျှောက်ပြောတာလည်း ဖြစ်ချင် ဖြစ်နိုင်တာပဲ၊ ဒေါသဖြစ်နေတဲ့ အချိန်ဆို လူတွေက အမှားအမှန် မခွဲခြား တတ်တော့ဘူးလေ၊ အဲဒါကြောင့် မင်းသည်းစိတ်ကိုလျှော့ပါကွာ၊ မနက် ဖြန်အခြေအနေ ထူးခြားမလားဆိုတာ ပန်ဒါ မိဘတွေနဲ့ သွားတွေ့ရင် ငါတို့လည်း လိုက်ခဲ့မှာပါ"

"ဟုတ်ပါတယ်ကွာ၊ အရမ်းသည်း ပင်ပန်းနေကြတာ ဒီနေ့ည တော့ ကောင်းကောင်းအနားယူလိုက်ပါ၊ မင်းအဖေနဲ့မိတွေလည်း စိတ် ပူနေကြမှာ အကျိုးအကြောင်း သွားပြောလိုက်ပါဦး"

တွံ့ဆိုင်းစွာ ထရပ်ရင်း သေပူတွေ မှုတ်ထုတ်သော်လည်း သူ့ရင်





တွေ ပေါ့ပါးမသွားပေ။ ခိုင်ထွန်းတို့နှင့် လမ်းခွဲပြီး သူ အိမ်ပြန်ရောက် တော့ ညဆယ်နာရီခန့်ကျော်၏။

"ဟင် ပုဂံသွားတာ နေ့ချင်းပြန်လိုပါပဲလား သားရဲ့၊ ပုံပမာနဲ့ မတွေ့ခဲ့ဘူးလား"

"ဟုတ်ကဲ့ ပုဂံမှာရော ရန်ကုန်မှာရော မရှိဘူး၊ ပုံပုံ ပျောက် နေတယ် ဖေဖေ"

"ဟုတ်ရဲ့လား သားရယ်၊ ပျောက်တယ်ဆိုတာက ဘယ်လိုပုံစံ မျိုးလဲ၊ သူကိုယ်တိုင် ထွက်သွားတာလား ပြန်ပေးဆွဲခံရတာလား"

"မိသားစု အိမ်တွင်းရေးကိစ္စနဲ့ဆိုတော့ ဘယ်လိုပြောရမှန်း မသိဘူး ဖေဖေ၊ ဦးအောင်မြင့်ကြွယ်တို့ကလည်း ပိုင်ဆိုင်မှုကိစ္စနဲ့ ပုံပမာ ကို အရေးတကြီး လိုအပ်နေတာပဲ"

"ဒါဆို အဲဒီပိုင်ဆိုင်မှုတွေ ပေးရမှာစိုးလို့ ရှောင်နေတာရော ဖြစ်နိုင်သလား သား၊ ပုံပမာ အဖေရင်းမဟုတ်တဲ့ ဦးတိုးမောင်က ဦး အောင်မြင့်ကြွယ်ရဲ့အစ်ကိုကြီးဆို၊ အဲဒီ အစ်ကိုကြီးရဲ့ ပံ့ပိုးထောက်ပံ့မှု နဲ့ သူတို့တွေ အခြေပြေနေကြတာ မဟုတ်လား"

"ဟင်း မသိတော့ပါဘူး ဖေဖေရယ်၊ ပုံပုံကိုတွေ့ရမှ သားလည်း စိတ်သက်သာတော့မှာ၊ အခုတော့ တွေးစရာတွေ စိုးရိမ်ရတာတွေနဲ့ တော်တော် မောနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ အစ်ကိုကြီးရေ၊ ကြွယ်စင်လေး ဝင်ပန်းနေတာ နားပါစေတော့၊ လမ်းမှာ ဘာစားလာခဲ့လဲ၊ အန်တီ ထမင်းပွဲပြင်လိုက်ရမလားဟင်"

"နေပါစေတော့ အန်တီ၊ စားလို့လည်း ဝင်မှာမဟုတ်ပါဘူး"

အပေါ်ထပ် တက်လာကာ ခြေကုန်လက်ပမ်းကျနေတာမို့ အိပ်ရာခုတင်ပေါ် ပစ်လှဲချလိုက်သည်။ ပေဖေ့ဝကားတော်ခွန်းကလည်း အတွေးများစေ၏။ ပိုင်ဆိုင်မှုတွေ ပေးရမှာစိုးလို့ ရှောင်နေတာများလား။

ဘာပဲဖြစ်ဖြစ် သူ့ကို မတိုင်ပင်ဘဲ ပုံပုံ ဘာမှလုပ်မှာမဟုတ်။ ဟား ဒီတစ်ညလည်း အိပ်ပျက်ညဖြစ်ဦးမှာပါ ပုံပုံရယ်။

◼ ◼ ◼



## အခန်း (၃၁)

"ပုံဝမာ"

"ဟင် ဦးလေးနေအောင် ဒေါ်လေး"

ပုံပမာ စမ်းနည်းလွှမ်းစွာ သည်းသည်းထန်ထန် ရှိုက်ငိုပစ်လိုက်၏၊ ခြံဝင်းထဲ ဝင်လာသော ကားမီးရောင်ကို မြင်လိုက်ကတည်းက ပန်ဒါ မဖြစ်နိုင်ဘူးဆိုတာ သိနေသည်၊ ဒီလို ညကြီးမိုးချုပ် ပန်ဒါ တစ်ယောက်တည်း ဘယ်လာချိပ်ပါ့မလဲ။

ဦးလေးနှင့်ဒေါ်လေး ပုဂံက ပြန်ရောက်ရောက်ချင်း သူမကို ပန်ဒါဒုက္ခပေးထားတာသိလို့ လာပြီးခေါ်ကြတာ ဖြစ်မည်။ ပန်ဒါကို ဆူပူရိုက်ပုတ်ခဲ့တာတွေပင် လုပ်ခဲ့သလား မသိ။

"ပုဂံက ပြန်ရောက်ရောက်ချင်း ပုံပုံကို မတွေ့တော့ စိတ်ပူနေကြမှာပေါ့နော်၊ ပန်ဒါ အရမ်းဆိုးတယ် ဦးလေးအောင်ရယ်၊ ဥပဒေမကြောက် ဘာမကြောက်နဲ့ ပန်ဒါကို ချုပ်နှောင်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပုံပမာက ရဲတွေဘာတွေ တိုင်မလို့လား"

"ဟင့်အင်း သူက သူစိမ်းဆန်ပေမယ့် ပုံပုံကတော့ သွေးသောက်ပါတယ် ဦးလေးအောင်တို့လည်း လာဘာယ်ထုတ်နေပြီပဲဥစ္စာ၊ ပုံပုံ ဟိုတိုင်ဒီတိုင်နဲ့ ပြဿနာရှုပ်အောင် မလုပ်ပါဘူး ဟို့ သေ့ဖွင့်ပေးလေ ဦးလေးအောင်ရဲ့ အပြင်ရောက်မှ စကားပြောရအောင်ပါ၊ ပုဂံက လုပ်ငန်းတွေရော အဆင်ပြေတယ် မဟုတ်လားဟင်၊ ဝန်ထမ်းတွေလည်း ဖေဖေ့အတွက် စိတ်မကောင်းဖြစ်နေကြမှာပေါ့"

ပုံပမာ ဝမ်းသာအားရ စကားတွေ လျှိုင်လျှိုင်ပြောပြီး ဦးအောင်မြင့်ကြွယ်နှင့် ဒေါ်တင်မေထက်က အပြင်ကနေ ဒီအတိုင်း ထိုင်နေကြသည်။

"ဘာလုပ်နေတာလဲ၊ တံခါးမြန်မြန်ဖွင့်ပေးပါ ဦးလေးအောင်ရဲ့၊ ပုံပုံ ဒီလိုကြီး တစ်ယောက်တည်း နေရတာ အရမ်းကြောက်ပြီး သေမလားတောင် အောက်မေ့ရတယ်၊ အပြင်ကို ထွက်ချင်လှပါပြီ၊ မြန်မြန်လေး ဖွင့်ပေးပါ ဦးလေးအောင်ရယ်"

"အဲလို ဖွင့်ပေးရမယ်ဆိုရင် အပေးအယူ ရှိတယ် ပုံပမာ"

"ရှင်"

ဒေါ်တင်မေထက်ရဲ့ အေးစက်စက်အသံကြောင့် ပုံပမာ မျက်လုံးလေးပြူးလည်သွား၏။ အပေးအယူဆိုပါလား။





ပန်ဒါ လုပ်ထားတာ စိတ်မကောင်းဖြစ်ပြီး လာကယ်ကြတာ မဟုတ်ဘူးလား။

"ညည်းဆီက ဝေတက်ခံချက်နဲ့ လွှဲစာလက်မှတ်လိုချင်တယ်"

"ဘာအတွက်လဲ"

"ပုဂံက ဟိုတယ်နဲ့ ထမာမြေ ယွန်းထည်လုပ်ငန်းကို ရောင်းဖို့"

"ရှင် အဲ အဲဒါတွေ ဘာလို့ရောင်းရမှာလဲ၊ ဖေဖေ မရှိတော့ပေမယ့် အဲဒီလုပ်ငန်းတွေကို ဒီထက်အောင်မြင်အောင် လုပ်ရမှာပေါ့၊ ဒါတွေက ဦးလေးတို့ အဒေါ်တို့နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်ဘူးဆိုတဲ့စကား ညည်းပါးစပ်က မပြောသင့်ပါဘူးအေ၊ အစ်ကိုကြီးက ညည်းထက်စာရင် ငါ့ယောက်ျားက ပိုပြီးသွေးရင်းပါတယ်"

"အဲလိုပြောကြတော့ဆို ဘာမှမရှိ ဘာမှပါမလာတဲ့ ဖေဖေက ငုံ့ပုံအမေ၊ ပုံငုံအဒေါ်တွေကြောင့် ခွေမျိုးသားချင်းတွေကို ထောက်ပံ့ပေးနိုင်တဲ့အထိ ချမ်းသာလာခဲ့တာပါ၊ ဒါကို ကျေးဇူးတင်ရမှန်း မသိဘဲ ဓားပြတိုက်သလို လုယူဖို့ကြိုးစားနေတာတော့ ဒေါ်လေးတို့ လွန်တာပေါ့"

"ဘာအေ့"

"ဟဲ တော်ပါဂျာ၊ တစ်ယောက်နဲ့တစ်ယောက် သူစိမ်းတွေလို ပြောရမယ့်လူတွေလား။ ဒီလို သမီး၊ အဲဒါတွေရောင်းပြီး ဦးလေးတို့



www.burmeseclassic.com

www.burmeseclassic.com



အကုန်ယူဖို့ မဟုတ်ပါဘူး။ ဒီမှာ သမီးနားမည်းနဲ့ ကျမှဆီတောင်ပေးမှာပါ၊ နယ်မှာအောင်မြင်တယ်ဆိုတာ ရန်ကုန်မှာလောက်တော့ ဘယ်ဟုတ်မလဲကွယ်၊ အကျိုးအမြတ် အများကြီး ခွဲဝေယူချင်လို့လည်း မဟုတ်ပါဘူး။ အစ်ကိုကြီးလည်း မရှိတော့ဘူး မဟုတ်လား။ ဦးလေးတို့ မျက်စိအောက်မှာဆိုတော့ ပုံပုံကို ဦးလေးတို့ စိတ်ချရတာပေါ့"

ပုံပမာ တင်းတင်းမာမာ ဖြစ်သွားတော့ ဦးအောင်မြင့်ကြွယ်က လေပြည်ထိုး၍ စည်းရုံး၏။ ခုချိန်ထိ လွတ်မြောက်ခွင့်မပေးသေးတာဆို ပုံပမာ ဘာကိုမှ ယုံကြည်မပေးနိုင်ပါ။ မိသားစုလိုက် သူမကို ဒုက္ခပေးဖို့ ကြံစည်နေကြတာ။

"ပုဂံကို သွားခဲ့ကြတာ အဲဒီကိစ္စကြောင့်လား ဦးလေးအောင်"

"အင်း ဆိုပါတော့ကွယ်၊ အစကတော့ အစ်ကိုကြီးလုပ်ငန်းတွေ၊ အစ်ကိုကြီး မရှိတဲ့အချိန် ဘာတွေလစ်ဟင်းမှု ရှိမလဲဆိုပြီး စိတ်မချလို့ သွားကြည့်တာပါ၊ ဦးလေးတို့လည်း တာဝန်မကင်းဘူး မဟုတ်လား"

"တာဝန်မကင်းဘူးဆိုတဲ့ စကားက ဦးလေးတို့နဲ့ သက်ဆိုင်မှပဲ ပြောသင့်တာပေါ့၊ ဒါမှမဟုတ်လည်း သဒ္ဒါကြည်ဖြူနဲ့ ရတာတဲ့ ဦးလေးတို့ လုပ်ငန်းအပေါ်မှာပဲ ဂရုစိုက်သင့်ပါတယ်"

"ဟဲ့ ပုံပမာ ဘာလို့ ငါတို့စေတနာကို နားမလည်ရတာလဲ၊ လူကြီးတစ်ယောက်ကို ညည်း ပမာမခန့်ထေ့ငေါ့နေစရာ မလိုပါဘူး။





ငါတို့က ဒီဘက်မှာ လုပ်ငန်းတွေထောင်ဖို့ ပြောပြီးနေပြီ၊ ဟိုက လုပ်ငန်းတွေရောင်းချခွင့် လွှဲပြောင်းပေးမှာလား၊ လက်မှတ်ထိုးပေးမှာလား ဒါပဲပြော၊ မလုပ်ပေးနိုင်ဘူးဆိုရင်တော့ ညည်းလည်း ဒီထဲမှာ တစ်သက်လုံး နေဖို့သာ စဉ်းစား၊ တို့အပေါ်မကောင်းတဲ့သူကို တို့ကလည်း ပြန်ကောင်း မပေးနိုင်ဘူး"

ဒေါ်ခင်မေထက်ကား စိတ်မရှည်သူမို့ တင်းတင်းထန်ထန်ပင် ထပြောလေ၏။ ဦးအောင်မြင့်ကြွယ်လည်း မိန်းမကို မလွန်ဆန်နိုင်၍ သစ်လုံးတိုင်တွေနောက်မှာ သနားစဖွယ် ဖြစ်နေသော ပုံပမာကို အကြည့်လွှဲကာ ထရပ်ရသည်။

ပုံပမာက မျက်ရည်တွေ တလည်လည်နှင့် တော်တော် နာကျင်ခံစက်နေသလိုပါ။

"ဦးလေးတို့ ဒေါ်လေးတို့ အရမ်းရက်စက်ကြတယ်၊ အရွယ်တူ သမီးရှိနေတာတောင် သားသမီးချင်း ကိုယ်ချင်းမစာကြဘူး၊ အင်းပေါ့လေ ကိုယ့်အသက်ထက်တော့ ဘယ်အရာမှ အရေးမကြီးပါဘူး၊ ဦးလေးတို့ လိုချင်တာ လုပ်ပေးပါမယ်၊ ပုံပုံကို အပြင်ထုတ်ပေးပါ"

"အဲလိုတော့ အလွယ်လုပ်လို့ ရမလား။ ညည်းက အပြင်ရောက်လာမှ စိတ်တစ်မျိုးပြောင်း ထွက်ပြေးပြီး ရဲတွေဘာတွေ သွားတိုင်တော့ ဘယ်လိုလုပ်မလဲ၊ ဒီမှာ စားစရာနဲ့ အဝတ်အစားတွေ ပါလာတယ်၊ အဲဒါတွေနဲ့ အားဖြည့်ပြီး ကောင်းကောင်းမွန်မွန်နေ၊ ငါတို့ ပုဂံကနေ



www.burmeseclassic.com

www.burmeseclassic.com



အရောင်းအဝယ်ကိစ္စပြီးလို့ ပြန်လာရင် လာထုတ်ပေးမယ်"

"ဟင် ပုံပုံကရော ဒေါ်လေးတို့ကို ဘယ်လိုယုံရမှာလဲ၊ အဲဒီကိစ္စတွေပြီးလည်း ပုံပုံကို ဒီအတိုင်း အစဖျောက်လိုက်ရင် ဘယ်လိုလုပ်မလဲ"

ထက်မြက်လွန်းသော ပုံပမာရဲ့ ချုပ်ကိုင်မှုစကားကြောင့် ဒေါ်တင်မေထက်က ပခုံးတွန့်ရယ်သည်။ ဒီလိုလုပ်မှာကို ပုံပမာ ကြိုသိနေပါလား။ ဦးအောင်မြင့်ကြွယ်က အကောင်းပါးစွာဖြင့်

"အဲဒီအတွက် ဦးလေးအောင် အာမခံရင် ယုံမလား။ ဦးလေးအောင်ရဲ့စိတ်က သမီးဒေါ်လေးနဲ့မတူတာ သမီး သိပါတယ်၊ ဒီကိစ္စသာအဆင်ပြေသွားရင် သမီးက ကုမ္ပဏီပိုင်ရှင် သူဌေးကြီးဖြစ်သွားမယ်၊ ပန်ဒါလေးလည်း အလုပ်ကောင်းကောင်း နေရာကောင်းကောင်းရတော့ ဦးလေးတို့လည်း ဂုဏ်ရှိတာပေါ့။ သမီးအတွက်ချည်းပါကွယ်၊ ဦးလေးအောင် ကတိပေးပါတယ်"

မယုံသော်လည်း ဒီလိုလုပ်ပေးရုံမှလွဲ၍ မတတ်နိုင်တော့၊ လောကကြီးနှင့် အဆက်အသွယ်ပြတ်နေတာထက်စာရင် မျှော်သင့်ချက်တော့ ရှိသေးတာပေါ့လေ။ ဒီလောက် ကြာနေလျှင် မောင်လည်း စိုးရိမ်တကြီးနဲ့ စုံစမ်းနေမှာပါ။ ဒီဘဝမှာ ဒီလိုအဖြစ်မျိုး ဒီတစ်ကြိမ်သာ ဖြစ်ပါရစေ။

■ ■ ■



## အခန်း (၃၂)

ဝီရိယကောင်းစွာနှင့် ကြယ်စင်ခတို့သုံးယောက် မနက်ရှစ်နာရီ ဝန်းကျင်လောက်မှာပင် ပန်ဒါတို့အိမ်ကို ရောက်လာကြသည်။ လူခေါ်ဘဲ(လ်)အကြိမ်ကြိမ်နှိပ်သော်လည်း အထဲက တုံ့ပြန်သံကို တော်တော်နှင့် မကြားရ။

သူတို့ကလည်း လူရှိတာ သိနေသည်မို့ ဖွဲမလျှော့ကြဘဲ သံဘာဂျာထံခါးကို တဂျုန်းဂျုန်း လုပ်လိုက်၊ လူခေါ်ဘဲ(လ်)နှိပ်လိုက်ကြဖြင့် ဝင်လှည့်စီ လုပ်နေကြသည်။

"ဒါတို့လာမယ်ဆိုတာ သိလို့ တမင်တကာ လုပ်နေကြတာကွ၊ အဲလို ညစ်ပတ်တာတော့ မျှော်တောင်မျှင်းသေးတယ် လုပ်ကွာ"

ခိုင်ထွန်းက အရွဲ့တိုက်တာ လူခေါ်ဘဲ(လ်)ကို အဆက်မပြတ်နှိပ်ထားတ၏။ ထိုအချိန်ကျမှ ပန်ဒါ အိမ်ဖော်မှုစုံမှုနှင့် တံခါးလာဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေကြတာလဲ၊ သူများအိမ်ကို စောစောစီးစီး ဝုန်းဒိုင်းကျဲနေတယ်၊ အိပ်ကောင်းချင်း မအိပ်ရဘူး"

"နင်တို့အိပ်လို့ ပျော်ပေမယ့် ငါတို့က အိမ်မရလို့ ထလာတာပေါ့ဟာ၊ ဘယ်မှာလဲ နင့်အဖေနဲ့အမေ"

ဆိုဖာခုံတွေမှာ ဝင်ထိုင်ရင်း မေးတော့ ဘီးဝတ်ချောင်းယူကာ ခေါင်းဖြီးနေပြီး ပန်ဒါက မတုန်မလှုပ်။ ညအိပ်ဝတ်စုံက ခပ်ငါးပါးမို့ သူတို့သုံးယောက်လုံး ပန်ဒါ မျက်နှာကိုသာ မော့ကြည့်နေရသည်။

"ဟ နင့်အဖေ အမေ ဘယ်သွားလဲလို့ မေးနေတာ ဖြေလေ၊ နင့်အိမ်ကို တကူးတကာအလည်လာနေတာ မဟုတ်ဘူး၊ ပုံမာ အကြောင်း သိချင်လို့ လာတာ"

"ပုံပမာ ဘယ်မှာလဲ၊ ငါ့အဖေ အမေက ဘယ်လိုလုပ် သိမှာလဲ"

"ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့ ပန်ဒါ၊ နင့်မိဘတွေက နင့်ကို မေးပေးမယ်ပြောပြီး ဘယ်ကိုရှောင်နေတာလဲ၊ နင် မဖြေချင်လည်း ရတယ်နော်၊ ဒီကအပြန် ရဲစခန်းဝင်ပြီး လူပျောက်တိုင်ရုံပဲ"

"ဟင်း ဟင်း ကြယ်စင်က ဒေါသကြီးတတ်တဲ့ ငယ်ကျင့်မပျောက်သေးပါလား၊ အေး ငါပြောတဲ့စကားကြားရင် နင် ပိုပြီးဒေါသဖြစ်တော့မယ်ထင်တယ်"





"ဘာ"

ကြယ်စင် အေးဆူနေသလောက် ပန်ဒါက အေးစက်စက်နိုင်လွန်းလှသည်။ တစ်ခုခုကို ပိုင်နိုင်နေသလို အပြုံးပင်မပျက်။

"ဖေဖေ မေမေတို့နဲ့ ပုံမာ တွေ့ပြီးသွားပြီ"

"ဟင် ဘယ် ဘယ်မှာတွေ့တာလဲ"

"အဲဒါတော့ ငါလည်း မသိဘူး၊ ဖေဖေတို့က အရမ်းစိတ်ပူပြီး ညတွင်းချင်း လိုက်ရှာလို့ တွေ့သွားကြတာ၊ စိတ်မကောင်းစရာပဲဟယ်၊ သူ့အဖေဆုံးတော့ ပိုင်ဆိုင်မှုတွေ အများကြီးကျန်ခဲ့တာကို နင် ပိုင်းလုံးလုပ်ပြီး လက်ထပ်ခွင့်တောင်းမှာစိုးလို့တဲ့ ခြေရာဖျောက်နေတာလို့ ပြောတယ်"

"ဘာ မ မဖြစ်နိုင်တာ၊ ပုံပုံမာ အဲလိုစိတ်မျိုး မရှိဘူး"

"မယုံနိုင်ဘူးနော်၊ ဖေဖေတို့ပြောတာကို ငါပြောပြတာ၊ အခု သူက ကုမ္ပဏီပိုင်ရှင်သူဌေးမကြီးလုပ်ဖို့ ဟိုကလုပ်ငန်းတွေ ရောင်းဖို့တောင် ဖေဖေတို့ကို လွှတ်လိုက်ပြီ"

"ပန်ဒါ နင် တကယ်ပြောနေတာလား"

ခိုင်ထွန်း၏ ကြားဖြတ်အမေးကို ပန်ဒါက သွက်သွက်လက်လက် ခေါင်းညိတ်ပြသည်။ ခိုင်ထွန်းနှင့်မျိုးကျော် တွေဝေသွားသော်လည်း သူကတော့ ပုံပမာစိတ်ကို သိနေသူမို့ လုံးဝ ယုံကြည်လက်ခံမပေးနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ နင်ပြောသလို ဘာတစ်ခုမှ မယုံဘူး ပန်ဒါ"

"ပြောပြီးပြီလေ၊ မယုံနိုင်းပါဘူးလို့၊ ဒါပေမဲ့ ဒါ အမှန်တရားပဲ အခု ဖေဖေနဲ့မေမေတို့ မရှိတာ လက်တွေ့ပဲလေ၊ ဟင်း ဟင်း ပုံပမာ က နင့်စက်ကွင်းက မလွတ်ခွာစေလို့ ဖြန့်မာပြည်မှာတောင် နေချင်တဲ့ ပုံ မပေါ်ဘူး"

"တောက်"

မနိုးမခန့် မုန့်ပြုံးများကြောင့် အံကြိတ်တက်ခေါက်မိကာ လက်သီး ကိုပါ ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။ ရှေ့နောက်မညီသော ပန်ဒါ စကားများအတွက် ချေပဖို့ စကားလုံးတွေသည်း ပျောက်ဆုံးနေသည်။

"နင်တို့ သိချင်တာတွေ သိပြီမဟုတ်လား။ ပြန်ကြတော့လေ၊ ပြော်ပ် ပုံပမာက နင့်ဆီကအသည်းခွဲအောင်လက်မှတ် ရသွားတာ၊ ငါ တော့ ပျော်တယ် သိလား"

"အေး ငါလည်း တစ်ခွန်းတော့ပြောခဲ့မယ်၊ အဲဒီ အောင်လက် မှတ်က ငါတို့နှစ်ယောက်အတွက် မဟုတ်ဘူး။ နင်သာ အဲဒီ အောင်လက် မှတ်နဲ့ နောင်ဘဝထိ ပျော်အောင်နေ"

သူ ခြေလှမ်းကျဲကျဲနှင့် ပြန်ထွက်လာခဲ့တော့ နိုင်ထွန်းတို့နှစ်ယောက် လည်း ပြေးဆင်းလိုက်လာကြသည်။

"တောက် ငါ အလိမ်ခံလိုက်ရပြီ"





"ပုံပမာလိမ်သွားတာကို ပြောတာလား၊ မင်းကို ချစ်ဟန် ဆောင်ပြီး"

"ဟုတ်နဲ့အင်း မဟုတ်ဘူး၊ ပန်ဒါ အတည်ပေါက်နဲ့ ငါ့ကို ဖြဲလွှတ် လိုက်တာ၊ ပုံပမာ အဲလို မိန်းမလေး မဟုတ်ဘူးဆိုတာ မင်းတို့လည်း သိပါတယ်၊ အခု ပန်ဒါက သူ့မိဘတွေနဲ့ပါ ထိကြိုတ်တည်း တစ်ညတည်း ပေါင်းမိသွားတာကွ၊ ဘယ်လိုပုံစံမျိုးနဲ့ ပုဂံကို ပြန်ရောက်သွား တာလဲ မသိဘူး။ ပုဂံက မန်နေရှာကြီးဆီ ဖုန်းလှမ်းဆက်ကြည့်တာ ကောင်းမယ်ထင်တယ်"

ကြယ်စင်ခ ပေါက်ကွဲနေချိန်မှာ သူတို့ရှေ့ကို တက္ကစီကားတစ်စီး ထိုးဆိုက်လာပြီး ကားပေါ်က တူးတူးချစ် ဆင်းလာ၏။

"ဟဲ့ နင်တို့ပုံပမာဆီက ပြန်လာကြတာလား၊ သူ ရှိတယ် မဟုတ်လားဟင်"

"မရှိဘူးဟ"

"ဟင် သူ မော်ဘီက ပြန်မရောက်သေးဘူးလား၊ ငါ သူ့ဆီ ဖုန်းဆက်မရလို့ လိုက်လာတာဟဲ့၊ နာရေးကြောင့် သင်တန်းမတက်ဖြစ်တာ က ကိစ္စမရှိဘူးလေ၊ ငါနဲ့တွေ့တုန်းကတော့ ပုဂံကိုပြန်ဖြစ်လည်း သင်တန်း ကို လာနွတ်ဆက်မှာပါ၊ ဒါမှမဟုတ် ပြီးအောင်တက်ပြီး သင်တန်းအောင် လက်မှတ်လည်း ယူချင်ယူသွားမှာပါလို့ပြောပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



"နင် နင်နဲ့ဘယ်ချိန်တုန်းက တွေ့တာလဲ"

"သုံးရက်လောက်ရှိပြီဟ၊ ဟို သူ့အဖေ ခွင်းသွင်ပြီး နောက်နေ့လေ၊ ပန်ဒါနဲ့အတူတူ တွေ့လိုက်တာ၊ ဘာဖြစ်လို့လဲ"

"အေး အရမ်းအရေးကြီးနေတယ်၊ အဲဒီနေ့က ဘယ်အချိန်တွေ့တာလဲ၊ ဘယ်လိုပုံစံတွေ့တာလဲ၊ အသေးစိတ် ပြောပြစမ်းပါ"

ကြယ်စင်ခ ပျာပျာသလဲ ဖြစ်နေသလို မျိုးကျော်တို့လည်း မျက်နှာတွေပင့်လျက် စိတ်ဝင်စားနေကြသည်။ တူးတူးချစ်က စဉ်းစားသလိုလုပ်ပြီးမှ

"အဲဒီနေ့က မနက်ကိုးနာရီလောက်ဖြစ်မယ်ဟ၊ ငါက မြို့ထဲသွားဖို့ ထွက်လာတာလေ၊ တက္ကစီကားတားစီးဖို့ လုပ်နေတဲ့ အချိန်မှာ ပုံပမာတို့ကားကို မြင်လိုက်တာ၊ အဲဒါနဲ့ ငါလည်း မြို့ထဲလမ်းကြုံလေးဆိုပြီး တားလိုက်မိတယ်"

"အဲဒီကားကို ပန်ဒါ မောင်းတာပေါ့"

"ဟုတ်တယ် ပန်ဒါ မျက်နှာကတော့ ရှုပုတ်နေတာပဲ၊ ပုံပမာကတော့ ညှိုးညှိုးငယ်ငယ်နဲ့ပါ၊ မော်ဘီကို သွားမှာမို့ လမ်းကြုံလို့ အားနာတယ်တဲ့လေ"

"မော်ဘီကို"

"အေးပါဆိုမှ အဲလိုပြောပြီးမှ ခုနက ငါ ပြောတဲ့သင်တန်းကိုစ





တွေပြောတာ"

ခိုင်ထွေးနှင်းတို့နှစ်ယောက်နှင့် ကြယ်စင်ခ အကြည့်ဆုံသွား၏။ တူးတူးချစ်က နားမလည်သလို ကြောင်တောင်တောင်လေးနှင့် ကြည့်နေကာ

"နင်တို့ ဘာတွေဖြစ်နေကြတာလဲဟင်"

"အဲဒီနေ့ အဲဒီအချိန်ကတည်းက ပုံပမာ ပျောက်သွားတာ၊ ဒါဆို ပန်ဒါ လိမ်ညာသေချာပြီ ပါ်း နှင့်ကိုကျေးဇူးတင်တယ် တူးတူးချစ်၊ နောက်မှနင့်ကို အကြောင်းစုံ ပြောပြမယ် သိလား၊ အခု ပုံပမာ ဒီအိမ်မှာ မရှိဘူး၊ နင်ပြန်လိုက်တော့နော်"

"အေး အေးပါ"

တူးတူးချစ် အလည်လည်လေးနှင့် ပြန်သွားတော့ လေးလွှာက ပန်ဒါတို့ တိုက်ခန်းကို မော့ကြည့်၍ ကြယ်စင်ခ အံကြိတ်သည်။

"အဲဒီ မော်ဘီခြံကို ငါတို့ရောက်ဖူးတယ်လေ၊ မင်းတို့ မှတ်မိလား၊ ဆယ်တန်းအောင်တဲ့နှစ်က ပျော်ပွဲစားထွက်ကြတာ၊ သစ်လုံးအိမ်လေးထဲမှာတောင် ငါတို့ တစ်ရေးအိပ်ခဲ့ကြသေးတယ်"

"အေး မှတ်မိပါတယ်၊ မင်းက ဘယ်လိုထင်လို့လဲ၊ ပြောပါ မင်းဖုန်းမြည်နေတယ် ကိုင်လိုက်ဦး"

မျိုးကျော် သတိပေးမှ တတီတီ အော်မြည်နေသော ဖုန်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုင်လိုက်ရသည်။

"ပုဂံက မန်နေဂျာကြီးဖုန်းကွ၊ ဟယ်လို ဟုတ်ကဲ့ ပြောပါ အစ်ကို"

"ဒီမှာ ဦးအောင်မြင့်ကြွယ်တို့ လင်မယား၊ မြန်ရောက်နေတယ်၊ ပုံပုံလေးရဲ့ ထောက်ခံစာနဲ့ လက်မှတ်လည်း ပါလာတယ်ကွ၊ ညီလေးနဲ့ ပုံပုံရော တွေ့ပြီးပြီလား၊ အစ်ကို ဘယ်လိုလုပ်ပေးလိုက်ရမလဲ၊ တကယ်ဆို ပုံပုံလေးက အကျိုးအကြောင်း ဖုန်းဆက်သင့်တာပေါ့"

"ဟုတ်တယ် ဖုန်းမဆက်နိုင်ရတဲ့ အကြောင်းရင်း ရှိနေတယ် အစ်ကို၊ ကျွန်တော်နဲ့ပုံပုံလည်း မတွေ့ရသေးဘူး၊ သူတို့ အဲဒါတွေ ယူလာတာ လိမ်ဆင်ကြီး၊ လုံး၀ မယုံလိုက်နဲ့၊ ရဲစခန်းကိုတိုင်ပြီးသာ အမှုဖွင့်လိုက်တော့၊ ကျွန်တော်လည်း ဒီမှာ ကျန်ခဲ့တဲ့ ဦးအောင်မြင့်ကြွယ် သမီးပန်ဒါကို ရဲစခန်းတိုင်ပြီး ဖမ်းခိုင်းလိုက်တော့မယ်၊ ဒါပဲနော် အစ်ကို၊ ကျွန်တော် ဒီကကိစ္စတွေပြီးတာနဲ့ ဖုန်းပြန်ဆက်လိုက်မယ်"

ဖုန်းပိတ်လိုက်ပြီး ကြွယ်စင်ခ အသားတွေ တဆတ်ဆတ် တုန်နေသည်။ မျိုးကျော်တို့က နားလည်သဘောမပေါက်နိုင် ဖြစ်နေကာ

"ဘာတွေလျှောက်လုပ်နေတာလဲ ကြွယ်စင်၊ မန်နေဂျာကြီးကို ဘာလို့ အဲလို ပြောလိုက်တာလဲ"

"အခုချိန်ကစပြီး မင်းတို့ ဘာမှမပြောနဲ့၊ ငါသွားတဲ့နောက်သာ





လိုက်ခဲ့၊ ငါတွေးသလို ဖြစ်နေပြီဆိုတာ မင်းတို့ သိရလိမ့်မယ်၊ တောက် လူယုတ်မာတွေ ပုံပုံသာ တစ်ခုခုဖြစ်လို့ကတော့ကွာ"

မျိုးကျော်တို့ ကြွယ်စင်ပြောသလို ပါးစပ်ပိတ်လိုက်ခဲ့စဉ်မှာ ကြွယ်စင်က ရဲစခန်းဝင်ပြီး အမှုဖွင့်သည်။ ပန်ဒါ အိမ်လိပ်စာပေးပြီး ပန်ဒါကိုလည်း ဖမ်းခိုင်း၏။ စခန်းမှူးကြီးက မှတ်တမ်းယူပြီး

"ဒါဆို ညောင်ဦးရဲစခန်းနဲ့ ဆက်သွယ်မှုယူပြီး ဟိုက တရားခံတွေကိုလည်း စစ်ဆေးလိုက်ပါမယ်၊ မော်ဘီကိုသွားဖို့အတွက်လည်း ကျွန်တော်တို့ ရဲသားနှစ်ယောက်ကို ထည့်လွှတ်လိုက်မယ်၊ ပြီးတော့ မော်ဘီအပိုင်နယ်ထိန်းကို ဒီက သတင်းပို့ပြီး ဟိုရောက်ရင် နယ်မြေ တာဝန်ခံ၊ ရပ်ကွက်ကျေးရွာ တာဝန်ရှိသူတွေနဲ့ အဲဒီခြံကိုဝင်ပါ၊ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် မဆုံးဖြတ်ပါနဲ့၊ ကျွန်တော်တို့ဘက်က တာဝန်ကျေစေရပါ မယ်"

"ဟုတ်ကဲ့ စခန်းမှူးကြီး ကျေးဇူးတင်ပါတယ်"

ရဲစခန်းက ပြန်ထွက်လာသော ကြွယ်စင်ခ ကားလေးက မော်ဘီ မြို့နယ်ကို လေညို့က လွှတ်သောမြားလို တစ်ဟုန်ထိုး ပြေးလျက်။

ရာဇဝတ်သေးပြေးမလွတ်ဘူးဆိုတာ ပန်ဒါတို့ မိသားစု သိပေတော့မည်။

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ပုံ ပုံပုံ"

"မောင် မောင်"

သစ်လုံးအိမ်လေးထဲက ပုံပမာအဖြစ်ကို မကြည့်ရက်တာဆို ကြယ်စင်ခ မျက်ရည်တွေတောင် ဝဲလာသည်။ ပုံပမာကလည်း ဝမ်းနည်းပက်လက် သည်းသည်းထန်ထန် ရှိုက်ငိုချိန်။ မျိုးတော့်နှင့် ခိုင်ထွန်းတ ပန်ဒါတို့ ဒီလိုလုပ်ရက်တာကို ပုံပမာအတွက် စိတ်မကောင်းဖြစ်နေကြသည်။

"မြန်မြန်သော့ကို ဖျက်ကြပါဗျာ၊ ကျွန်တော့်ချစ်သူလေး ဒီထဲမှာ ဘယ်လောက်များ ကြောက်နေရှာမလဲ၊ ပန်ဒါတို့ ရက်စက်တယ်ကွာ။ အရမ်းရက်စက်တယ်၊ ပုံပုံ မောင် ရောက်လာပြီနော်၊ ဘာမှအားမငယ်နဲ့ ဝမ်းမနည်းနဲ့ သိလား"

"ကဲ ဟုတ်ပါပြီ အပြင်ရောက်မှ ပြောကြပါတော့၊ ခင်ဗျားက





တံခါးပေါက်မှာ ပိတ်နေတော့ ကျွန်တော်တို့ ဘယ်လိုလုပ် တံခါးပေါက်ကို ရှိုက်ဖွင့်မလဲ"

"ဘယ်နှရက်ချွဲနေရသလဲမှ မသိတာကွာ၊ ဒီလောက်တော့ ရှိမှာပေါ့"

တာဝန်ရှိသူတွေက ရယ်ရယ်မောမော စနောက်နေသော်လည်း ကြယ်စင်ခ မရယ်နိုင်ပါ။ ရင်ထဲမှာ ဆို့နင့်နေပြီး မွမွကြေတော့မတတ် ခံစားနေရသည်။ ပုံပုံကလည်း တံခါးဖွင့်သွားသည်နှင့် သူ့ရင်ခွင်ထဲ တိုးဝင်ရှိုက်ငိုချိန်။

"ပုံပုံရယ် မောင်သနားလိုက်တာ၊ သနားလိုက်တာ ပုံပုံရယ်"

"မောင်ရယ် မောင်နဲ့မတွေ့ရတော့ဘူး ထင်နေတာ၊ ဦးလေးတို့ အဲလောက် လောဘကြီးမယ် မထင်ဘူး၊ ပန်ဒါလည်း ဒီလောက်ထိ ရက်စက်မယ် မထင်ဘူး။ နောက်နှစ်ရက်လောက်သာ ထပ်နေရရင် ပုံပုံ ကြောက်လို့ သေမှာ"

"အေး နှင်တာ ကြောက်လို့သေမှာ၊ ဒီကောင်က စိတ်ပူလွန်းပြီး ရူး(ခ)ဖြစ်သေမှာ၊ တွေ့ပေလို့သာပဲ"

"ပန်ဒါတို့မိသားစု တော်တော်ကျေးဇူးကန်းပြီး ရက်စက်တာပဲကွာ"

ပုံပမာက ကယ်တင်မယ့်သူတွေ ရောက်လာတာကို မယုံနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖြင့် သူ့ရင်ခွင်မှ မခွာပါ။ သူကလည်း မလွှတ်တမ်း ဖက်တွယ်ထား၏။ ပြီး ရင်ထဲမှာ ဆို့ကျပ်စွာ ခံစားနေရဆဲဖြစ်သည်။

"ကဲ စခန်းမှူးက သတင်းပို့တယ်၊ ဟိုက တရားခံကို ဖမ်းပြီး စစ်ချက်ယူပြီးပြီတဲ့၊ ခင်ဗျားတို့ သက်သေထွက်ချက်တွေယူဖို့အတွက်လည်း စခန်းကို လိုက်ခဲ့ပါလို့ ပြောတယ်၊ အားလုံး သွားရအောင်"

တာဝန်ရှိသူတစ်ယောက်ရဲ့ တိုက်တွန်းမှုဖြင့် ကားတွေပေါ် အသီးသီးတက်၍ တိုင်ချက်ဖွင့်ခဲ့သော ရဲစခန်းကို ပြန်လာခဲ့ကြသည်။

ကြောက်စိတ်မပြေနိုင်ဖြစ်နေသေးသော ပုံပုံကို ခေးတွေဘိုက် အစားအသောက်တွေကျွေးပြီးမှ သက်သေထွက်ဆိုချက်တွေ မှတ်တမ်းယူကြသည်။ အားလုံးပြီးတော့ သံတိုင်တွေနောက် ရောက်နေသော ပန်ဒါကို သွားတွေ့ကြ၏။

ပန်ဒါ မျက်နှာမှာ ဝမ်းနည်းခြင်း အရိပ်အရောင်တွေမရှိ။ မျက်ရည်တွေမရှိ။

ကြယ်စင်ခနှင့်ပုံပမာကိုသာ စူးစူးရဲရဲ စိမ်းနေအောင် ကြည့်သည်။

"စိတ်မကောင်းပါဘူး ပန်ဒါ"

"ငါ့အတွက် ဘာစိတ်မကောင်းဖြစ်စရာလိုသလဲ၊ နင့်ကို သစ်လုံး တိုင်တွေနောက်မှာ ချုပ်ထားခဲ့လို့ ငါလည်း သံတိုင်တွေနောက်ကို





ရောက် ခဲ့ရတာပဲ၊ အပြန်အလှန်ပေါ့၊ ဒီလိုတွေ ဖြစ်လာနိုင်တယ်ဆိုတာ အစပိုင်းထဲ ကြိုတွေးပြီးမှ လုပ်ခဲ့တာ လွမ်းစရာမရှိပါဘူး၊ ဒါပေမဲ့ ငါ အောင်မြင်မယ် လို့တော့ ထင်ခဲ့တယ်"

"မကောင်းမှုနဲ့ အောင်မြင်လည်း ခဏပေါ့ဟယ်၊ အခု နင့်အဖေနဲ့ အမေရော ဒီလိုတွေ ဖြစ်ကုန်ရတာ ငါ တ တကယ်စိတ်မကောင်းဘူး၊ ဖေဖေလည်း သူ မြေတောင်မြှောက်ကြည့်ရှုစောင့်ရှောက်ပေးခဲ့တဲ့ သူ့ဆွေမျိုးတွေ ဒီလိုဖြစ်တယ်ဆိုတာသိရင် တမလွန်ကနေ စိတ်မကောင်းဖြစ်နေမှာပဲ၊ နင်တို့သက်တောင့်သက်သာ ဖြစ်အောင် ငါ တစ်ခုခု ပြန်လုပ်ပေးပါမယ်"

"နင် တကယ်လုပ်ပေးမယ်ဆိုရင် ငါတစ်ခုတော့ တောင်းဆိုချင်ပါတယ်"

"ပြော ပြောပါ ပန်ဒါ၊ ငါ နင့်ကို ညီအစ်မအရင်းတွေလို သံယောဇဉ် ရှိခဲ့တာပါ၊ နင်တို့ ငါ့အပေါ် ဘယ်လောက်မုန်းမုန်း ငါ အာဃာတ မထားပါဘူးဟယ်"

ပုံပမာဆီက ထိုစကားတွေ ကြားတော့ ပန်ဒါ ရင်တွေ တလှိုက်လှိုက် ဖြစ်ကာ မျက်ရည်တွေ ဝဲတက်လာ၏။ ဒါပေမဲ့ ချက်ချင်းပင် မျက်ရည်တွေကို မော့လန်၍ သိမ်းဆည်းလိုက်သည်။

"ကြယ်စင် ရင်ခွင်ထဲက ခဏလောက် ထွက်ပေးပါလား၊ လ



www.burmeseclassic.com

www.burmeseclassic.com



တွဲထားတာဖြုတ်ပြီး ငါ့မျက်စိရှေ့မှာ ခပ်ခွာခွာလေး နေပေးပါ"

"ပန်ဒါ"

"ငါ့အမှုကို သေးသွားအောင် လုပ်ပေးစရာ မလိုဘူး။ ကိုယ်လုပ်ခဲ့တာတွေနဲ့ ထိုက်တန်တဲ့အပြစ်ဒဏ်ကို ခံရမှာ ငါ ကျေနပ်တယ်၊ ငါက ငါချစ်တဲ့သူကို နင့်ဆီက အသည်းခွဲအောင်လက်မှတ် ရစေချင်လို့ ချစ်သူဘဝရောက်အောင် အကူအညီတွေ ပေးခဲ့မိတယ်၊ ထောက်ခံအားပေးခဲ့မိတယ်၊ ငါ့လောက် မိုက်မဲတဲ့သူ ရှိဦးမလား၊ အဲဒီအချိန်တွေကတည်းက နင်တို့ အရမ်းချစ်နေကြတာ မြင်တိုင်း၊ ဟန်ဆောင်နေကြတာပါလို့ ဖြေတွေးလည်း ငါ့ရင်တွေ အရမ်းနာကျင်နေခဲ့ပါတယ်၊ အခုလည်း ကြယ်စင် နင့်ကို ကြင်နာနေတာ မြင်တော့ ရင်တွေနာတယ်"

"ပန်ဒါရယ်"

"အဲဒါကြောင့် ငါ့အတွက် နင်တစ်ခုခု လုပ်ပေးချင်တယ်ဆိုရင် ငါ့မျက်စိအောက် ခဏလေးမှာ သူစိမ်းလို နေပေးပါ ပုံပမာ၊ ငါ့တောင်းဆိုမှု ငါ့ဆန္ဒလေးကို ဒီအချိန် ခဏလေးပဲ ဖြည့်ဆည်းပေးပါ"

အစိမ်းသက်သက် ဖြူနီးခနဲ လိမ့်ဆင်းလာသော ပန်ဒါ မျက်ရည်တွေကိုမြင်တော့ ထိတ်လန့်ယောင်ရမ်းသော ကြယ်စင် ရင်ခွင်ထဲက ခွာထွက်လိုက်မိသည်။

ပန်ဒါ ကျေကျေနပ်နပ် ပြုံး၏၊ ဒါပေမဲ့ မျက်ရည်တွေ စိုလူးနေ





သော အပြုံးက မပီပြင်ပါ။

"အသည်းကွဲတယ်ဆိုတာ ဒါမျိုးလား မသိဘူးနော်၊ ရင်ထဲမှာ အရမ်းမှုလောင်ပြီး နာကျင်ခံရခက်နေတယ်၊ ကိုယ်ချစ်တဲ့သူရဲ့ ဥပေက္ခာက အသည်းနှလုံးတွေကို သွေးစိမ်းရှင်ရှင် ပန်းထွက်အောင် နာကျင်ခံခက်စေပါလား။ ငါက အဲလို ခံစားမှုတွေကို နင့်ကို ခံစားစေချင်ခဲ့တာ ပုံပမာ၊ အခုတော့ ငါ့ဆီက အသည်းခွဲအောင်လက်မှတ်ကို ဂုဏ်ထူးဆောင်နဲ့ ကြယ်စင် ယူသွားပြီ"

"ဆောရီးပါ ပန်ဒါ၊ အရာရာတွေက မရည်ရွယ်တဲ့ ဖြစ်သွားတာပါ။ ငါ နင့်ကို သူငယ်ချင်းသံယောဇဉ်နဲ့ ဘယ်တော့မှ မမေ့ပါဘူး"

ကြယ်စင်၏ စကားကိုကြားတော့ ပန်ဒါက မချိမဆံ့ ပြုံးရယ်ကာ ခေါင်းယမ်း၏။

"ဟင့်အင်း ငါ နင့်ဆီက အဲဒါတွေ မလိုချင်ဘူး၊ ငါလိုချင်တာ မရတဲ့အတွက်လည်း ဝမ်းမနည်းတော့ပါဘူး၊ သွားကြတော့ ငါ့ဆီကို ထောင်ဝင်စာ လာတွေ့ရင်သာ နှစ်ယောက်တွဲမလာခဲ့နဲ့"

ပန်ဒါက ခုချိန်ထိ အာဃာတတွေ ရှိနေဆဲပင်။ ဒါပေမဲ့ အချစ်ကြောင့် နိုကပ်ငြိတွယ်သွားသည့် အာဃာတတွေမို့ နားလည်မှုတွေနဲ့သာ ချုပ်ဆက်ပြန်နိုင်ကြရ၏။

ရဲစခန်း အပြင်ဘက်ထိ ခပ်ခွာခွာ ဖြစ်နေခဲ့သော ပုံပမာလက်ကို နွေးထွေးကြင်နာစွာ ဖွဖွလေး ဆုပ်ကိုင်လာ၏။

"ပန်ဒါမှ မမြင်တော့တာ၊ ဘာလို့ အဲလို ဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ပန်ဒါကို အားနာလို့ ပုံပုံ မောင့်ကို ချေချင်ခဲ့သင့်ဘူး ထင်တယ်”

“ပုံပုံရယ် မောင် အရမ်းစိတ်ပူပြီး လွမ်းနေခဲ့ရတာပါ။ အသည်း ဖြူသူလေးမို့ ရင်နင့်အောင် ချစ်ခဲ့မိတာပါ ပုံပုံရယ်၊ မေ့သင့်တဲ့အရာ အားလုံးကို မေ့ပစ်ပြီး မောင့်ရင်ခွင်မှာ ခိုနားပါ။ ဘယ်အရာတာမှ မောင် တို့နှစ်ယောက် အချစ်လောက် အရေးမကြီးပါဘူးနော် ပုံပုံ”

ရင်ခွင်မှာ ဆွဲပွေ့ဖက်တွယ်ထားလိုက်ပြီး နုတ်ခမ်းနှစ်လွှာကို အနမ်းလေးနှင့် နှစ်သိမ့်ရ၏။

ပန်ဒါကို အားနာသောစိတ်နှင့် တောင့်တင်းနေသော ပုံမမာ ကိုယ်လေး တဖြည်းဖြည်း ပျော့ပြောင်းညွတ်နူးယိမ်းနွဲ့လာသည်။

မောင့်ရဲ့အချစ်နှင့် အနမ်းများကို ပုံပုံ ကြာရှည်သူစိမ်းဆန်ဆန် ဥပေက္ခာမပြုနိုင်ပါ။

သူမဘဝရဲ့ အလိုအပ်ဆုံးက ထိုအရာတွေပဲ မဟုတ်ပါလား။ သံသရာအဆက်ဆက် မောင့်ရဲ့ အတွေးမွေ့ခံ အချစ်လူသားလေး တစ် ယောက် ဖြစ်ချင်တယ်။

မောင့်ရဲ့ အချစ်ပင်လယ်ကြီးမှာ တိမ်းမူးတစ်မက်စေသော အနမ်းလှိုင်းကြမ်းကြမ်းတွေကို တသိမ့်သိမ့် တငြိမ့်ငြိမ့် ကြည်နူးပျော်မွေ့ စွာ သိမ်းပိုက်ရင်း . . .

ထုံး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အသည်းကွဲအောင်လက်မှတ်

www.burmeseclassic.com